ဆုံတောင်းခန်းပျို့

အရှင်မဟာသီလဝံသ

ပြည်ထောင်စု မြန်မာနိုင်ငံတော်

ဗုဒ္ဓသာသနာအဖွဲ့

၁၁၄၂၃

ဖြန့်ချိသည့် စာအုပ်အမှတ်စဉ်-၄

အထွေထွေ တည်းဖြတ်အုပ်ချုပ်သူ

ပါမောက္ခ ဦးမောင်

၈၉၅.၈၁၃
သ၈၁၀

ရှင်မဟာသီလဝံသအကျော်

စပ်ဆိုတော်မူသော

ဆုတောင်းခန်းပျို့

တည်းဖြတ်သူ–ဒေါ်သန်းဆွေ (မဟာဝိဇ္ဇာ)

ရန်ကုန်တက္ကသိုလ်

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ရန်ကုန်မြို့

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

၁၃၃၁-ခုနှစ် သီတင်းကျွတ်လ

၁၉၆၉-ခု နိုဝင်ဘာလ

ပ-မ-ဗ-သ-စ—၇၂၂—၂၆-၅-၆၉—၃၀၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး စာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ အတွင်းရေးမှူး (အုပ်ချုပ်ရေး အရာရှိချုပ်) ဦးလှမောင် M.A., M.S., B.L. (မှတ်ပုံတင်အမှတ် ၀၇၇၉/၀၅၂၂)က ပုံနှိပ်ထုတ်ဝေသည်။

အနန္တ ဂုဏ်ရှင်တို့အား ရှိခိုးတင်ပါ၏။

ကျမ်းဦးစကား

မြန်မာ့ယဉ်ကျေးမှု၏ အသက်သွေးခဲပမာ ဖြစ်ပေသော ပုရပိုက် လက်ရေး စာအုပ်စာတမ်း များစွာတို့မှာ လွန်ခဲ့သည့် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ကုန်ထုပ်စက္ကူဘဝသို့ ခန္ဓာ ပြောင်းကြရရှာသဖြင့်၊ မြန်မာစာလေ့လာသူတို့အတွက် သွားရမည့် ခရီးလမ်းစဉ်တွင် ရှုံ့မြောင် တောင်ကမ်း ဗိလ္လာသန်း နေဘိအလား များစွာ အဆင်မပြေ ရှိခဲ့လေသည်။ ယင်းသို့ဖြစ်စဉ် စစ်ကြီးအတွင်းမှ ကြွင်းကျန်ရစ်သမျှ စာအုပ်တို့ အနက် တက္ကသိုလ်သင်တန်း အသီးသီးနှင့် ဆီလျော်သော စာအုပ်များ အလုံအလောက် ရနိုင်မရနိုင်ကို ပုံနှိပ်တိုက်များ၊ ဗွေတိဂုံ ဘုရား ဈေးဆိုင်များနှင့် လမ်းဘေး ဆိုင်များတွင် ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနက ထောက်လှမ်း မေးမြန်းခဲ့ရသည်။ သင့်လျော်သော စာအုပ်များ အလုံအလောက် မရနိုင်သော အခါ မျိုးချစ်စိတ် ထက်သန်သော ပုံနှိပ်တိုက်များထံ စာပေအကျိုးကို သယ်ပိုးရွက်ဆောင်သောအားဖြင့် ရိုက်နှိပ်ပေးကြပါရန် မေတ္တာရပ်ခံရပြန်သည်။ ၎င်းတိုက်များက တတ်အားသမျှ ကူညီကြသဖြင့်လည်း များစွာ ကျေးဇူးတင်ပါသည်။ စာအုပ် အချို့ကို မြန်မာစာဌာနက စေတနာ ဝန်ထမ်းတည်းဖြတ်၍၊ အချို့ကိုမူ ပုံနှိပ်တိုက်အချို့က တည်းဖြတ်ခဲ့လေသည်။

သို့နှင့်လည်း ပျို့ ကဗျာ လင်္ကာ စာအုပ် စာတမ်း တို့မှာ စိတ် ကျေနပ်ဘွယ် ကောင်းလောက်အောင် အမျိုးစုံစုံနှင့် အုပ်ရေပေါင်း မြောက်မြားစွာ ထွက် ပေါ်ခြင်း မရှိလှသေးချေ။ ပုံနှိပ်တိုက်များထံ နောက်ထပ် မေတ္တာရပ်ခံ ရမည်မှာလည်း "သဒ္ဒါလွန်း၊ ဆွမ်းတော် တော်ရပ်"ဟု ဆိုစဘွယ်ဖြစ်ချိမ့်မည်။ ထို့ကြောင့် သာ သနာနှင့် စာပေကို ကြီးမြင့်အောင် ချီးပင့်သောအားဖြင့် ဆုတောင်းခန်း၊ ပါရမီတော်ခန်း၊ ကိုးခန်း၊ ဘူရိဒတ် ဇာတ်ပေါင်း၊ဘုံခန်း၊ငရဲခန်းပျို့တို့ကို အကုန်အကျခံကာ ရိုက်နှိပ် ဖြန့်ဖြူးပါရန် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသန အဖွဲ့အား တောင်းပန်သည့်အတိုင်း၊ယခုကဲ့သို့ စေတနာ ထက်သန်စွာနှင့် လိုက်လျော သည့်အတွက် ကျေးဇူး ဥပကာရ အထူးတင်လှပါသည်။

ပျို့ အမျိုးအစားကို အကြမ်းအားဖြင့် ပိုင်းခြား မှတ် သားလျှင် သုံးမျိုး ရပေသည်။ ပဌမ အမျိုးမှာ ဘုရား ဟော တရားတော်ကို တိုက်ရိုက် မှီး၍ စီကုံးသော ပျို့မျိုးပင် ဖြစ်သည်။ အထက်တွင် ဖော်ပြ ခဲ့ပြီးသော ပျို့ခြောက်စောင်ကား ဤပဌမအမျိုးတွင် ပါဝင်သည်။ ဒုတိယ အမျိုးမှာ မနော်ဟရီပျို့၊ လောကနီတိပျို့ တို့ ကဲ့သို့ ဘုရားဟော ပင် မဟုတ်လင့်ကစား ထင်ပေါ် ကျော်ကြားသော ရှေးပညာရှိ သုခမိန်များ ရေးသား ခဲ့သည့် ကျမ်းကို မှီး၍ စပ်ဆိုသော ပျို့မျိုးကို ဆိုလို သည်။ တတိယ အမျိုးမှာ ဂန္ဓာသာရပျို့၊ ဩဝါဒထူးပျို့ တို့ကဲ့သို့ စာဆိုပညာရှိတဦး၏ ထွားထွားရင့်သန်သော

ပင်ကိုယ် ဉာဏ်မှ ပေါက်ဖွားလာသည့် ပျို့မျိုးပင် ဖြစ်သည်။ အားလုံး ခြုံ၍ ကြည့်ရှု ဆင်ခြင်ပါမူလည်း၊ ပျို့ သုံးမျိုးလုံးပင် မြန်မာ့ယဉ်ကျေးမှု အစုစုကို ကျေးဇူးပြုနေကြပေသည် ဟုယုံမှားကင်းစွာဆိုအပ်လှသည်။

ယခု "ဆုတောင်းခန်းပျို့" မှာ အဝဘုရင် ဒုတိယ မင်းခေါင် ကိုယ်တော် တိုင်က "သီလဝံသ ဘိဓေမ ဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ် နာမံတော်ဖြင့် ဆက် ကပ်လှူဒါန်း ကိုးကွယ်ခြင်း ခံရသော ပိဋကတ်ကျမ်း တတ် အကျော် ရှင်မဟာသီလဝံသ ဆရာတော်၏ လက်ရာ ဖြစ်ပေရကား၊ လောကုတ္တရာဘက်မှ တွေး ရှုပါမူ ခေမာသောင်သို့ ဆောင်ပို့မည့် "အမြုတေ ရတနာပျို့" ဖြစ်၍၊ လောကီဘက်မှ တွေးရှုပါမူ အတု ယူဘွယ် အစီအကုံး အနှုန်း အဖွဲ့ နည်း အသွယ်သွယ် တို့နှင့် အခြား သိမှတ်ဘွယ် ဗဟုသုတ အဝဝကို ဝေငှပေးသည့် "အနုစာပေ ကဗျာပျို့" ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

မောင်မောင် (မြန်မာစာ ပါမောက္ခ)

အထွေထွေ တည်းဖြတ် အုပ်ချုပ်သူ

၁၉၅၂-ခု-ဇူလိုင်လ-၂၁-ရက်

ဗုဒ္ဓံ ဓမ္မံ သံဃံ အဟံ ဝန္ဒာမိ

စကားညွှန်း

(က) မူ-၃-စောင်

ဤ ဆုတောင်းခန်းပျိုကို တည်းဖြတ်ရာ၌၊ သက္ကရာဇ် ၁၂၃၂-ခုနှစ် ဝါခေါင်လတွင် ရေးကူး ပြီးစီးသော ကင်းဝန် မင်းကြီး ပေမူ[၁]၊ သက္ကရာဇ် ၁၂၅၆-ခုနှစ် ပြာသိုလထုတ် ရန်ကုန်မြို့ ဟံသာဝတီတိုက် မူနှင့်၊ သက္ကရာဇ် ၁၂၈၄-ခုနှစ် ဇင်းတိုက် နောက်နှိပ် မူတို့ကို တိုက်ဆိုင် ကြည့်ရှုသည်။ ကင်းဝန် မင်းကြီး၏ ပေမူ သည် အဆိုပါ စာအုပ် မူတို့နှင့် ထူးထူး ခြားခြား ကွဲပြားခြင်း မရှိလှသော်လည်း၊ စာအုပ် မူတို့မှာကဲ့သို့ ပါဠိ ဂါထာတို့ကို မြန်မာစကားပြေ နိဿယ ပြန်ဆိုချက် မပါမရှိပေ။ စာအုပ်မူ နှစ်မျိုးတွင်လည်း ၁၂၈၄-ခုနှစ် မူသည် ၁၂၅၆-ခုနှစ် မူထက် ပါဠိ စာလုံးပေါင်းနှင့် သတ်ပုံ သတ်ညွှန်း တို့တွင် ပိုမိုတိကျ မှန်ကန်လှပေ သည်။ သို့ပါသော် ၁၂၈၄-ခုနှစ် မူ၌ မပါ မရှိသော စကား အချို့ကို ၁၂၅၆-ခုနှစ် မူတွင် ကြုံကြားတွေ့ရှိ ရပေသေးသည်။

ထိုမူ ၃-စောင်တွင် အရေး အသား ကွဲပြားချက် များလည်း ရှိနေပေရာ ကောင်းနိုး ရာရာကို ရွေးချယ်၍

---

(၁) ဘားနဒ်ပိဋကတ်တိုက်၊ နံပါတ်-၅၇-ကင်း၊ ၉-ကြောင်းရေး ပေမူ၊ က အစ ဃံအဆုံး၊ ၃ အင်္ဂါ ၁၁ ချပ်ရှိသည်။

စာသားတွင် ထည့်သွင်းကာ၊ မူကွဲကိုမူ စာမျက်နှာ အောက်ခြေတွင် ဖော်ပြထားပါသည်။ ယင်းသို့ ဖော်ပြရာ၌ ၁၂၃၂-ခုနှစ်မူကို (ပ)၊ ၁၂၅၆-ခုနှစ် မူကို(ဒ)၊ ၁၂၈၄-ခုနှစ် မူကို (တ) ဟူ၍ အမှတ် သင်္ကေတထား ပါသည်။

(ခ) ပျို့ဟူသည်

ပျို့ဟူသည် လင်္ကာမှ ဖြာထွက် လာသော စာအဖွဲ့ မျိုးပေတည်း။ လင်္ကာ ဟူသည် ပါဠိ- "အလင်္ကာရ" ဟူသော စကားမှ ဆင်းသက်လာ၍၊ "တန်ဆာဆင် ခြင်း"အနက်ရှိ၏။ မြန်မာစာပေတွင် ယေဘူယျ အားဖြင့် ကာရန်ငြိသမျှ စာအဖွဲ့ကို "လင်္ကာ"ဟု ခေါ်နိုင်သော် လည်း၊ လေးလုံး-တပါဒ ကာရန်ယူကာ စပ်ဆိုသော "လင်္ကာ အဖွဲ့" ဟူ၍လည်း သီးသန့် ရှိနေပေသေး သည်။ ထိုလင်္ကာမှပင်၊ ဘုရင့် သားတော် သမီးတော် များအား ဖြေယင်မင်္ဂလာ သီဆိုရန် ဖွဲ့ဆိုလျှင်-ဧချင်း၊ စာဆို၏ လက်ထက် ဖြစ်ပေါ်သော အကြောင်း တရပ် ကို နောင်လာ နောက်သားများ မှတ်သား သိရှိနိုင်ရန် ဖွဲ့ဆိုလျှင်-မော်ကွန်း၊ တနှစ်တွင် ဥတုသုံးပါး ရှိသကဲ့သို့ လင်္ကာ၃ပိုဒ်ဖြင့် ဖွဲ့ဆိုလျှင်-ရတုဟု အသီးသီး ခွဲခြား ခေါ်ဆို သကဲ့သို့၊ အကြောင်း အထူးပြုတွင် တရပ်ကို၊ အတ္ထာလင်္ကာရ၊သဒ္ဒါလင်္ကာရ-အနက်နှင့်အသံတည်း ဟူသော တန်ဆာ အဆင်တို့နှင့် စုံလင် ပြည့်လျှမ်းစေ လျက်၊ နှစ်သက်စရာ ညင်သာ ပြေပြစ်ညှော်ငါး၊ နာပျော်

ဘွယ်ကောင်းအောင် ပိုဒ်ရေပေါင်း များစွာဖြင့် စီခြယ် ဖွဲ့ဆိုထားသည်ကို ပျို့ဟူ၍ခေါ်တွင်ပေသည်။

မြန်မာ စာပေ သမိုင်းတွင် အထင်အရှား တွေ့ရသမျှ သောပျို့တို့အနက်၊ ရှင်မဟာသီလဝံသ၏ “ပါရမီတော် ခန်းပျို့”နှင့် ရှင်မဟာရဋ္ဌသာရ၏ “ဘူရိဒတ် ဇာတ် ပေါင်းပျို့”တို့သည်ရှေးအကျဆုံး ဖြစ်သည်ဟု ဆိုရပေ မည်။သို့ရာတွင် သိမှတ်ဘွယ် တခုမှာ ပါရမီတော်ခန်း ကဗျာကို ရှင်မဟာသီလဝံသကိုယ်တော်တိုင်က ပျို့ ဟူ၍ အမည် ပေးခဲ့သည်မဟုတ်ချေ။ လင်္ကာ ဟူ၍သာ အမည်ပေးခဲ့လေသည်။

ပျို့ဟူသော စကားကို အစောဆုံး မည်သည့် ခေတ် ၌ အထင်အရှား တွေ့ရှိရသနည်းဟူမူ၊သက္ကရာဇ် ၇၁၄- ခုနှစ် ပင်းယ ဆင်ဖြူလေးစီးရှင် သီဟသူမင်း လက် ထက် စတုရင်္ဂဗလအမတ်ကြီး မေးလျှောက်သော ရတုကို ပုဂံမြို့ ရွှေစည်းခုံဘုရားအနီး သီတင်းသုံး နေတော်မူသည့် ဆူးတွင်းပစ်ဆရာတော်ဘုရားက ဖြေ ဆိုသော အခါ “နတ်မင်္ဂလာ ပျို့ဖြင့် မေးသည်ကို၊ ကဗျာ လင်္ကာ ပျို့ဖြင့်သာ ဖြေလျှင်းပေအံ့”(၁) ဟု မိန့်ဆို တော်မူသော ပဋိညာဉ် စကားရပ်၌ တွေ့ရှိ ရပေသည်။ ထို့နောက် တဖန် “ဘူရိဒတ် ဇာတ်ပေါင်းပျို့” ပိုဒ်ရေ ၇၁-လာ “သာခန်းထိုသို့၊ ရောက်တုံမြို့လည်း၊ ပျို့တို့ တထွေ၊အောက်မေ့ချေသော်၊ နာဝေနာစည်း၊ နှလုံး

(၁) ကဗျာသာရတ္ထသင်္ဂြိုဟ်-စာမျက်နှာ ၁၄၇-၁၄၈။

ကြည်းခဲ့၊”ဟူသော ရှင်မဟာရဋ္ဌသာရ၏ အဆို အမိန့်တွင် “ပျို”စကားသုံးကို တွေ့ရှိရ ပြန်သည်။ ဤနေရာ၌ “ပျို”ကို အချို့ပညာရှိ များက “ပျိုအန်” ဟူသော အဓိပ္ပါယ်ဖြင့် ကောက်ယူ ကြဆ ကြပေသေးသည်။ သို့ပါသော် ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ အဖြစ် သနစ် ကိုရင်း၊ ရင်းစာပိုဒ်ကို အစအဆုံး ရှုနောက် စကားဆက်စပ်၍ သေချာစွာတွေးရှုလျှင်ရင်း၊“ပျို ကဗျာ”ဟူသော အဓိပ္ပါယ်ဖြင့် ကောက်ယူပါမှ ရှင်မဟာ ရဋ္ဌသာရ၏ အာဘောဘ်နှင့် ကိုက်ညီပေလိမ့်မည်ဟု ယုံကြည်ဘွယ် ဖြစ်တော့သည်။

ဒုတိယမင်းခေါင် လက်ထက် ရှင်မဟာသီလဝံသ အင်းဝနေပြည်တော်သို့ ရောက်ပြီးစ အခါ၊ သက္ကရာဇ် ၈၅၅-၅၆-ခုနှစ် ခန့်လောက်တွင်၊ မင်းရင်ပြင်ဝယ် ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်း လင်္ကာနှင့် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီး တို့ကို ပညာရှိမှူးတော် မတ်တော် တို့အား အသံနေ အသံထားနှင့် ဘတ်ကြားစေကာ စာပွဲသဘင် ဆင်ယင်ကျင်းပတော်မူခဲ့လေသည်။ဘတ်ကြားနာယူ ပြီးကြသောအခါ၊ဘုရင်မင်းမြတ်နှင့်တကွ ပညာရှိ မှူးကြီး မတ်ရာ သေနာပတိအစရှိသည်တို့က “ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းသည် လေးနက် သိမ်မွေ့ သိပ်သည်း၍ ကျမ်းကြီးကျမ်းခိုင် တို့နှင့် နှိုးနှယ်လှပါပေသည်၊ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီး မှာကား နူးနယ် ညွှပျောင်းညင်သာ ပြေမွေ့ညောင်း၍ နားထောင် ကောင်းလှပါပေ

သည်၊ သို့ရာတွင် ကျမ်းကြီး ကျမ်းခိုင် တို့နှင့်ကား များစွာ နှီးနွှယ်ခြင်း မရှိလှ”ဟု မိမိတို့ ထင်မြင် ယူဆ ချက်ကို ပြောဆို ကြရာတွင်၊ ရှင်မဟာရဋ္ဌသာရသည် ထိုစကားကို တဆင့် ကြားသိလေတော့သည်။ ထိုအခါ ရှင်မဟာရဋ္ဌသာရသည် အသက်ဝါ အားဖြင့် မကြီး ရင့်လှသေးသော ပုထုဇန်တို့ ဓမ္မတာ အတော်ပင် စိတ်ပျက်မိရှာသည်။ သို့ကြောင့်ပင် ဘူရိဒတ် ဇာတ် ပေါင်းပျို့တွင်“ပျို့ကဗျာဘက်မှ တထွေ တမျိုးအားဖြင့် တွေးရှုလိုက်ပါမူ၊သာယာ ပြေပြစ်စွာ ဖွဲ့ဆိုရမည့် အခန်းသို့ပင် တိုင် ရောက် ပေလင့်ကစား ၎င်းတို့ကို မဖွဲ့ မဆို တော့ပြီ၊ စိတ်ပျက် စိတ်နာလည်း ရှိလှသည်၊ အဘယ်ကြောင့် ဆိုသော် သာယာ ကြည်နူးဘွယ်ကို ခြယ်လှယ်ကုံးသီ ခဲ့ပါလျှင် လူပြိန်း လူဖျင်းတို့သည် ဤစာဆိုကား ကျမ်း ရိုး ကျမ်းနွယ်ကို မမှီး မလိုက်နာဘဲ၊ ကြည်နူး ပျော် မွေ့စရာ သာယာမှု တို့ကိုသာ လက်ပြုနေတော့သည် တကားဟု ကဲ့ရဲ့ကြပေမည်၊ ရှေးယခင်က ချိချို မြမြ ကုံးသီ ခဲ့သမျှ တို့ကိုပင် မြစ်ရေ၌တွင် မျှောလိုက် ချင်တော့စွ……” စသည်ဖြင့် မိမိ စိတ်ထားကို ဖွင့်ဟ ဖော်ပြလိုရကား

“သာခန်းထိုသို့၊ ရောက်တုံ မြို့လည်း၊ ပျို့တို့ တထွေ၊ အောက်မေ့ချေသော်၊ နာငေနာစည်း၊ နှလုံးကြည်းခွဲ၊ ဖြည်း ဖြည်း ပို့ပျူး၊စိတ်ဝမ်းနူးမျှ၊ရွှင်မြူးပျော်ဘွယ်၊ လက်ာသွယ်မူ၊

> မန္တယ်ကျမ်းရိုး၊ဆိုဘိနိုး၍၊ယုံမှိုးယုံမှား၊ လူပြိန်းများတို့၊ လွှင့်ပါး
> လှည့်စွ၊ကဲ့ရဲ့ကြအံ့၊ရှေးကချိုမြက်၊ဆိုသည်လျက်တည့်၊ မသက်
> သာလေ၊ နှုတ်သံခြေကို၊ မြစ်ရေဥ္စတွင်၊ မျှောလိုက်ချင်စွ၊....''

ဟု စပ်ဆို ခဲ့ပေသည်။ ဤကိုထောက်ရှု သဖြင့်လည်း ''ပျို့''ဟူသည် သာယာ ငြိမ့်ညောင်း နှစ်သက်ဘွယ် ကောင်းအောင် ဖွဲ့ဆိုထားအပ်သော ကဗျာမျိုး ဖြစ်သည်ဟု ရှင်မဟာရဋ္ဌသာရ ထင်မြင် ယုံကြည်ကြောင်း ကောင်းစွာ မှတ်သား ထိုက်လှသည်။

အချို့ပညာရှိတို့ကမူ ပုဂံကျောက်စာတို့တွင် ''ပန္နိ''၊ ''ကိကြ'' မှ ''ပန်း၍''၊ ''ကျိကြ''အသီးသီး ဖြစ်လာ ဘိသကဲ့သို့၊အသံထွက် ညင်သာ စေလိုသည့် အနေဖြင့် ယပင့် တိုးလိုက်သောကြောင့် ''ပို့''မှ''ပျို့'' ဖြစ်လာသည်၊''ပို့''၏ အနက်မှာ ပိုမို ပြည့်လျှမ်းခြင်းကို ဆိုလိုသည်၊ သို့ကြောင့် ''ပျို့'' ဟူသော ကဗျာသည် မှတ်သား စဘွယ် အသွယ်သွယ်တို့နှင့် ပိုမို ပြည့်လျှမ်း နေသော ကဗျာတမျိုးပေတည်း ဟု ယူဆကြကုန်သည်။

အချို့ သုခမိန်တို့ကမူ ပို့ဆောင် အပ်သောကြောင့် ''ပို့''၊ ၎င်းမှ တဖန် ''ပျို့'' ဟု ခေါ်သည်ဟု ယူဆကြ ပြန်သည်။ ဤနေရာ၌ နတ်ရွာ သုဂတိ အမြိုက် နိဗ္ဗာန်သို့ ပို့ဆောင် တတ်သော စာပေဟု ဆိုလိုဟန် တူသည်။

ကဗျာဗန္ဓသာရ ကျမ်းတွင်ပျို့ ၏ အနက် ၇-ချက် ပြထား၏။ ၎င်းတို့မှာ

---

(၁) ကဝိဘာရတီ ကျမ်း (ပ-တွဲ) စာမျက်နှာ-၄၇၈။

(၁) ပြည့်ဖြိုးခြင်း
(၂) ထွန်းပခြင်း
(၃) နှစ်သက် ကြည်လင်စေခြင်း
(၄) ကြန်အင် ပြည့်စုံ ကောင်းမြတ်ခြင်း
(၅) ပျိုငယ်ခြင်း
(၆) ပျိုအန်ခြင်း
(၇) ပျိုကျွမ်း–ဟူသတည်း။

ဤအနက် ၇-ချက်ကို ဆင်ခြင် ကြည့်ပါလျှင် (၁) ပြည့်ဖြိုးခြင်း–ဟူသည် ပင်ရင်း အနက်၊ နှောင်း ၆-ချက် တို့သည် အနက်ပွါးများ ဖြစ်ပေသည်။ "ပျိုရွယ်ချိန်" ဟူသော စကားကို အခြေခံ ထားကာ စဉ်းစားကြည့်က သိနိုင်ဘွယ်ပင်။ သစ်ပင် ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေ၊ပြည့်စုံသင့်သောကြန်အင် လက္ခဏာတို့နှင့် ပြည့်ဝ စုံလင်သော အချိန်ကို ပျိုရွယ်ချိန်ဟု ခေါ်ကြသည်။ ဤအချိန်အခါသည် ကြန်အင် လက္ခဏာတို့၏ စွမ်းအား အထက်သန်ဆုံးသော အချိန် ဖြစ်၍၊ အရောင် အဝါ အထွန်းပဆုံး အခါလည်းဖြစ်၏။ ပြည့်စုံသင့်သော ကြန်အင်္ဂါများ ပြည့်စုံစဉ် အခါဖြစ်၍ရင်း၊ရင်းကြန်အင်္ဂါများ ဆွေးလျော ဟောင်းနွမ်း အိုမင်း ရင့်ယော်ခြင်းအဖြစ်သို့ မရောက်ကြသေးသောကြောင့် ရင်း၊ နှစ်သက်ဘွယ် အကောင်းဆုံးသော အချိန်လည်း ဖြစ်ပေသည်။ ပျိုအန်သည် ဟူရာမှာလည်း၊ ဝမ်းထဲတွင် ပြည့်သိပ်လွန်းသောကြောင့် အပေါ်သို့ လျှမ်းလာခြင်း ပို့လာ မို့လာခြင်းပင် ဖြစ်တော့သည်။

အချို့ ပါဠိသန်သူ ပုဂ္ဂိုလ် များကလည်း ဗိန္န(ဝါ) ဗိဏာ (ဆူဖြိုးသော၊ ဝသော၊ ကြီးထွားသော)၊ ဗိနန္န (ရောင့်ရဲခြင်း၊ နှစ်သက်ခြင်း)၊ ပိယ (ချစ်အပ်သော) ဟူသည့် ပါဠိ စကား အသီးသီးမှ ပျို ဖြစ်လာသည်ဟု ဆိုကြပြန်၏။ ဗိန္န၊ ဗိဏာ၊ ဗိနန္န၊ ပိယ တို့မှ "ပျို" ဟူသော အသွင် သဏ္ဍာန်သို့ ပြောင်းလဲရန်မှာမူ၊ ဝေါဟာရ ဗေဒ (Philology) နည်းအရ အလှမ်း ဝေးပေသောကြောင့် ၎င်း၊ ပျို သည် မြန်မာ စကား စစ်စစ် ဖြစ်သည့်ပြင်၊ ၎င်းတွင် ယုတ္တိ တန်၍ လျော်ကန် သင့်မြတ်သော အနက် မှချ ရှိနေသောကြောင့်၎င်း၊ "ပျို" သည်ပါဠိမှ ဆင်းသက်သော စကား ဖြစ်သည်ဟု ကြံဆခြင်းမှာ သိခေါင်၍ ဝေးတောရာ ရောက်နေပေတော့သည်။

သို့ဖြစ်သောကြောင့် "ပျို့ကျမ်း" ဟူသည် အတ္ထာ လင်္ကာရ၊ သဒ္ဒါလင်္ကာရ-အနက်နှင့် အသံ တည်းဟူ သော တန်ဆာအဆင်တို့နှင့် စုံလင် ပြည့်လျှမ်း စေကာ၊ နှစ်သက်စရာ ညင်သာ ငြိမ့်ညောင်း၊ နာပျော်ဘွယ် ကောင်းအောင် ပိုဒ်ရေပေါင်း များစွာဖြင့် စီခြယ် ဖွဲ့ ဆိုထားအပ်သော ကျမ်း တစောင် တဖွဲ့ပင် ဖြစ်သည် ဟု မှတ်ယူ သင့်ပေတော့သည်။

(၈) ရှင်မဟာသီလဝံသ အတ္ထုပ္ပတ္တိ

စစ်ကိုင်းမြို့ ထူပါရုံစေတီ ဒါယကာ နရပတိကြီး နန်းစံ ၁၁ နှစ် သက္ကရာဇ် ၈၁၅-ခုနှစ်တွင် ပေလေး ပင်-ရှင်လေးပါး သိုက်ဝင် နောင်တွင် "မဟာသီလ ဝံသ" ဘွဲ့ သညာဖြင့် ထင်ပေါ် ကျော်ကြားလာမည့်

မောင်ညိုသည်၊ တောင်တွင်းကြီး မြို့နယ် မြို့လုလင် ရွာနေ၊ ဦးကြည်၏ ဇနီး၊ နတ်ထိန်းကြီး မယ်ဒွေးမှ ဖွား မြင်လေသည်။ ငယ်စဉ်ကပင် တောင်တွင်းကြီး အရှေ့ မြောက်ယွန်း၊ ၄ကိပ်စ်တောင် နတ်မီးလင်း' ဆရာ တော်ဘုရား ထံ၌၊ ရှင်ဥတ္တမကျော်လောင်း မောင်ဥက္ကာ နှင့်အတူ ပညာ သင်ကြားကြလေသည်။ အရွယ် ရောက် သောအခါ၊ ထိုကျောင်းမှာပင် ရဟန်းပြု၍ စာပေကို ဆက်လက် သင်ကြား ဆည်းပူးရာ ဉာဏ် အလွန် လျင် မြန် ထက်မြက်လှသဖြင့်၊ တောင်တွင်း နယ်ရှိ ဆရာ တော်များသည်၊ ရှင်မဟာသီလဝံသအား တိုး၍ စာပေ ပို့ချ နိုင်သူ မရှိတော့ဟု စကား ဆိုစဉ် ရှိခဲ့သည်။ ဤစကား ယုတ္တိ တန်ကြောင်းကို နတ်မီးလင်း ဆရာ တော်ဘုရား ကျောင်းမှာပင် သက္ကရာဇ် ၈၅၃-ခုနှစ် တွင် အပြီး စပ်ဆိုခဲ့သော "ပါရမီတော်ခန်းကဗျာ" က ခိုင်လုံစွာ ထောက်ခံလျက် ရှိချေသည်။ အဘယ်ကြောင့်

---

(၁) ခင်ကြီးဖျော်၏ အတ္ထုပ္ပတ္တိ စာတမ်း၊ စာမျက်နှာ၂ -တွင် "တောင်တွင်းကြီးမြို့မ၊ မောင်းတိုင် ရပ်နေ အမိ မယ်ထွေး၊ အဘ ဘိုးလွန် တို့တွင်၊ သက္ကရာဇ် ၈၃၀-ပြည့်ဘွား၊ ငယ်မည်ဦးညို၊ရဟန်း မည် အရှင် မဟာသီလဝံသ" ဟု ဆိုသည်။မြန်မာစာ ညွန့်ပေါင်းကျမ်း (ပ-တွဲ)၊ ကဝိသေနဂ်ဗျူဟာကျမ်း၊ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း၊ မြန်မာစာပေသမိုင်း၊ ပိဋကတ်သမိုင်းစာတမ်း တို့တွင်၊ ၈၁၅-ခု နှစ်ဖွား ဖြစ်၍ အဘမှာ ဦးကြည် ဖြစ်ကြောင်း အညီ အညွတ် ဆို ကြသည်။

(၂) နတ်မိုးဆရာတော် ဟူ၍လည်း ခေါ်တွင် သေးသည်။ ဘွဲ့မည်မှာ ရှင်သီလာစာရဘိဓဇဖြစ်သည်။

ဆိုသော် ဦးပုံ့ သည် ပိဋကတ် ကျမ်းဂန် များမှ အဆီအနှစ် တို့ကို ထုတ်နုတ်ကာ သိပ်သည်း လေးနက်စွာ ဖွဲ့ဆို ထားရကား နောက်နှောင်း စာဆိုတို့သည် ဦးပုံ့ထက် သာလွန် ကောင်းမွန်အောင် ရေးသား နိုင်မည် ဝေးစွ၊ ဦးပုံ့၏ အဆင့် အတန်းကိုပင် မှီအောင် လိုက်နိုင်ရန် ခဲယဉ်းလှသောကြောင့် "ပါရမီခန်း ကဗျာကျမ်း အနားသို့ မကပ် မသီကြပါလေနှင့်" ဟု သိမှတ်စရာ ညွှန်ကြား ဘိအလား၊ "ပါရမီ၊မသီနှင့်" ဟူ၍ပင် နှုတ် တံဆိပ် ခတ်ခဲ့ကြကုန်သည်။

ရှင်မဟာသီလ ဝံသ သည် ဘုရားဆုပန်[၁] ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။ ငယ်စဉ်ကပင် လောကုတ္တရာဘက် သက်သက်တွင်သာ အာရုံ ညွှတ်ခဲ့ကြောင်းကို ဖင်းပြုစုခဲ့သော စာပေများက ထောက်ခံလျက် ရှိချေသည်။ အရှင်သည် တိဟိတ် ပုဂ္ဂိုလ်[၂] ဖြစ်သည့် အား

---

(၁) ပါရမီတော်ခန်းပျို့ နိဂုံးအပိုဒ် ၅-မှ "သုမေဓာကား၊ဤစာကြည်ညို၊ ငါပင်ကိုယ်ဟု၊ဆိုလိုမအား၊သူတော်များကား၊ယောကျ်ားအဟုတ်၊ ကြံသည့်နှုတ်ဖြင့်၊ သမ္ဗုဒ္ဓဆု၊ သဗ္ဗညုကို၊ ယခုကြိုက်စွာ၊ သာသနာ၌၊ အခါပတ်ကုံး၊ စည်းစိမ့်ကျုံးလျက်၊ နှလုံးနူးစေကုန်သတည်း။" ဟူသော စကားရပ်ကို ထောက်သော် ရှင်မဟာသီလဝံသ သည် မိမိကိုယ်တိုင်ကို မဆိုထားဘိ၊ အခြား သူတို့ကိုပင် ဘုရားဆုပန်ရန် တိုက်တွန်းကြောင်း သိသာနိုင်သည်။

(၂) တောင်တွင်းလာပျို့ အပိုဒ်-၆-တွင် ပါရှိသော "ဘဝင်ဇောစိတ်၊တိဟိတ်သန္ဓေ၊နေတုံအခါ၊အရာသင့်ပြီ၊...." စသည်ဖြင့် မိမိ တိဟိတ် ဖြစ်ကြောင်းကို ရှင်မဟာသီလဝံသ ကိုယ်တော်တိုင် စပ်ဆိုခဲ့သည်။

လျှော်စွာ မိမိ၏ ဉာဏ် ပါရမီ ရင့်သန်ကြောင်းကို ကောင်းစွာ သိ၏။သို့ သိသည့် အတိုင်းလည်း တောင်တွင်းသူ တောင်တွင်းသား တို့အား တရား ပြသ ညွှန်ကြား ဆုံးမ ရရုံနှင့် အားမရလှ၊ ပြည်သူ လူအပေါင်းတို့ ဦးညွတ် ခိုမှီး နည်းယူရာ ဖြစ်သော အဝ နေပြည်တော်သို့ ကြွမြန်း၍၊ဝေနေယျ သတ္တဝါ အပေါင်းအား ဘုရားဆုပန် ရဟန်းမြတ် ဝိဝိ တရားရေ‌ဇ တိုက်ကျွေး လိုလှပေသည်။သို့ကြောင့်ပင်လျှင်၊မိမိနှင့် မခွဲခွါ လိုလှသည့် နတ်မိးလင်း ဆရာတော်ဘုရားအား အကြိမ်ကြိမ် ခယ ဝပ်တွားလျက် အဝ နေပြည်တော်သို့ သွားရန် အကြည် အသာ ခွင့်ပြုပါမည့် အကြောင်း အသနား ခံလေတော့သည်။

အရှင်သည် အဝသို့ သွားလိုလှသည့် ဆန္ဒ ပြင်းပြပုံကိုရင်း၊ဆရာတော့်ထံ အကြိမ်ကြိမ် အဖန်ဖန် ခွင့်ပန်ရပုံကိုရင်း၊ အဝသို့ ရောက်လျှင် ရှင်မဟာရဋ္ဌသာရနှင့် တွေ့ဆုံ ကြပုံကိုရင်း၊ အလွန် အသိ ခက်လှသည့် စကား ၅က် တို့ဖြင့်-၁၆-ပိုဒ်မျှ ပါဝင်သော ပျို့ကဗျာကို ဖွဲ့စီခဲ့ပေသည်။ ထိုကဗျာသည်တောင်တွင်းမြို့မှ အဝနေပြည်တော်သို့ လာရောက်သည့် အကြောင်းကို ဖွဲ့ဆိုရာဖြစ်သောကြောင့် "တောင်တွင်းလာပျို့"ဟု ခေါ်တွင်လေသည်။ ထိုပျို့ သည်ကား ရှင်မဟာသီလဝံသ ၏ လျှို ၅က် ခက်ခဲ နက်နဲသောဉာဏ်၊ ထက်မြက် ရှုးရှသော ဉာဏ်နှင့် ထိုးထွင်း သိမြင်စွမ်းသော ဉာဏ်တို့ မည်သို့ ကျက်စားနိုင်ပုံကို အထင်အရှား ညွှန်ကြား နေပေတော့

သည်း သင္ကြာရာဇ် ၁၀၉၇-ခုနှစ်တွင် ဆားလင်း ဆရာတော်ဘုရားက အက္ခရာဒီပနီ၊ ကောက္ခရကောသဂိုကာနှင့် အနေကတ္ထ စသည်ကို ဆိုသော အဘိဓာန်ကျမ်းတို့ကို ကိုးကား၍ အကျယ်တဝင့်ဖွင့်လှစ် ဖြေဆိုခဲ့ပေသောကြောင့်သာ၊နောက်နှောင်းသူများ ဤပျို့၏ အနက်ကို ရိပ်မိသိရှိ ကြရပေတော့သည်။

တောင်တွင်းလာပျို့တွင် အဝ နေပြည်တော်သို့ ကဆုန်လပြည့်နေ့၌ ကြွလာကြောင်း ပါရှိသော်လည်း၊ မည်သည့် ခုနှစ် သင္ကြာရာဇ် ဟူ၍ အတိအကျ မသိရပေ။ သို့သော် ပါရမီတော်ခန်းလင်္ကာ ကို စီကုံးပြီးမှ ကြွလာ၏။ ဆုတောင်းခန်း ပျို့ကိုမူကား အဝ နေပြည်တော်သို့ ရောက်ပြီးမှ ဖွဲ့ဆိုပေ၏။ ယင်းသို့ရှိရာ နေပြည်တော်သို့ အရှင် ကြွလာသော ခုနှစ် သင္ကြာရာဇ်သည် ထိုပျို့ ၂-စောင် ပြီးသည့် သင္ကြာရာဇ်တို့၏ ကြားကာလ ဖြစ်ရပေမည်။ ဆုတောင်းခန်းပျို့ နိဂုံးတွင် ပျို့ပြီးနှစ် မပါရှိချေ။ သို့ရာတွင် ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့နှင့်

(၁) တောင်တွင်းလာ ပျို့ အပိုဒ်-၁-မှ "ကိုယ်ကိုကျင့်အီ၊ ပါရမီနှင့်၊ဖြည့်ညီအပြား၊စကားဘွဲ့ဆို၊ကိုယ်ကားဖွဲ့ယှက်၊ အရွက်အမြစ်၊ ကျစ်လစ်ပုံထား၊ ဖြည့်ငြားအစဉ်၊" ဟူသော စကားရပ်ကိုရင်း၊ အပိုဒ်-၁၂-မှ "ပြည်ပင်းယ ဝယ်၊ မွေးဘသားချင်း၊ တကာရင်းတို့၊ နှီးရင်းများစွာ၊ ပါသ မြတ်မည်၊ နတ်ပြည်ဆောင်ထား၊ လူတို့အားကို၊ ကြောင်းလျားကျင့်ညီ၊ ပါရမီသာ၊ တစောင်ပါ၏၊" ဟူသော စကားရပ်ကိုရင်း ထောက်ထားရာ၏။

ရှင်မဟာရဋ္ဌသာရ၏ ဘုရိဒတ်ဇာတ်ပေါင်းပျို့ရှိသည်၊ ရှင်မဟာသီလဝံသ အဝသို့ ရောက်ပြီး၍ မကြာမီပင် ဖွဲ့ဆိုကြဟန် ရှိပေသောကြောင့်၊ ပါရမီတော်ခန်းပျို့ပြီး သက္ကရာဇ် ၈၅၃-ခုနှစ်နှင့် ဘုရိဒတ်ဇာတ်ပေါင်းပျို့ပြီး သက္ကရာဇ် ၈၅၆-ခုနှစ် ကြားအချိန်တွင် အဝ နေပြည်တော်သို့ ကြွလာခဲ့ ပေလိမ့်မည်ဟု ယူဆရပေ၏ ။

အရှင်သည် အဝသို့ ကြွလာသောအခါ ရှေးဦးစွာ ထုပါရုံ စေတီ ရင်ပြင်တော်ရှိ စရပ်ငယ် တခုတွင် နေတော်မူ၏။ ထိုအခါ အဝ ပြည်သူတို့သည် ဘုရားလောင်းလျှာ ရောက်သကဲ့သို့ ထင်၍ ကျော်စောခြင်း သတင်း နှံ့လေသော်၊ ဒုတိယ ဘုရင် မင်းခေါင်က မှူးမတ်တို့အား အစုံ အစမ်း လွှတ်တော်မူလေသည်။ သိဟိုဠ်ရောက် ရှင်မဟာရဋ္ဌသာရ ဆရာတော်ဘုရားကြီးကလည်း မိမိ၏ တပည့်ဖြစ်သူ ရှင်မဟာ ရဋ္ဌသာရအား ရှင်မဟာသီလဝံသထံ စကား ရှုးစမ်း ထောက်လှမ်းရန် စေလွှတ်သောကြောင့်၊ စာဆို အရှင်နှစ်ပါး တွေ့ဆုံ ကြကာ အမေးအဖြေ စကား ဆိုကြလေသည်။ ယင်းသို့ အမေးအဖြေ စကား ဆိုကြရာ၌ ရှင်မဟာရဋ္ဌသာရ သည်ပင်

---

(၁) ကဝိသေနဂ်ဗျူဟာကျမ်း စာမျက်နှာ-၁၆၃-တွင် ၈၅၅-ခုနှစ်၌ ရှင်မဟာသီလဝံသ အဝသို့ ကြွသွားသည်ဟု ဆိုသည်။ သာသနာလင်္ကာရစာတမ်း စာမျက်နှာ-၁၄၉-တွင် အသက် ၄၀ ၌ အဝသို့ လာသည်ဟု ဆိုသည်။ သို့ကြောင့် ၈၅၅-ခုနှစ်တွင် အဝသို့ လာသည်ဟူသော ယူဆချက်သည် သင့်မြတ်ပေမည်။

တုန်အ သကဲ့သို့ဖြစ်ကာ မလျှပ်သာ သဖြင့် ဆိတ်ဆိတ် နေရလေတော့သည်^၁။ ဤသို့လျှင် ပုဂ္ဂိုလ်နှစ်ပါး တွေ့ ဆုံကြသည်မှစ၍ ပင်ကိုယ်ဉာဏ် ကောင်းမြတ်ကြသူတို့ ချည်းလည်းဖြစ်၊ အပြိုင်လည်း စာဆိုရ၊ဘုရင် ကိုယ် တိုင်ကလည်း အားပေးချီးမြှင့်၊ ခေတ်ငြိမ်းခေတ်အေးနှင့် လည်း ကြုံရဆုံရသောကြောင့်၊ မြန်မာ စာပေသည် တဟုန်တည်း တိုးတက်ကာ စာပေသမိုင်းတွင် အထွတ် အထိပ် ဘဝသို့ ရောက်ခဲ့ရပေသည်။

ဒုတိယမင်းခေါင်သည် ရှင်မဟာသီလဝံသ၏သိက္ခာ သမာဓိ ပညာ ဉာဏ်ပါရမီ တို့ကို ကြည်ညိုမြတ်နိုးလှ ရကား"သီလဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"ဘွဲ့တံဆိပ် နာမံတော်နှင့် တကွ၊ စစ်ကိုင်းမြို့ ထူပါရုံ စေတီတော် လက်ဝဲ ဘက်ရှိရတနာဗိမာန်ကျောင်းတော်တွင် တင်လှူ

---

(၁) တောင်တွင်း လာပျို့အပိုဒ်-၁၆-လာ "ရောက်လေကြွား က၊ မြတ်ဖျားဘုန်းထွတ်၊ ရဋ္ဌသာရ၊မည်ရတွင်ခေါ်၊ တပည့်တော်ကို၊ ကော်ရော်ရိုသေ၊ စူးစမ်းချေဟု၊မိန့်ထွေမကြာ၊ စူးစမ်းလှာသော်၊ နေ ရာဝတ်ဖြည့်၊ ညွှတ်သည်ပမာ၊ နေကာရှပ်ချုပ်၊ တုန်လှုပ်မသွေ၊ ဘယ် ရပ်မြေက၊ ကြွလှာသနည်း၊ ရုံးစည်းနှိမ့်ချ၊ တောင်းပန်ခသော်၊ သာလှ မော်စည်၊ တောင်တွင်းပြည်က၊ ရောက်ပါသည်သြ၊ ဆိုပြောဟော သော်၊ တကြောရပ်စည်၊ တောင်တွင်းပြည်ကား၊ ယာလည်းထွန် တူး၊ ပြောင်းလူးဆပ်က၊ စသဖြင်ပည်း၊ မိုးလည်းကောင်းထွေ၊ မေး တုံလေသော်၊ နေ့ရေမခြာ၊ကောင်းပါ၏သြ၊ တကြောရပ်စည်၊ရွှေနန်း ပြည်ကား ၊ထူးလည်မရှုတ်၊ တမုတ်နယ်နှ၊ ပန်းဆိုးမှုနှင့်၊ ယောင်ပြုသ လွင်၊ ဆိုးပါကျင်စံ့၊ ဘုန်းထင်မြတ်ကျော်၊မေးတုံသော်လည်း၊သံဝေါ မဟ၊ တုန်အ လျက်ပင်၊ နှနှင့်တင်သည်၊ ၊ဘဝင်ဇောစိတ် တိနှင့် ဟိတ်။" ဟူသော စကားရပ်ကို ထောက်ရှု သိရှိရာ၏။

ကိုးကွယ်တော်မူလေသည်။ ထိုအခါ အရပ် ရှစ်မျက်နှာမှ စာပေ ကျွမ်းဂန် ဆည်းပူးလိုသူ ရှင်လူရဟန်းများ စွာတို့သည် လာရောက်ခိုလှုံကြသဖြင့်၊ ထိုရတနာဗိမာန်ကျောင်းကြီးသည် မကြာမြင့်မီပင် ကျောင်းအရံပေါင်းများစွာနှင့် တကွသော ကျောင်းတိုက်ကြီး အဖြစ်သို့ ရောက်ရှိသွားလေ၏။

ရှင်မဟာသီလဝံသ နေပြည်တော်သို့ ရောက်၍ များမကြာမီ တနေ့တွင်၊ ဘုရင်သည် ရှင်မဟာရဋ္ဌသာရဖွဲ့ဆိုသော ဘူရိဒတ်လင်္ကာကြီးနှင့်၊ ရှင်မဟာသီလဝံသ၏ ပါရမီခန်းလင်္ကာကို ယှဉ်ပြိုင်ကြားနာသော စာပွဲသဘင်ကို ကျင်းပတော်မူပြီးနောက်၊ ဘုရင်က ရှင်မဟာရဋ္ဌသာရအား ပါရမီခန်းကဗျာ ကောင်းလှကြောင်း လျှောက်ထားရာတွင်၊ ရှင်မဟာရဋ္ဌသာရက "ပါရမီကို မည်သို့ပင် ဆည်းပူးသော်သည်း ဆုတောင်းဦးမှ ဘုရား ဖြစ်နိုင်သည်၊"ဟု မိန့်သည့် အတွက်၊ရှင်မဟာသီလဝံသသည် ဤ ဆုတောင်းခန်းပျို့ကို ရက်အနည်းငယ် အတွင်းတွင် အပြီးရေးသားတော်မူသည်ဟု ရှေးပညာရှိတို့အဆိုရှိလေသည်။ရှင်မဟာသီလဝံသ အကျော် ဆရာတော် ပြုစုခဲ့သော စာပေတို့ကား များပြားလှစွာ၏။ရင်းတို့မှာ–

(၁) ပါရမီတော်ခန်းပျို့
(၂) တောင်တွင်းလာပျို့
(၃) ဆုတောင်းခန်းပျို့

(၄) ဇိနတ္ထပကာသနီပျို့
(၅) သံဝေဂ ခန်းပျို့
(၆) ကမ္ဘာလောင်ပျို့[1]
(၇) ဓမ္မပါလပျို့ (ရွှေ ၁၂-ပိုဒ်မျှသာ)[2]
(၈) တံတားဦးမင်္ဂလာစေတီတော်မော်ကွန်း[3]
(၉) သိမ်သျှား ကန်တော်ဘွဲ့ မော်ကွန်း
(မိတ္ထီလာ ကန်တော်ဘွဲ့ မော်ကွန်း)
(၁၀) ရွှေနန်းကြော့ရှင် နန်းတည် မော်ကွန်း
(၁၁) ပါရာယနဝတ္ထု
(၁၂) မဟာသမ္မတဝံသကျမ်း(ရာဇဝင်ကျော်)

---

(၁) ကမ္ဘာလောင်ပျို့ စာကိုယ် မတွေ့ရသေး။ ကဗျာဗန္ဓသာရ ကျမ်းလာ ပျို့စာရင်း၌ ရှင်မဟာသီလဝံသသည် ကမ္ဘာလောင်ပျို့ ရေးကြောင်း အမှတ် အသား တွေ့ရသည်။

(၂) တပည့်ဖြစ်သူ ပုဂံဆရာတော်က ဆက်လက် ရေးသား၍ သက္ကရာဇ်၉၁၁-ခုနှစ်တွင် ပြီးသည်။

(၃) ၁၂-ပိုဒ်မျှသာ စပ်ဆိုပြီး၏။ ရှင်မဟာရဋ္ဌသာရသည် တံတားဦးမင်္ဂလာစေတီတော်မော်ကွန်းကိုပင် စပ်ဆိုလျက် ရှိကြောင်း ကြားသောကြောင့်၊ တပည့်တို့အား မိမိစပ်ဆိုပြီးနှင့်သမျှကို ချေဖျက်စေကာ ဆက်လက် စပ်ဆိုခြင်း မပြုတော့ဟု ကြားနာမှတ်သားရဘူးသည်။

(၁၃) မဟာရဟာနီတိ[၁]
(၁၄) နေ့တွက်နိဿရည်း
(၁၅) ဖြစ်တော်ပေါင်း လင်္ကာ[၂]
(၁၆) စာသင်သားတို့အား ဆုံးမစာလင်္ကာ
(၁၇) နန်းဖွင့်လင်္ကာ
*[၃] ပေါရာဏကထာလင်္ကာ

---

(၁) ဘားနဒ်ပိဋကတ်တိုက်တွင် မဟာရဟာနီတိကျမ်း ၂-စောင် တွေ့ရသည်။

(က) ၁၂၀၇ - ခုနှစ် တဆင့် ရေးကူးပြီးသော လက်ရေးမူ (အမှတ်-၁၅၆) " ရှင်မဟာသီလဝံသ။ မူလရေးရင်း ပါဠိအနက်။ ရွှေမင်းဝံဆရာတော်မှ ပေစာ"-ဟု အမှာပါရှိ၏။ ဂါထာနိဿျ အပိုဒ်ပေါင်း-၂၅၂-ပိုဒ်ရှိသည်။

(ခ) ပေမူ (အမှတ်-၂၁)။ ၂၄၃-ဂါထာ ပါရှိသည်။ နိဿျကိုမူ ၁၁၉၆-ခုတွင် မဟာအောင်မြေဘုံစံအုတ်ကျောင်း ဆရာတော် ပြန်ဆိုသည်ဟု-ဆရာတော့် ကိုယ်တိုင် အမှာ-ပါဠိနိဿျ ပါရှိသည်။

(၂) ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ(ပ-တွဲ)စာမျက်နှာ ၁၉-တွင် ဂေါတမ မြတ်စွာဘုရားလောင်း၏ နှစ်ဉ်ဘဝပေါင်းကို ၅၄၇-ဇာတ်ရှိသည် ၅၅၀-ဇာတ်ရှိသည်-ဟု အယူ အဆ ကွဲပြားကြရာ၌၊ ရှင်မဟာသီလဝံသ ရေးစပ်တော်မူသည် ဆိုသော "ဖြစ်တော်ပေါင်းလင်္ကာ" တွင် ဇာတ်တော်ပေါင်း ၅၅၀ တိတိကျကျ ရှိကြောင်း ဆိုသည်။

(၃) ပါမောက္ခ ဦးဖေမောင်က ရှင်မဟာသီလဝံသ၏ စာမဟုတ်နိုင်ကြောင်း ရှင်းလင်း ပြညွှန်ချက်ကို ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာတန်းတို့တွင် သင်ကြား နာယူခဲ့ရဘူးသည်။ ဒေါက်တာ ဦးလှဖေကလည်း ဤပေါရာဏကထာလင်္ကာသည် ရှင်မဟာသီလဝံသ ရေးသည်ဟု

(၁၈) ရတနာဗိမာန်ကျောင်းကျောက်စာ
(၁၉) ထူပါရုံဘုရားကျောက်စာ
(၂၀) ဘုရင့်ထံ ဆက်သွင်းသည့် မေတ္တာစာများ
(၂၁) တောင်တွင်းဘွဲ့ရတု၊ ယန္တရားစကြာရတု၊ ရာဇဝသတီခန်း ရတု၊ ပုဏ္ဏာရတု။
(၂၂) စကားပုံ?

ရှင်မဟာသီလဝံသ ပျံလွန်တော်မူသော ခုနှစ် သက္ကရာဇ်ကို တိကျစွာမသိရပေ။ ထိုပုဂ္ဂိုလ် ပြုရသော စာပေများ အနက် ကျမ်းပြီး သက္ကရာဇ် ပါသမျှတို့တွင် ရာဇဝင်ကျော်ကို ပြုစု စီရင်ပြီးသော သက္ကရာဇ် ၈၈၂ ခုနှစ်သည် အနှောင်းဆုံး ဖြစ်၍၊ ဓမ္မပါလပျို့ကို ရှေ့ ၁၂-ပိုဒ်မျှသာ စီကုံးခဲ့သည် ဆိုသောကြောင့် ထိုပျို့စီရင်ဆဲမှာပင် ပျံလွန်တော် မူလေသလောဟု တွေးတောဘွယ်ရှိ၏။ ထိုပျို့ကို တပည့်ဖြစ်သူ ပုဂံဆရာတော်က ဆက်လက် ရေးသားရာ သက္ကရာဇ် ၉၁၁-ခုနှစ်တွင် ပြီးသည်ဟု ဆိုသော်လည်း မည်သည့် သက္ကရာဇ်တွင်

ဆိုသည်မှာ ယုတ္တိ အလျဉ်း မရှိကြောင်း မြန်မာနိုင်ငံ သုတေသနဂျာနယ်အတွဲ-၃၃၊ အပိုင်း-၁၊ စာမျက်နှာ ၂၇-၃၇ တွင် ခိုင်လုံစွာ ကိုးကား ဝေဖန် ရေးသားထားသည်။

(၁) မြန်မာစာပေသမိုင်း၊ မြန်မာစာညွှန့်ပေါင်းကျမ်း တို့တွင် ရာဇဝင်ကျော်ကို သက္ကရာဇ် ၈၆၄-ခုနှစ်တွင် ရေးပြီးသည်ဟုဆိုသည်။ ဘားနဒ်ပိဋကတ်တိုက် အမှတ်-၈၅၃-ပေမူ၊အချပ်ဃာ-ကျောဘက်-ကြောင်းရေ-၅-၌ သာသနာသက္ကရာဇ် ၂၀၆၄-ခုနှစ်တွင် ရေးပြီးကြောင်း အမှာပါရှိသည်။

ရှင်မဟာသီလဝံသ ပျံတော်မူ၍ ပျို့မပြီးခဲ့ကြောင်း ဖော်ပြခြင်း မရှိချေ။ သက္ကရာဇ် ၈၈၆- ခုနှစ်တွင် မိုးညှင်း စလုံ သည် ပြည်ဘုရင်နှင့် ပေါင်း၍ တိုက်သောအခါ ရှင်မဟာရဋ္ဌသာရကိုသာ ပြည်သို့ ပင့်ဆောင် သွားကြောင်းကို ထောက်ဆသော်၊ ရှင်မဟာသီလဝံသ သည် သက္ကရာဇ် ၈၈၂-ခုနှင့် ၈၈၆-ခုအကြားတွင် ပျံလွန်တော်မူသည် ဖြစ်တန်ရာ၏။[၁]

(ဃ) ဆုတောင်းခန်းပျို့နှင့် စာဆို့ဥာဏ်ရည်

ဤဘဒ္ဒကမ္ဘာမှ ရေတွက်သည်ရှိသော် ရှေး လွန်လေပြီးသော လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌၊ “ကြွယ်ပုပ် ကြွယ်စပ်”[၂] ချမ်းသာလှစွာသော သုမေဓာ

(၁) မြန်မာစာပေသမိုင်း စာမျက်နှာ-၄၇၊ မြန်မာစာညွှန်းပေါင်းကျမ်း (ပ-တွဲ) စာမျက်နှာ-၃၃၄၊ ကဗျာသာရတ္ထသင်္ဂြိုဟ် စာမျက်နှာ-၁၂၁ တို့၌ ရှင်မဟာသီလဝံသသည် သက္ကရာဇ် ၈၈၀-ပြည့်နှစ်တွင် ပျံလွန်တော်မူသည်ဟု ဆိုသည်။

မဟာသမ္မတဝံသကျမ်းသည် သက္ကရာဇ် ၈၈၂-ခုနှစ်တွင် ပြီးသည်ဟု အမှာ ပါရှိသောကြောင့်၎င်း၊ ကဝိသေနင်္ဂဗျူဟာကျမ်း စာမျက်နှာ ၂၁၂- ၂၁၃ တွင် ရှင်ဥတ္တမကျော်သည် သက္ကရာဇ် ၈၈၂-ခုနှစ်တွင် အဝပြည်သို့ ဒုတိယအကြိမ် ကြွလာသောအခါ ရှင်မဟာသီလဝံသ နှင့် တွေ့ရသေးသည်ဟု ဆိုသောကြောင့်၎င်း၊ ၈၈၂-ခုနှစ် တိုင်အောင် ရှင်မဟာသီလဝံသသည် သက်တော် ထင်ရှား ရှိပေသေးသည်ဟု ယူဆဘွယ် ဖြစ်ပေသည်။

(၂) ဆုတောင်းခန်းပျို့တွင် ရှင်မဟာသီလဝံသ ကိုယ်တော်တိုင် ဤစကားကို သုံးထားသည်။

အမည်ရှိ ဗြာဟ္မဏမဟာသာလသူဌေးသည် ကုဋေ ကုဋာ စည်းစိမ် ရတနာတို့ကို နောက်ပြန်မငဲ့ ပေးစွန့် ခဲ့ပြီးလျှင် တောသို့ ထွက်၍ ရသေ့ပြုကာ ကျင့်သုံး လေရာ၊ ဈာန်အဘိညာဉ် ရလေသည်။ တနေ့သ၌ ဈာန်၏ အရသာကို ခံစားရင်း ကောင်းကင် ခရီးဖြင့် ပျံသန်းသွားလေသော်၊ ရမ္မာဝတီ ပြည်သူပြည်သားတို့ သည် တခုသော လမ်းခရီးကို တာဝန်းဖွဲ့ကာ အပန်း တကြီး အသီးသီး ထွင်ပြင် ရှင်းလင်း သယ်ယူမှုညို နေကြသည်ကို တွေ့မြင်သဖြင့်၊ မြေသို့သက်၍ စုံစမ်း လေသည်။ ထိုအခါလောကသုံးပါး၌ အထင်အရှား ပွင့် လာပြီးသော ဒီပင်္ကရာ မြတ်စွာဘုရားရှင်သည် ဤတွင် မကြာ ကြွတော်မူလာမည် ဖြစ်သောကြောင့်၊ယခု လုပ် ကြီးကြံမ ပြုကုန်ကြသည် ဟု ပြည်သူ ပြည်သားတို့က ပြန်ကြားလေလျှင်၊ "ဘုရား"ဟူသော နှုတ်မြွက်သံ စ ကားကို ကြားရုံမျှနှင့် အလွန်လျှင် ပီတိလျှမ်းလျက် ဝမ်း မြောက်သှသည်ဖြစ်၍၊ ထိုခရီးလမ်း၏ တာဝန်းတဖွဲ့ကို မိမိလုပ်ဆောင်ရန် အတွက် ပေးပါမည့် အကြောင်းနှင့် တောင်းခံလေရာ၊ ညွန်ဘွက်ပါသော တာဝန်းတနေရာ ကို ရသဖြင့်၊ထက်မြက်ကြီးမားသည့် ဈာန်အဘိညာဉ် တန်ခိုးအားကို အလျှင်းမသုံးဘဲ၊ မိမိ၏ပကတိအားကို သာ အစွမ်းကုန်သုံးလျက် ချွေးပြိုး သယ်ရွက်၍ ညွန်ဘွက် ကို မြေဖို့ပါပြီးလည်း၊ ဘုရားရှင် နှင့်တကွ လေးသိန်း သော ရဟန္တာများ ကြွလာတော်မူသောအခါ မပြီး ပြတ်ဘဲ ရှိလေ၏။ ထိုအခါ သုမေဓာသည် မိမိကိုယ်ကို

တံတားခင်း၍ ဘုရားရှင်အား လှူဒါန်းပြီးလျှင် သဗ္ဗညုတ ဘုရားဆုကို ပန်ကြားလေတော့ သတည်း။ ဤအကြောင်းတို့ကို ဥပမာ၊ ဥပမေယျ၊ ဥပစာတို့ဖြင့် အကျယ်တဝင့် တန်ဆာဆင်ကာ ရေးသားစီကုံးထားသော ပျို့သည်ကား ဤ ဆုတောင်းခန်းပျို့ပင် ဖြစ်တော့သည်။ ယင်း ဆုတောင်းခန်းပျို့ကို စပ်ဆိုရာ၌၊ ရှင်မဟာသီလဝံသ အဓိကအားဖြင့် မှီငြမ်းပြုသောကျမ်းသည်ကား ဇဋ္ဌဝင် ပါဠိတော်ပင်ဖြစ်ပေသည်။ ယင်းသို့မှီငြမ်းပြုပင် ပြုငြားသော်လည်း၊ ပျို့စာကိုယ်တွင်ကား၊ ပါဠိ၊ ပါဠိပျက်၊ သက္ကတ၊ သက္ကတပျက် ဝေါဟာရ တို့ကို အလွန့်အလွန် အသုံးနည်းလှ၍၊ သိပ်သည်းကျစ်လစ် အဓိပ္ပါယ် အနှစ်နှင့် ပြည့်စုံသော မြန်မာစကား စစ်စစ်တို့ကိုသာအသုံးများလှပေသည်။ ဆုတောင်းခန်းပျို့တွင် သိမ်မွေ့နက်နဲ ခမ်းနား တင့်တယ်သော အစီအကုံး အနှုန်း အဖွဲ့များ ပါရှိသည်ကား မှန်၏။ သို့ပါသော် ပါရမီတော်ခန်း၏ အဆင့်အတန်းကိုမူ မမှီချေ။

ပါရမီတော်ခန်းပျို့တွင် ကာရန် ယူသောစာလုံးများ အသတ်မညီသော်လည်း ဤ ဆုတောင်းခန်း ပျို့တွင်မူ၊ အသတ်ညီစွာ ကာရန်ယူထားသည်ကို တွေ့ရပေသည်။ အပြိုင်စာဆို ရှင်မဟာရဋ္ဌသာရသည် အသတ်တူ ကာရန်များကိုသာ ယူ၍ လင်္ကာ ဖွဲ့ဆိုသောကြောင့်၊ ရှင်မဟာသီလဝံသသည်လည်း အားကျမခံ ဤနည်းကို မှီး၍ စပ်ဆိုလေရော့သလားဟု ကြံဆဘွယ်ဖြစ်သည်။ သို့ရာတွင် ကာရန်ယူရာ၌ သတ်ဆွေနှက် သုံးချက်ညှိ

၁၁၄၂၃

အစပ်များကို တွေ့ရခဲ့၏။ ဘိလူးရယ်,ဦးတိုက်စပ်နည်း များသာ အသုံး များသောကြောင့် စာသွား များစွာ မချောမွေ့လှပေ။ သို့ကြောင့် စာသွား ချောမွေ့ခြင်း ထက်၊အဓိပ္ပါယ်နက်နဲမှုကို ပိုမို အလေးဂရုပြုတော်မူ သည်ဟု ဆိုရန်ဖြစ်တော့သည်။ရင်းပျိုကို အခန်း ၂၅- ခန်းဖြင့် ပိုင်းခြား ရေးသားရာ၊အချို့ အခန်းတွင် သရုပ် ဖော်အဖွဲ့ဖြင့်ရင်း၊ အချို့ အခန်းတွင် လွန်စွာ အဓိပ္ပါယ် နက်နဲကျယ်ဝန်းလှသည့် ပါဠိတော်ကို ဥပမာ၊ ဥပစာ၊ သဒ္ဒအတ္တ အလင်္ကာ၊နည်းစုံ ဖြာလျက် မိမိ၏ ထိုးထွင်း ဉာဏ်ဖြင့် ကြံဖန်ချဲ့ထွင် ၍ရင်း ဖွဲ့ဆိုထားတော်မူသည်။

အမရဝတီနဂရခန်းတွင် အမရ ဝတီပြည်၏ခမ်း နား စည်ပင်ပုံ၊ ချေမ်းသာယာပုံ စသည်တို့ကိုစေ့စုံ အောင် ဖွဲ့ဆိုခဲ့လေသည်။ မဟာသာလ သူဌေးကြီး သုံးမျိုး အကြောင်းကိုလည်း ဗဟုသုတအဖြစ် ထည့် သွင်း ဖွဲ့ဆိုသေးသည်။ သုမေဓာသည် ဗြာဟ္မဏမဟာ သာလ ဖြစ်သည့်အားလျော်စွာ ဖွဲ့ပုံ အစီအစဉ် ဆက် စပ်မိသည်ဟု ဆိုရပေမည်။

သုမေဓာပုဏ္ဏား၏ ပညာဗလ ခန်းကိုလည်း ''ကိုး ခန်းပျို''လာ ဗြာဟ္မဏပုဏ္ဏားများ၏ ပညာကို ဖွဲ့ဆို ပုံနှင့် နှိုင်းယှဉ်သင့်၏။ကိုးခန်းပျိုတွင် ပုဏ္ဏားတို့ တတ် အပ်သော ပညာရပ် အမျိုးမျိုး၏ အမည်ကို ''စာနကျ နီတိ''ကျမ်းလာ မုရောဟိတ် ပုဏ္ဏား၏ အင်္ဂါတို့ကို မှီး၍ ဖော်ပြထားသည်။ရှင်မဟာသီလဝံသကမူ ပညာ

နက်ပုံ၊ ပညာကျယ်ပုံ၊ ပညာထက်မြက်ပုံ စသည်တို့ကို ပါ အပိုဒ် အပိုဒ် ခွဲကာ စပ်ဆိုသွားလေသည်။

ဆုတောင်းခန်းမှုတွင် သဘာဝကျ၍ ထိမိသော ဥပမာ များကိုလည်း တွေ့ရပေသည်။ ဎင်းမှု "ဝဋ္ဋ ဒုက္ခနိဗ္ဗိန္ဒ စိန္တာခန်း"အပိုဒ် (၃၆)တွင် သတ္တဝါတို့ သေဘေးကို မည်မျှ ကြောက်ရွံ့ကြကြောင်းကို

"တိုင်ချည်သားထိုး၊ နွားနှယ်ညှိုးလျက်၊ လန့်စိုးယုံ့ယုံ့၊ ကောင်းကင်အုံ့သို၊ ရှုံ့ရှုံ့ခြေလက်၊ လိပ်တူဝှက်၍၊ အသက်ဦးထိပ်၊ ထားလျက် နှိပ်သည်၊ ၊သေဆိပ် ကြောက်ကြိမ်း နရားတည်း။"

ဟုစပ်ဆိုထားသည်။

"နေကျွမ္ဗ ပရိယေသန စိန္တာခန်း"အပိုဒ်(၄၀)တွင် ခန္ဓာကိုယ်ကြီး၏ စက်ဆုပ် ရွံရှာဘွယ် ကောင်းပုံကို

"ထိုထိုမစင်၊ ဘင်ကစသည်၊ အရည်အရိ၊ တံစီးညှိဖြင့်၊ ကျိကျိ ပေါင်းစည်း၊ ပိတ်တည်းမျက်နှာ၊ အညာသို့ထား၊ အဝါးလည်းဝင်၊တီးပြင်အိုးကျဉ်း၊လံပါးဖျဉ်းနှင့်၊စိုးစဉ်းမထူး၊ သရော်တူးခွဲ၊ ယူးယူးပေါက်ဖွယ်၊အိုးအနှယ်လျှင်၊ မကျယ်ရှုံး စည်း၊ လံရှည့်တည်းလျက်၊ အထည်းတိုင်ငေါ်၊ပုပ်တိညှော်ခွဲ၊ မြော်တော်နံ့ဟောင်၊၍အကောင်ကို၊"

ဟု စက်ဆုပ်ခြင်း ဝိဘာဝနရသ ပေါ်အောင် စပ်ဆိုပေသည်။

သံသရာတွင် ကျင်လည်နေသမျှ ဒုက္ခမဇ နိုင်ဘွယ်ကိုလည်း " အဘိညာဇလပါပုဏာနခန်း " အပိုဒ် (၁၀၉)တွင်

"မတန်မရာ၊ ငရဲရွာသို့၊ လူအာဇာနည်၊ယောက်ျားသည်
လျှင်၊ ခြောက်ပြည်နတ်ရပ်၊ မကပ်လေပါ၊ ရောက်လှာတုံသီး၊
လူဘုန်းကြီးဟု၊မီးကျီးမထိန်၊အရှိန်လည်းသေ၊ကြာအိုင်ရေသို့၊
ချမ်းပေရှင့်အား ၊တီမှာငြားအံ့၊အလားမြင့်ါ၊ကျင့်ကောင်းစွာ
ဟု၊" ဟူ၍ လင်းပြဆုံးမတော်မူသည်။

ဤပျို့တွင် ရှင်သာရိပုတ္တရာအား မြတ်စွာဘုရား ခေါ်တော်မူသော အာလုပ်စကား အကြိမ်ပေါင်း ၂၀ မျှပါရှိရာ၊ ၎င်းတို့မှာလည်း၊ ရှင်သာရိပုတ္တရာ၏ ဉာဏ်တော် ကြီးကျယ် နက်နဲ လျှင်မြန် ဆန်းကြယ်ပုံတို့ကို ကျမ်းဂန်မှီး၍ ဥပမာ ဥပစာတို့ဖြင့် ချဲ့ထွင် တန်ဆာဆင်ကာ တခုနှင့်တခု မတူစေရအောင်၊ခမ်းခမ်း နားနား ဖွဲ့ဆိုထားပေသည်။

ရှင်မဟာသီလဝံသသည် ဤပျို့ကို စပ်ဆိုရာတွင်၊ အနက် အဆင် တန်ဆာ သက်သက်ချည်းကိုသာ အာရုံပြုခဲ့သည်မဟုတ်။အသံ အဆင် တန်ဆာကိုလည်း လျစ်လျူရှုကာ ချွင်းချန်မထားခဲ့ပေ။ အမရဝတီ ပြည်ကြီးတွင် ပွဲလမ်းသဘင် ဆင်ယင် ကျင်းပသည့်အခါ တူရိယာများ မြည်သံကို အပိုဒ်(၈)တွင်

"ငါးစုံသံလွင်၊ပဉ္စင်တူရိယ၊ခွက်ခွင်းစသည်၊တီးထနောင်း
နောင်း၊ကြေးနင်း မောင်းလည်း၊ညောင်းညောင်း ညွန်းညွန်း၊
မိုးနှယ်အုန်း၍၊ ချွန်းချွန်း ကျည်ကျည်၊ ခြိမ့်မျှ မြည်က၊"

(၁) ရှင်သာရိပုတ္တရာအား ခေါ်သော အာလုပ်ပါသည့် အပိုဒ်များကား- ၄၊ ၂၂၊ ၃၁၊ ၅၅၊ ၆၀၊ ၇၉၊ ၉၁၊ ၉၉၊ ၁၀၄၊ ၁၁၂၊ ၁၁၅၊ ၁၁၉၊ ၁၂၅၊ ၁၃၄၊ ၁၃၈၊ ၁၄၁၊ ၁၅၆၊ ၁၆၀၊ ၁၆၇၊ ၁၇၄ တို့ပေတည်း။

ဟူ၍ စာသွား အသံကာပင် တူရိယာများ၏ ကြွေး မြည်ကြပုံကို စိတ်အာရုံတွင် ထင်မြင် ခံစားနိုင်အောင် စပ်ဆိုထား၏။

အချို အချ ပဒတို့တွင်လည်း

"တအုပ်တအုပ်၊နိုင်ငံချုပ်လျက်၊" အပိုဒ် (၆)
"ဖြစ်ကြိုက်ဖြစ်ကြိုက်၊ တဇာစ်နှိုက်လျှင်၊" အပိုဒ် (၄၁)
"တခေါင်းတခေါင်း၊ရပ်သားပေါင်း၍၊" အပိုဒ် (၁၃၀)

စသည့် ယမက အစချိများ၊

"ဝန်ကားတို့သို့ ဟုတ်မြို့ငယ်ငယ်ကြီးကြီးတည်း။"အပိုဒ် (၄၀)
"တောထံနေမြေ့ရသေ့သူတော်အန္တယ်တည်း။"အပိုဒ် (၇၃)
"ဝတ်စားကိုယ်မှ လဲထလူရပ် ဖျောက်သတည်း။"အပိုဒ် (၇၇)

စသည့် အာသာဝတီ ဝတ်ဆံ ၁၁–လုံး ချများ၊

အပိုဒ်(၁၅)၌

"နတ်နှင့်ပြည်ဤ၊မလွန်ပြီဟု၊ ၊ဆိုညီဝိုးဝိုး ဝါးဝါးတည်း။"

ဟူသော သံသယောပမာ အလင်္ကာ အချမျိုးများ စသည်ဖြင့် ဆန်း အလင်္ကာကျမ်းများကို ပွန်းတီးကျွမ်း ကျင်စွာ သုံးနှုန်း စပ်ဆိုခဲ့ပေသေးသည်။

အရှင်သည် သက္ကတ၊ ပါဠိ၊ မြန်မာ သုံးဘာသာလုံး၌ ပင် ကျွမ်းကျင်လှသည်။ သက္ကတ၊ ပါဠိ၊ မြန်မာ ဝေါ ဟာရတို့ကို ပျို ရှုသူ အပေါင်းတို့အား ဗဟုသုတ ဝေ မှုသည့် သဘောဖြင့်–

အပိုဒ် (၆၆) ၌"တရိသူလီ၊ ဇော်ဂီပုဏ္ဏား၊ သုံးစွဲထားသား၊ သစ်သားသုံးခွ၊ တိဒဏ္ဍနှင့်၊" ဟူ၍ရင်း။

အပိုဒ်(၆၆)၌ ''ဝိသုကမ္မ၊ ကျော်ထပ်ဟိုးဟိုး၊နတ်မှုစိုးကား၊''
ဟူ၍ရင်း

အပိုဒ်(၁၀၅)၌''ဗလိဗော၊ကြောင့်ကြ ဆယ်ကြိမ်၊ရှင်းရှင်း
ငြိမ်'' ဟူ၍ရင်း

အခွင့်အခါ သင့်သည့်အလျောက် ဆိလျော်စွာ ဘာ
သာပြန်မှုပြုခဲ့ပေသည်။ထိုမျှသာမကပါသေး၊အခြားမှတ်
သားနည်းယူဘွယ်ရာများကိုလည်း အောက်ပါအတိုင်း
ထည့်သွင်း စပ်ဆိုထားခဲ့ပေသည်။

(က) သတ်ပုံ ခွဲထားဖြင့် သံတူကြောင်းကွဲ
ကို ထင်ရှားသိသာစေခြင်း

''တသန်းကြွယ်ရောင်၊ပြူလတ်ယောင်သို့၊'' အပိုဒ်(၁)

''အားရှိကြိုး၍၊ လပ်ကျိုးခန္ဓာ၊'' အပိုဒ်(၃၃)

''အကြင်အကြင်၊ တောရပ်ခွင်၌၊ နေကျင်သရော်၊''
အပိုဒ်(၇၄)

''လူဘုန်းကြီးဟု၊ မီးကျီးမထိန်၊'' အပိုဒ်(၁၀၉)

''မြေမှိုးချင်းမျှ၊ မှုတ်ခြင်းတီးမြည်၊ အမည်မည်လျှင်၊''
အပိုဒ်(၁၆၄)

''ယပ်နှင့်ယပ်သို့၊ အရပ်မျက်နှာ၊'' အပိုဒ်(၁၆၇)

(ခ) မြန်မာ စကားသည် လုံးချင်း ဘာသာစကား
ဖြစ်ကြောင်း၊ စကား ခွန်းချင်းတွင် ဆိုင်ရာ အဓိပ္ပါယ်
အတိအကျ ရှိကြောင်းတို့ကို သရုပ်ပေါ်အောင် ထုတ်
ဖေါ်ပြလိုက်ခြင်း

"ကြာစွာနေလည်း၊လူမွေ့မရှိ၊ဆိတ်သည်သိမှ၊" အပိုဒ်(၇၇)
"မွေ့မှန်းမထင်၊ စ မမြင်သည်၊" အပိုဒ်(၁၀၄)
"ရှင်ဝါစစ်ခြင်း၊တကြောင့်ကင်း၏၊" အပိုဒ်(၉၀)
"လောဘဇောကိုမပြောစေအောင်၊" အပိုဒ်(၁၀၂)
"မဝင်းနေလ၊ ပူရောင်ပျ၍၊" အပိုဒ်(၁၆၀)

(ဂ) နားဝင်ပီယံဖြစ်အောင် (ဝါ) လေးနက်စေအောင် စကားတန်ဆာ ဆင်၍ သုံးနှုန်းခြင်း

"ဝန်းကျင်သပွေ့ငြိသပွါယ်တည်း။" အပိုဒ်(၇၁)
"မြိုးခြယ်ရတနာ၊ ဆင်သောခါထက်၊" အပိုဒ်(၈၆)
"အတူးအထူး၊ ဖြူးရရှူးသား၊" အပိုဒ်(၁၂၄)
"သိပ်တောင့်သိပ်တာ၊ယုတ်မာကျဉ်းမြောင်း၊"အပိုဒ်(၁၄၄)
"ဆံခြည်ဆယ်စိတ်၊ ထိုးထိတ်မရှုံ၊" အပိုဒ်(၁၇၃)

(ဃ) အသိ ခက်သော ဝေါဟာရတို့၏ အဓိပ္ပါယ်ကို ဖော်ထုတ်သည့် အနေဖြင့် စပ်ဆိုခြင်း

"လှူတုံမချန့်၊အစို့သွန့်လျက်၊ပေးစွန့်ရိုးရိုး၊" အပိုဒ်(၆၁)
"မကွာဆင်းရဲ၊အိုးထဲဖက်ထစ်၊ဥချိုးဖြစ်သည်၊"အပိုဒ်(၁၄၀)
"ဘုန်းမျိုးစေ့ကို၊ လွေ့လွေ့ များများ၊
စိုက်မြှုပ်ထားလျက်၊" အပိုဒ်(၁၅၂)
"ကျေးဇူး၎င်းကို၊ပတုန်ပလွဲ၊အကြွင်းမဲ့လျှင်၊"အပိုဒ်(၁၅၄)
"နှစ်ဦးစဉ်၊ ထဲမ ကလိုင်၊မိုးသစ်အိုင်သို့၊" အပိုဒ်(၁၆၄)
"ချီးမြှောက်သမှု၊သာမ ခေါ်သံ၊မညံ မစဲ၊" အပိုဒ်(၁၆၀)

ဤအထက်ပါ ဆုတောင်းခန်းပျိုလာ ကောက်နုတ်ချက် ပုံစံ အပိုဒ်ငယ် အသီးသီးသည် ရှင်မဟာသီလ

ဝံသ၏ ဉာဏ်ပညာ ပြန့်ပြော သိမ်မွေ့ နက်နဲ ဆန်းကြယ်ပုံကို တမျိုး တဖုံစီ ညွှန်ပြလျက် ရှိချေသည်။ အကြင်သူသည် ပင့်ရစ် အသတ်အလတ် စသည်တို့ကို ခွဲခြား မှတ်သားလိုလျှင်သော်ရင်း၊ မြန်မာစကားလုံးချင်း အဓိပ္ပါယ်ကို တိတိကျကျ သိလိုလှလျှင်သော်ရင်း၊ စကားအရာ တန်ဆာ အသွယ်သွယ် ဆင်ခြယ်လိုလျှင်သော်ရင်း၊စကား ကျဉ်းကျဉ်း၊ အဓိပ္ပါယ် ပါပါနှင့် သမာသ်ပုဒ် ဖွဲ့တတ်လိုလျှင်သော်ရင်း၊ကဗျာ ဖွဲ့ဆိုရာ၌ သုတိသာစွာ ကာရန် အချိတ်အဆက် ကျွမ်းကျင်လိမ္မာလိုလျှင်သော်ရင်း၊တိမ်ရပ် မြုပ်ကွယ် လု နီးပါးရှိနေသော ပေါရာဏ စကားတို့၏ အဓိပ္ပါယ်မှန်ကိုစံယူ ပုံနှုန်းလိုလျှင်သော်ရင်း၊ ရှင်မဟာသီလဝံသ အကျော် စာဆိုဆရာတော်၏ ဤပျို့ကဗျာ၊စာပန်း မြုတေရတနာကို အမြဲမကွာ ဆင်မြန်း သင့်လှပါကြောင်း နှိုးဆော်တိုက်တွန်း လိုက်ရပါတော့သတည်း။

မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းတွင် အကျွန်ုပ်အား ဤဆုတောင်းခန်းပျို့ကို သင်ကြား ပြသခဲ့၍၊ ယခု တည်းဖြတ်ရာ၌လည်း အစစ ညွှန်ကြား ကြပ်မ ပေးပေသော မြန်မာစာပါမောက္ခ ဦးဖေမောင်အား ဤ''စကားညွှန်း''ဖြင့် ရှိခိုး ဦးညွှတ်ပါ၏။

မသန်းဆွေ (မဟာဝိဇ္ဇာ)
ကထိက
မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၁–၇–၅၂

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
နိဒါန်းခန်း	၁
၁—အမရဝတီနဂရခန်း	၃
၂—သုမေဓဗြာဟ္မဏဘောဂဗလခန်း	၁၅
၃—သုမေဓဗြာဟ္မဏပညာဗလခန်း	၁၈
၄—ဝဋ္ဋဒုက္ခနိဗ္ဗိန္ဒစိန္တာခန်း	၂၁
၅—နေက္ခမ္မပရိယေသနစိန္တာခန်း	၂၇
၆—မဟာဘိနိက္ခမနခန်း	၄၀
၇—ဝိသုကမ္မနိမ္မာနခန်း	၅၅
၈—အဿမပဒါဒိမာပိတခန်း	၅၈
၉—တာပသပဗ္ဗဇ္ဇာခန်း	၆၅
၁၀—ရုက္ခမူလဥပဂမနခန်း	၇၅
၁၁—ပဝတ္တဖလအာဒိယနခန်း	၈၃
၁၂—အဘိညာဗလပါပုဏနခန်း	၈၈
၁၃—ဒီပင်္ကရဗုဒ္ဓုပ္ပါဒခန်း	၉၄
၁၄—ပစ္စန္တဒေသဘတ္တနိမန္တနခန်း	၁၀၀
၁၅—သုမေဓတာပသအာကာသဂမနခန်း	၁၀၅
၁၆—မဂ္ဂသောဓနပုစ္ဆာခန်း	၁၀၈
၁၇—မဂ္ဂသောဓနဗျာကရဏခန်း	၁၁၁
၁၈—ကုသလဗီဇရောပနစိန္တာခန်း	၁၁၆
၁၉—ဩကာသ ယာစနခန်း	၁၂၇
၂၀—သုမေဓတာပသမဂ္ဂသောဓနခန်း	၁၂၉
၂၁—ဒီပင်္ကရဗုဒ္ဓပိဏ္ဍာစာရပဋိပဇ္ဇနခန်း	၁၃၂
၂၂—ကလလနိပဇ္ဇအဓိကာရခန်း	၁၄၀
၂၃—ဗုဒ္ဓဘာဝတ္ထဆန္ဒတာခန်း	၁၄၇
၂၄—အဘိနီဟာရခန်း	၁၅၃
၂၅—နိဂုံး	၁၅၈

ဆုတောင်းခန်းပျို့

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

၁။ ဗောဓိညောင်ရွှေ၊ ဇုဋ္ဌပေဟာအောက်၊ ဆန်းကြွယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုက်ပြင်ထက်၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်က၊ မြွှင့်အံ့သသူ၊ သုံးပါးလူဝယ်၊ မပြုလျှောင်းပဲ၊ လွန်ကျူးကဲ လျက်၊ အံ့ဒွဲ့ စလောက်၊ မိုးဆုံးချောက်မျှ၊ ချီးမြှောက်ကျူးသံ၊ ဘုန်းခေါင်လျှံသား၊ ဓမ္မသာမိ၊ မုနိပုင်္ဂဝ၊ သုံးလူ့ဘကား၊ မဆွစွာစွာ၊ ဝါဆိုခါ၌၊ ဗာရာဏသီ၊ပြည်ကိုမှီ၍၊ ဝဂ္ဂီငါးယောက်၊ ရှင်တို့မှောက်ဝယ်၊ ကြွားချောက်ဘဝဂ်၊ ဓမ္မစက်ကို၊ သံမြွက်ဝှဲချီး၊ ဟောပေပြီးမှ၊ ချေချွတ်ပြုမှ၊ ဥရုဝေလ၊ ကဿပကာ၊ စသည် ညီနောင်၊ ရှင်တထောင်အား၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွါ၍၊ အရာနောက်တော်၊ ပါအောင်ခေါ်ပြီး၊ ပြည်ကျော်နဂိုရ်၊ ရာဇဂြိုဟ်တွင်၊ ရောက်တုံကျင်မှ၊ ဖူးမြင်လာရှောင်း၊ တသိန်းပေါင်းနှင့်၊ နှစ်သောင်းမကြွင်း၊ ဗိမ္ဗိမင်းကို၊ လင်းစေမျက်မှောက်၊ အမိုက်ဖျောက်၍၊ ရောက်တုံ ထိုခါ၊ ဝါလနီးသော်၊ စောမိုးရှင်မွန်၊ ဝေဠုဝန်၌၊ တတန်ပျော်မိန်း၊ ငြိမ်သက်ကိန်းသည်၊ ၊ရှင်ဗိန်းမဂ်ဗိုလ်ဗိတိတည်း။[၁]

---

(၁) ပ,ဒု-ရှင်ပိန်းမဂ်ဗိုလ်ပီတိတည်း။

၂။ သင်္ချေလေးမြွာ၊ သိန်းကမ္ဘာ၌၊ ပမာသမှု၊ အတာမြူရှိ၊မပဟိဝန်တို၊မကုတ်လျှိုတည့်၊ထားသိုခဲ့ကျိုး၊ ကျေးဇူးပြိုး၍၊ တန်းခိုးပြင်းဖွန်၊ ဘုန်းဆိပ်ထန်သား[၁]၊ သမန္တစက္ခု၊ သဗ္ဗညုကား၊ကာဠုဒါယီ၊ ပြည်ကပိသို့၊ အညီဘုရား၊ တပည့်သားနှင့်၊ သွားစချင်ဘွယ်၊ ရတု-နွယ်၍၊ ခြောက်ဆယ်မျှလောက်၊ ချီးမွမ်းမြှောက်သား၊ ပြန်လျှောက်ဂါထာ၊ ကြားသောခါလျှင်၊ ရဟန္တာရှင်ကျော်၊ နှစ်သောင်းခေါ်၍၊ ကျောင်းတော် ဗိမာန်၊ ဝေဠုဝန်မှ၊ကပိလမည်ရှောင်း၊ ပြည်တော်ဟောင်းသို့၊ ချမ်းဆောင်းလပြယ်၊ တပေါင်းဝယ်၌၊ ခြောက်ဆယ်ယူဇနာ၊ ဝေးစွာခရီး၊ သွားလေပြီးသော်၊ မင်းကြီးသုဒ္ဓေါ်၊ ခမည်းတော်က၊ စသည်မကြွင်း၊သကျမင်းကို၊ နှိပ်နင်းချေချွတ်၊ မာန်အား ညွှတ်၍၊ အကျွတ်လည်းဆောင်၊ သူတော်ရောင်ဖြင့်၊ ပြောင်ပြောင် ဝင်းဝါ၊ နိဂြောဓာဝယ်၊ တကာမျိုးဘော်၊ ချစ်ဆွေတော်အား၊ ဟောဖော်ကြွားသည်၊ ၊တရားဆီမိုးလည်ဘွိတည်း။

၃။ ထိုခါသရော်၊ သုံးလူ့ဘော်ကား၊ နိဂြောဓာရုံ၊ ရဂုံဥယျာဉ်၊ပန်းတောလျှည်၌၊ တောင်စဉ်ကျူးလွန်၊ ယုဂန်ထိပ်ချာ၊မိုးယံမှာက၊ ရောက်လှာချက်ဖြုတ်၊သုခါဘုတ်ကို၊ တလုတ်တယောက်၊ ရွှေတော်မှောက်ဝယ်၊ လောက်စရုံတန်၊ ဌဝေဘန်သို့၊ထို့ဟာန်လည်းကောင်း၊ ဘုန်းငွေ့ခြောင်းသား၊ ချွတ်လောင်းဖွင့်နွှတ်၊ဆွေတော်

(၁) ဒု-ဘုန်းရှိန်ထန်သား၊

ရတ်အား၊ လောကုတ္တရာ၊ ဈာန်ချမ်းသာဖြင့်၊ မြိန်စွာ သောက်ဝ၊ အမြိုက်ဌလျက်၊သကျသီဟော်၊နေသရော် တည့်၊ နောင်တော်အများ၊ ရှေးဘုရားတို့၊ စဉ်လျှားသုံး စွဲ၊ ဆွေမျိုးပွဲဝယ်၊ ဟောမြဲဘာသာ၊အနွယ်လာသား၊ ဂါထာနှင်နှင်၊ ဗုဒ္ဓဝင်ကို၊ သခင်သာရိပုတြာ၊တောင်း ပန်ထွာမှု၊ သာယာပွတ်ပွတ်၊ မုခပါဌ်တိ၊ ရွတ်ပေ သော့ခါ၊ သာရမဏ္ဍာ၊ ကမ္ဘာမဉ္ဇူ၊ မရှိနှိုင်းတူ၊ လေးဆူ ရှင်တော်၊ ပွင့်လင်းကျော်၍၊ ထိုရော်မြတ်ပင်၊ ချိန်သင့် မြင်သား၊ ဒိပက်ရာ၊ မှာခဲ့ဘိသိက်၊ ဗျာဒိတ်လက်စ၊ရဦး သော့ခါ၊ သုမေဓာ၏၊ "ပညာသတ္တိ၊ ကြံမိလေထွန်၊"[၁] ထူးခြားဟန်ကို၊ နေတန်လကျာ၊ ရှင်မြတ်စွာအား၊ အ ကြားလည်းရည်၊ သက်သေတည်၍၊ သာကြည်ရွှင် ပျော၊[၂] စိစဉ်ဟောသည်၊ ၊သဘော ဤသို့ပါဋ္ဌိတည်း။

(၁) အမရဝတီနဂရခန်း

ပိုဒ်ရေ—၁၈

ကပ္ပေစ သတသဟဿေ၊
စတုရောစ အသင်္ချေယျေ၊
အမရံနာမ နဂရံ၊
ဒဿနေယျံ မနောရမံ၊ ။

---

(၁) ဒု-ပညာမျက်စိ၊မြင်မိလေထွန်၊
(၂) ပ,ဒု-သာကြည်ရွှင်ပြော၊

ဒသဟိ သန္ဒေဟိ အဝိဝိတ္တံ၊
အန္နပါန သမာယုတံ၊
ဟတ္ထိသဒ္ဒံ အဿသဒ္ဒံ၊
ဘေရိ သင်္ခ ရထာနိစ၊
ခါဒထ ပိဝထ စေဝ၊
အန္နပါနေန ဃောသိတံ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ ဣတော-ဤဘဒ္ဒကမ္ဘာမှ၊ ဥဒ္ဓံ-အထက်၌၊ ကပ္ပေစ သတသဟဿေ-ကမ္ဘာတသိန်း အလွန်၌ရှိသော၊ စတုရောစအသင်္ချေယျေ-လေးအသင်္ချေထက်၌၊ ဒဿနေယျံ-ရှုချင်ဘွယ်ရှိသော၊ မနောရမံ-နှလုံးမွေ့လျော်ဘွယ်ရှိသော၊ အမရံ နာမ-အမရဝတီအမည်ရှိသော၊ ယံနဂရံ-အကြင်ပြည်သည်၊ ပဝတ္တိတ္ထ-ဖြစ်လေပြီ။ ။တံနဂရံ-ထိုအမရဝတီပြည်သည်၊ အန္နပါနသမာယုတံ-ထမင်း အဖျော်နှင့် ကောင်းစွာယှဉ်၏။ ဟတ္ထိသဒ္ဒံ-ဆင်သံရင်း၊ အဿသဒ္ဒံ-မြင်းသံရင်း၊ ဘေရိသင်္ခ ရထာနံ-စည်ကြီး ခရုသင်း ရထားတို့၏၊ သဒ္ဒါနိစ-အသံတို့ရင်း၊ ခါဒထစေဝ-ခဲလည်းခဲလှည့်ကုန်၊ ပိဝထစ၊သောက်လည်း သောက်လှည့်ကုန်၊ဣတိ-ဤသို့၊ အန္နပါနေန-ထမင်းအဖျော်ဖြင့်၊ ဃောသိတံ-ကြွေးကြော်သော အသံရင်း၊ ဣတိ-ဤသို့၊ ဒသဟိ-ဆယ်ပါးကုန်သော၊သန္ဒေဟိ-အသံတို့ဖြင့်၊အဝိဝိတ္တံ- မဆိတ်ညံ။

၄။ အရညဝါသီ၊ တောရပ်မှီ၍၊ တိစီဝရိတ်၊ ကျင့်ဝတ်စိတ်ဖြင့်၊ ဆို့ပိတ်ကာမြစ်၊ ရမ္မက်ညစ်ကို၊ပယ်လှစ်

စင်ပြို၊ ငါ့အယူ၌၊ တဒုန်ချကြောင့်စင်း၊ နှလုံးသွင်းသား၊ ရှင်ချင်းတကာ၊ အရိယာတွင်၊ အညာလည်းတင်၊ ကျေးဖူးထင်သည်၊ ကျယ်တွင်ပညာ၊ သာရိပုတြာ၊ ၊ ကမ္ဘာ ကျူးကျော်၊ ရှေးသရော်ကို၊ ထွန်းပေါ်ဤမျှ၊ ဂဏန်းချသော်၊ ရေဆတွက်ကိန်း၊ ကပ်တသိန်းလျှင်၊ အပြိန်းလွန်လေ၊ လေးသင်္ချေထက်၊ ရွှေမြေနတ်ပြည်၊ ထပ်တူစည်၍၊ ပတ်လည်ကျော်ပင်၊ သိဝန်းတွင်သည်၊ ၊ပြည်ထင်အမြဝတီတည်း။

၅။ အမြဝတီ၊ ခေါ်ညီ တွင်မည်၊ ပွင့်လင်းစည်သား၊ထိုပြည်သိရိ၊ ရပ်ဘုန်းရှိကား၊ မတ္တိမတိုက်၊ကျွန်းထိပ်၌လျှင်၊ သာမြိုက်ကျော်သဲ၊ နံ့မျှကြဲသို့၊လင့်ကဲတဖြာ၊ ရှစ်မျက်နှာမှ၊ ကျေးရွာခရိုင်၊စပ်ကာပြိုင်၍၊ မဏ္ဍိုင်ထိပ်ရိ၊ပြည်ဗဟိုဟု၊ မပြိုမကျွဲ၊ မင်းလှဲသောင်းထောင်၊ စိုးမိုးအောင်လည်း၊ ယခေါင်မပျက်၊ အလယ်ချက်၌၊ မကွက်စစ်မြေ၊ မွမ်းမျှနေသည်၊ ကုဋေကျေးသီး၊ ရွာလက်ကြီးလည်း၊ဝေးနီးပုံယင်၊ ပြို့ပြို့မြင်၏၊ "ဝန်းကျင်ရန်သူ၊ရွာစွန်လူ၌၊မပူသောအား"၊ ဟောင်းထက်ပွါး၍၊လက်နားတိုင်းကျပ်၊မြေမလပ်သည်၊ထူထပ်အကျောဘိကီတည်း။

---

(၁) ပ,ဒ-ရင်ဘုန်းရှိကား၊

(၂) ဒ-မကွက်စည်မြေ၊

(၃) ပ-ဝန်းကျင်ရပ်သူ၊ရွာစွန်လူတို့မပူသောအား၊ဒ-ဝန်းကျင်ဗိုလ်လူ၊ ရွာစွန်သူတို့၊ မပူသောအား၊

(၄) တ-ဟောင်းတက်ပွါး၍၊

၆။ တအုပ် တအုပ်၊ နိုင်ငံချုပ်လျက်၊ စည်ရုပ် စည်ဝါ၊ အရွာရွာဍ္ဍ၊ ဖျာမျှအုံစွဲ၊ မြိုင်ပျားမွဲသို့၊ မကွဲမကွေ၊ ရုံးစည်းတွေ၍၊ နေတုံဝန်းကျင်၊ နှုပျဖြင်လျက်၊ ရှင်သား ရောင်းဝယ်၊ ကုန်စယ်မခေါင်၊ ပြည်ကုန်အောင်မှ၊ လှေ ထောင်လှေမ၊[1] အပုံကျလျက်၊[2] ကုံငွေးငွေး၊ ဗိုလ်တိဝေး သား၊ အိမ်ဈေးသဘင်၊ မွမ်းဖြင်ဤသို့၊ ရှုဘွယ်မြို့လျှင်၊ မချို့မတဲ့၊ ရှစ်ရပ်မြို့၏၊ တုမဲ့စင်စင်၊ ပြည်ကြီးအင်ကို၊ ချိန်ကျင် နှင်းဆွယ်၊[3] ပမာရွယ်သော်၊ ၊တူဘွယ်မရှိ လေပြီတည်း။

၇။ အသီးအသီး၊ ပရိက်ဆီးသား၊ ရွာကြီးရွာငယ်၊ ထုံထိုဝယ်၌၊ ရှုဘွယ်သာနိုး၊ ရေပေါ်မိုးသား၊ ကြာမျိုး ငါးတွေ၊ နတ်ပန်းငုံကြွသို့၊ ပွင့်ရွှေဖွေးဖွေး၊ ရေလုံးမွှေး၏၊ ခြေးခြေးသာယာ၊ အေးမျှလာသသား၊[4] ကြိုးကြာသံမြက်၊ စက္ကဝါက်နှင့်၊ ရေကြက်ဝမ်းဘဲ၊ ဟသာဝဲလျက်၊ မကွဲ တွန်ထူး၊ ဘော်ပြိုင်မြူး၏၊ မင်းလူးဘုန်းသစ်၊ ပျော်ရာ ဖြစ် သား၊ တောလှစ်တသွန်၊ ဥယျာဉ်ကန်လည်း၊ ပန်းမာလ် စုံပေါင်း၊ ဝတ်မုံလျှောင်း၏၊ နံ့ကောင်းကြည်းတောင်၊ သုတ်လေ ဆောင်လျက်၊ လူ့ဘောင်မတန်၊ ပမာထွန် လည်း၊ မိုးစွန်တိမ်ဖျား၊ သိကြားသုံးစွဲ၊ ချီးမြဲ စင်စစ်၊ ကောင်းကင်ဖြစ်သည်၊ ၊နတ်မြစ်မန္တာကိနီတည်း။

---

(၁) ဒု-လှေထောင်တက်မ၊

(၂) ပ,ဒု-အစုံကျလျက်၊

(၃) ပ,ဒု-ချိန်ချင်နှင်းဆွယ်၊

(၄) ဒု-မြေလာသသား၊

၈။ ဤသို့ခပ်သိမ်း၊ ပျော်ရာငြိမ်းလျက်၊ စုံမက်ရှုပုံ၊ ထိုမြို့တုံလည်း၊ပြည့်စုံမဆိတ်၊ဆယ်ရပ်ထိတ်မျှ၊ လမြိတ်စပ်ကာ၊ပြည်သာယာ၌၊အောင်ချာ သီးသီး၊ သဘင်ကြီးလျှင် ၊နိုးလတ်တုံသော်၊ ငါးစုံသံလွင်၊ ပဥ္စင်တူရိယာ၊ ခွက်ခွင်းစသည်၊တီးထနှောင်းနှောင်း၊ ကြေးနှင်းမောင်းလည်း၊ညောင်းညောင်းညွန်းညွန်း၊မိုးနှုယ်အုန်း၍၊ ချုန်းချုန်း ကျည်ကျည်၊ ငြိမ့်မျှမြည်က၊ အသည်အလာ၊မိုလ်ပါ ရှိုးရှား၊မျိုးလေးပါးတို့၊ ဆန်းပြားမောင်းဝါ၊ ရေတွေ့ကြာသို့[၁] တိမ်ပြာရပ်ဖမ်း၊ ဆန်းကြယ်မွမ်း၍၊ ရင်လွှမ်းရွှေချူ၊သရဘူမကိုန်၊ ဦးစိုက်ပန်းခက်၊ ကွက်ရွက်တိ၊ လက်လက်ညိမျှ၊ဘိုးရှိပြုနီ၊ယကင်စီလျက်၊ပန်းသီ လန်းလန်း၊ ရလည်း ခွန်းနှင့်၊ တသန်းကြယ်ရောင်၊ ပြုလတ်ယောင်သို့[၂] ကုန်အောင်စုံစေ့၊ရွာလေ့ဟု၊ ချစ်ဖြေ့ထွေငေါ်၊ ဆင်လတ်သော်တည့်၊ ရိုက်ကြော်ပင်လယ်၊ မြစ်ဖွမ်းနှယ်လျှင်၊တဆယ်မည်ပြား၊[၃] သံတိကြားသည်၊ ၊ ပြည်ဖျား ရပ်ကြီးပီပီတည်း။

၉။ ခပ်သိမ်းစုံအင်၊ ထိုပြည် တွင်၌၊ ကြည်းပြင်တောင်နား၊နှုပျ များသော်၊ပွါးသားရွာလျှံ၊တိုင်းနိုင်ငံ၌၊ ကြက်ပျံမကျ၊ရေစာဝ၍၊စည်လှဝန်းကျင်၊မွမ်းမွမ်းဖြင်၏၊ကောင်းကင်ရဟာတ်၊နတ်ရေ လွှတ်လျက်၊ မချွတ်ရွာ

(၁) တ-နေတွေ့ကြာသို့၊
(၂) ပ-ဖြူလရောင်သို့၊
(၃) ဒု-တဆယ်မြည်ပြား၊

မြဲ၊[၁] လခွဲတကြွိမ်၊မိုးဖြင့်စိမ်၍၊ မသိမ်မဖျင်း၊ လုပ်လက်တွင်းလည်း၊ မျိုးမြင်းမသောင်း၊ခန့်တိုင်းကောင်း၏၊နတ်ပေါင်း ကစား၊ ပင်လယ်နားဝယ်၊ ထွန်းပြောင်း ချိုချဉ်၊ ဥယျာဉ်ပင်မျို၊ အလိုလည်းရောက်၊ နတ်ကောက် သလေး၊နိုဝေးဖြင်ဝန်း၊အံ့ဘွယ်ဆန်းသား၊ဘုံကျွန်းဗိမာန်၊ ပြည့်စုံ ဟန်လည်း၊ မတန်လှည့်ပဲ၊ ဆယ်ဆကဲဟု၊ ၊ ကျော်သဲကျွန်းလုံး အညီတည်း။

၁၀။ ရထားမြင်းဆင်၊စည်အိမ်ရှင်နှင့်၊သံလွင်ညှင်းညင်း၊ ခရသင်းလည်း၊ ထုတ်ချင်းမြေမိုး၊ ကောင်းကင်ကြိုးသို့၊တံပိုးနှင့်ထက်၊သံငက်ကျော်ကျော်၊ငေါ်လည်းမထူး၊ ဧသံကျူးဖြင့်၊ ကမ္ဘူးကွေးချုန်၊ ပျော်လှည့်ကုန်ဟု၊သံဟုန်မစဲ၊ သဲသဲ ရုရု၊ လူဘုဆိုသွင်၊ ရှင်နှင့်မပြား၊ ခြင်းရာအားဖြင့်၊ကြားသိ အုတ်အုတ်၊ ကျာကျာမှုတ်၍၊ ချက်ဖြုတ် ခင်မင်၊[၂] မနားကျင်သော်၊ လက်ငင်အနိုင်၊ နေ့စိမ့်ကိုင်သို့၊အိုင်အိုင် ရင့်ကျူး၊နှုလုံးနူးအောင်၊တထူးတလည်၊တဆန်း မြည်သည်၊ ၊ကျည်ကျည် သံပြိုင်သံပြိုတည်း။

၁၁။ မစားရတတ်၊ ငတ်မွတ်ချည်းနှိုး၊ အာထိုးကျန်ထ၊ဧည့်သည်စသား၊ မရလုပ်ကျွေး၊အမွေးအမြူ၊ နည်းသ သူနှင့်၊ ဆာပူပန်းငြီး၊ ခရီးခွန့်ရှည်၊ သွားလိမ့်မည်သူ၊ ရွာဝေးလူတို့၊ ယူလော်ဘိနပ်၊ ခြေနင်းစွပ်၍၊ တံလှပ်နေဆာ၊ထိုးဖြင့် ကာလျက်၊ ချမ်းသာသဖြင့်၊ မမြင့်ရောက်

---

(၁) ပ,တ-မချွတ်မလွဲ၊
(၂) ပ,ဒ-ချက်ဖြုတ်ခင်ယင်၊

စေ၊ စီးကုန်လေဟု၊ ရွှေရွှေမောင်းမောင်း၊ ထုံနံ့လှောင်းနှင့်၊ ပွင့်ကောင်းပန်းမာလ်၊ တွန်နံ့နားလန်သား၊ တဘာန် မညစ်၊ အသစ်စဲစဲ၊ ဤဝတ်လဲကို၊ သုံးစွဲတင့်ချေ၊ ဆင်ကုန်လေဟု၊ အထွေအပြား၊ သာစကားဖြင့်၊ ရှစ်ပါးအဖျော်၊ ပျားဘော်သကာ၊ ထြဇာကြိုင်မွှေး၊ ဆီထွေးကျစ်သင်း၊ ထမင်း သစ်သီး၊ မုန့်ဘီး ပဲကျက်၊ ဟင်းခါးချက်နှင့်၊ သေခွက်လက်စွဲ၊ ကြွေးကြော်သဲလျက်၊ ဝတ်လဲ စံပ၊ လိုသမျှလျှင်၊ ဒါနဖြောင့်ကြည်၊ နတ်သို့ရည်သည်၊ ၊ ခြောက်ပြည် ဝသဝတ္တိတည်း။

နဂရံ သဗ္ဗဂ်သမ္ပန္နံ၊
သဗ္ဗကာမမုပါဂတံ၊
သဗ္ဗရတန သမ္ပန္နံ၊
နာနာဇန သမာကုလံ၊
သမိဒ္ဓံ ဒေဝနဂရံ၊
အာဝါသံ ပုညကမ္မိနံ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ အမရံနာမ-အမရဝတီအမည်ရှိသော၊ နဂရံ-ပြည်သည်ကား၊ သဗ္ဗင်္ဂ သမ္ပန္နံ-အလုံးစုံသော ပြည်၏အင်္ဂါနှင့် လည်း ပြည့်စုံ၏။ သဗ္ဗကာမမုပါဂတံ-ခပ်သိမ်းသော အလို ဆန္ဒာနှင့် လည်းပြည့်စုံ၏။ သဗ္ဗရတန သမ္ပန္နံ-ခပ်သိမ်းသော ရတနာတို့နှင့်လည်း ပြည့်စုံ၏။ နာနာဇန သမာကုလံ-အထူးထူးသော လူမျိုးတို့ဖြင့်လည်း ပြွမ်း၏။ ဒေဝနဂရံဝိယ-

---

(၁) ဒု-ဆီထွေးကျစ်သင်း၊
(၂) ဒု-မုန့်ဘီးပဲကျက်၊

နတ်ပြည်ကဲ့သို့၊သမိဒ္ဓိ-ပြည့်စုံ၏။ပုညကမ္မိန်-ကောင်းမှု
ရှိကုန်သောသူတို့၏၊အာဝါသံ-နေရာဖြစ်၏။

၁၂။ ထိုတုံသမှ၊မြို့ဝတ္ထုဌာ၊ဝိသုကမ္မ၊ဖြဟ္မာစသား၊
စက္ကပါဏီ၊သိကြားညီလျက်၊စဏ္ဍီမလွတ်၊နတ်အပေါင်း
နှင့်၊မင်းကောင်းမန္တ၊စီရင်ပြုသို့၊ စတုရံသ၊ ပန်းလည်ချ
၍၊အမျှပတ်ပတ်၊အဝန်းခတ်လျက်၊သေသတ်ဆစ်မျက်၊
ယုတ်တက်မဲ့အောင်၊ ကျုံးသုံးမြောင်နှင့်၊ ကျည်းချောင်
တံခါး၊ရင်တားခိုင်ခံ့၊"တကြွဝန်းကျင်၊မြေပြင်မျက်နှာ၊
ညီစွာစီလျက်၊ ကသိုဏ်းကွက်သို့၊"[၁] စည်မျက်နှာဟန်၊
တိတိမွန်၏၊မကျန်ဖြင်ပြ၊[၂]ပြည်ထဲရပ်သီး၊ မြို့ကြီးဝလေ့၊
ကြပတေ့ဖြင့်၊ စုံစေ့အလှစ်၊ ခုနစ်အင်္ဂါ၊ ရှု့ဘွယ်ရာ
သည်၊ ၊စုံစွာထူးထူးပြားပြားတည်း။

၁၃။ သွန်းရွန်းလျှင်၊ ကော့ယွန်းအနား၊ ပြဆောင်
များ၌၊ လွှားလွှားတမ်းခွန်၊ ထက်ယပ်စွန်မှ၊ ထွက်ဟန်
စိုင်ရှူး၊ မိုးလယ်မြူးသို့၊ တိုင်ဖူး ကြယ်ကြီး၊ ချရား သီး
လည်း၊ညီးညီးဝါဝါ၊တိမ်ဖျားမှာက၊ ဥဏ္ဏာစွင့်စွင့်၊ လွင့်
သည့် အလား၊ ပတ္တမြားလျှင်၊ လန့်ကြား လှုံမှောက်၊
တောင်ရှည့် မြောက် ၍၊ ပုံတောက် သော့ယောင်၊
ပြာသာဒ်ရောင်နှင့်၊ နန်းခေါင်ဝင်းဝင်း၊ မီးရှူး လင်းသို့၊
ပြင်းပြင်းတွေးတွေး၊ရွှေရိပ်ပြေးသည်၊ ၊နီးဝေးတံလှပ်
ရောင်ဖျားတည်း။[၃]

---

(၁) ပ,တ-တကြို့ဝန်းရှက်၊ကသိုဏ်းကွက်သို့၊
(၂) ပ,ဒု—မကျန်ဖြစ်မြဲ၊
(၃) ပ,တ-ရပ်ဝေးတန်လှပ်ရောင်ဖျားတည်း။

၁၄။ အရှေ့အနောက်၊ တောင်မြောက်ထုတ်ချင်း၊ ကောက်ကစင်းလျှင်၊ တျင်းတျင်း ဖြိုးတော့၊(၁) စေ့စေ့ ကျောက်ချပ်၊ ဖျာနှယ်စပ်၍၊ အထပ်စဉ်စီ၊ တပြင်ညီ လျက်၊ ပိပိလာလာ၊ ရုပ်ဝါတဆန်း၊ စောင်းတန်းမီးတား၊ လက်စောင်နားမှ၊ နတ်သားဘီလူး၊ ခြင်္သေ့မြူး၍၊ ပွင့်ဖူး ကြာသွင်၊ ခပ်ရုပ်ဆင်၍၊ ပြူလွင်ငွေတု၊ ညှံ့နွဲ့ရဲရဲ၊ သဲနွေ့ ကြဲသား၊ ပုလဲအတု၊ ကြွေပြူရောင်ကျင်း၊ သလင်းလှံ ယောင်၊(၂) မင်းလမ်းဘောင်နှင့်၊ အမြောင်သွားတီး၊ ရှုမ ငြီးသား၊ ခရီးလေးသွယ်၊ မိုင်မိုင်ကျယ်၍၊ ၊လမ်း ငယ် အစဉ်တလျှားတည်း။

၁၅။ အကြွမ်အကြွမ်၊ သူကောင်းအိမ်ခြံ၊ ထုံးစိမ်စ တေ၊ ကျောက်ဖုတ်မြေဖြင့်၊ ပြူ ခြေလည်းဆောင်၊ မိုး ခေါင်ဖွေးဖွေး၊ ဓွေးရရွှေးလျှင်၊ တွေးတွေးဝါနီ၊ ပြော ပြောသီမျှ၊ စုံစီ ပြောက်တင်၊ ရွှေပြားဆင်သား၊ တုရင်က မောင်း၊ သက်တင်ချောင်းသို့၊ ဥဒေါင်းလည်မော်၊ မျှော် ဟန်နဂါး၊ ငွါးငွါးမောက်မောက်၊ အံ့လောက်သရစ်၊ မင်းနေဖြစ်သား၊ စုလစ်သွန်းသွန်း၊ ဘုံဆောင်နန်းလည်း၊ ကျွန်းလုံးမျက်နှာ၊ မနိုင်းသာခဲ့၊ အံ့အာသရဲ၊ ပြည်ထဲ ပြည်လာ၊ မင်းစကြာတို့၊ ဖြစ်ခါသောဟန်၊ နှင်းနိုးထွန် လျက်၊ ယုဂန်ခန်းဝါ၊ ကောင်းကင်မှာ၌၊ အာကာသဓာတ်၊

(၁) ပ-တျင်းတျင်းပျည်တော့၊

(၂) ဒု-သလင်းမှန်ရောင်၊

နှတ်နှင့်ပြည်ဤ၊[၁] မလွန်ပြီဟု၊ ၊ဆိုညီ ပိုးပိုးဝါးဝါး တည်း။

၁၆။ အကြိုက်အကြိုက်၊ ပြည်ကြီး၌လျှင်၊ အခိုက်အတန့်၊အသန့်အရှင်း၊ ကျင်းပေစမြဲ၊ဘေးလွဲပြဟ္မာ၊ဗေဒင်လာဟု၊အခါအခါ၊ ရွာဘာသာဖြင့်၊ ဂြိုဟ်စာလည်းပေး၊ ဦးဆေးမင်္ဂလာ၊ ယာတရာနှင့်၊ ဒသာလွဲလွဲ၊ ရများဆွဲ၍၊ ကျင့်မြဲလည်းကောင်း၊ ရှေးသူဟောင်းတို့၊ အပေါင်းညီညာ၊ ရိုသေရာဟု၊ ဒိဋ္ဌာနုဂတိ၊ မှတ်မိသမျှ၊အဓိကလျှင်၊ရက္ခ တောစိုး၊ဗိဿနိုးကို၊ ရှိခိုးတုံ့ ဝပ်၊ရေစင်သပ်လျက်၊ ပညပ်အန္တယ်၊ မကွယ်မလျှို၊ ရန်ပို့မိတ်ငင်၊ ဥပဒ်နှင်၍ ထိုတွင်ပွဲလမ်း၊ပွဲမြဲတမ်းဖြင့်၊မွမ်းမွမ်းဗိုလ်ချ၊ အထုအထ၊ပျော်ရိပ်မျှသည်၊[၂] ၊မဆွဘိုးကြီး ဘေးဘွား တည်း။

၁၇။ မရှိမရ၊ အိမ်ထောင်လျဟု၊ အာစမလှည့်၊ သလည့်သလွင်း၊ လူခပင်းကား၊ မငြင်းမခံ၊ မမှန်မဆန်၊ ခိုက်ရန်မနှောင့်၊ မတောင့်မတ၊ နိမ့်ကျမဆို၊ သိကြွား ဂြိုဟ်သို့၊[၃] မငြိုမငြင်၊ ခပ်သိမ်းအင်ဖြင့်၊ မပင်မပန်း၊ မြောက်ကျွန်းအယောင်၊ဆောင်လေရာရာ၊ကြံတိုင်းပါ၍၊ စိန္တာမဏိ၊ မျက်ဘုန်းရှိဟု၊ ဇောတိရသော်၊ လူ့ရွာ ကျော်သား၊ မနော်မယ၊ ကျောက်မျိုးစသည်၊ ဓနသိဒ္ဓိ၊

---

(၁) ဒု-နှတ်နှင့်ပြည့်ညီ၊
(၂) ဒု-ပျော်ရိုးမျှသည်၊
(၃) ပ,ဒု-သိကြွားကြိုသို့၊

ပြီးဘိတုံဟန်၊ ပြည်ပွန်ကျေးဇူး၊ နဖူးလက်တင်၊ ငြိမ်သက်ကျင်သည့်၊ ၊ဒုချပ်အင် ခပ်သိမ်း ခမ်းနားတည်း။

၁၈။ ရွှေငွေဖန်ရွှဲ၊ ပုလဲသန္တာ၊ နီလာပတ္တမြား၊ ပြယိုးယားနှင့်၊ပြောက်ကျားစိန်ရောင်၊ အကြောင်အနီ၊ ဖြင်ပေါ်သီ၍၊ ဝဇီရစိန်၊ ထိန်သားအလျှံ၊ ချန်ပုံကောင်းကင်၊ မိုးကျိုးသွင်သို့၊ ရှင်သားကျောက်မျိုး၊ တန်းခိုးထန်ပြင်း၊ မင်းတို့တန်းဆာ၊ မသာရဂလ်၊ အမျက်ပွန်တိ၊ ပြည်တန်ထိသား၊သိဒ္ဓိဝင်းဝါ၊ ရတနာဆယ်ပါး၊ ပြည့်စုံများ၍၊ လေးခြားမရော၊ မျိုးတိပြောလည်း၊ မနှောရှောင်ကြဉ်၊ သန့်စဉ်ကောင်းနေ၊[1] မင်းဆွေပုဏ္ဏား၊ သူကြွယ်များနှင့်၊ မှူးများဝန်တော်၊ လုပ်ဆောင်ခံသား၊ ကုံတံမွဲပဲ၊ သူဆင်းရဲလည်း၊ သင်းကွဲဘသိ၊ ပရိဏ်းဆိုးလျှက်၊ ပြည်ကြီးသဘွယ်၊ လူမျိုးနွယ်လည်း၊ ၊ထိုဝယ် အခြားအခြားတည်း။

၁၉။ မင်းနှင့်ပုဏ္ဏား၊ သူဌေးအားလည်း၊[2] ဘိုးများဥစ္စာ၊ ထုပြောစွာဟု၊ မဟာသာလ၊ တွင်ထအမည်၊ သုံးပါးတည်၍၊ အစည်အပင်၊ ထိုပြည့်တွင်၌၊ ဘိုးခင်ဘောင်ဆက်၊ ဘေးလက်ထက်က၊ အနှက်ဆည်းပူး၊ ခန္ဓာကျူးလည်း၊ တဦးဥစ္စာ၊တယောက်မှာသို့၊ ပုံကာဖို့လျှက်၊ မျှိုပုဇ္ဇကြွယ်၊ နဖါးသွယ်၍၊ တောင်ငယ်ရှိရှိ၊ ကျိတုံအပျဉ်၊ အကျဉ်အခဲ၊ ဝန်လှဲမအား၊ ချီကြွားမနိုင်၊ အတွေစိုင်ဖြိုး၊ ဘိုးလောင်းကြီးမှ၊မှိုးမှိုးလည်လည်၊ မော်

(၁) ပ,တ-သန့်စင်ကောင်းနေ၊
(၂) ပ-သူကြွယ်အားလျှင်၊

ကွန်းတည်လျက်၊ ဤမည်သူ၌၊ ဤဥစ္စာဟု၊ အက္ခရာ
တိုင်တည်း၊ "ကမ္ဗည်းလည်းမှန်း၊ အစုံညွှန်းလျက်၊"[၁]
မည်ထွန်းသုံးထွေ၊ သူကြွယ်နေ၍၊ မျိုးဆွေဗိုလ်ပုံ၊ ဘုန်း
ငွေလှုံသည်၊ ၊ကြွယ်ကုံ မရှား မပါးတည်း။

၂၀။ ထိုပြည်သနင်း၊ သူကြွယ်မင်းတို့၊ ဟောင်းမြင်း
ကျင့်နွှယ်၊ တနေ့ဝယ်သော်၊ နှစ်ဆယ်နှင်နှင်၊ တင်းဝင်
တောင်းဖြင့်၊ ငွေတိခြင့်၍၊ လေးမြင့်ခါလည်၊ ဆောက်
တည့်အမြဲ၊ ထုတ်သုံးစွဲသော်၊ အမဲဟင်းလျှာ၊ ဝယ်ခြမ်း
ကာလျှင်၊ မရှာမရေ၊ ကုန်လေဘင်းကား၊ ပေါဝန်အားကို၊
ထားဦးဆိုအံ့၊ နှံ့သိုတွင်းမြေ၊ ရာကုဋေတိ၊ လက်မထိ
သား၊ အညှိလည်းစွဲ၊ အထဲဝန်သော၊ အမွှေရှေးက၊ မဆွ
ဘိုးဘေး၊ စာသာရေး၍၊ မြေချေးလူးလူး၊ မဘော်ဘူးသား၊
ထိမ်မြှုးမဲ့တောင်း၊ ဥစ္စာဟောင်းနှင့်၊ သောင်းသိန်းကုဋေ၊
မရေတွက်သာ၊ ပေါဝန်မှာလည်း၊ ဆိုရာမသိး၊ ဖြင်ညီး
ထပ်မျှ၊[၂] ပြည့်စုံလှသည်၊ လောကဒေဝါ၊ မင်းချမ်းသာတို့၊
နေရာထိမ်းမှတ်၊ ထိုပြည်မြတ်ကား၊ တိမ်လတ်ရိုးမှာ၊ တု
သိတာနှင့်၊ ၊ယာမာ ယိုးလှည့်မမှားတည်း။

၂၁။ ဤသို့ဝန်းကျင်၊ မြေပြင်ကုန်အောင်၊ ပြည့်ကြီး
ဘောင်၌၊ အခေါင်လည်းချိုး၊ မင်းအုပ်ရိုး၍၊ မစိုးမရိမ်၊
ချမ်းသာငြိမ်လျက်၊ စည်းစိမ် သာပျော်၊ ပြည့်မြတ်
ကျော်ကား၊ ၊ထိုရော်အခါ ပွင့်လင်းစွာ တည်း။

အမရဝတီနဂရခန်းပိုဒ်ရေ-၁၈ ပြီး၏။

---

(၁) ပ,ဒု-ကမ္ဗည်းလည်းညွှန်း၊ အစုံသွန်းသော်၊
(၂) တ-ဖျင်ကြီးခတ်မျှ၊

(၂)သုမေဓဗြာဟ္မဏဘောဂဗလခန်း

ပိုဒ်ရေ—၄

နဂရေ အမရဝတိယာ၊
သုမေဓော နာမ ဗြာဟ္မဏော၊
အနေက ကောဋိ သန္နိစယော၊
ပဟုတဓနဓညဝါ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ အမရဝတိယာ-အမရဝတီအမည်ရှိသော၊ နဂရေ-ပြည်၌၊ သုမေဓော နာမ-သုမေဓာ အမည်ရှိသော၊ ဗြာဟ္မဏော-ပုဏ္ဏားသည်၊ အနေက ကောဋိသန္နိစယော-ကုဋေအရာမက သိုမှီး၍ထားသော ဥစ္စာရှိသည် ဖြစ်၍၊ ပဟုတဓနဓညဝါ-အမြဲသုံးဆောင်သော ဥစ္စာစပါးလည်း များစွာရှိ၏။

၂၂။ ဩရသ္ဗာဂိယ၊ ငါးချစသား၊ တန္တာ့စိမ်းချဉ်၊ သံယောဇဉ်ကို၊ ဖြတ်ရဉ်ပိုင်းပိုင်း၊ ခုတ်ဖြိုးလှိုင်းမှ၊ ပန်းဆိုင်းဦးလုံး၊ နိဗ္ဗာန်ကုံးဖြင့်၊ တင့်ဆုံးယာဂင်၊ မကိုဋ်ဆင်၍၊ ရင်ပြင်ပွဲလယ်၊ ငါ့ရှေ့ဝယ်၌၊ သပ္ပါယ်ငြိမ်ဆိမ်၊ ရှင့်စည်းစိမ်ဖြင့်၊ ခြောက်ကြိမ်အပြစ်၊ နေရာစစ်လျက်၊ ချစ်နှစ်ဝမ်းသာ၊ နားထောင်စွာသည်၊ ဒိဋ္ဌာသဝေါ၊ သားစော လက်ျာ၊ သာရိပုတြာ၊ ၊ပြည်သာ အမရ၊ ထိုရွာမ၌၊ မိဘမျိုးစဉ်၊ ခုနစ်လျဉ်မှ၊ ကြဉ်ဘွယ်မဲ့လျှင်း၊ နိမ့်ကျကင်း၍၊ သန့်ရှင်းဇာတိ၊ မြဲတေကိလျက်၊ သိရိ

(၁) ပ,ဒု-တင့်ဆုံးထိပ်ပြင်၊

ပြည့်လုံး၊ရွှေဘုံဆုံးသို့၊ ဘုန်းလင်္ကာ၊ လျောက်ပတ်စွာ
သား၊ ပြဟ္မာမျိုးနွယ်၊ ပုဏ္ဏားကြွယ်ကား၊ တွင်ကျယ်
ပညာ၊ သုမေဓာဟု၊ ထင်စွာထိုရော်၊ ကျွန်းလုံးကျော်
သည်၊ ၊သူတော်ပြဟ္မစာရီတည်း။

၂၃။ ပြဟ္မစာရီ၊ ခေါ်ညီထိုတွင်၊ ပုဏ္ဏားထင်ကား၊
ဗေဒင်အရိုး၊ ဗာဟီမျိုးကို၊ ကျိုးကျိုးကျည်ကျည်၊ သင်
ပြီးနှည်မှ၊ ငယ်ရည်ငယ်သွေး၊ ကြာခံနွေးသို့၊ ထွားမွေး
ကုံးပ်လျစ်၊ ပန်းနှယ်ဖြစ်၍၊ သနစ်သနာ၊ ကိုယ်အင်္ဂါနှင့်၊
ညီစွာရုံပြီး၊ရေးကြီးခွင့်ကျယ်၊သိခါရွယ်လျှင်၊တင့်တယ်
ကြည်းကြည်း၊ သင့်ရုံတည်းက၊ ခမည်းမယ်တော်၊
လူ့ဘော်စံပြီး၊ နတ်ဘုံမှီးသော်၊ သားထီး လွန်ချစ်၊
တယောက်စစ်ဖြင့်၊မွေ့နှစ်ကုန်အောင်၊ဆွေမျိုးဘောင်၌၊
အခေါင်လည်းချီး၊ အိမ်လုံးစိုးလျက်၊ ဟိုးဟိုးထင်ပေါ်၊
ထိန့်ထိန့်ကျော်၍၊ မမြော်ယိုးယား၊ သူလေးပါးနှင့်၊ ရှိုး
ရှားမဆို၊ ကံသားကိုယ်ဖြင့်၊ သူလိမရှား။၊ပုဏ္ဏားများ
ကို၊ ၊ရွာသားမဆန်မဗိတည်း။

၂၄။ ကုဋေ့တိသာ၊ အရာမက၊ ရွှေငွေစသား၊
ပေါင်မှုစုန့်စုန့်၊နှံ့နှံ့ပြိုးပြိုး၊ ကြွယ်မျိုတိုး၍၊ ထမ်းပိုး
လှုင်ကန်၊ မြတ်သတ်ကျန်လျက်၊ လုပ်ခွန်ကုန်ရင်း၊ ဝင်
သွင်းမစဲ၊ မိုးသို့ဖွဲ့၏၊ ဖြင်ပြပြည့်စုံ၊ မကုံတောင်းအောင်၊
ဆောင်သားစီးပွါး၊တောင်ကြီးများသို့၊ကြွားကြွားပုံ့ပုံ့၊
ဝန်ထုံ့ဝန်ပို၊ အခြ္ဍနှယ်ဗို၍ ၊အမိအကဲ၊ အတွဲတွဲတိ၊မြေထဲ
ဥမင်၊ တွင်းတွင်လည်းမြုပ်၊ ကြွယ်ပုပ်ကြွယ်စပ်၊မလပ်

ကြာကျို၊ ဒိမ်ဘိဒိမ်လျှောင်၊ ထုပ်ခေါင်လည်းတိုင်၊
အဆိုင်ဆိုင်လျှင်၊ မနိုင်မကန်၊ ရေဆန်စပါး၊ စုံ့ချည်း
ထား၍၊ မအား ခြေချ၊ စည်ပင်လှသည်၊ ၊ထိုမျှခန့
ရာသီတည်း။

၂၅။ မျိုးရိုးတကာ၊ ဘိုးလောင်းမှာကာ၊ ဂိဝါရပြီး၊
ဘျင့်စည့်မှိုး၍၊ပြည်ကြီးဘအေ၊ လူများဆွေ့ဟု၊ ဗိုလ်ခြေ
ချီးမွမ်း၊ပြည်ဖျော်ဝမ်းဖြင့်၊[၁]တိုင်တမ်းဆတ်ဆတ်၊ဆိုစမှတ်
လျှင်၊ မချွတ်လှည့်နိုး၊ ဟိုးဟိုးကျော်ညီ၊ ရေပေါ်ဆီသို့၊
နှုတ်ချီသြဇာ၊ ပွက်သမျှလည်း၊ တောင့်တဖွဲ့ချီး၊ ကျေးဇူး
မှီး၍၊ ဘုန်းကြီးသက်ရှည်၊ ဆိုကုန်သည်တိ၊ ဦးဖြင့်ရှိ
လျက်၊ အမိသဘွယ်၊ အရွယ်သုံးပါး၊ သက်ပွါးနှံ့ဟု၊[၂]
ကျုံကျုံလည်းအံ့၊ နှုတ်မဆုံ့လျှင်၊ အနှံ့အစပ်၊ မြေပြင်
ခပ်၏၊ရွက်ချပ်လန်းလန်း၊ပြည်ဦးစွန်း၌၊ပေါ်ထွန်းရိုးရွေ၊
ဘုန်းမိုးဝေ၍၊[၃] ပဒေသာပင်၊ ပွင့်ကြီးထင်နှင့်၊ ညွန့်ရှင်
မဋ္ဌူ၊ရောက်သည်တူဟု၊ ထုံးယူနည်းသွေး၊ မဝေးထင်
ထင်၊ မိုးနှယ်ရှင်သည်၊ လူ့ခွင်ထွံ့ပြီး၊ သူကြွယ်ကြီး
ကား၊ခြောက်သိုးစုံတုန်း၊နုတ်တို့ဘုန်းနှင့်၊ ၊နှုန်းသော်
ပမာ တန္တီတည်း။

သုမေဓဗြာဟ္မဏာဘောဂဗလခန်းပိုဒ်ရေ–၄ပြီး၏။

---

(၁) တ–ရှာ၏ဝမ်းဖြင့်၊
(၂) ဒု–သက်ထားနှံ့ဟု၊
(၃) တ–ဘုန်းဘို့ဝေ၍၊

(၃) သုမေဓပြာဟ္မဏပညာဗလခန်း

ပိုဒ်ရေ-၅

အဇ္ဈာယကော မန္တဓရော၊
တိဏ္ဏံ ဗေဒါန ပါရဂူ၊
လက္ခဏေ ဣတိဟာသေစ၊
သဓမ္မေ ပါရမိဂတော၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ သော-ထိုသုမေဓာမည်သောပုဏ္ဏားသည်၊ အဇ္ဈာယကော -ဗေဒင်ကိုလည်းတပြောင်းပြန်ပြန် သရဇ္ဈာယ်တတ်၏။မန္တဓရော-မန္တရားကိုလည်း ဆောင်နိုင်၏။ တိဏ္ဏံဗေဒါနံ-ဗေဒင်သုံးပုံတို့၏၊ပါရဂူ-ကမ်းတဘက်သို့ရောက်၏။လက္ခဏေစ-လက္ခဏာကျမ်း၌ရင်း၊ ဣတိဟာသေစ-ဣတိဟာသကျမ်း၌ရင်း၊ သဓမ္မေစ-မိမိဆရာ၏အတတ်၌ရင်း၊ ဝါ-မိမိဥစ္စာဖြစ်သော ပုဏ္ဏားတို့၏ အတတ်၌ရင်း၊ ပါရမိဂတော-အပြီးသို့ရောက်၏။

၂၆။ ပရိက္ခရာ၊ ဥစ္စာထိုသို့၊ တောင်နှယ်ပို့၍၊ မချိုပြည့်စုံ၊ကြွယ်ဝကုံလျက်၊[၁] သုံးပုံများဖြင်၊ သသ်ကရိန့်၊ ဗေဒင်၌လည်း၊ မြိုက်မြိုက်လျှာဖျား၊ ဝမ်းတွင်ထား၍၊ ဆန်းပြား တတ်ကုံ၊ ခံတွင်း ငုံပြီး၊ လုံးစုံ နှုတ်ဝယ်၊ သရဇ္ဈာယ်လျက်၊အသွယ်အသွယ်၊ရလွယ်ထုံးစံ၊သဒ္ဒါငြော၊ မရွံ့မရှာ၊ ခဲရာရာ၌၊ သက်ာလည်းကင်း၊ထွင်းချင်း

---

(၁) ပ,ဒု-ကြွယ်ဝတုံလျက်၊

ကြိဘန်၊ သူ့ထက်လွန်၍၊ ဇေကန်ကျကျ၊ ရသားမိပွါယ်၊ အကျယ်အကျဉ်း၊ စိုးတစဉ်းမျှ၊ မလျှဉ်းလျှင်ကောင်း၊ မညောင်းစေအောင်၊ အာဂုံဆောင်၍၊ လျှောင်ကာမမြွက်၊ ကည့်တည့်ထွက်သည်၊ နှုတ်နက်ဆိုတိုင်း၊ သံနှုယ်ထိုင်း၏၊ မခိုင်းမမျဉ်၊ ထားကောင်းရဉ်သို့၊ ဆိုစဉ်ခဏ၊ အမြွက်ပြကာ၊ မဟာ စသာ၊ ထုံးနည်းနာတိ၊ မကြာဖြေမှု၊ နှုတ်ဝယ်လု၍၊ တခုမထား၊ သူ့ကိုကြားသည်၊ ၊ပုဏ္ဏားဥာဏဂန္တိတည်း။

၂၇။ အထူးအဆန်း၊ မြင်နှို့ဝန်း၍၊ ခိုင်ကျန်းဆတ်မြား၊ လျှာပါးနှုတ်ငပ်၊ ရွဲထွင်းအပ်သို့၊ လျှပ်လျှပ်ပြွတ်ပြွတ်၊ မုခပါဌ်ဖြင့်၊ သွတ်သွတ်မညံ့၊ ဖွားဖွားအံလျှက်၊ မလျှံထင်မြိုက်၊ ဒိုးလှည့်ရိုက်သို့၊ သိုက်သိုက်ကျမ်းဂန်၊ ဖြိုးဖြိုးမြန်၍၊ မန္တန်အမျိုး၊ နှုတ်လျှာကျိုး၏၊ ရှုးထိုးလှံစုံ၊ ထုံးနည်းပုံနှင့်၊ အာဂုံအာဂါ၊ ဂါထာပါဌ်သား၊ ဘတ်၍ကြားသို့၊ စကားတတ်ပွန်၊ အဖြေသန်ဟု၊ မလွန်မေး၌၊ အရွှာရွှာမှ၊ ဒိသာပါမုက်၊ ခေါ်တွင်ဟုတ်လျှက်၊ စက်ခတ်ဖြတ်ရဉ်၊ လေးထောင့်ပျဉ်နှုယ်၊ ပညာကျယ်သည်၊ ၊ နှုတ်ငယ်သူရဿတီတည်း။

၂၈။ မှတ်စရာသား၊ ပညာကိစ္စ၊ ဟူသမျှ၌၊ ကြားကတတ်ပင်၊ လမ်းနှုယ်ထွင်လျှက်၊ ဗေဒင်သုံးထပ်၊ ဆုံးစခပ်၏၊ စပ်စပ်ချမိ၊ မှန်သည်တိသာ၊ လက္ခဏာကျမ်းဂန်၊ စက်ကျဟန်သို့၊ မြေကြန်ကောင်းကင်၊ နေဝင်နေထွက်၊ ဝိထိစက်နှင့်၊ ထွန်းပြက်ဥက္ကာ၊ ချွေသာသက်လာ၍၊ ရောက်စာဘေးဒဏ်၊ ရှေးလွန်အတိတ်၊ နိမိတ်နမက်၊ အထက်မိုး

ပြင်၊ လျှင်လျှင်နွေးနွေး၊ ကြိုဟ်ပြေးမညီ၊ ရှေ့ချီနောက်ဆုတ်၊ ထိုးချုတ်ရပ်နား၊ ချင်းနင်းလွှား၍၊ သွားတုံလလယ်၊ ကြွယ်ဥပဒ်ကာ၊ မလွတ်ကုန်အောင်၊ တံဘောင်စံနည်း၊ မြေကြီးကြည်းလည်း၊ တိုင်တည်းမိတ်ရန်၊ ဖတ်တိုင်းမှန်သည်၊ ၊နှိုင်းတန်ပြဟ္ဖ ဖော်ဂိတည်း။

၂၉။ ကြွန်ပုံလက္ခဏာ၊ ပြုစရာကား၊ ဂါထာအမျိုး၊ အရိုးအသား၊ ဟောနည်းပြားနှင့်၊ ဟူးရေးဂဏန်း၊ မပန်းအသေ၊ နှုတ်သာကျေ၍၊ ကြိုဟ်နေ့ကြိုဟ်ထိုင်၊ ဗျာကရိုဏ်ကို၊ "တိုင်တိုင်ကိုယ်မှူး၊ ဆုံးအောင်ကူးလျက်၊"(၁) တျက်တျက်ထိပ်ဟိ၊ သဘောသိ၏၊ ဇာတိဟာသ၊ ကေဒုဗ္ဘာဟု၊ လောကစိန္တာ၊ ဆိုစရာသား၊ စဥ်လာရေးတိုး၊ စကားကြီးနှင့်၊ နည်းသီးထုံးဖွဲ့၊ အိမ်းအည်းမဲ့လျှင်၊ ထင်ပြဲ့ကိုယ်ပူး၊ မြင်ချေဘူးသို့၊ မလူးလျှာစွန်း၊ တောဒည်းဆန်းလည်း၊ ဖြန်းဖြန်းတတ်ပွန်၊ ပဋိဘာန်လျှင်လျှား၊ ထူးပြားကဗျာ၊ ဖွဲ့စရာသား၊ ဂါထာပုံသေ၊ စကားပြေဒွ၊ ဆိုခိုက်မိန့်တန့်၊ ရှင်းရှင်းသန့်လျက်၊ မတွန့်ညင်းညင်း၊ ပိုဒ်တွင်း သက်သက်၊ ထွေငေါ်နက်၏၊ သွက်သွက်မြန်သန့်၊ အဘိဓာန်နှင့်၊ နိဃဏ္ဍု ကျမ်း၊ အရိုးမွမ်း၏၊ ပြွမ်းပြွမ်းခင်းကျင်း၊ ဝန်းလျှားပြင်းသည်၊ ၊ထိုးထွင်းခပ်သိမ်းဗာဟိတည်း။

၃၀။ ဤသို့ပညာ၊ နှံ့စပ်ဖြာသား၊ သုမေဓာဟု၊ ထင်စွာကျော်သွေး၊ ပြဟ္မာ့မြေးကား၊ ကြံတွေးယုတ်မြတ်၊ နှောင်နှာဂတ်လည်း၊ ချွတ်အံ့မရှိ၊ မိမိစီးပွါး၊

(၁) ဒု-တိုင်တိုင်ကိုယ်မှူး၊ ဆုံးအောင်ပြုလျက်၊

သူ့အားကုံအောင်၊ မြင့်ကျယ်ဆောင်၍၊ သိန်းထောင်မကာ၊ မဆွဘုရား၊ နောင်တော်များ၌၊ သိုထားကျေးဇူး၊ ကိုယ်တိုင်ဖူးလျက်၊ ဆည်းပူးသမှု၊ သဗ္ဗညုအား၊ ပွင့်လုဗွာပြီး၊ ချိန်သင့်နိုး၍၊ ကောင်းချီးခံတန်၊ ဘုန်းညွန့်သန်သည်၊ ၊ရင့်မှန်ရှေး ပါရမီတည်း။

သုမေဓဗြာဟ္မဏ ပညာဗလခန်း ပိုဒ်ရေ၊-၅ ပြီး၏။

(၄) ဝဋ္ဋဒုက္ခ နိဗ္ဗိန္နစိတ္တာခန်း

ပိုဒ်ရေ-၈

ရဟော ဂတော နိသီဒိတွာ၊
ဧဝံ စိန္တေသ ဟံတဒါ၊
ဒုက္ခော ပုနဗ္ဘဝေါနာမ၊
သရီရဿ စဘေဒနံ၊
သမ္မောဟ မရဏံ ဒုက္ခံ၊
ဇရာယ အဘိမဒ္ဒိတံ၊ ။

သာရိပုတ္တ-သာရိပုတြာ၊ အဟံ-ငါသည်၊တဒါ-ထို သုမေဓာပုဏ္ဏားဖြစ်သောအခါ၌၊ရဟောဂတော-ဆိတ်ကွယ်ရာအရပ်သို့ ကပ်လျက်၊ နိသီဒိတွာ-ထိုင်နေ၍၊ ဧဝံ-ဤသို့၊ စိန္တေသိ-ကြံ၏။ ကထံစိန္တေသိ-အဘယ်သို့ကြံသနည်း။ မေ-ငါ့အား၊ ပုနဗ္ဘဝေါနာမ၊ တဘန်ဘဝသစ်၌ ဖြစ်ရခြင်းမည်သည်လည်း၊ ဒုက္ခော-ဆင်းရဲ၏။ သရီရဿ-ကိုယ်ခန္ဓာ၏၊ ဘေဒနဉ္စ-ပျက်စီးခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲ၏။ သမ္မောဟမရဏဉ္စ-

တွေ့ဝေ၍ သေရခြင်းသည်လည်း၊ ဒုက္ခ-ဆင်းရဲ၏။ ဇရာယ-အိုခြင်းဖြင့်၊ အဘိမဒ္ဒိတံစ-အလွန် နှိပ်စက်ခြင်းသည်လည်း၊ ဒုက္ခ-ဆင်းရဲ၏၊ ဇာတိ-ဤသို့၊ စိန္တေသိ-ကြံ၏။

၃၁။ ယုတ်မြတ်အပြား၊ သုံးပါးတိုင်တည်၊ ကိုးရမည်ဖြင့်၊ ရှည်စွာခလောက်၊ မိုးရှည့်မြောက်သား၊ အစောက်မတ်လတ်၊ မာန်တောင်ထွတ်ကို၊ တိမ်းညွှတ်တောက်တို့၊မဂ်စွမ်းဖြို၍၊ ကိုယ်သို့နှိမ့်ချ၊ မီးပွါးကျသို့၊ ဂုဏ်အရာ၊ စွန်းစွန်းပါသည့်၊ သံဃာတို့ထက်၊ လျှမ်းလျှမ်းတက်၍၊ နှုတ်ထွက်ဖြိုးဖြိုး၊ လက်ရတိုးလျက်၊ ကျမ်းရိုးနင်းမိ၊ ဟာကာသိသည့်၊ သာရိပုတြာ၊ မည်တော်သာဖြင့်၊လက်ျာရံသီး၊ငါ့သားကြီး၊ ၊ကောင်းချီးလည်းခေါ်၊ သာရဘော်ဖြင့်၊ ရှင်ကျော်မထေရ်၊ နားတို့လည်လော့၊ ဤသည်ဇမ္ဗူ၊ ကျွန်းသူအလုံး၊ ပတ်ကုံးထွန်းပ၊ ပွင့်လင်းဝသား၊ အမရဝတီ၊ ခေါ်ညီမည်သီး၊ ပြည်ကြီးအသည်၊မျိုးရိုးစည်၍၊ခံတည်စရာ၊ ထိုရောခါ၌၊ သုမေဓာဟု၊ ကြေညာ ထွံ့ထင်၊မည်သာ တွင်သည့်၊ ရှင်၏ဆရာ၊ [၁] ဘုရားငါကား၊ ဗြဟ္မာသဟံ၊ ကောင်းကင်ပျံနှင့်၊ သုဇံပတိ၊ သိဒ္ဓိမိုးဖျား၊ သိကြားဟူလည်း၊ ရည်တူမလွန်၊ နှိုင်းနှုန်းတန်လျက်၊ ဗိမာန်အိမ်ထဲ၊ ရွှေပုံခဲသို့၊ စံမြဲသုံးထပ်၊ ဘုန်းကျိုးခပ်သော်၊ မိုးယပ်အချာ၊ တိမ်ဆုံးမှာ၌၊ နိမ္မာနရတိ၊နတ်နှင့်ညှိလည်း၊ ၊တရှိမလွန်မစားတည်း။

(၁) ဒု-ရှင်တို့ဆရာ၊

၃၂။ ထိုသို့ထိုရော်၊ ထိုသူတော်လည်း၊ ခြောက်
ဘော်မိုးတိမ်၊နတ်သို့ငြိမ်လျက်၊စည်းစိမ်သာစံ၊ဤသို့ခံ
ရှင့်၊တရံရောခါ၊ သိစိမ့်ဌါဖြင့်၊ ဘဏ္ဍာကျိကြ၊ တွင်းပ
ကြည့်ရှု၊စိုးပွါးပြုသည်၊အမှုထမ်းသိမ်း၊အမတ်ကြီးလျှင်၊
မှိုးမှိုးလည်လည်၊ မော်ကွန်းတည်သား၊ စာရှည်ပုရ
ပိုက်၊ ကမ္ပည်းတိုက်၍၊ သိုက်သိုက်ဖွေဘော်၊ မှောက်
တော်ရှင့်သား၊ ဘေားလောင်းထားသည်၊ တင်းကားဤ
မှု၊ ရှင့်ဘိုးစသည်၊မိဘတိုင်ရုံ၊မှုပြည့်စုံ၏၊ရှင်တုံဤကို၊
သိမ်းမြန်းသိုလော့၊ မပြိုမကွဲ၊ မြဲကြောင်း ရှင်ထွေး၊
ဆောင်လတ်သေးဟု၊ ဘိုးဘေးစသည်၊ ခုနစ်မည်ကို၊
ရှည်ရှည်လျားလျား၊ ရေးမှတ်သားလျက်၊ ယောက်ျား
မိန်းမ၊ စသည်ကျွန်ခြေ၊ ဥစ္စာတွေနှင့်၊ ဝန်သေထဲဖြစ်၊
တိုက်တာလှစ်၍၊ပြစ်ပြစ်ညွှန်ရေ၊နားသွင်းပေသော်၊မြူ
တောဘဏ္ဍာ၊ရတနာ၌၊ခင်စွာချစ်ဝမ်း၊ရမ်းရမ်းမတက်၊
နှလုံးပျက်သည်၊ ၊ကြီထက်ယောက်ျားအများတည်း။

၃၃။ ဤသို့အက္ခရာ၊ မျိုးစဉ်စာကို၊ ဘတ်ကာမျှ
တည်း၊နှလုံးကြည်း၍၊ မနည်းလောက်စင်၊ စောကြော
သင်၍၊ ဘခင်ဘေးဘိုး၊ ငါ့ဆွေမျိုးကား၊ ကြိုးကြိုးစား
စား၊စိုးပွါးပစ္စည်း၊ သို့စင်ဆည်းခဲ့၊ထိုလည်းများပုံ၊ရှာ
မှိုးတုံလျက်၊ တစုံတယောက်၊ ရှည်စောက်နှောက်
နှောင်၊ တို့တိုင်အောင်လည်း၊ မျိုးခေါင်ဆွေခင်၊ မနေ
ကျင်ခဲ့၊ အကြွင်မျိုးလူ၊ဆည်းပူးမှုလည်း၊ထိုသူတည်းမှဲ့၊
ပျောက်ခဲ့ကာကာ၊ဤဥစ္စာကား၊ အရာမယွင်း၊တထင်း
ထင်းလျှင်၊အိမ်ရင်းဝယ်တိ၊ကြီးသို့ငြိ၏၊ထိုပြို့ အပ၊မိဘ

ဆွေဘော်၊ နတ်ပြည်ပျော်လည်း၊ ကိုယ်ပေါ်ကိုယ်ထဲ၊ ချင်ရွေးခဲမှု၊ မူးပဲသပြာ၊ ကိုင်လေပါ၍၊ ရုံရာမည်သူ၊ ရိက္ခာမူလျက်၊ ယူလေမထင်၊ အချည်းစင်၏၊ ငါလျှင်တုံလည်း၊ အပုံထုပ်ပိုး၊ အားရှိကြိုး၍၊ လပ်ကျိုးခန္ဓာ၊ သေရာမှာသို့၊ မပါလေအာပ်၊ သံစွပ်အသက်၊ ဆက်လိမ့်အမြဲ၊ မသေပဲလျှင်၊ ၊သုံးစွဲမတတ်လေအားတည်း။

၃၄။ ပိုင်ယူနှိပ်နှင်း၊ စိုးမင်းနိုင်ထက်၊ ခုတ်ထစ်နှက်၍၊[1] လက်ခက်ခိုးသား၊ စီးပွါးမတာ၊ ရန်ရှာမုန်းသူ၊ မီးရေပာသား၊ ဤသူငါးမည်၊ ဆက်ဆံတည်လျက်၊ မစည်မပင်၊ ကမ်းခြေကျင်သို့၊ လူတွင်မမြဲ၊ ဘောက်လှဲသောအား၊ ယိုးယား ဖြစ်ပျက်၊ ကိုယ်သက်ရှင်ရုံ၊[2] ဥစ္စာတုံလည်း၊ တစုံတခု၊ အနှစ်ရှုသော်၊ အကျုံမြှုံရှိ၊ မြော်မိမရ၊ မျက်မြင်မှုပာ၊ တွင်းပခန်းဝါ၊ ဤဥစ္စာကို၊[3] အကာနှင်နှင်၊ ပြစ်ချည်းတင်ပြီး၊ ဝန်နှယ်ငြီး၍၊ သင်းသီးလည်းခွဲ၊ ပျော်ရာပွဲမှ၊ ဖဲခွဲဘုံစွန့်၊ တာတန့်လည်းကောင်း၊ တွင်းခေါင်းသာမြိုက်၊ လေသွန်ကြိုက်သား၊ နန်းတိုက်ထဲချောင်၊ ပြာသာဒ်ခေါင်ထက်၊ ကိုယ်ရှောင်ပုန်းဖွက်၊ ဘော်မှဲ့တက်၍၊ ဝင်ထွက်မိုလ်ခြေ၊ ဆိတ်ရာနေပြီး၊ အထီးတယောက်၊ ကွယ်မြောက်ငြိမ်းငြိမ်း၊ ကိုယ်ကိုသိမ်းမှ၊ ရှိမ်းရှိမ်းရပ်ရည်၊ သက်သက်ကြည်လျက်၊ တည်စွာနှလုံး၊ သူတော်ထုံးသို့၊ ဝင်ဆုံးသေချာ၊ ကိုယ်ခန္ဓာ၏၊

---

(၁) ဒု-ခုတ်ထစ်ဖျက်၍၊
(၂) ဒု-ကိုယ်သက်ရှည်ရုံ၊
(၃) ပ,တ-အိမ် ဥစ္စာကို၊

ကြောင်းခြာစုံဘက်၊ ဖြစ်နှင့်ပျက်ကို၊ နှိုင်းချက်ရှိက်
တော်၊ စိုက်စိုက်ခေါ်သည်၊ ၊ကြိငေါ်ဤသို့စဉ်လျှား
တည်း။

၃၅။ ပဋိသန္ဓေ၊ လေးပါးထွေဖြင့်၊ အလှေအလှောင်း၊
"ဤလူပေါင်းကား၊"[၁] နှောက်နှောင်းထွန်းပေါ်၊ ကိုယ်
ဟု ခေါ်လျက်၊ တအော်လဲလဲ၊ သံသာပဲတွင်၊ မစဲမငြိမ်၊
တိမ်အုံ့မရှိ၊ ပစိစွာလွန်း၊ ငြီးဘနန်းတည့်၊ သူကန်းအသွင်၊
တွေးတောသင်အုံ့၊ မမြင်မျက်စိ၊ နှင်းမိရိုးမှား၊ ကြွမ်းစွန်း
သွားသော်၊ ဘဝါးထောက်ချ၊ အနှမရ၍[၂] စဉ်ကျာတုပ်
တွေး၊ အနာပေးလျက်၊ ခြေလောက်ရမ်း၊ ယောက်ျား
နှမ်းသို့၊ အသွမ်းဗိန္ဓာ၊ ရိအောင်ကာသား၊ ကြမ္မာတရား၊
ချဖန်များလျက်၊ သုံးဘော်စက်၌၊ အကိအကိကျဟန်၊
အပြန်ပြန်လျှင်၊ ဘန်တလဲလဲ၊ မိဝမ်းထဲ၌၊ ဆင်းရဲလည်း
နစ်၊ အသစ်သစ်သည်၊ ၊လူဖြစ်တမှန်မွှားမွှားတည်း။

၃၆။ ပရမာဏု၊ မြေကြီးထုနှင့်၊ တဏှာ့နည်းသွေး၊
ခန့်တွက်တွေးလည်း၊ ဆယ်လေးပမာ၊ မနှိုင်းသာတည့်၊
ကမ္ဘာကျူးကျော်၊ လွန်လှည့် သော်လည်း၊ မအော်
မအမ်း၊ ခန္ဓာသွမ်းကား၊ ပျက်တမ်းနိယံ၊ သံပိုင်းခံလျက်၊
သေစံတည်တည်၊ ဘဖြစ်လည်က၊ တိုင်ချည်သားထိုး၊
နွားနှယ်ညှိုးလျက်၊ ကြောက်စိုးယုံ့ယုံ့၊ ကောင်းကင်အုံ့
သို့၊ ရှုံ့ရှုံ့ခြေလက်၊ လိပ်တွဲ့ဇက်၍၊ အသက်ဦးထိပ်၊ ထား
လျက်နှိပ်သည်၊ ၊သေဆိပ်ကြောက်ကြွမ်းနရားတည်း။

---

(၁) တ-မပါ၊
(၂) ဒု-အမ်းမရ၍၊

၃၇။ ဝမ်းထဲဒုက္ခ၊ ဆယ်လတိုင်တိုင်၊ မိန်းမိန်း မှိုင်လျက်၊ လက်နိုင်ငင်ယူ၊ အသူတရော၊ နက်စွာ ခလောက်၊ မြေတွင်းချောက်သို့၊ ဦးစောက်ကျဟန်၊ မီးရှူးလွန်မှ၊ သန်မြန်လူကိုယ်၊ ရှင်လိုလိုလျှင်၊ ငြိုငြို၊ ငြင်ငြင်၊ တော်ငြား ကျင်လည်း၊ ရုပ်သွင်အရွယ်၊ ကွေးကွေး ငယ်က၊ ရွှေ့ရွှေ့စလျက်၊ မကြွသေးသိပ်၊ အိုခြင်း နှိပ်၍၊ ကျွန်းထိပ်အင်းတွင်၊ ပိုက်ဗိပ်ငင်သို့၊ နေချင်မရ၊ သေဆုံးကျသည့်၊ ဒုက္ခံရိုး၊ တို့လူမျိုးကား၊ ၊ညှဥ်းဆိုးတပေ လွှားလွှား တည်း။

၃၈။ အိုမင်းဇရာ၊ အနာနှိပ်နယ်၊ သေခါရွယ်၍၊ အကယ်ရွှေ့တည်း၊ ကောင်းမှုနည်းအံ့၊ လက်ချည်းသက်သက်၊ ပြုတ်ချက်နှောင်စာ၊[၁] ရိက္ခာမရှိ၊ တိုင်ထိထိမှ၊ တွင်းဆုံး ကျသို့၊ နှောင်တ ဆယ်ကြိမ်၊ စိုးရိမ်ဖန်ဖန်၊ ကြောက်ကြိမ်းသန်လျက်၊ ယူပြန်မသာ၊ စိုက်ခေါ်ကာလျှင်၊ သက်လာသက်လုံ၊[၂] ဟောင်တုံတုံတည့်၊ အာရုံယောင်ယမ်း၊ နိမိတ်စမ်း၍၊ ခပ်နှမ်းထွက်သံ၊ တောင်ကြီမြစ်နှံ့၊ မတံ့မစား၊ နတ်ကြောင်းမှားလျက်၊ တရား မတည်၊ စိတ်မကြည်သော်၊ မဆည်နိုင်ပဲ၊ ဂတိလှဲ၍၊ ဆင်းရဲမပြေ၊ နှောင်းပြို့သေလည်း၊ ၊တွေဝေတဖျင့် ဗိုးဝါးတည်း။

ဝဋ္ဋဒုက္ခနိဗ္ဗာန စိန္တာခန်း
ပိုဒ်ရေ-၈ ပြီး၏။

---

(၁) တ-မြတ်ချက်နှောင်စာ၊
(၂) ဒု-သက်သာသက်လုံ၊

(၅) နေက္ခမ္မပရိယေသနစိန္တာခန်း

ပိုဒ်ရေ-၁၆

ဇာတိဓမ္မော ဇရာဓမ္မော၊
ဗျာဓိဓမ္မော အဟံတဒါ၊
အဇရံ အမတံ ခေမံ၊
ပရိယေသိဿာမိ နိဗ္ဗုတိံ၊ ။

သာရိပုတ္တ-သာရိပုတြာ၊တဒါ-ထိုသို့ ဇာတိစသော တရားတို့ဖြင့်မပြတ်မလယ်နှိပ်စက်ရာဖြစ်သော သံသရာဝဋ်ဒုက္ခကို စက်ဆုပ်ငြီးငွေ့သောအခါ၌၊ သောအဟံ-ထိုငါသည်၊ဧဝံ-ဤသို့၊စိန္တေသိ-ကြံပြန်၏။ ကိံစိန္တေသိ-အဘယ်သို့ ကြံပြန်သနည်းဟူမူကား၊ သံသာရေ-သံသရာ၌၊ သံသရန္တော - ကျင်လည်ရသောသူအား၊ ယသ္မာ - အကြင်ကြောင့်၊ ဇာတိဓမ္မော-ပဋိသန္ဓေနေသောအားဖြင့် အဘန်ဘန်ဖြစ်ရခြင်း သဘောလည်းရှိ၏၊ ဇရာဓမ္မော-အိုရခြင်း သဘောလည်းရှိ၏၊ ဗျာဓိဓမ္မော-နာရခြင်း သဘောလည်းရှိ၏၊ တသ္မာ-ကြောင့်၊အဇရံ-အိုခြင်းမရှိသော၊အမတံ-သေခြင်းမရှိသော၊ ခေမံ-ဘေးခပ်သိမ်းမှ ကင်းလွတ်ရာ ဖြစ်သော၊ နိဗ္ဗုတိံ-ချမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို၊ ပရိယေသိဿာမိ-ရှာတော့အံ့၊ဣတိ-သို့၊စိန္တေသိ-ကြံပြန်၏။

၃၉။ ဇာတိဇရာ၊ ဗျာဓိနာလျက်၊သေလျာစံတည်၊ ငါတုံသည်လည်း၊ ဆံခြည်မလွတ်၊ မြေလက်ခတ်သို့၊

မချွတ်မလွဲ၊ သူရမ်းပဲဖြင့်၊ ဘောက်လွဲ၍ကိုယ်၊ နာဖျား ငြိုလျက်၊ မအိုမသေ၊ မနေရဖြစ်၊ သေမင်းညစ်၌၊ နှစ်သားကိုယ်လုံး၊ ခွန်ဆက်ရှုံး၍၊ အဆုံးစတေ၊[၁] ဖြစ်လေ ရာရာ၊ အခါခါလျှင်၊ ရှင်ဝါစင်းစင်း၊ လွတ်မှုကင်းခဲ့၊ ထို ယင်းသေဘေး၊ ဝေးလေတုံစွာ၊[၂] နာဖျားကွာလျက်၊ ဇရာ မအို၊ သေကိုယ်ရုပ်သွင်၊ ရှင်းရှင်းစင်သား၊ ချမ်းပင်အ မြိုက်၊ ငြိမ်းရာတိုက်ကို၊ ၊စိုက်စိုက်နှစ်သိမ့် ရှာလိမ့် ငါ၏စွမ်းအားတည်း။

ယန္တူနိမံ ပူတိကာယံ၊
နာနာ ကုဏပ ပူရိတံ၊
ဆဋ္ဌယိတွာန ဂစ္ဆေယျံ၊
အနပေက္ခော အနတ္ထိကော၊ ။

ယန္တူနယဒိပန-အကယ်မလွဲသဖြင့်၊ အဟံ-ငါသည်၊ နာနာ ကုဏပ ပူရိတံ-အထူးထူးသော ပိုးလောက် တို့ ဖြင့်ပြည့်သော၊ ဣမံ ပူတိ ကာယံ-၍အတ္တဘော တည်း ဟူသော အကောင်ပုပ်ကို၊ အနပေက္ခော-ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍၊ အနတ္ထိကော- အလိုမရှိသည် ဖြစ်၍၊ ဆဋ္ဌယိတွာန-စွန့်ပစ်၍၊ ဂစ္ဆေယျံ-သွားတောအံ့။

၄၀။ ဆနပုတိ၊ နာရှိန်ထိ၍၊ ရိရိရှားရှား၊ တွင်းပိုး စားသား၊ ခေါင်းပါးခွဲမြွေး၊ သစ်ထဲသွေးသို့၊ ညစ်ကြေး လွှမ်းပို၊ ၍သည့် ကိုယ်လည်း၊ ထိုထိုမစင်၊ ဘင်က

(၁) ဒု-မဆုံးစတေ၊
(၂) ပ-ဝေးလံတုံစွာ၊

စသည်၊အရည်အရိ၊တံစီးညှိဖြင့်၊ ကျိုကျို ပေါင်းစည်း၊ ပိတ်တည်းမျက်နှာ၊ အညာသို့ထား၊[1] အဝါးလည်းဝင်၊ တီးပြင်အိုးကျဉ်း၊လံပါးဖျဉ်းနှင့်၊စိုးစဉ်း မထူး၊ သရေဒ် တူးခဲ့၊ ယူးယူးပေါက်ဖွယ်၊ အိုးအနှယ်လျှင်၊ မကျယ် ရုံးစည်း၊[2] လံရှည့်တည်းချက်၊ အထည်းတိုင်ငေါ်၊ ပုပ်တိညှော်ခဲ့၊ မြော်တော်နံ့ဟောင်၊ ဤအကောင်ကို၊ ရွံရှောင် ခွါခွါ၊ တပ်ရာမသည်း၊ စုံမက် နည်းလျက်၊ မတည်း မတွ၊ပြည်မကျော်ထင်၊သူစင်နေအပ်၊သန့်ပြန့် ရပ်သို့၊ ချဉ်းကပ်ပါရှောင်း၊အကယ်ကောင်းအံ့၊ ၊ညှို လှောင်းကိုယ်နံ့မလူးတည်း။

အတ္ထိ ဟေဟိတိ သောမဂ္ဂေါ၊
နသောသက္ကာ နဟောတုယော၊
ပရိယေသိဿာမိ တံမဂ္ဂံ၊
ဘဝတော ပရိမုတ္တိယာ၊ ။

ယေနမဂ္ဂေန- အကြင်ခရီးဖြင့်၊ ဘဝတော- ဘဝ သုံးပါးမှ၊ ပရိမုတ္တိ-လွတ်ခြင်းသည်၊ ဟေဟိတိ-ဖြစ် လတ္တံ့၊ သောမဂ္ဂေါ-ထိုဘဝသုံးပါးမှလွတ်ကြောင်းခရီး သည်၊ အတ္ထိ- ရှိ၏၊ သော- ထိုဘဝ သုံးပါးမှ လွတ် ကြောင်း ခရီးကို၊ နဟောတုယော- အကြောင်း မရှိဘဲ၊ နသက္ကာ-သွားခြင်းငှါမတတ်ကောင်း၊ ဘဝတော-ဘဝ သုံးပါးမှ၊ပရိမုတ္တိယာ-လွတ်ခြင်းငှါ၊ တံမဂ္ဂံ-ထိုခရီးကို၊ ပရိယေသိဿာမိ-ရှာလအံ့။

---

(၁) ပ,ဒု-အညာသိုထား၊
(၂) ပ,ဒု-အကျယ်ရုံးစည်း၊

၄၁။ ဖြစ်ကြိုက်ဖြစ်ကြိုက်၊ တဖခာစ်ဒွှလျှင်၊ အမှိုက်နှင့်ဖွဲ၊ မီးကျီးခဲသို့၊ မလွဲမကမ်း၊ နှိုင်းတမ်းဆိုဘွယ်၊ လူတို့ဝယ်လည်း၊ အငယ်ကင်းကျိ၊ ကမျဉ်းရှိက၊ ခပ်သိမ်းစသား၊ ထိုမျှမိုလ်ပါ၊ သတ္တဝါအား၊ မီးစာလည်းမည်၊ ကြမ္မာတည်လျက်၊ အစည်အပင်၊ ဝိညာဉ်ရှင်သည်၊ မှန်စင်ရကား၊ တသီးခြားဖြင့်၊ အသင့်လည်းကောင်း၊ မဖြစ်ရှောင်းသား၊ အကြောင်းတိတ်စွာ၊ ငြိမ်သက်ရာသည်၊ ချမ်းသာတမျိုး၊ ရှိပါနိုး၍၊ ကြိုးကြိုးစားစား၊ ထိုကြောင်းလျှားကို၊ အန်အားမချ၊ ရှာလို့လသော်၊ ၊ မရေမရှိတန်ဘူးတည်း။

၄၂။ အလွန်တင့်ကဲ၊ မချွတ်လွဲတည့်၊ ဘောက်လှဲကာကာ၊ ဖျားနာသေပျောက်၊ သို့စင်လောက်လျှင်၊ တတောက်ပတ်ပတ်၊ သံသာဝဋ္ဋ၊ နက္ခတ်ကြယ်စဉ်၊ စက်အယာဉ်သို့၊ မဖျဉ်မတား၊ လည်ဘန်များလျက်၊ မေ့မှားတုံကာ၊ မကျန်ရာခဲ့၊ မတာမတွယ်၊ ကိုယ်ကိုကွယ်၍၊ နည်းငယ်မဟုတ်၊ အဖြစ်ယုတ်မှ၊ ခွါဆုတ်ဝေးစွာ၊ လွတ်စေဌါလျှင်၊ မကြာရှောင်းရှောင်း၊ ထိုကျင့်ကောင်းကို၊ ရကြောင်းရှာလိမ့်၊ သဒ္ဒါစိမ့်လျက်၊ ၊ နှစ်သိမ့်ညွတ်ညွတ်နူးနူးတည်း။

ယထာပိ ဒုက္ခေ ဝိဇ္ဇန္တေ၊
သုခံ နာမပိ ဝိဇ္ဇတိ၊
ဧဝံဘဝေ ဝိဇ္ဇမာနေ
ဝိဘဝေါပိ ဣစ္ဆိတဗ္ဗကော၊ ။

(၁) တ–အပြစ်ယုတ်မှ၊

ယထာပိ-ဥပမာမည်သည်ကား၊ဒုက္ခေ-ဆင်းရဲသည်၊ ဝိဇ္ဇန္တေ-ရှိသည် ရှိသော်၊ သုခံနာမအပိ-ချမ်းသာမည်သည်လည်း၊ ဝိဇ္ဇတိယထာ-ရှိသကဲ့သို့၊ ဧဝံတထာ-ထိုအတူ၊ဘဝေ-ဘဝသည်၊ဝိဇ္ဇမာနေ-ရှိသည်ရှိသော်၊ ဝိဘဝေါအပိ-ဘဝမှကင်းသော တရားကိုလည်း၊ ဣစ္ဆိတဗ္ဗော-အလိုရှိအပ်၏။

၄၃။ ဖြစ်နှင့်မဖြစ်၊သဘောစစ်လျှင်၊ လူတွင်နှစ်ကွဲ၊ ရှိရာမြဲသို့၊ လှိုးလွဲတူဘွယ်၊ ထုံးနည်းသွယ်သော်၊ဘယ်ကဲ့သို့နည်း၊ ပမည်းပမာ၊စာနာထင်ထင်၊နှိုင်းခိုင်းသင်အံ့၊ အကြွင်စုံရော၊လူမိုလ်ပါတို့၊ရုံခါလတ်သော်၊ဆင်းရဲမြော်၏၊ထိုရော်ချင်းသင်၊ သို့ပင်ပင်တိ၊ ဒုက္ခတိသာ၊မရှိလေတုံ၊ နှောင်းပြည့်စုံ၍၊ ကြိုက်ဆုံတခါ၊ ငြိမ်းပြန်ရာသို့၊ ကျန်းမာဥပဒ်၊[၁] မည်မှတ်တရား၊ ဘော်နှစ်ပါးလျှင်၊သွားသွားသို့စင်၊ ဖြင်ပြီးသောကြောင့်၊ မနှောင့်မရှက်၊ ဆန့်ကျင်ဘက်ဖြင့်၊ ပယ်ဖျက်ကိုယ်ကို၊ မလိုခွါခွါ၊ ဖြစ်မဲ့ရာလည်း၊[၂] ကြောင်းခြာမကျန်၊ရှိနိုးတန်၏၊ နှစ်ပြန်ဆက်ဆံ၊[၃] လောကဓံဖြင့်၊ မညံ့သင်းကွဲ၊ ဖြစ်ခြင်းမြဲလျက်၊ ဆင်းရဲချမ်းသာ၊ဥပမာကား၊ ၊များစွာမည်သည်မထူးတည်း။

ယထာပိ ဒုက္ခေ ဝိဇ္ဇန္တေ၊
အပရမှိ ဝိဇ္ဇတိ သီတလံ၊

---

(၁) ဒု,တ-ကြမ္မာဥပဒ်၊
(၂) ဒု-ဖြစ်မြဲရာလည်း၊
(၃) ပ,ဒု-နှစ်ဖန်ဆက်ဆံ၊

ဇဝံ တိပိဝဋ္ဋိ ပိဏ္ဍေန္တော၊
နိဗ္ဗာနံ ဈုဿိတဗ္ဗကံ၊ ။

ယထာပိ-ကား၊ ဥဇ္ဈော-အပုသည့်၊ ပိဏ္ဍေန္တော-ရှိသည် ရှိသော်၊ အပရံ-အပုမှတပါးသော၊သိတလံအပိ-အချမ်း သည်လည်း၊ ပိဏ္ဍတိယထာ-ရှိသကဲ့သို့၊ ဇဝံတထာ-ထိုအတူ၊ တိပိဝဋ္ဋိ-ရာဂ၊ ဒေါသ၊မောဟာအားဖြင့် သုံး ပါးအပြားရှိသောမီးသည်၊ ပိဏ္ဍေန္တော-ထင်ရှားရှိသည် ရှိသော်၊ နိဗ္ဗာနံအပိ-သုံးပါးအပြားရှိသော ထိုမီး၏ငြိမ်း ရာနိဗ္ဗာန်ကိုလည်း၊ ဈုဿိတဗ္ဗကံ-အလိုရှိအပ်၏။

၄၄။ ထိုမြို့တံလျှင်၊ အကြင်အကြင်၊ ဤလူတွင်၌၊ ပန်းပင်လောင်ဆာ၊ အရာရာဖြင့်၊ ရှာရှာဟူးဟူး၊ မှူးမှူး လည်လည်၊ ထိုသူသည်လျှင်၊ တလည်လည်းကောင်း၊ ရတုပြောင်း၍၊မထောင်းမထာ၊ ငြိမ်းပြန်ရာသို့၊ နည်းနာ တိုင်းတမ်း၊အချမ်းအပူ၊ဟူစသည်နှယ်၊ကိုယ်သငယ်၌၊ မပြယ်လောင်ရှိန်၊ ထိန်ထိန်တောက်လျှက်၊ သည်းတွင်း ကျက်သား၊ရမ္မက်ဒေါသ၊အာဃာတနှင့်၊မောဟာဟူးဟူး၊ ချွဲချွဲမူးသည်၊ မီးရှူး သုံးတိုင်၊ မနိုင်မကန်၊ အလျှံရှူရှူ၊ ဆူပြီးရကား၊ သီးခြားပူဆာ၊ မီးငြိမ်းရာလည်း၊ချမ်းသာ တရိုး၊ ရှိတန်နိုး၏၊ ကျိုးကျိုးကျည်ကျည်၊ ရှာဖွေနှည် သော်၊ဆံခြည်စိတ်ဖြာ၊ချွတ်ရာမသိ၊မြေလက်တီးသို့၊ ၊ မငြိုးရဘွယ် ယူးယူးတည်း။

ယထာပိ ပါပေ ပိဏ္ဍေန္တော၊
ကလျာဏာ မပိ ပိဏ္ဍတိ၊

ဝေမေဝ ဓာတိ ဝိဓ္ဓနေ္တ၊
အဓာတိပိ ဇာန္တိတဗ္ဗကာ၊ ။

ယထာပိ-ကား၊ ပါပေ-မကောင်းမှုသည်၊ ဝိဓ္ဓနေ္တ-ရှိသည်ရှိသော်၊ ကလျာဏံအပိ-ကောင်းမှုသည်လည်း၊ ဝိဓ္ဓတိယထာ -ရှိသကဲ့သို့၊ ဝေမေဝ- ထိုအတူလျှင်၊ ဓာတိ-ဓာတ်သည်၊ဝိဓ္ဓနေ္တ-ရှိသည်ရှိသော်၊ အဓာတိပိ-ဓာတ်မရှိသော နိဗ္ဗာန်ကိုလည်း၊ ဇာန္တိတဗ္ဗကာ-အလိုရှိအပ်၏။

၄၅။ ထိုမြို့တုံလျှင်၊ အကြွင်လုံးပေါင်း၊ ကောင်းမကောင်းသား၊အကြောင်းထိုထို၊အကုသိုလ်နှင့်၊ ကုသိုလ်အစုတ်၊ သဘောဟုတ်လျက်၊ အယုတ်အမြတ်၊ နှစ်ပါးမှတ်၍၊မချွတ်ဖြင်ညီး၊ ထင်ထင်ကြီးလျှင်၊ သီးသီးအုံ့အာ၊ လူတို့ရွာ၌၊ မကွာရှဉ်းစုံ၊ထင်ရှားတုံသို့၊ စကျုံထစ်ထစ်၊ ဓာတိခေတ်ဟု၊ အဖြစ်ဤကိုယ်၊ သို့စင်ဒိုလျှင်၊ အလို အတိုင်း၊မြေနှင့်ခိုင်းလည်း၊မနိုင်းသာထွန်၊မှန်ပြီးရကား၊ (၁) မှန်မွှားဓာတိ၊ မရှိလူဖြစ်၊ တံထစ်ကဲကဲ၊ ဘောက်ငဲ့ လည်းကင်း၊ သေမင်းစစ်ချို၊ လိုက်မမှီ၍၊သွေးသီတမား၊ ကြောင့်ကြစာနှင့်၊စိုးရာမဲ့လျှင်း၊အရပ်မင်းလည်း၊မကင်းတဆင့်၊ရှိပါသင့်၏၊ဖြစ်နှင့်မဖြစ်၊ စင်စစ်တံတိုင်း၊ ယုတ်မြတ်ခိုင်းလျက်၊ သင့်နှိုင်းပညပ်၊ နှုန်းကြအပ်သည်၊ ၊ ထက်ကြပ်ဒွေးဘော်နှစ်ဦးတည်း။

---

(၁) ဒု-လွန်ပြီးရကား၊

ယထာပိ ဂူထဂတော ပုရိသော၊
တဋ္ဌာကံ ဒိသွာန ပူရိတံ၊
နဂဝေသတိ တံတဋ္ဌာကံ၊
နဒေါသော တဋ္ဌာကဿ သော၊ ။

ဧဝံ ကိလေသမလဓောဝေ၊
ဝိဇ္ဇန္တေ့ အမတန္တဋ္ဌေ၊
နဂဝေသတိ တံတဋ္ဌာကံ၊
နဒေါသော အမတန္တဋ္ဌေ။

ယထာပိ - ကား၊ ဂူထဂတော - မစင်အလိမ်းလိမ်း ကပ်သော၊ ပုရိသော - ယောက်ျားသည်၊ ပူရိတံ - ရေဖြင့် ပြည့်သော၊ တဋ္ဌာကံ - တဘက်ဆည်ကန်ကို၊ ဒိသွာန - မြင်ပါလျက်၊ တံတဋ္ဌာကံ - ထိုရေဖြင့်ပြည့်သောတဘက် ဆည်ကန်သို့၊ နဂဝေသတိ - မစင်ကိုဆေးကြောခြင်းငှါ မချိုးမကပ်၊ သောဒေါသော - ထိုမချိုးမကပ်သောအပြစ် သည်၊ တဋ္ဌာကဿ - တဘက်ဆည်ကန်၏၊ နဒေါသော - အပြစ်မဟုတ်၊ တဿပုရိသဿ - ထိုမချိုး မကပ်သော ယောက်ျား၏၊ ဒေါသောယေဝယထာ - အပြစ်သာလျှင် ဖြစ်သကဲ့သို့၊ ။ဧဝံတထာ - ထိုအတူ၊ ကိလေသမလ ဓောဝေ - ကိလေသာတည်းဟူသော အညစ်အကြေးကို ဆေးလျှော်ရာဖြစ်သော၊ အမတန္တဋ္ဌေ - အမြိုက်နိဗ္ဗာန် တည်းဟူသော တဘက်ဆည်ကန်ကြီးသည်၊ ဝိဇ္ဇန္တေ့ - ထင်ရှားရှိပါလျက်၊ တံတဋ္ဌာကံ - ထိုအမြိုက် နိဗ္ဗာန် တည်းဟူသောတဘက်ဆည်ကန်ကြီးသို့၊နဂဝေသတိ -

ကိလေသာကို ဆေးကြောခြင်းငှါ မဗိုးမကပ်၊ သော
ဒေါသော-ထိုမဗိုးမကပ်သောအပြစ်သည်၊အမတန္တာဋ္ဌေ
အမတန္တာဋ္ဌသ-အမြိုက်နိဗ္ဗာန်တည်းဟူသော တဘက်
ဆည်ကန်ကြီး၏၊နဒေါသော-အပြစ်မဟုတ်၊တသပုရိ
သသ-ထိုမဗိုးမကပ်သော သူ၏သာလျှင်၊ ဒေါသော-
အပြစ်တည်း။

၄၆။ အကြွင်သမှု၊အတန္တာ၊ကား၊ပြောထုံဟောင်၊
ဘင်လယ်ခေါင်၌၊ ဥဩျှာင်လည်ရစ်၊ ရင်ရှည့်နစ်သား၊
သူညစ်စတော၊ယောက်ျားလေသည်၊ရေတိဖြင်ဖြင်၊ကန်
ကြီးမြင်လျက်၊ခုံမင်ရက်ရက်၊[၁] ချုံချုံသက်၍၊တိတွက် မ
ဆေး၊ဖြည်းစွာနှေးအံ့၊အတွေးနှစ်ပါး၊ယောက်ျားနှင့်ကန်၊
၍ဆိုဟာန်၌၊ ချမ်းမြိုက်အိုင်မင်း၊ အပြစ်ကင်း၏၊ ရှင်းရှင်း
ချိုးတွန်း၊စွန်းစွန်းဖွါးဖွါး၊ မဆေးငြားသည်၊ ယောက်ျား
သူနုပ်၊ ထိုကျွန်ပုပ်၌၊ ရှုပ်မှုအပြစ်၊ တင်ရာဖြစ်၏၊ စင်စစ်
၍ယင်း၊ပမာခင်းသို့၊ ဘင်တွင်းဟူသည်၊ လူတို့တဏှာ၊
ကိလေသာ၌၊ သည်းစွာတည့်လည့်၊ လည်ရှည့်မကာ၊
တလွှညစ်ညှူး၊ နစ်ကျုံလူး၍၊ မူးမူးမော်မော်၊ ကိုယ်ဟု
ခေါ်သား၊ မသြော်မအမ်း၊ ခန္ဓာသွမ်းကို၊ တက်လျှမ်း
ပြည့်ဖြိုး၊ ပဋ္ဌာန်မိုးလည်း၊ တန်းခိုးမမှု၊မြေကျော်ထန်၊
မြိုက်ရေကန်ဟု၊ ယဉ်သန်ချမ်းကြည်၊ တဘက်ဆည်
အား၊ မှိုးလည်ရှာဖွေ၊ မဆေးချေအံ့၊ မြုတေနိဗ္ဗာန်၊
ကန်ကားမိန့်ရေး၊ဆိုဘွယ်ဝေး၏၊ မရှေးပညာ၊ လူချင်း

(၁) တ-ခုံမင်လျက်လျက်၊

ငါဝယ်၊ ရောက်လှာသစ်သစ်၊ အာလုပ်လှစ်လျှင်၊ အပြစ်တပုံမကြီးတည်း။

ယထာ အရိဟိ ပရိရုဒ္ဓေါ၊
ဝိဇ္ဇန္တေ ဂမနေ ပထေ၊
နပလာယတိ သော ပုရိသော၊
နဒေါသော အဉ္ဇသဿ သော၊ ။
ဧဝံ ကိလေသပရိရုဒ္ဓေါ၊
ဝိဇ္ဇမာနေ သိဝေ ပထေ၊
နဂဝေသတိ တံမဂ္ဂ၊
နဒေါသော သိဝမဉ္ဇသေ။

ယထာပိ-ကား၊ အရိဟိ-ရန်သူတို့သည်၊ ပရိရုဒ္ဓေါ- ထက်ဝန်းကျင်ရံအပ်သော၊ပုရိသော-ယောကျ်ားသည်၊ ဂမနေ-ပြေးသွားရာဖြစ်သော၊ ပထေ-လမ်းခရီးသည်၊ ဝိဇ္ဇန္တေ- ရှိပါလျက်၊ သောပုရိသော-ထို ယောကျ်ား သည်၊ နပလာယတိ-မပြေးအံ့၊ သောဒေါသော-ထို မပြေးခြင်း တည်းဟူသော အပြစ်သည်၊ အဉ္ဇသဿ- ခရီး၏၊ နဒေါသော-အပြစ်မဟုတ်၊ တဿပုရိသဿ- ထို မပြေးသောယောကျ်ား၏၊ ဒေါသောယေဝယထာ- အပြစ်သာလျှင် ဖြစ်သကဲ့သို့၊ ၊ဧဝံတထာ-ထိုအတူ၊ ကိလေသပရိရုဒ္ဓေါ-ကိလေသာ တည်းဟူသော ရန်သူ သည် ခြံရံအပ်သော၊ ပုရိသော- ယောကျ်ား သည်၊ သိဝေ-ကိလေသာ တို့၏ ငြိမ်းရာဖြစ်သော၊ ပထေ- နိဗ္ဗာန်တည်းဟူသော ခရီးသည်၊ ဝိဇ္ဇမာနေ-ထင်ရှားရှိ

ပါလျက်၊ တံမဂ္ဂ-ထိုနိဗ္ဗာန် တည်းဟူသော ခရီးသို့၊ နဂဝေသတိ-မမှီးမကပ်အံ့၊ သောဒေါသော-ထိုသို့မမှီးမကပ်ခြင်းဟူသောအပြစ်သည်၊ သိဝအဥ္ဇသေ သိဝအဥ္ဇသသ-နိဗ္ဗာန်တည်းဟူသော ခရီး၏၊ နဒေါသော-အပြစ်မဟုတ်၊ တသပုရိသသ- ထိုမမှီး မကပ်သော ယောကျ်ား၏သာလျှင်၊ ဒေါသော-အပြစ်တည်း။

၄၇။ အကြင်သရော်၊ တတွေသော်တုံ၊ ဘော်ယှော်မနီး၊ မောသော ဆီးသား၊ ခရီးတောဝ၊ ကန္တာရ၌၊ ဖြဖြအုံအုံ၊ ရုံလေတုံသော်၊ ခွဆုံလမ်းလွှဲ၊ တဖြာကွဲ၍၊ ဖဲခွဲချန်ကျော်၊ ကြောင်းတော်ဗိုင်ဗိုင်၊ တောင်ကိုင်ပြေးကန်၊ လွတ်နိုင်တန်လျက်၊ မလွန်လေပဲ၊ လွှဲလွှဲကိုယ်ထူး၊[၁] မှိုင်ချေဦးအံ့၊ နမူးနထူး၊ ခိုးသား ပုးသား၊ သူရူးအသွင်၊ ယောကျ်ားဖင်နှင့်၊ ဘေးစင်လမ်းကြီး၊ ခရီးဖြင့်အား၊ ဤနှစ်ပါး၌၊ပြစ်မှားတင်၌၊ခရီးသာဝယ်၊ အငယ်မြူရှိ၊မယှိလေထွန်၊ မပြေးလွန်သား၊ ထိုကျွန်သူရှုပ်၊ ယောကျ်ားသွပ်၌၊ ကြပ်ကြပ်ဝါဒီ၊ ညီ၍ဆိုမြည်၊ တင်တန်သည်ကား၊ ၊တူးတည်ချွတ်ရာမသီးတည်း။၊

၄၈။ ထို၏သဖွယ်၊တို့ဝယ်လုံးခြုံ၊ လူတို့ဘုံ၌၊ ခွဆုံခိုးသူ၊မောသောဟူလည်း၊ မတူလှည့်ငြား၊ ဆဲ့ခြောက်ပါးသား၊ စိမ်းစားသုံ့ခတ်၊[၂] ဥပဒ္ဒဝေါ၊ တော၏အလယ်၊ တိတ်တိတ်ကွယ်၍၊ နှစ်ဆယ့်ငါးပါး၊ ဆီးဆတားလျက်၊ အန်အားထောင်ထောင်၊ ဘေးကုန်အောင်တည့်၊ အ

---

(၁) ပ,တ-လွှဲလွှဲကိုယ်မှူး၊
(၂) ပ,ဒ-စိမ်းစားသူခတ်၊

ပြောင်ညီစွာ၊ ခြိသော့ခါလျှင်၊ အရိယာသူဟောင်း၊ သွား တုံရှောင်း၍၊ လမ်းကြောင်းသာထွန်၊ တွင်လှမှန်သား၊ ရှစ်တန်မဂ္ဂင်၊ ခရီးထင်သို့၊ဖင်ဖင်မလိုက်၊ မသွားမိုက်၍၊ အမိုက်တလှိုင်း၊[၁] အပြစ်တိုင်းလျှင်၊[၂] ခိုင်းသည် ဆင်းရဲ၊ ကိုယ်၌မြဲ၍၊ နှစ်ကွဲ ဉါတွင်၊ စိစစ် ကျင်သော်၊ မဂ္ဂင်ရှစ် မည်၊ခရီးရှည်၌၊ မည်သည့်အပြစ်၊ မတင်ဖြစ်ခဲ့၊ နောက် နှစ်တဖန်၊ ရောက်လတ် ပြန်သည်၊ ၊ဝန်ကား တို့သို့ ဟုတ်မြှိုငယ်ငယ် ကြီးကြီးတည်း။

ယထာပိ ဗျာဓိတော ပုရိသော၊
ဝိစ္ဆမာနေ တိကိစ္ဆကေ၊
နတိကိစ္ဆာပေတိ တံဗျာဓိံ၊
နသောဒေါသော တိကိစ္ဆကေ၊ ။
ဧဝံကိလေသ ဗျာဓိဟိ၊
ဒုက္ခိတော ပရိပီဠိတော၊
နဂဝေသတိ တံအာစရိယံ၊
နသောဒေါသော ဝိနာယကေ။

ယထာပိ-ကား၊ ဗျာဓိတော- အနာနှိပ်စက်သော၊ ပုရိသော-ယောကျ်ားသည်၊ တိကိစ္ဆကေ-ဆေးသမား သည်၊ ဝိစ္ဆ မာနေ-ထင်ရှားရှိပါလျက်၊ တံဗျာဓိံ-ထို အနာကို၊ နတိကိစ္ဆာပေတိ-ဆေးမကုစေအံ့ ၊သောဒေါ သော-ထိုဆေးမကုစေခြင်းတည်းဟူသောအပြစ်သည်၊

---

(၁) တ—အမိုက်တထိုင်း၊
(၂) တ-အပြစ်တိုင်းလျှင်၊

တိကိစ္စကေ တိကိစ္စကာသ- ဆေးသမား၏၊ နဒေါ
သော- အပြစ်မဟုတ်၊ တဿပုရိသဿ-ထိုဆေးမကု
စေသောယောကျ်ား၏၊ ဒေါသောယေဝယထာ-အပြစ်
သာလျှင်ဖြစ်သကဲ့သို့၊ ၊ဧဝံတထာ-ထိုအတူ၊ကိလေသ
ဗျာဓိပဟိ- ကိလေသာ တည်းဟူသော အနာတို့သည်၊
ပရိဗိဠိတော- နှိပ်စက် အပ်သည် ဖြစ်၍၊ ဒုက္ခိတော-
ဆင်းရဲသော၊ ပုရိသော- ယောကျ်ားသည်၊ တံအာ
စရိယံ-ထိုကိလေသာအနာကို ဖျောက်ပေ တတ်သော
ဆေးသမားနှင့်တူသော ဆရာကို၊ နဂဝေသတိ-မရှာမှီး
အံ့၊သောဒေါသော-ထိုမရှာမှီးသောအပြစ်သည်၊ ဝိနာယ
ကေ ဝိနာယကာသ-ဆေးသမားနှင့်တူသောကိလေသာ
ကို ဖျောက်ပေတတ်သောဆရာ၏၊ နဒေါသော-အပြစ်
မဟုတ်၊ တဿေဝ-ထိုမရှာမှီးသောယောကျ်ား၏ သာ
လျှင်၊ဒေါသော-အပြစ်တည်း။

၄၉။ တထွေသော်လျှင်၊အကြင်တုံလည်း၊ ကြိုကြို
လှိုလှို၊တိတိမျှော့မျှော့၊ဖြော့တော့ထွေငေါ် ၊ဖက်ယော်
အတူ၊ကြိုသသူနှင့်၊ နူပြုလည်းတည်၊ အနာသည်လျှင်၊
လည်လည်မှီးမှီး၊ ကြံစည်သီးလျက်၊ ပြီးစီးမန္တန်၊ တတ်
ပွန်ဇေ်ာဂီ၊ တပသီဟု၊ ဗာဟီဗေဒင်၊ သိမြင် ကျယ်
ရှောင်း၊သမားကောင်းတိ၊ တည်းလည်းရှိလျက်၊ ကြိုက်
မိသောခါ၊ မကြာ တိုက်တွန်း၊[၁] ဆေးဝါးမန်း၍၊ အ
ပန်းကြီးမှု၊ မကုလိုက်ပဲ၊ ခါမြင့်မြဲသော်၊ ပေါက်ပြ

(၁) တ-ကြမ္မာတိုက်တွန်း၊

ရုတ်ထွင်း၊သေဘောပြင်းလျက်၊ ထိုယင်းအနာ၊ သည်း
လေရာ၏၊ ကြမ္မာလည်းထူ၊ ယောက်ျားနူနှင့်၊ သက်ကူ
ဇောဂီ၊နှစ်ပါး၏တွင်၊ဗာဟိတင်ရေး၊ ဝေးသည်ပင်ကို၊
ဝိဇ္ဇာရိုရ်ခ္ဓ၊အမိုက်ရှင်းရှင်း၊ရိပျင်းကင်း၏၊[1] "ထိုယင်းသူ
လောင်၊ အနာလှောင်အား"၊[2] ၊ပြစ်များ ကြိုးနှုယ်လ
ခွေတည်း။

၅၀။ ထို၏ပမာ၊အဝိဇ္ဇာနှင့်၊ တဏှာတာရှည်၊ နူနာ
တည်သား၊သုံးမည်လူတွင်၊အနာပင်ကို၊ မကြြင်နှစ်ဆစ်၊
"နင့်မှုညစ်ဟု"၊[3] အပြစ်ကင်းစေ၊ လွှတ်စနေဖြင့်၊ ဆေး
သေလေးကျောက်၊ မဂ်ရည် သောက်က၊ ရှင်မြောက်
လန်းလန်း၊ ကျွန်းအောင်တတ်ပွန်၊ ဈေးလွန်ဆရာ၊ အရိ
ယာဟု၊ဝိဇ္ဇာဓရ၊ထိုမျှသီးသီး၊နေ့နှုယ်ညီးလည်း၊အောင့်
အိုးလုံးကြည်း၊ သည်းညည်း ခံကာ၊ အနာကိုယ်ပြည့်၊
ဖြစ်ကြလှည့်လျက်၊ တည့်လည့်သာမျှ၊ မေ့လျော့ကြ၍၊
ကုသ လွှတ်ကြောင်း၊ ကောင်းသားတရား၊ ကြွားပေ အ
တီး၊သမားကြီးကို၊ရှာမှီးတင်းနာ၊ဝေးလံစွာခဲ့၊ အရာနှစ်
တည်၊၍သို့သည်ဌ၊အရှည်နိစ္စ၊သုံးမပေးတန်၊ ဆရာမွန်
ကား၊ဆိုဟာန်တိမ်းတင်၊[4] ရှင်းရှင်းစင်၏၊မိတ်ဝင်ကြောင်း
ကြောင်း၊ငြိမ်းဆေးလောင်း၍၊[5] ပူးပေါင်းတုပ်ဝပ်၊အကျိုး

---

(၁) ပ,ဒု-ရိဖျင်းကင်း၏၊
(၂) ပ-ထိုယင်းသူယှောင်၊အနာလောင်အား၊
(၃) ပ,တ-မပေါ၊
(၄) ပ-ဆိုဝန်ပြစ်တင်၊
(၅) တ-ငြိမ်းဆေးကျောင်း၍၊

နပ်ရော၊မကပ်ဆည်းမိ၊အပြစ်တိကား၊ ၊ရှိသည့်သူငါ
တို့ ပေတည်း။

ယထာပိ ကုဏာပံ ပုရိသော၊
ကဏ္ဍေ ဗန္ဓံ ဇိဂုစ္ဆိယံ၊
မောစယိတွာန ဂစ္ဆေ ယျ၊
သုခီ သေရီ သယံဝသီ၊ ။
တထေဝိမံ ပူတိကာယံ၊
နာနာကုဏာပ ပူရိတံ၊
ဆဍ္ဍယိတွာန ဂစ္ဆေ ယျံ၊
အနပေက္ခော အနတ္ထိကော။

ယထာပိ-ဥပမာ မည်သည်ကား၊ မဏ္ဍန ဇာတိကော-တန်းဆာဆင် တတ်သော သဘော ရှိသော၊ ပုရိသော-ယောကျ်ားသည်၊ သုခီ- ချမ်းသာစွာ နေလိုသည်ဖြစ်၍၊ သေရီ-အစိုးတရနေလိုသည်ဖြစ်၍၊ သယံဝသီ-မိမိအလိုအတိုင်း နေလိုသည်ဖြစ်၍၊ကဏ္ဍေ-လည်၌၊ ဗန္ဓံ-ဖွဲ့အပ်ဆွဲအပ်သော၊ ဇိဂုစ္ဆိယံ-စက်ဆုပ်ဘွယ်ရှိသော၊ ကုဏာပံ- အကောင်ပုပ်ကို၊ မောစယိတွာန-ဖြေချွတ်၍၊ ဂစ္ဆေ ယျံယထာ- သွားရာသကဲ့သို့၊ ၊တထေဝ-ထိုအတူလျှင်၊ နာနာကုဏာပ ပူရိတံ-အထူးထူးသော မိုးလောက်တို့ဖြင့် ပြည့်သော၊ ဣမံပူတိကာယံ-ဤအကောင် ပုပ်ကို၊ ဆဍ္ဍယိတွာန- စွန့်ပစ်၍၊ အနပေက္ခော- ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍၊ အနတ္ထိကော-အလိုမရှိသည်ဖြစ်၍၊ဂစ္ဆေ ယျံ-သွားလေအံ့။

၅၁။ ထိုမြို့တုံလျှင်၊ ပုံပြင်တခါ၊ ပမာမည်သည်၊ ရှာဖွေနှည်အံ့၊ သွေးပြည်ကျိကျိ၊ အရိရွှဲရွှဲ၊ လည်ဝယ်ဆွဲသား၊ လွဲလွဲချည်နှောင်၊ အပုပ်ကောင်ကို၊ ဟောင်ဟောင်ကြူကြူ၊ မရှုသက်ပိတ်၊ လောက်ဘိတ်လောက်ဘက်၊ ညိတ်မျှထွက်လျက်၊ ရွက်ရတုံကျင်၊ ဆင်းရဲမြင်သား၊ အကြင်သရော်၊ ယောကျ်ားတော်လည်း၊ လူဘော်တို့ဝယ်၊ အကယ်ကယ်လျှင်၊ များကြွယ်သောအား၊[1] ကြိုးကြားစုံရာ၊ ရှိတန်ပါ၏၊ ယုတ်မာကောင်ချို၊ ယောကျ်ားညှိကား၊ ထိုဤမတွေး၊ ပစ်၍ပြေးမှ၊ နွေးနွေးတဖန်၊ သက်လုံပြန်လျက်၊ ကိုယ်တန်ချမ်းသာ၊ နေရရာသို့၊ ပမာတိုင်တည်း၊ ထို၏နည်းလျှင်၊ ငါစင်သသူ၊ ပညာ ထူလည်း၊ အူအူစော်စော်၊ သရော်ထည်းဝင်၊ ကိုယ်မစင်၌၊ ဆံမျှင်မြူရှိ၊ မငြိတတ၊ မရှိမှတည့်၊ ပြည်မကြောင်းတော်၊[2] သွားရေးပေါ်အံ့၊ ၊ညှိစော်ကိုယ်နှင့် သင်းကွဲတည်း။

ယထာ ဥစ္စာရ ဌာနမှိ၊
ကရိသံ နရနာရိယော၊
ဆန္ဒယိတွာန ဂစ္ဆန္တိ၊
အနပေက္ခာ အနဏ္ဏိကာ၊ ။
ဧဝမေဝါဟံ ဣမံကာယံ၊
နာနာကုဏပ ပူရိတံ၊
ဆန္ဒယိတွာန ဂစ္ဆိဿံ၊
ဝစ္စံ ကတွာ ယထာကုဋိံ။

---

(၁) ပ,တ-များကျယ်သော့အား၊
(၂) ပ-ပြည့်မကျောင်းတော်၊

ယထာ-ဥပမာ မည်သည်ကား၊ နရနာဂရိယော-ယောက်ျား မိန်းမတို့သည်၊ဥစ္စာရဋ္ဌာနမှ-ကျင်ကြီးသွားရာဌာနဍ္ဍ၊ကရီသံ-ကျင်ကြီးကို၊ဆဋ္ဋယိတွာန-စွန့်ကုန်၍၊ အနပေက္ခာ-ငဲ့ကွက်ခြင်းကင်းကုန်သည် ဖြစ်၍၊ အနတ္ထိကာ-အလိုမရှိကုန်သည်ဖြစ်၍၊ဂစ္ဆန္တိယထာ-သွားကုန်သကဲ့သို့၊ ၊ဧဝမေဝ-ဤအတူလျှင်၊အဟံ-ငါသည်၊ဝစ္စံ-ကျင်ကြီးကို၊ ကတွာ-၍၊ ကုဏိ-ကျင်ကြီးအိမ်ကို၊ ဆဋ္ဋယိတွာန-စွန့်၍၊ဂစ္ဆိသံယထာ-သွားအံ့သကဲ့သို့၊နာနာကုဏပ ပူရိတံ-အထူးထူးသော အကောင်ပုပ်တို့ဖြင့်ပြည့်သော၊ ဣမံကာယံ-ဤခန္ဓာကိုယ် ကို၊ ဆဋ္ဋ ယိတွာန-စွန့်ပစ်၍၊ဂစ္ဆိသံ-သွားတော့အံ့။

၅၂။ ထိုမြို့တထူး၊ ဆိုတုံဦးအံ့၊ ညစ်ညူးရွားစ၊ တလွှဲ့ရှုံ့ရှာ၊ ရေအိမ်မှာဍ္ဍ၊ လာလာသသူ၊ ဦးဖြူဦးနက်၊ ကိုယ်လက်သုတ်သင်၊ထွက်ဝင်တစ၊မသိမကြား၊ စွန့်၍သွားသည်၊ယောက်ျားမိန်းမ၊နောက်ငဲ့မျှလျှင်၊တတ တဖန်၊ မရှိပြန်သို့၊တသွန်ခြင်းရာ၊ ဤခန္ဓာလည်း၊ ကြောင်းခြာတပြေး၊ တူဘိသေး၏၊ အရေးအလျောက်၊သဘောထောက်သော်၊ ညှိုဌေါက်နံစော်၊ ရေအိမ်သော်လည်း၊ အကျော်ဘဏီ၊ နှင်းသွေးသိ၍၊ မမှိကမ်းနု၊[၁] ကိုယ်တခုကို၊ "ကြည့်ရှုချေမှု၊ ရေအိမ်ဟူလည်း၊ မတူလှည့်နိုး၊ သည့်ထက်ဆိုး၏၊ ပုပ်သိုးမစင်၊ ဘင်တီးပြင်နှင့်၊နှင်းခြင်မရော"၊[၂] မလွှာယုကျွန်း၊ ညာထွန်းအမွန်၊ သရကွန်ဟု၊

(၁) ပ,ဒု-မမိကန်နု၊
(၂) ပ,တ-မပါ။

ကျောက်တန်ဂိဝါ၊ နံ့သာအလုံး၊ အတုံးတုံးတိ၊ တောင်ရှိရှိလျှင်၊ မိမိရမ်းရမ်း၊ လိမ်းကျံမွှမ်းလည်း၊ ထဲဝှမ်းညှိစေး၊ စင်မှုဝေး၍၊ ညစ်ကြေးလူစွာ၊ ဤခန္ဓာကို၊ တွယ်တာမရှု၊ စင်ကြောင်းပြုအံ့၊ ဂရုကတ၊ "လေးပင်လှလျက်"၊ (၁) များစွမလေး၊ အစင်ဆေးသော်၊ ၊အရေး ငါ၌ မခဲတည်း။

ယထာပိ ဇဇ္ဇရံ နာဝံ၊
ပလုဂ္ဂံ ဥဒကဂါဟိနိံ၊
ဆဍ္ဍယိတွာန ဂစ္ဆန္တိ၊
အနပေက္ခာ အနတ္ထိကာ၊ ။

ဧဝမေဝါဟံ ဣမံကာယံ၊
နဝဆိဒ္ဒံ ဓုဝဿဝံ၊
ဆဍ္ဍယိတွာန ဂစ္ဆိဿံ၊
ဇိဏ္ဏနာဝံဝ သာမိကာ။

ယထာပိ-ဥပမာမည်သည်ကား၊ သာမိကာ-လှေရှင်တို့သည်၊ဇဇ္ဇရံ-ဆွေးမြည့်ပြီးထသော၊ ပလုဂ္ဂံ-ပျက်စီးပြီးထသော၊ဥဒကဂါဟိနိံ-ရေတဖျင်ဖျင် ယိုထသော၊ နာဝံ-လှေကို၊ ဆဍ္ဍယိတွာန-စွန့်ကုန်၍၊ အနပေက္ခာ-ငဲ့ကွက်ခြင်း ကင်းကုန်သည်ဖြစ်၍၊ အနတ္ထိကာ-အလိုမရှိကုန်သည် ဖြစ်၍၊ ဂစ္ဆန္တိယထာ-သွားကုန်သကဲ့သို့၊ ၊ဧဝမေဝ-ဤအတူလျှင်၊ နဝဆိဒ္ဒံနဝဆိဒ္ဒေဟိ-ကိုးပါးသော အပေါက်တို့မှ၊ ဓုဝဿဝံ-မစင်မကြယ်၊

(၁) ပ,တ-မပါ။

စက်ဆုပ်ဘွယ်ကို မပြတ်ယိုစီးစေတတ်သော၊ ရွှံကာယံ-ဤခန္ဓာကိုယ်ကို၊ သာဓိကာ-လှော်ရှင် တို့သည်၊ ဖိဋ္ဌာနာဝံ-ဆွေးမြည့်ပြီးသောလှေကို၊ ဆန္ဒယိတွာန-စွန့်ကုန်၍၊ ဂန္တုန္တိယထာ- သွားကုန်သကဲ့သို့၊ ဆန္ဒယိတွာန-စွန့်၍၊ဂန္တုံ-သွားတော့အံ့။

၅၃။ တဝေထွန်းနိုင်းရှုပုံတချဖြင့်၊ တူလုလျှောလျှော၊ ကြိမ်၍ပောာအံ့၊ သဘော်ာထိန်းစိုး၊ ရေတရိုး၌၊ အဘိုးခစား၊ လှေသမားသည်၊ ဦးဖျားဝမ်းလှိုင်၊ နံကိုင်သလင်း၊ စပ်ကွင်းမင်းဘာ၊အဖြာဖြာလျှင်၊ ကွာခဲ့သံချွန်း၊ မြှော့ပန်းမကပ်၊ ပျဉ်စပ်ငပ်ငါး၊ ထေးဖာငြားလည်း၊ များများမအပ်၊ရိပွပ်စွာပြီး၊ မစီးနင်းကောင်း၊ ဆိုးရွားပောင်း၍၊ သယောင်းသွင်သွင်၊ ကမ်းမေးတင်လျက်၊ ပြုပြင်နှောင့်နှေး၊ လှေယိုဆွေးအား၊ ဦးလေးတင်ဝန်၊ စွန့်ခဲ့ဟန်သို့၊ တသွန်နည်းခိုင်း၊ထိုအနိုင်းလျှင်၊ နေ့တိုင်းပပ်လှ၊ ကိုးပါးဝမှ၊ ကျတုံအဂုမ်း၊စမ်းနှယ်လည်းယို၊ ဥဒဟိုတည့်၊ “ထိုထိုမစင်၊ ဘင်ကစသည်၊ အရည်အရိ၊ တံစီးညှိတွင်း၊ အိုင်ကျင်းကမ်းဂုမ်း၊ ပြည့်သည်စမ်းသို့၊ထွက်လျှမ်းဖြင်ညီး၊ ညစ်ကျိစီးသား၊”[၂] သို့ကြီးနံဟောင်၊အပုပ်ကောင်ကို၊ စင်အောင်သန့်သန့်၊လိုလွှန့်ကွန့်အံ့၊ ၊အဝွန့်မရှည်စေပဲတည်း။

---

(၁) ပ,ဒု-သရောင်းသွင်းသွင်၊

(၂) ပ,တ-ထိုထိုဖြင်ညီး၊ ယိုပြိုက်စီးသား၊

ယထာ ပုရိသော စောရေဟိ၊
ဂန္တွာနွော ဘဏ္ဍမာဒါယ၊
ဘဏ္ဍနွေဿ ဒ ဘယံ ဒိသွာ၊
ဆဍ္ဍယိတွာန ဂစ္ဆတိ၊ ။

ဧဝမေဝ အယံကာယော၊
မဟာစောရသမောဝိယ၊
ပဟာယိမံ ဂမိဿာမိ၊
ကုသလဿနွေ ဒနဘယာ။

ယထာ-ဥပမာမည်သည်ကား၊ ပုရိသော-ခရီးသွား ယောကျာ်းသည်၊ အနညာယ-ခိုးသူမှန်း မသိသဖြင့်၊ စောရေဟိ-ဥစ္စာထုပ်ကို လုယူတတ်သော ခိုးသူတို့နှင့်၊ သဒ္ဓိံ-အတူတကွ၊ ဂန္တွာနွော-အဝေးနှံ့ရှည်သော ခရီးသို့ သွားသည်ရှိသော်၊ ပစ္ဆာ-နောက်မှ၊ သဋ္ဌာနိတွာ-ခိုးသူ မှန်းသိ၍၊ ဘဏ္ဍနွေဿ ဒဘယံ-ဥစ္စာ ကို လုယူအံ့သော ဘေးကို၊ ဒိသွာ-မြင်သောကြောင့်၊ တေစောရေ-ထိုခိုး သူတို့ကို၊ ဆဍ္ဍယိတွာန-စွန့်ထားခဲ့၍၊ ဘဏ္ဍံ-ဥစ္စာထုပ် ကို၊ အာဒါယ-ယူဆောင်၍၊ ဂစ္ဆတိယထာ-သွားလေ သကဲ့သို့၊ ၊ဧဝမေဝ-ဤအတူလျှင်၊ အယံကာယော- ဤကိုယ်သည်၊ ယသ္မာ-အကြင်ကြောင့်၊ မဟာစောရ သမောဝိယ-သူတော်ကောင်းဥစ္စာ တည်းဟူသော ကု သိုလ် ဘဏ္ဍာထုပ်ကို လုယက်တတ်ရကား ခိုးသူကြီး နှင့်တူသည်သာလျှင်တည်း။ တသ္မာ-ထိုကြောင့်၊ ကုသ လဿနွေဒနဘယာ-သူတော်ကောင်းဥစ္စာ တည်းဟူသော

ကာသိုလ်ဘဏ္ဍာထုပ်ကိုလုယူအံ့သည်မှ ကြောက်သော ကြောင့်၊ ဌာမံကာယံ-ခိုးသူကြီးနှင့် တူသော ဤခန္ဓာကိုယ်ကို၊ ပဟာယ-စွန့်၍၊ ဂမိဿာမိ-သွားတော့အံ့၊ ဣတိ-သို့၊ စိန္တေသိ-ကြံ၏။

၁၄။ ထိုမြို့တုံလျှင်၊ အကြွင်ဘွယ်ရာ၊ ဥပမာကား၊ ဥစ္စာသိမ်းဆည်း၊ ကိုယ်ချည်းတခု၊ ပုလုလည်ဝယ်၊ ထုပ်ပိုး လွယ်၍၊ ဥပါယ်တံမျဉ်၊ ပညာညာဉ်ဖြင့်၊ မယှဉ်ရိပ်ခြည်၊ လက်သည်သလွှန်း၊ သူမှန်းရှေးဦး၊ မသိဘူး၍၊ ရပ်ကျူးခရီး၊ သွားဘက်မှီးသေ၊ စီးစီးနင်းနင်း၊ ထိုယင်းလွယ်ရာ၊ ပါသည်ခပ်သိမ်း၊ ရရုံမြိမ်းလျက်၊ ကြိမ်းအောင်ရစ်ဝဲ၊ ခိုးစဉ်းလဲတို့၊ မဲလတ်သရော်၊ မလိုက်တော်သည်၊ သွားဘော်ငါနှင့်၊ မည်မသင့်ဟု၊ လေလွင့်အသွင်၊ ၄က်နှယ်လျှင်လျက်၊ လွတ်ချင်မရှူး၊ မိမူးမူး၍၊ မပူးကိုယ်တိုင်၊ ခွါထွက်နိုင်သည်၊ ကြံခိုင်တံ့စား၊ ယောကျ်ားလားသို့၊ တည်ကြားဖြောင့်စွာ၊ သဒ္ဓါသိတင်း၊ အရင်းနှစ်ချ၊ ရှက်ကြောက်မှုနှင့်၊ ဗာဟုသစ္စ၊ စာဂပညာ၊ ရတနာဟု၊ ဥစ္စာအကျော်၊ ခုနစ်ဘော်ကို၊ သူတော်အမျိုး၊ ရအောင်ကြိုးလည်း၊ ကိုယ်ဆိုး၏ယင်း၊ အယွင်းယွင်းလျှင်၊ ရှင်းရှင်းကုန်စေ၊ အထွေထွေတည့်၊ ယူချေလောကီ၊ (၁) ရမွက်ညှီဖြင့်၊ သင့်စေကာကာ၊ ပါယ်လေးရွာသို့၊ နာနာသိပ်ဖြည့်၊ ပစ်ချထည့်သည်၊ ကိုယ်၏သဘော၊ ရွှေရွှေလျှောလျက်၊ နှမြောမဲ့ပါ၊ သူတော်ငါကို၊ ရံခါမစဲ၊

---

(၁) ဒု-ရှုချေလောကီ၊

ဖျက်လေမြဲဟု၊ မလွဲထွေငေါ်၊ကြီးဆသော်လျှင်၊ သွား
တော်ပြုမှား၊ခိုးသူလားသို့၊ပစ်သားစတော၊ မှတ်သိလေ
မှု၊ရုပ်ကာယဟု၊စောရမည်သား၊ လက်သည်မပြု၊ ရန်
သူမလာ၊အောင်မြေချာဖြင့်၊ဒိပါမော်ယွန်း၊ နိဗ္ဗာန်ကျွန်း
သို့၊စွန်းစွန်းသွားလိမ့်၊ ၊ရှောင်ရှားလက်လွှတ် သင်း
ကွဲတည်း။

နေကွမ္မပရိယေယသန စိန္တာခန်း ပိုဒ်ရေ ၁၆-ပြီး၏။

(၆) မဟာဘိနိက္ခမနခန်း

ပိုဒ်ရေ-၁၀

ဇဝါဟံစိန္တယိတွာန၊
နေကကောဋိသတံ ဓနံ၊
နာထာနာထာနံ ဒတွာန၊
ဟိမဝန္တ မုပါဂမိ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ဇဝံ-ဤသို့၊အဟံ-
ငါသည်၊စိန္တယိတွာန- ကြံပြီး၍၊ အနေကကောဋိသတံ-
ကုဋေအရာမကသော၊ ဓနံ-ဥစ္စာကို၊ နာထာနာထာနံ-
ကိုးကွယ်ရာရှိသောသူ၊ကိုးကွယ်ရာ မရှိသော သူတို့
အား၊ ဒတွာန-ပေးခဲ့၍၊ဟိမဝန္တံ- ဟိမဝန္တာသို့၊ဥပါဂ
မိ-ကပ်လေ၏။

၅၅။ တဆဲ့တပါး၊ လူ၌ပြားသား၊ မိးပွါးရှည်းရှည်း၊
ဟူးဟူးလျှဉ်းသော်၊ နှေးဖျဉ်းမပျင်း၊ ဆယ်ချပ်လျှင်း

(၁) ပ,တ-ကျန်းကျန်းသွားလိမ့်၊

၍၊ ဟောင်းမြင်း ဆည်းဆူ၊ ကုသိုလ် ဟူသား၊ အလှူရတနာ၊ ဇရှးကဌါဖြင့်၊ လောင်စာမရှိ၊ မီးမငြိသည်၊ သိရိစည်းစိမ်၊ နိဗ္ဗာန်အိမ်ကို၊ ချမ်းငြိမ်စမ္ပာယ်၊ နေလိမ့်ရှယ်လျက်၊ ဗလှယ်ကုန်ကြီး၊ ဝယ်ခဲ့ပြီးလည်း၊ ခရီးကြောင်းလျှား၊ စဉ်းဝါးမသိ၊ ချွတ်လိန္နီးနိုး၊ ငါရှေ့ရိုးမှ၊ ဝံ့တိုး ချင်းနင်း၊ သွားတိုင်း လင်းလျက်၊ သိတင်းကျင့်ဝတ်၊ ပဋိပတ်ကို၊ ဆွတ်ဆွတ် ခင်ယင်၊ ဖြည့်ကျိုး ထင်သည်၊ တောင်တင် ညာထား၊ ငါ့ ချစ်သား၊ ၊ဖြစ်လား ကောင်းတေ၊ မှတ်ကုန်လေလော့၊ သနေ့်ချလေးထပ်၊ ဘဝစပ်ဖြင့်၊ သိန်းကပ်ကျူးကျော်၊ ညာထွန်းပေါ်သည်၊ ထိုရော်အခါ၊ သုမေဓါဟု၊ ငါသည်သည်းကောင်း၊ အလောင်းဖြစ်သေး၊ လုလင်ထွေးကား၊ မိုက်မြေးမြူတိ၊ ရမ္မက်ရှိသော်၊ ဝိစိကိစ္ဆာ၊ သက်ာလည်းယှဉ်၊ ပုထုဇဉ်အား၊ တရားနိဗ္ဗာန်၊ မမြင်တန်၍၊ သန္နိဋ္ဌာန်ကျကျ၊ မချွံ့ပဲ၊ ဤသို့လွဲလျက်၊ ခပ်ဝှဲနည်းသွေး၊ အရေးရေးတိ၊ ကုလေးကုလား၊ အပြားပြားလျှင်၊ သောကားပီပီ၊ သနိသနဲ၊ ကြိန္နက်နှဲ့လျက်၊ ခွဲခွဲခြမ်းခြမ်း၊ ငါ၏ဝမ်း၌၊ နှလုံးပိုက်ဖြင့်၊ ၊စိုက်စိုက် စာနာမိသတည်း။

၅၆။ ဆဲ့ခြောက်သနေ့်၊ ကပ်လုံးကြော၍၊ လူ့ဆွေမြတ်မွန်၊ အဖန်ဖန်လျှင်၊ နိဗ္ဗာန်ပျော်မိန်း၊ အသိန်းသိန်းတိ၊ ရွှင်ဖိန်းပညာ၊ ပွင့်သောခါက၊ ဆိုရာမသိ၊ လုံ့လမှီးလျက်၊ မှုကြီးလုပ်ကြံ၊ သူမြတ်ထံ၌၊ အကမ္ဘာဘာ၊ လော့လာစွာလျှင်၊ ပြည်သာပဝရိ၊ ရှိမှန်းသိလည်း၊ ဓာတိ

ပြိုကွဲ၊ ဘဝလှဲကာ၊ မေ့မြဲသမှု၊ တဘာန်နှု၍၊[1] နည်းတု ညွန်ညွန်၊[2] မြိုက်နိဗ္ဗာန်ကို၊ အဟာန်သာမျှ၊ ပိုးဝါးဆလျက်၊ ချက်ကျစပ်စပ်၊ ဆိုအပ်မဖြစ်၊ မြင်တစ်တစ်ဖြင့်၊ စိစစ် ထင်ပြ့၊ မသာခဲ့တည့်၊ မဟဲ့မရှိ၊ ရပ်သိရိအား၊ အတ္တိ ထွေငေါ်၊ နက်စံဘော်၍၊ ၊အရော်ငါဖမ်းမိသတည်း။

၅၇။ ဆယ်လံအစောက်၊ ရေထဲအောက်သို့၊ ထုတ် ချောက်ရပ်ရပ်၊ ရုံးရုံးငုပ်၍၊ စမ်းချပ်သရော်၊ သူပေါ် စိမ်းစား၊ တံငါသားလျှင်၊ လည်ကျားသုံးရစ်၊ မည်းချစ် ရင်ပြောက်၊ ရေမြွေဟောက်ကို၊ လန့်ကြောက်မရှိ၊ ငါးဟုမိ၍၊ လည်စိကိုင်ဆုပ်၊ ဝမ်းသာရုပ်ဖြင့်၊ သူနှုပ် ကျွန်လျော်၊ ကြည့်လျက်ပေါ်သော်၊ မြော်ကတုံးတုံး၊ အလှူဆုံးဟု၊ နှုလုံးမဆံ့၊ ရင်တီးအံ့သို့၊ သိနှံ့ပညာ၊ ထိုရော် ငါလည်း၊ ပမာဉာ်တူ၊ စည်းစိမ်ထူ၍၊ ရှိန်းပူမထိ၊[3] ချမ်းသာရှိလျက်၊ သတိမြင်ကျယ်၊ သူတော်နွယ်ကို၊ ယိုးမယ်မှဲ့လျှင်း၊ အချင်းစစ်ဖွေ၊ ကြံတုံချောကာ၊ မွေးရေ ခပင်း၊ နှုလုံးတွင်း၌၊ သားညှာင်းအသွင်၊ မီးဝယ်ကင်သော်၊ ပိတ်ပင်မပြန့်၊ ရှုံ့ရှုံ့တွန့်လျက်၊ ကြောက်လန့်ထိတ်စွာ၊ ဘော်သုံးရွာတွင်၊ ဝါဝါလည်းလောင်၊ လူတို့ဘောင် ကား၊ ၊ပြောင်ပြောင်ငါ့အား ညိသတည်း။

---

(၁) ဒု-တဖန်ရှု၍၊
(၂) ဒု-ကျွတ်ဆုညွန်ညွန်၊
(၃) ပ,ဒု-ရိပ်ပူမထိ၊

၅၇။ ကြိုလေကြိုလေ၊ သိတိုင်းဖွေသော်၊ အတွေ့
အပြား၊ ဝန်းလျားသမှ၊ အတန္တုအား၊ ကျွတ်လုခါနီး၊
ပုဏ္ဏားကြီးလျှင်၊[၁] သုံးသီးလောက၊ ချမ်းသာဝဋ္ဋ၊ မြို့မျှ
မထင်၊နှလုံးဖင်သို့၊မျိုးခင်ရှေးလွန်၊စာရင်းကန်ကို၊သူမွန်
မှုဆော်၊ ဘတ်လတ်သော်တည့်၊ ကြောက်ငေါ်လန့်စ၊
ကြိမ်းကြိမ်းထလျက်၊ ဥပနိဿရည်း၊ ရချင်သည်း၍၊
ကျိုးမည်းကံဆိုး၊ ရေယဉ်ရိုးဝယ်၊ ပုပ်သိုးဆင်ကောင်၊
စားသောယောင်သို့၊ တတောင်လည်လည်၊ အောက်
လေးမည့်တွင်၊ ချွတ်သည်မရှိ၊ ကျကုန်တိဟု၊ သိဘိ
အဝါး၊ လူ့အလားကို၊နွားပါးလည့်လှ၊သံဝေဂဖြင့်၊ သာ
ရပင်စည်၊ ကောင်းမှုမည်သား၊[၂] စံတည်အလှူ၊ ယူအံ့
သော၌၊မျက်နှာရှစ်ရပ်၊ရေမြေကွပ်သား၊အရပ်သနင်း၊
မင်း၏ဥစ္စာ၊ရွှာဝယ်တည်က၊မည်ပေထဟု၊ ဘွယ်ရာရှု
၍၊စိုးပြုထိုတွင်၊ ပြည်ကြီးရှင်အား၊တိုင်ကြားချေပြီး၊မြေ
ကြီးကြည်းငေါ်၊လှူစည်ဆော်သည်၊ ၊သံကြော်မိုးယပ်
ထိသတည်း။

၅၈။ အသက်ရှည်ကျိုး၊ရှစ်ပါးမျိုးအား၊မြတ်နိုးတနှာ
သိပ်သည်းစွာလျက်၊ ခန္ဓာရုပ၊ ဤကာယ၏၊ လေးဆ
ကောင်းစစ်၊ကိုယ်အနှစ်နှင့်၊တဖြစ်တခါ၊စဝေးလှာသည်၊

---

(၁) ဒု-ရဟန်းကြီးလျှင်၊

(၂) ဒု-ကောင်းမှုမည်သား၊ ကြည်ဘွယ်မဲ့လျှင်း၊ ပမာခင်းအံ့၊ ကြွင်းဘွယ်မရှိ၊ သိန္နိမြင့်ကြည်၊ စံတည်အလှူ၊

ခန္ဓာအမျိုး၊အမှိုက်ဆိုး၌၊ ပုထိုးရုလား၊ [1]အနှစ်ပွါးသော်၊
ဆယ်ပါးဝဋ္ဋ၊ လှူဆယ်ချကို၊ ဂရုကာတ၊ လေးပင်လှ
လျက်၊ပျောက်ရှမ့်ပဲ၊ ပုလဲတမူး၊ အထူးမွှေလျော်၊ ကြံ
သိမြော်သည့်၊လူဘောင်တို့ဝယ်၊ကောင်းကြွယ်ပင်စည့်၊
အလှူသည်နှင့်၊တလည်လည်ပင်၊မြင်သားဆင်းရဲ၊လူနှစ်
ကဲ့ကို၊အမြဲမှတ်သား၊သုံးစွဲများ၍၊တပွါးတပွါး၊ အဆင့်
အားဖြင့်၊ရှေးဖျားမဆွ၊စွန့်ဝံ့မှလျှင်၊ ရအံ့နောက်နှောင်း၊
အကောင်းကောင်းဟု၊[2] လုံးပေါင်းစိတ်ဖြာ၊ သုမေဓါ
လည်း၊နှောင်ခါအကျိုး၊ နပ်ရာကြိုးလျက်၊ ၊ကြံခိုးနှလုံး
ရှိသတည်း။

၆၀။ အကုဋေဋေ၊ကမ္ဘာကြေလည်း၊မကွေမကွာ၊
ပွါးကာကာလျှင်၊ဝါသနာသတ္တိ၊ လှူဘုန်းရှိ၍၊ ပါရမီမျိုး၊
ဥစ္စာတို့ကို၊ မည်သို့မမှည့်၊ သူ့လိုဖြည့်လျက်၊ အင်ပြည့်
အင်ရွှဲ၊ပေးပြီးရဲမှ၊နိဗ္ဗာန်မသို့၊ညွတ်လှလေသုံး၊ ရည်နှလုံး
ဖြင့်၊ ကျုံးကာရှက်စေ၊ လူမိုလ်ခြေဟု၊ မဝေခြမ်းနိုင်၊
ရွှေငွေစိုင်ကို၊ဆိုင်ပေပုံယင်၊အိမ်တွင်ရှိမှ့်၊ ထုတ်စေခဲ့၍၊
ပွဲသွဲ့လုံးစုံ ၊ရွှေဝယ်ပုံပြီး၊အံ့ဖွဲ့ချီးသည့်၊ ပြည်ကြီးဘေး
လွတ်၊ အရိမဒ္ဒအား၊ မချွတ်လိုချင်၊ စန္ဒန်းတင်လျက်၊
မျက်ရှင်အမြိုက်၊ပြည်ထိုက်အလေး၊ဆန်မှည့်ပေးသို့၊ ၊
တပြေးငါ၌ ယှိုသတည်း။

၆၁။ စကြာဝဠာ၊တခန်းဝါ၌၊ မြေချာဝန်းကျင်၊
အကျည်ဆင်၍၊ ကောင်းကင်အဆုံး၊ မိုးပတ်ကုံးလျှင်၊

---

(၁) ဒု-ပုဆိုးစုလျား၊
(၂) ပ,ဒု-အခေါင်ကောင်းဟု၊

တောင်လုံးဗဟို၊ မြင်းမိုရ်ရှိရှိ၊ ရွှေတိစွင့်စွင့်၊ ဆင့်ကာ လက်ငင်း၊ဝယ်တုံလျှင်းလည်း၊ဘိုးပြင်းပေးကာ၊ မရရာ သည်၊ချမ်းသာဝင်းဝင်း၊ ပြည်မင်းဗိမာန်၊ မြိုက်နိဗ္ဗာန် နှင့်၊မတန်မရာ၊မဟူသာတည့်၊အခါတော်မိ၊ရပ်သိရိကို၊ မရှိမရ၊ဤသည်မှျဖြင့်၊ တသော်လွယ်ကာ၊ ရစိမ့်ဌာဟု၊ အရာကုဋေ၊ရွှေနှင့်ငွေကို၊ရွာနေဗိုလ်လူ၊ဆင်းရဲသူအား၊ လှူတုံမချန့်၊ အစို့သွန်လျှက်၊ ပေးစွန့်ရိုးရိုး၊ နိဗ္ဗာန်မျိုး ကို၊ ၊စိုက်ပျိုးငါဖြန့် ချိသတည်း။

၆၂။ ဇာနွှနီလာ၊မသာရဂလ်၊ရောင်ဝှန်ရှိန်စော်၊ ဝေ ရော်စန၊ကျောက်မျိုးစသည်၊ မွမ်းမှုထိုထို၊ အရှင့်နှယ်မို ၍၊အလိုခပ်သိမ်း၊ ငြိမ်းစေတတ်လျှင်း၊ အမျက်မင်းတိ၊ ဝင်းဝင်းညိုသား၊ ဂိရိတောင်မြ၊ဝေပုလဉ္စ၊ ချက်ရောက် ကြိုက်လျက်၊ သူမိုက်တောသွား၊ ယောကျ်ားနွားသည်၊ အငြားအတော်၊တောင်ကျော်ရောက်ကျိုး၊ မစိုးကြောင့် ကြ၊ကြွယ်ဝပါးရေး၊အသက်မွေးမှု၊တခုခုကို၊ ကြည့်ရှု မကောက်၊မီးသွေးကျောက်အား၊ ယူမှားခဲ့ပြီး၊ ရွာခရီး သို့၊မှီးလေတဖန်၊ ကျော့ကျည်းပြန်မှ၊ စိုးရိမ်ရသို့၊ နိုင်း ဆထုံးယူ၊ ထိုအတူလျှင်၊ ဤလူတဇာစ်၊ ကိုယ်အဖြစ်၌။ မနှစ်မရှား၊ကြိုက်ပါငြားလည်း၊ရှည်လျားနောက်နောင်၊ ချမ်းသာအောင်ဟု၊အခေါင်မကြီ၊ကုသိုလ်ကံ၌၊ ပေါ်လျှံ စရိုက်၊ မိုက်မိုက်မဲမဲ၊ ဇုန်းငရဲကား၊ မြဲမြဲမတာ၊ကြမ္မာ ခေါ်နိုး၊ ဆင်းရဲကြီးသည်၊ လုံးသီးလုံးပေါ၊[၂] သဘော

(၁) ပ,တ-တောင်ကျော်တိုင်ကျိုး၊

(၂) တ-လုံးသီးလုံးမော၊

ညစ်ညမ်း၊လူတမ်းစေ့ဆန်း၊ ဗိုလ်အဝန်းကို၊ သွမ်းမှန်း ထွေငေါ်၊ သိလတ်မြော်၍၊ သူတော်မြတ်စွာ၊ သုမေဓါ ကား၊ ရတနာအလှူ၊ကြံ၍ယူက၊လူ၏အဖြစ်၊ မနစ်စရာ၊ မြတ်သည်သာဟု၊ချွတ်ရာမဲ့လျှင်း၊အရေးခင်းလျက်၊ ၊ စိုင်းပြင်းပုံပြင်ညှိသတည်း။

၆၃။ တလံခန္ဓာ၊ ဝမ်းတထွာ၌၊ရိက္ခာဖြင့် အား၊ ဆန်ကွမ်းစားနှင့်၊ အသွားလေးတောင်၊ တထည်ဆောင် က၊ အခေါင်မနည်း၊ ကုံသည်ချည်းလျက်၊ ပစ္စည်းပယံ၊ တောင်ရှိမံလည်း၊ အကြံမချ၊ အားမရတည့်၊ လုံ့လ ကြိုးစား၊ တဖျင့်ယားလျှင်၊မုန်းထားခံရေး၊ ငရဲဘေးကို၊ ခွေးမြစ်ရေဟာန့်၊ လိုလွန့်စိုးပိုင်၊ မနိုင်မကာန်၊ ငါ့ကျွန် ငါ့အိမ်၊ စည်းစိမ်ငါ့ဥ၊ ဥစ္စာရွှေငွေ၊ ငါ့မိုးမြေဟု၊ ဆည်း လေတုံတုံ၊ မလုံလိုသီး၊ အဆန်းကြီးလျှင်၊ ဟူးရိုးဟူး ရာ၊ လုံးပမ်းရှာသည်၊ အာသာပြင်းထု၊ ဤအမှုကို၊ နည်း ယူတွေးခေါ်၊ ရှုးစမ်းသော်လည်း၊မျိုးဘော်မဆံ၊လုံးလုံး ကြံ၍၊ဟစ်ပျံဆွေ့ဆွေ့၊ဤရွှေငါ့ဥ၊ ဤမှာငါ၏၊သိမ်းမှည့် ဤရွက်၊ဤအခက်ဟု၊ရမွက်ငယ်ငါး၊ဟန့်ဆီးတားလျက်၊ များများသင့်ချည်း၊စားလည်းမကုန်၊ ပြေးချန်လှည့်ပတ်၊ မြည်တမ်းရွတ်သည်၊ ညောင်ကြွတ်ပင်ထက်၊ မယှဉ်ဖက် နှင့်၊ နှိုင်းချက်ချေသော်၊ တပြေးလျှော်ဟု၊လူစော်နံကာ၊ ဖြစ်ပါလှာငြား၊ ဝန်တိုများကို၊ ပစ်သားမှတ်လျှင်း၊'

(၁) ပ,တ-မလုံလေသီး၊
(၂) ပ,ဒု-ပြစ်သားမှတ်လျှင်း၊

အသည်းတွင်းက၊ မယွင်းနည်းသွေး၊ သူမှန်းဆေးအား၊ များများမကြိုက်၊ ဥစ္စာတိုက်ဟု၊ အမှိုက်ကြောင့်ကွင်း၊ ပြိတ္တာတွင်းဝယ်၊ ၊ပြေးဆင်းငါမပြိုသတည်း။

၆၄။ အထွေအထွေ၊ ဤသို့ဖွေ၍၊ ဝေဝေခွဲခွဲ၊ နှလုံးထဲ၌၊ လိပ်ခဲတည်းလည်း၊မှတ်ခြင်းသည်းလျက်၊ပစ္စည်းကုန်အောင်၊ စွန့်ပြီးနောင်မှ၊ လူ့ဘောင်မရှိ၊ လောကိရမွက်၊ တစက်မစွန်း၊ ရဟန်းလည်းပြု၊ ၄စ်ခုအင်္ဂါ၊ သမာပတ်မွန်၊ ဘိညာဉ်ချာန်ကို၊ရံဘန်မညှိုး၊ ပွင့်အောင်ကြိုး၍၊ မစိုးချမ်းသာ၊ နေလိမ့်ငါဟု၊ ဒိမ်ရာကျိုကြ၊ တံခါးစသည်၊ ထိုမျှခပင်း၊ အကျန်ကြွင်းကို၊ လင်းလင်းလည်းလှစ်၊ ပြစ်ပြစ်လိုလွန့်၊ မခန့်မတွက်၊ စိတ်ဝက်မထား၊ လေးစားမထင်၊ ဘင်နှင့်တရှိ၊ စက်ဆုပ်မိ၍၊ ရိမရှားလျှင်း၊ ကျေးသင်းကျွန်ပင်၊ ဆွေမျိုးခင်အား၊[1] မင်နောက်တွယ်၊ ငိုရယ်ကြကာ၊ သိန်းရာကုဋေ၊ မြစ်ထာလေလည်း၊ အထွေဆန်ဆန်၊ ဟိမဝန်သို့၊ ဘမွန်မြတ်စွာ၊ထိုရောင်ငါကား၊ ၊မကြာကပ်လေဘိသတည်း။

မဟာဘိနိက္ခမနခန်းပိုဒ်ရေ-၁၀ ပြီး၏။

(၇) ဝိသုကမ္မနိမ္မာနခန်း

ပိုဒ်ရေ-၃

၆၅။ ဤသို့သူတော်၊ ပုဏ္ဏားကျော်သည်၊ ထိုရောင်အခါ၊ ဟေမာတော၀၊ ဝင်လေစ၌၊ မာဃနတ်မင်း၊

---

(၁) ပ,တ-ဆွေမျိုးထင်အား၊

ကြည့်မိလျှင်း၍၊ အချင်းမှုခံ၊ ဝိသုကံအား၊ ခေါ်၍ကြား ၏၊ ပုဏ္ဏားသူတော်၊ ရှင်ဖြစ်ရေဲလျက်၊ တောလျှင် ထွက်၏၊ နှိုင်းခက်လွန်ကဲ၊[1] လူ့ခပဲတို့၊ ပြုခဲ့ကျင့်စွာ၊ တောသို့လာသသား၊ ရှင်လျှာအလောင်း၊ ဤသူကောင်း ကို၊ ကျိန်းအောင်းစေ၄ါ၊ နေရာသာလည်း၊မကြာလျှင် ထွေ၊ပြုလျှင်းချေဟု၊စေပေသဖြင့်၊တင့်တင့်တယ်တယ်၊ သပ္ပါယ်လျှင်းအောင်၊ကုဋီချောင်နှင့်၊ ယပ်စောင်နောက် ဖိ၊တဖျင်မှီ၍၊ကျောက်စိမြေခံ၊ စင်္ကြံခင်းကျင်း၊ တလင်း ခပ်သိမ်း၊ ထွားနူစိမ်းသား၊ခက်ယိမ်းမမြင့်၊[2] သီးပွင့်စား ကောင်း၊ ရိပ်ဆောင်းသစ်ပင်၊ ရေရှင်နိုးကမ်း၊ တံစမ်း လည်းထွက်၊ ငေါက်မခြေ၊သား၄က်လေကို၊ကင်းစေ ဝေးစွာ၊ကိုယ်ချမ်းသာဖြင့်၊ နေ၄ါ့ဖျောက်ပတ်၊သခ်မ်း မြတ်ကို၊ စောနတ်မှုဆော်၊ အမတ်တော်ကား၊ ၊ထို ရေဲပြီးလျှင်း စေသတည်း။

၄၆။ ချောမွေ့ မိုးယံ၊ ကျောင်းစင်္ကြံ၏၊ စွန်းရံ နှစ်ဘက်၊ ငြိမ်သက်မှိုမြဲ၊တံကဲပျဉ်ပြား၊နောက်ထောက် ထား၍၊နေနားသန့်ရှင်း၊စင်္ကြံတွင်းဝယ်၊အဆင်းပဲနောက်၊ မြကျောက်ဆောင်ပန်း၊အင်းပျဉ်ဝန်းနှင့်၊ဦးရန်းဆံကျစ်၊[3] အသစ်ပွင့်ရွေ၊ဝတ်ပန်းကြွေသို့၊ သုံးထွေဝတ်စား၊ကရား ပြတ်ို့၊ ထိုမြို့တံပြီ.၊တရိသူလီ၊[4] ဖော်ဂိပုဏ္ဏား၊ သုံးစွဲထား

---

(၁) ဒု-နှိုင်းဘက်လွန်ကဲ၊
(၂) တ-ခက်သိမ်းမမြင့်၊
(၃) ဒု-ဦးစွန်းဆံကျစ်၊
(၄) ဒု-တရိသူလီ၊

သား၊ သစ်သားသုံးခွ၊ တိဒဏ္ဍာနှင့်၊ ကိုင်ထဆောင်နေ၊ သုံးထွေငေါက်လောက်၊ ကောက်သည့်ထမ်းပိုး၊ဝါးရိုးခွံနွေး၊ တောင်ဝေးလက်ကူ၊ တံချူချွန်းတောင်း၊ ခြင်းလျောင်းဆိုင်းကြီး၊ သစ်သီးတည့်ဌါ၊ အညာခမိုး၊ခပ်အိုးအင်တွဲ၊ ကျည်တဲပန်းတောက်၊ ရေသောက်ခရု၊ဆွမ်းခံပြုသား၊ ဆီတုရောင်ဘိတ်၊ သပိတ်မြေဖြစ်၊[၁] ပြာစစ်အိမ်ဖူး၊မယ်ဖျူးမီးလှုံ၊ပွတ်ခုံပွတ်ကျေ၊မီးမွှေယောက်မ၊ ပဲခွပ်စသည်၊ထိုမျှစုံစေ့၊အပ်သနေ့ရွှလျှင်၊ရသေ့သဘွယ်၊ လူနှင့်ကွယ်လည်း၊ လိုမယ်လိုတောင်း၊ ကျဉ်းမြောင်းမှဲ့အောင်၊ ပြုပြီးနောင်မှ၊ တိုက်လျောင်နံ့ရံ၊ နှံခဲ့စာရင်း၊ လူခပင်းတို့၊ ဖြောင့်စင်းဧှူးရှု၊ ရှင်မှုလိုပါ၊ တောသို့လာအံ့၊ ဤဌါခပ်သိမ်း၊ ယူ၍ငြိမ်းဟု၊ မှာထားပြုလျက်၊ ဝိသုကမ္မ၊ ကျော်ထဟိုးဟိုး၊ နတ်မှုစိုးကား၊ ထက်မိုးရပ်စည်၊ မိမိပြည်သို့၊ ၊တလည်ပြန်တုံလေသတည်း။

၆၇။ ခပ်သိမ်းလူ့ရွာ၊ ဆုံးမနာ၍၊ သဏ္ဍာဟူသည်၊ ဖွဲ့မည်ထင်ကျော်၊ သုံးလူ့ဘော်ကား၊ ထိုရော်မိုးယံ၊ ဝိသုကံဟု၊ မည်ခံနတ်စစ်၊ ပြုသည်ဖြစ်လည်း၊ မြေဖြစ်ဥသို၊ အလုံးစုံကို၊ အခါရုံ လျောလျော၊ သဘောကိုးလျက်၊ အာဘာစက်တိ၊ ဌန်တက်တန်းခိုး၊ အကျိုးခိုင်ကျည်၊ ဘုန်းပြုရည်၍၊ ထူ တည်ထိုခါ၊[၂] သုမေခါလျှင်၊ ရှာရှာမှိုးမှိုး၊ ပြု၍ပြီးသို့၊ ဝှဲချီးတမာ၊ ရှင်မြတ်စွာအား၊

(၁) ပ-သပိတ်မြေဖြစ်၊
(၂) ပ-တူးတည်ထိုခါ၊ဒု-တူး တည်ထိုခါ၊

တိုင်ကြားဤသို့၊ ဂါထာတို့ဖြင့်၊ ၊နှစ်လိုဟောဘောင် ဖွဲ့သတည်း။

ဝိသုကမ္မ နိမ္မာနခန်းပိုဒ်ရေ-၃ ပြီး၏။

(၈) အဿမပဒါဒိမာပိတ ခန်း

ပိုဒ်ရေ-၈

ဟိမဝန္တဿ အဝိဒူရေ၊
ဓမ္မိကောနာမ ပဗ္ဗတော၊
အဿမော သုကတော မယှံ၊
ပဏ္ဏသာလာ သုမာပိတာ၊ ။

စင်္ကမံ တတ္ထ မာပေသိံ၊
ပဉ္စဒေါသ ဝိဝဇ္ဇိတံ၊
အဋ္ဌဂုဏ သမူပေတံ၊
အဘိညာ ဗလမာဟရိံ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ ဟိမဝန္တဿ-ဟိမဝန္တာတော၏၊ အဝိဒူရေ-မနီးမဝေးသော အရပ်၌၊ ဓမ္မိကောနာမ-ဓမ္မိက အမည်ရှိသော၊ ပဗ္ဗတော-တောင်သည်၊ အတ္ထိ-ရှိ၏၊ တတ္ထ-ထိုဓမ္မိက တောင်ယံ၌၊ မယှံ- ငါသည်၊အဿမော-သင်္ခမ်းကို၊ သုကတော-ကောင်းစွာပြုအပ်ပြီ၊ ပဏ္ဏသာလာ-သစ်ရွက်မိုးသော စရပ်ကို၊ သုမာပိတာ-ကောင်းစွာ ဖန်ဆင်း

အပ်ပြီ၊ တပ္ပ-ထိုဓမ္မိကတောင်ယံ၌၊ ပစ္စဒေါသဝိဝဇ္ဇိ
တံ-ထဒ္ဒဝိသ မ ဘူမိဘာဂ တာ-စသော စင်္ကမ ဒေါသ
ငါးပါးမှ ကြဉ်အပ်သော၊ စင်္ကမံ-စင်္ကြံကို၊ မာပေသိံ-
ဖန်ဆင်းပြီ၊ အဋ္ဌဂုဏ သမုပေတံ-ဓနုဓည ပရိဂ္ဂဟာ
ဘာဝ-စသော သမဏသုခ ရှစ်ပါး ကျေးဇူး တရားတို့
နှင့် ပြည့်စုံခြင်းရှိသော တတ်ကောင်းသော၊ အဿမံ-
ကျောင်းကို၊ (ထည့်)၊ မာပေသိံ-ဖန်ဆင်းပြီ၊ အဝ
ပဏ္ဏာ-ထိုသို့ ဖန်ဆင်းပြီးသော နောက်မှ၊ တသ္မိံ အဿ
မေ-ထိုကျောင်း၌၊ ဝသန္တော-နေလျက်၊ အဘိညာဗ
လံ-အဘိညာဉ်သမာပတ် ဖြစ်စေခြင်းငှါ ဘာဝနာ
တည်းဟူသောအားကို၊ အာဟရိံ-ဆောင်ပြီ။

၄၈။ အရိယဝံသ၊ ဓမ္မလေးထွေ၊ တရားမြေ၌၊ မြစ်
ခြေဖါးဖါး၊ အကိုက်ပွါးသား၊ ဆယ်ပါးကုသိုလ်၊ စိုက်
ပင်ပျိုးမှ၊ မဂ်ဖိုလ်မည်သီး၊ ဈာန်ငါးစီးကို၊ ချက်ပြီးလှမ်း
မှီ၊ ဆွတ်ကာသိ၍၊ ကိုယ်စီလက်ရ၊ ပြလှာကုန်ပြီး၊ ငါ့ပွဲ
ကြီးတွင်၊ ခသီးဝပ်ဝပ်၊ ကိုယ်လုံးအပ်၍၊ နပ်ရာအကျိုး၊
ငါ့ကို ကိုးသော်၊ အမျိုးလေးမည်၊ မဟာထေရ်တို့၊
မလည်နားတွင်၊ စေးမစင်လည်း၊ သွင်သွင်မြေနိုင်၊ ငါ
နှင့်ပြိုင်သည့်၊ [1]စည်ခိုင်ပညာ၊ သာရိပုတြာ၊ ၊ဟေမာ
ဂီရိ၊ တွင်ဘိမည်သီး၊ တောရပ်ကြီးမှ၊ မနီးမဝေး၊ မြစ်
တကွေး၌၊ ဖွေးကာသူတော်၊ နေမွေ့ပျော်၍၊ မည်ကျော်
သာလှ၊ ဓမ္မိကဟု၊ ခေါ်ကြဝန်းလည်၊ တောင်မင်းသည်

(၁) ပ,တ-ငါစင်ပြိုင်သည်၊

ကား၊ မြရည်ရှိမ်းရှိမ်း၊ ဖန်ကျောက်စိမ်းသို့၊ ခပ်သိမ်း
အင်္ဂါ၊ ထူပြောစွာလျက်၊ တိမ်ဝါမှောင်တိုက်၊ မိုးဖျား
ဆိုက်၍၊ ။နှစ်ခြိုက်အဆန်းတကြွယ်တည်း။
၆၉။ တထွေတလာ၊ ထိုတောင်သာတွင်၊ တခဲပြင်
နှင့်၊ ဥမင်လိုဏ်ခေါင်း၊ ရှေးကဟောင်း၍၊ ရိပ်ကောင်း
မညှိုး၊လေမိုးမထိ၊ ညှိလည်းမစို၊ စဉ်းကျောက်ညှိသို့၊
မရိုမရွား၊ ရံမီးတားနှင့်၊ ဖျာပြားရှိရှိ၊ပဒိုပါဒို၊ အပြင်ညီ
သား၊ ဦးစီဖြောင့်စဉ်၊ မြအင်းပျဉ်ခွ၊ မိုက်ယဉ်ပျော်
မှတ်၊တန်းခိုးမြတ်သား၊ နတ်အသုရာ၊ ပျံကျလာ၍၊ကြိုး
ကြာကရဝိက်၊ တောလုံးထိတ်မျှ၊ ညိတ်ညိတ်တွန်ထူး၊
ဒေသံကျူးဖြင့်၊ ကမြူးစရာ၊ ပွဲမချာသို့၊ ဝိဇ္ဇာခရေ၊
သိဒ္ဓိစသည်၊ ထိုမျှအညီ၊ ဇော်ဂီရသေ့၊ ညီမွေ့ခံရာ၊
တလင်းသာလည်း၊ ကာမာနတ်ဘောင်၊ ပွဲတုဆောင်
၍၊ ။ထိုတောင်ဓမ္မိကဝယ်တည်း။
၇၀။ သူတော်တကာ၊အရိယာတို့၊ချမ်းသာငါးပါး၊
ဈာန်တရားကို၊ရင်းပွါးဆွတ်ဆွတ်၊ ယူရာမှတ်၍၊ မြတ်
သည့်ဌာန၊ ဓမ္မိကဟု၊ သွံ့မှုကျော်နေ၊ ထိုတောင်ခြေ၌၊
မိုးလေမထောင်း၊ မခြောင်းမြူမှုန့်၊ ကျောက်စုန့်ငေါ
ငေါ၊ ကုန်းမစော၍၊ သင်းချောပွတ်စင်၊ကြေးမုံပြင်သို့၊
ကျယ်တွင်တရိုး၊ တောစိုးမည်သီး၊သစ်ပင်ကြီးလည်း၊
မြထီးဆောင်းအုပ်၊ တောင်ညွှန့်ချုပ်လျက်၊ မိုက်ထုပ်
ထွေးထွေး၊ ပုတ်ပေါင်းစေးမှ၊ ခပ်ဝေးဖဲကြဉ်၊ မြိုင်တ
လျဉ်ဖြင့်၊အာရည်ကင်း၊ အရပ်ထင်လျက်၊ ဝိပြင်လှစွာ၊
ထိုခန်းဝါ၌၊ အင်္ဂါငါးပါး၊ ကျောင်းအားပြည့်စုံ၊ ဓမ္မိ

လုံ၍၊ ကြည်ယုံလျှောက်ပတ်၊ သစ်မြတ်ကို၊ နေမှတ်လည်းရည်၊ ရှင့်ဘတည်၏၊ ၊ရပ်စည် တင့်တောင့်တင့်တယ်တည်း။

၇၁။ မဟာရံကြီး၊ ပရိတ်ဆီးလျက်၊ကျောင်းသီးပြုသစ်၊ဘို့ပစ်မှုထမ်း၊ဝါးကြမ်းအမိုး၊ဆွေးမြည့်ကျိုး၍၊ ကျောင်းဆိုးရဟန်း၊ ပင်ပန်းသည်းလှ၊ ဤသို့စသည်၊ ထိုမျှကြည်ဘွယ်၊ တဆယ်ရှစ်ရပ်၊ လျှနှင့်စပ်ဟု၊ မအပ် ဌာန၊ သာ ရုပ္ပလျှင်၊ မရစွာရှောင်း၊ မမှိကောင်းသား၊ နေကျောင်းကုန်အောင်၊ ကြည့်ရှုရှောင်လျက်၊ ထိုတောင်အယံ၊[၁] မြေချာစံဖြင့်၊ မကွဲချင်းနင်း၊ ခွါသန့်ရှင်း၍၊ ချက်ခြင်းဝင်ထ၊ ခဏပျော်ဘွယ်၊ ငြိမ်သက်လွယ်သည်၊ အနွယ်ရှေးလျော်၊[၂] သူတော်ရဟန်း၊ တည်ထွန်းအရပ်၊ ဆိုတင့်အပ်အောင်၊ ကျောင်းဆောင်ကုဋေ၊ မဏ္ဍပ်ခြေကို၊ ရှိသေညွှတ်နူး၊ ပြုပြီးဦးမှ၊ ကျေးဇူးကြီးငယ်၊ ရှာသော်လွယ်ဟု၊ အကယ်စိုက်စိုက်၊ ဝမ်းထဲမိုက်၍၊ တတိုက်တောရိုး၊ ရပ်တမျိုးတွင်၊ ဖုံးဆိုးမဝင်၊ ငါစိရင်သည်၊ ၊ဝန်းကျင်သပ္ပေါင့်သပ္ပါယ်တည်း။

၇၂။ သစ်မြမဏ္ဍပ်၊အရပ်ပြုရာ၊ထိုကျောင်းသာ၌၊ အညာပေါပေါ၊ မြေခပ်ကောလျှင်၊ချောချောထွားမွတ်၊ ရောင်ကျောက်ပွတ်သို့၊ ကျတ်လည်းမပေါ်၊ ခင်ရိုးမော်ဖြင့်၊ ခရော်ခရွပ်၊ မြေပပ်မကြား၊ လက်နားစွန်းခွင်၊

---

(၁) ပ,ဒု-ကိုတောင်အရံ၊
(၂) ပ,တ-အနွယ်ရှေးသော်၊

သစ်ပင်မရောက်၊ မြက်သောက်နွယ်မျိုး၊ နွာမောင်းထိုး၍၊ ဗိုလ်သိုးဗိုလ်သန်း၊ မတန်းမပေါ်၊ ကျဉ်းငေါ်မဟူ၊ ကျယ်မူမထင်၊ ငါးပါးအင်ဖြင့်၊ ပြစ်တင်ရှင်းရှင်း၊ ဆိုဘွယ်ကင်းလျက်၊ သလင်းကျောက်ခံ၊ အနံ့ညီစွာ၊ နှစ်ထွာကုန်အောင်၊ တံတိုင်းဆောင်သား၊ နှစ်မြောင်ညာဘယ်၊ စကြံယ်နှင့်၊ ခြောက်ဆယ်လျှားရှည်၊ တောင်တိတည်လျက်၊ ယိမ်းဖည်မကောက်၊ ရွှေနောက်မချို၊ သုံးထွာစီလျှင်၊ အဖိလည်းခင်း၊ မွေလျှော့နင်းလည်း၊ တိမ်းတင်းမရှိ၊ တကြော့ညီသို့၊ တိတိသာပြား၊ စင်္ကြံအားလည်း၊ ဘဘွားသင်းသီး၊ ပြု၍ပြီး၏၊ ၊မငြီးသွားပျော်ချင်ဘွယ်တည်း။

၇၃။ ပြုတ်စဲတိကျစ်၊ ကျောက်စစ်ကုန်းခင်၊ လည်ခေါင်ဝင်၍၊ ခေါက်တင်တုံပယ်၊ သွတ်လှယ်သွားလာနေ့တိုင်းအားဖြင့်၊ ဘဝါးစပ်မျစ်၊ ပစ်သည်ခြေစ၊ နှစ်ခွကြံယွက်၊ ¹ နှောင့်နှေးကွက်၍၊ သက်သက်မကြည်၊ အာရုံဆည်လည်း၊ အရှည်အလျား၊ သွားလတ်သောခါ၊ မစောက်ရာခွဲ၊ လက်ျာလက်ဝဲ၊ စင်္ကြံထဲ၍၊ လင့်ကဲတဖြာ၊ ပါးနီးစွာသည်၊ ² အမြွာသစ်ပင်၊ ရောက်တုံကျင်လည်း၊ မဆင်ခြင်မိ၊ သွားသော်ထိ၍၊ ခြေငြိလက်ရုး၊ နှဖူးဦးခေါင်း၊ အသည်းထောင်းစွာ၊ ရောင်ရမ်းရာခွဲ၊ ³ အညာသွန်းသွန်း၊ နွယ်တန်းပုတ်ပေါင်း၊ ခြေရာကြောင်း၌၊ ရွက်

---

(၁) ပ,ဒု-နှစ်ခွကြံရွက်၊
(၂) ဒု-ပါးနည်းစွာသည်၊
(၃) ဒု,တ-ယောင်ယမ်းရာခွဲ၊

ဆောင်းအပြီး၊ စီးတည့်သော်လည်း၊ မမြော်ပိုးဝါး၊နှင်းမိမှား၍၊ပိုး၍ပွားသတ္တဝါ၊ထိပါးရာခဲ့၊ကျဉ်းစွာနံလျှောင်၊စကြာမြောင်လျှင်၊ တတောင်အနည်း၊ ထွာမျှတည်း၌၊ တိမ်းလည်းဘဝါး၊ နှင်းချွတ်မှားလည်း၊ လက်ဖျားခြေညှိုး၊ ခနည့်ကျိုး၍၊ ရှိမ်းစိုးဝေဒနာ၊ ကျဉ်းမြောင်းရာခဲ့၊ ဗိလာထုတ်ချင်း၊ ကျယ်လှဝင်းလျှက်၊ အဆင်းကျောက်ဖျာ၊ စကြာရာ၌၊ လူးလာသွားလား၊ ဘဝါးထောက်ချိ၊ မညီအလှမ်း၊ တဖျင်ယမ်းလျှင်၊ နှင်းတမ်းမမျှ၊ စပ်ပူလှလျှက်၊ ခပ်ကြွအကြီ၊ဆောင့်ကြွားလျှံ၍၊ ထွက်သံနှုတ်သာ၊ ဘာဝနာအား၊ များများမမှန်၊ ဖြစ်တန်ရာရှောင်း၊ ငါးပါးပေါင်းသော်၊အကြောင်းမဆံ၊ငါ့စကြာကား၊ ၊ တောထံနေမြဲ့ရသော့သူတော်အနွယ်တည်း။

၇၄။ အကြင်အကြင်၊ တောရပ်ခွင်၌၊ နေကျင်သရော်၊ ရှေးသူတော်တို့၊ မလျှော်ကျင့်ထွေ၊ ရှောင်စနေဖြင့်၊ ရွှေငွေစပါး၊ သိမ်းပကားခြင်း၊ ကင်းသားအမှု၊ လွယ်ကူဝမ်းစာ၊ အိမ်တိုင်းရှာ၍၊ ချမ်းသာငြိမ်သက်၊[၁] မျှသည့်ရက်ဖြင့်၊နိုင်ထက်စိုးကဲ၊ပြည့်ထဲသနင်း၊စိုးမင်းကံစဉ်း၊[၂] တုတ်ခွန်ညှဉ်းဟု၊ ကျဉ်းကျဉ်းမြောင်းမြောင်း၊ ဆိုးတောင်းမရှိ၊ မိမိဆောက်ဦ၊ ငါ့ငှါဟူ၍၊ လိုမှုလိုစာ၊ လူ့နှယ် ရှာလျှက်၊[၃] အရာ ပြက်ပြက်၊ မမက် မမော၊[၄]

---

(၁) ဒု,တ–ဝမ်းသာငြိမ်သက်၊
(၂) ပ,ဒု–စိုးမင်းကန်စဉ်း၊
(၃) ဒု–လုံးပန်းရှာလျှက်၊
(၄) တ–မက်မက်မောမော၊

ဖြန်းတောလက်သည်း၊ လုအံ့ရည်းလည်း၊ အချည်းရှင်မှန်း၊ ရဟန်းသိကာ၊ ရန်စမရှယ်၊ ကြောက်ဘွယ်လည်းနည်း၊အရည်းမပီ၊ နောက်မှိထရံ၊စိုးထံမင်းပါး၊ခယမ်းစား၍၊ တရားနှောနှိုး၊[၁] တထွေးကြိုးလျှင်၊ တထိုးလွှားလွှား၊[၂] သွားလားမကူး၊ လက်လွတ်ထူးလျက်၊ ယှဉ်ပူးမစပ်၊ ရပ်လေးမျက်နှာ၊ ရောက်လေရာတိ၊ မငြိမစွန်း၊ ဤဘို့ထွန်းသည်၊ ရဟန်းချမ်းသာ၊ ရှစ်ပါးဌါကို၊ဣရိယာပိုထ်၊ ညီစွာကြိုက်၍၊ ရထိုက်ခပ်သိမ်း၊ နှုလုံးငြိမ်းလျက်၊ ညွတ်တိမ်းဝမ်းထဲ၊ နေမရဲလျှင်၊ဆကဲတရား၊ ဖြစ်စေဌါအောင်၊ ရှင့်ဘထောင်၏၊[၃] ၊ကျောင်းဆောင်ထို၊ကြိုဝယ်တည်း။

၇၅။ ထိုမြို့တုံလျှင်၊ကြည်ယုံပြတ်ပြတ်၊[၄] အာရုံညွှတ်၍၊ ဝိပဿနာ၊ ပညာအားခွန်၊ဘိညာဉ်ဈာန်အား၊ရတန်ရထိုက်၊ကြိုက်မကြိုက်ကို၊ နှစ်ခြိုက်ရှေးရှေး၊စိတ်ဖောပြေးလျက်၊ မနှေး လျှင်ကြောင်း၊ ပွါးအောင် ချောင်းလည်း၊ ထိုကျောင်းတခွင်၊ အကြွင်အကြွင်၊ ရပ်ပြင်သာယာ၊ နေရာရာဋ္ဌ၊ ချမ်းသာစီးပွါး၊ တရားမယုတ်၊ တက်သည်ဟုတ်မှ၊ အားထုတ်ခွန်ရဲ၊ လုံ့လ မြဲလျက်၊ ဆကဲအထူး၊ ကျေးဇူးဂုဏ်စစ်၊ ကြိုး၍ဖြစ်သား၊ အနှစ်သာရ၊မချွင်ပဟု၊ပျောက်ရှမထင်၊ ထိုတွင်နေစောက်၊

---

(၁) တ-တရားနှေးနှိုး၊
(၂) ပ-တတီးလွှားလွှား၊ဒု-တတီးရွှားရွှား၊
(၃) ဒု-ရှင်တထောင်၏၊
(၄) တ-ကြည်ယုံလျောက်ပတ်၊

မြောက်သည်ကျင့်ခြင်း၊တည်ထွေပြင်း၍၊မဖျင်းမသိမ်၊ ပညာအိမ်ဟု၊ အကြွမ်အဖန်၊ ချီးမွမ်းတန်လျက်၊ ကျောင်းသန်ဟူထိုက်၊ သိမ်မြိုက်ကား၊ လူ့ခေါင်နှိမ်၊ သုံးစည်းစိမ်အား၊ ရချိန်များ၏၊ ။ပြမ်းပျား လည်သည့်သဘွယ်တည်း။

အဿမ ပဒါဒိမာပိတခန်း ပိုဒ်ရေ–၈ ပြီး၏။

(၉) တာပသပဗ္ဗဇ္ဇာခန်း

ပိုဒ်ရေ–၁၃

၇၆။ ဤသို့ပွက်ဟော၊ မြတ်ရှင်စောကား၊ လျော လျောထွေငေါ်၊ ဂါထာကျော်ဖြင့်၊ ထိုရော်သိမ်း၊ စကြဲ့ဥမ်းကို၊ ချီးမွမ်းသင်းသီး၊ မိန့်တုံပြီးမှ၊ တောကြီး ထွက်စင်၊ပုဏ္ဏားထင်သည်၊ထိုတွင်ရောက်လှာ၊သိမ်း သာ၍၊ ရပ်ဝါတပါး၊ ဝတ်စားခပင်း၊ လဲသောခြင်းကို၊ သနင်းမြတ်မွန်၊ဘော်ထုတ်ညွှန်၍၊ကြောင်းဝန်တို့အား၊ နားပါးလည်းထောင်၊ ကုန်အောင်ပရိသတ်၊ မှတ်လေ ကုန်မင်း၊ ရိုးထုတ်ချင်းလျှင်၊ ထန်ပြင်းကျော်သံ၊ ဗိသုကာ ဟု၊ မည်ခံထွန်းပ၊ မာဃစောထွတ်၊ လက်သားမှတ် သည်၊ နတ်ဗိသုကာ၊ အိမ်ဆရာလည်း၊ သာယာ တောင်ယံ၊ ကျောင်းစကြံ့ကို၊ အရံအကာ၊ တန်းဆာ အပုံ၊ ပြုပြီးတုံမှ၊ ကြွခဲ့သရော်၊ သူတော်မြတ်စွာ၊ သု မေဓာလည်း၊ မြိုင်သာတောလျှဉ်၊ အစဉ်တလျား၊

(၁) ဒု–ကျောင်းကန်ဟူထိုက်၊

လျှည့်ပတ်သွား၍၊ ကိုယ်အားလျှောက်ပတ်၊ မြတ်သား ရပ်ရာ၊ ကြည့်ရှုရှာသော်၊ မြစ်သာကမ်းမှေး၊ တထောင့် ကွေး၌၊ ဖွေးဖွေးရောင်ထွတ်၊ ငွေပြားခတ်သို့၊ မိုးနတ် စကြာ၊ ကျောင်းလှစံကို၊ ၊တရံမြင်လေမြော်သ တည်း။

၇၇။ မြစ်ယံတောဝ၊ သခ်မ်းလှကို၊ တွေ့စဖြုတ် ခြည်း၊ မြင်ကတည်းက၊ ဦးမည်းဆံပါး၊[1] အနည်းများ ဖြင့်၊ နေပြားမသိ၊ သက်ာရှိလျှက်၊ ဝင်မိမိုးမှား၊ ခံ့ညား ရှိတို့၊ ဤသို့အလျှင်၊ ကြီဦးကျင်၏၊ ဤတွင်တော်ထဲ၊ နေမြဲလည်းမှတ်၊ သူမြတ်ရဟန်း၊ ဆွမ်းပန်းသွားလား၊ မြင်းခေါင်းအားဖြင့်၊[2] နေနားမဲ့ထွန်၊ ကြိုးစားလွန်၍၊ အဟန်သော်ကား၊ ဤကျောင်းသားတို့၊ ရှိရှားပန်းလျှ၊ ပြင်ပမပြူ၊ နေပူလည်းဖိန်း၊ ကျိန်းသည်ယောင်ဟု၊ နိုးအောင်ငံ့ထွေ၊ ကြာစွာနေလည်း၊ လူမွေမရှိ၊ ဆိတ် သည်သိမှ၊ မိမိကိုယ်ပင်၊ ကျောင်းထဲဝင်၍၊ ထိုတွင် စာပေ၊ ဖတ်လျှင်းလေသော်၊ ကောင်းတေနှစ်သက်၊ ကြီအားတက်၍၊ ကျောခွက်ငွေကောင်း၊[3] ဆယ် သောင်းအကျပ်၊တိတိခပ်သား၊ စလပ်အလား၊ ပန်းယိုး မှားသည်၊ ၊ဝတ်စားကိုယ်မှ လဲထလှူရပ် ဖျောက် သတည်း။

၇၈။ သမ္မာသမ္ဗုဒ္ဓ၊ မည်တော်ဟုတ်လျှက်၊ အနန်

---

(၁) ပ,ဒု-ဦးမည်းဆံဖါး၊

(၂) ပ,ဒု-မြင်းခေါင်းသားလျှင်၊

(၃) တ-ကျောခွက်ငွေပေါင်း၊

ထုတ်ရမွက်၊ပယ်ဖျက်စေးသြော်၊သုံးလူ့ဘော်ကား၊ထို ရော်မြတ်စွာ၊ သုမေဓာလျှင်၊ ၅င်လျှာ အလျောက်၊ ကျောင်းပြုမြောက်၍၊အဆောက်အဦ၊ ကုန်အောင်မူမှ၊ လူ၏သဏ္ဍာန်၊စွန့်လေဟန်ကို၊ ရှေးညွှန်တူရှု၊ ခပ်သိမ်း သူ့အား၊ဆုယူတုပ်ကွ၊ နိကွမင်္ဂ၊မဂ္ဂနှုလုံး၊သုံးစေလိုငေါ်၊ ရှေးဘုန်း တော်ကို၊ မြော်၍ မြတ်စော၊ ဤသို့ဟော သည်၊ ၊ချောမော ဂါထာ သူငါမှတ်သား လောက် သာတည်း။

သာဒုကံ ပဇဟိ ံ တတ္ထ၊
နဝ ဒေါသ မုပါဂတံ၊
ဝါကစိရံ နိဝါသေသိ ံ၊
ဒွါဒသ ဂုဏ မုပါဂတံ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ အဟံ-ငါသည်၊ တတ္ထ-ထိုသခ်မ်း၌၊ နဝ ဒေါသမုပါဂတံ-မဟုဿဘာဝ စသောကိုးပါးသော အပြစ်နှင့်ပြည့်စုံသော၊ သာဒုကံ သာဒုကယုဂံ-မိမိဝတ်ရုံခဲ့သောပုဆိုးအစုံကို၊ပဇဟိ ံ- စွန့်ပြီ၊ ဒွါဒသ ဂုဏ မုပါဂတံ-အပ္ပဿ သန္တရ ကပ္ပိယ စသောတဆဲ့နှစ်ပါးသောဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော၊ ဝါကစိရံ-ဖြူဆံမြက်ကိုအမျှင်အမျှင်ပြု၍ ကျစ်အပ်သော လျှော်တေသက်န်းကို၊နိဝါသေသိ ံ-ဝတ်ပြီ။

၇၉။ သုံးဆဲ့တထပ်၊ ဘဝရပ်၌၊ အဝပ်မကျ၊ သေ ပျောက်ရလျက်၊ဒုက္ခပြိုးပြွမ်း၊ဆင်းရဲချမ်းဟု၊ဝတ်လွှမ်း ကိုယ်ရုံ၊မိုးမှုပုံလည်း၊မလုံနိုင်ထွန်၊ခန္ဓာဝန်အား၊ နိဗ္ဗာန် ပုဆိုး၊ဆီတင်းမျိုးကို၊ အဘိုးယုတ်မြတ်၊ ငါတွင်ပြတ်မှ၊

ဆင်ဝတ်လူတာံ၊ ငါ့မှောက်စံသော်၊ သည်းခံမတည်၊ ပညာသည့်တိ၊အလုံးရှိလည်း၊မညီမေးဘက်၊[၁] ခွန်းချင်း ကျက်သည့်၊ထက်မြက်နည်းနာ၊သာရိပုတြာ၊ ၊လူ့ရွာ ထွန်းပေါ်၊ မည်သာကျော်သား၊ သူတော်တကာ၊ နေ၌ လျောက်လျား၊တောင်လက်နား၌၊ ခေါင်အားသပ္ပါယ်၊ ကွင်းကွင်း ကျယ်၍၊ ဆိုဘွယ် ဗိမာန်၊ ရှင်တန် ကိန်း အောင်း၊ ထိုက်စွာရှောင်းဟု၊ အလောင်းရှင့်ဘ၊ ပုဏ္ဏား လှကား၊ ရွှင်ပငြိမ်းချမ်း၊[၂] ကျောင်းသခ်မ်းကို၊ရမ်းရမ်း အားရ၊ ပြုပြီးမှလျှင်၊ ပြုဆွတင်ကျေး၊ ထုံနှံ့ဩသည်၊ကြိုင် မွှေး ညှံ့ထွား၊[၃] ကိုယ်ဝတ် စားကို၊ ၊စွန့်ထား ထို၌လဲ သတည်း။

၈၀။ မုဆိတ် ဆံပင်၊ တမျှင်မလှည်း၊ ရှင်အရည်း လည်း၊ပြည်းစည်းမဟုတ်၊ငုတ်လုတ်ဦးသျှောင်၊ဆံကျစ် နှောင်၍၊ လူယောင်တည်းတည်း၊ အပြုချည်းသော်၊ အရည်းပဂုကာ၊ မပီလာခဲ့၊ တောမှာငြိမ်းချမ်း၊ ရသေ့ တမ်းကို၊ ရူးစမ်းစာနာ၊ သမေခါလည်း၊ အရာသိသိ၊ ကြိလတ်ဘိ၍၊ တိတိ ကျပ်ကျိန်း၊ တသိန်းဘိုးဇုန့်၊ လ ရောင်ညွှန့်သို့၊ခပ်တွန့်ဆွထွား၊ဝတ်ရုံများကို၊ လူ့အား အဖြစ်၊ အညစ်ကိုယ်ကြေး၊ တလွှဘေးမှ၊ ဝေးလေ ၏ တွင်၊ယနေ့လျှင်ဟု၊ ၊မစင်ကြိုဟ်သို့ လွှဲသတည်း။

၈၁။ သိန်းတန်ပုဆိုး၊ တိမ်မိုးခိုးသို့၊ပိတ်ပိုး ချည်ပြု၊

(၁) ပ-မညီမေးဘက်၊ဒု-မငြိမေးဘက်၊

(၂) ပ,တ-ရွှင်ပငမ်းချမ်း၊

(၃) ဒု-ပျံ့မွှေးညှံ့ထွား၊

နတ်လျှင် လျှူသည့်၊ ဟူဟူသမျှ၊ ရသတ်သောခါ၊ အဆာလည်းထိမ်[၁]၊ အဇ္ဈိမ်နားပတ်၊ လှိုးဖြတ်အစွန်း၊ ယာခုထွန်းသည့်၊ ရဟန်းသံဃာ၊ သာသနာ၀ယ်၊ သက်နှုန်းနှယ်လည်း၊ ပြုဘွယ်ခဲအင်၊ စိရင်သောခါ၊ မတတ်ပါသား၊ခြင်းရာဥသုံ၊ဖြစ်ခဲ့တုံ၍၊ကိုယ်ရုံမင်းတန်၊ အ၀တ်မွန်ကား၊အလွန်ကောင်းမြွေ၊ညှံ့သက်မွေ့၏၊ ရသေ့ဘာသာ၊မအပ်စွာလည်း၊တွယ်တာကောင်းသေး၊၀န်မလေးဟု၊မတွေးမဆ၊ ၀တ်လဲလှဍ၊အာလယပြတ်ပြတ်၊ ပယ်ချွတ်လည်းထား၊သူမြတ်ဖျားကား၊ကိုးပါးအလှစ်၊ပုဆိုးပြစ်ကို၊ ၊တံတစ်ဧကန်စွဲသတည်း။

၁၂။ ဗိဿာထောင်စပ်၊ဘိုးသိန်းခပ်သည့်၊ပြူလှပ်ရဲရဲ၊ဤ၀တ်လဲကား၊ ရခဲ ငါ့အား၊ အဘိုးများခဲ့၊ထူးခြားမသိ၊၀တ်ဘိတုံမှု၊ ပြိန်းဖျင်းလူနှင့်၊ အင်တူတပြေး၊ များမ၀ေးခဲ့၊ကိုယ်ကြေးညှိုငေါက်၊ ၀တ်လတ်မြောက်သော်၊ အစောက်မတည့်၊ တာမရှည်လျှင်၊ အညစ်မြင်ခဲ့၊ ၀င်သည် အထည်း၊အ၀တ်နည်းကို၊ ညစ်မည်းစနိုး၊ အဆိုးလည်းသ၊ဖွပ်ရသောအား၊ဆိုးနယ်များ၍၊ ရိရှားပေါက်ပြစ်၊စုတ်သည်ဖြစ်လည်း၊အသစ်တည်းတွ၊စပ်ဟပ်ရခဲ့၊ လုံ့လယှဉ်ယှဉ်၊ အ၀တ်ပျဉ်ဟု၊ ရှာမှီးပြုလည်း၊ ရမှုခဲယဉ်း၊နှုလုံးကျဉ်းခဲ့၊မချဉ်းမစေ့၊ရသေ့မည်သည်၊ ဝါချည်အမျိုး၊ပုဆိုးသက်နှုန်း၊ မရာလွှန်းခဲ့၊ ရှင်မှန်းမကြည်၊ လူစိမ်းချဉ်တို့၊၀တ်စဉ်ဆဲဆဲ၊ ချွတ်လဲလေလိ၊[၂] သက်ာ

(၁) ဒု-အဆာလည်းတိမ်၊
(၂) ပ-ချွတ်လဲလိလိ၊

ရှိလျက်၊ မိမိကိုယ်ထံ၊ ဝတ်ချင် ရွံ့လည်း၊ ထားနှံ့ မြဲ
ကြောင်း၊ စောင့်ရရှောင်းခဲ့၊ အကောင်းဝတ်စား၊ သုံးစွဲ
ငြားလည်း၊ ပလွှားပျူငြှါ၊ တန်းဆာဆင်မှု၊ ယောင်ပြု
သန်လွင်၊[၁] မှုသည့်ထင်ခဲ့၊ ကိုယ်တွင် မဝတ်၊ အမြွတ်
စတော၊ ထားတုံချေလည်း၊ မခြေဝတ်ကြွင်း၊ တင်းငင်း
လျှင်၊ ရှင်းရှင်းလိုလွန်း၊ မကွန့်စသာ၊ ကြီးစွာအလို၊ ရှင်
ဝန်သိုဟု၊ ထိုထိုသည်သူ၊ သူတော်လူတို့၊ ဟူလေရောရှောင်း၊
ကဲ့ရဲ့ကောင်းခဲ့၊ အပေါင်းကိုးမည်၊ ဤသို့တည်သား၊ အ
ထည်အမျိုး၊ လူ့ပုဆိုး၌၊ ကြီးသို့လည်းထွေး၊ အပြစ်သေး
ကို၊ ဆွေးနွေးရှင့်ဘ၊ ပုဏ္ဏားလှကား၊ ၊ ဆုန်းဆကြိုနိုက်
နှဲ့ သတည်း။

၈၃။ နိရာလယ၊ တောင့်တတပ်ပြေ့၊ မရှိမြေ့သည်၊
ရသေ့တို့အား၊ လူ့ဝတ်စား၌၊ ကိုးပါးအပြစ်၊ ဤသို့ဖြစ်၍၊
ချွတ်ပစ်ဝှတ်လဲ၊ ပယ်ပြီးရဲမှ၊ ချုပ်တွဲချောမော၊ ပြုဆုံ
ကြောတိ၊ ကုန်းစောလည်းထိမ်၊[၂] ကျစ်ကာလိမ်သည်၊
မွေ့သိမ်တေဆန်း၊ လျှော်နားစွန်းကို၊ သက်န်းသင်းပိုင်၊
မှတ်၍ကိုင်ပြီး၊ ဝတ်ခါနီး၌၊ ကောင်းချီးထွေငေါ်၊ ငါ့အား
လျှော်သား၊ သူတော်မွေးရေ၊ ဤလျှော်တေကား၊
ဗိုလ်ခြေလူ့ဘောင်၊ ကုန်အောင်နှံ့ကျိုး၊ ရှိခိုးဝန္ဒနာ၊ ရှိသေ
ရာသား ၊ အရိယာတံခွန်၊ သည့်လျှင်မှန်ဟု၊ အမွန်တဆူ၊
လေးမြွတ်မှုလျှက်၊ ပတူပယင်၊ သိဒ္ဓိတင်သည်၊ ၊
ပြုပြင်တလဲလဲသတည်း။

(၁) ဒု-ယောင်ပြုသန့်လွင်၊
(၂) တ-ကုန်းစောလည်းတိမ်၊

၈၄။ သူမြတ်မွေးရေ၊ ဤလျှော်တေကား၊ ရွှေငွေမှုးပဲ၊တခဲမရ၊ ရောင်းချသောခါ၊ ဈေးနှာဆံလှံ၊ မစွံပါရှောင်း၊ ကောင်းလည်းကောင်းမြွေ၊ ညှို့သက်နေမွှသည်၊ ရသေ့ဘာသာ၊ အပ်လေပါ၏၊ သျှူမှာမခိုင်း၊ ကိုယ်တန်တိုင်း၍၊ ဖြတ်ပိုင်းနံလျှား၊ စေ့စပ်ငြားလည်း၊ တတ်အားသောတိ၊ ဆိုးသရိလျှင်၊ မရှိအလဲ၊ ကိုယ်ဝတ်မြဲ၍၊ ချွေးနှဲ့ညှိုကြေး၊မွှေးတုံမြှုမှက်၊ ဆင်းရဲဘက်ဖြင့်၊ စော်စက်ပြင်းထူ၊ နံ့အူနံ့ချစ်၊[၁] ဖြစ်လတ်သောခါ၊ အားမနာလျှင်၊ ဖွပ်ကာလည်းကောင်း၊လွှယ်စွာရှောင်း၏၊နောက်နှောင်းလတ်သော်၊ စပ်အင်မြော်လည်း၊နွှယ်လျှော်ရှာရှာ၊ ချုပ်စပ်သာ၍၊ ဘာဝနာမှု၊ မလပ်သူနှင့်၊ လွှယ်ကူအမွှန်၊ အဟုတ်တန်၏၊ ရုံဘန်ဆိုးညစ်၊မဝတ်ဖြစ်လည်း၊အသစ်လျှော်ပင်၊ တေဆုတ်ဖျင်၍၊ လျှင်လျှင်ဆောဆော၊ ရှာသော်ပေါ၏၊ သဘောပိပြင်၊ သက်ရှင်သရွေ့၊တောနေမြွေသည်၊ရသေ့သဘွယ်၊ဝတ်သပ္ပါယ်၏၊ ရန်မယ်လည်းဖွဲ့၊ လည်မဲ့မုဒိမ်း၊ အစိမ်းတောထုတ်၊ သူယုတ်ပြောထူ၊ မိန္တာလူလည်း၊ ယူ၍မဝတ်၊ ဘေးမဲ့လွှတ်၏၊မပြတ်သုံးစွဲ၊ ပုလဲတမှုး၊ အထူးသုတ်သင်၊ ပြုပါကျင်လည်း၊ ခင်ယင်နှစ်သိမ့်၊ စိမ့်စိမ့်ပြားပြား၊ ဝတ်စားအရာ၊ တန်းဆာဆင်သည်၊ မမည်ပါထွန်၊ ဝန်လည်းမလေး၊ ကြံရေးကြီးငယ်၊ သက်နှင်းဝယ်၍၊ တပ်ဘွယ်မသည်း၊ တခြင်းနည်း၏၊ လျှော်ချည်းတေထု၊ ဥဿုံဆန်းပြုလျှက်၊ ဝတ်မှုလွှယ်ငေါ်၊ တရားလျှော်၍၊ မမြော်

(၁) ဒ-နံ့အူနံ့သစ်၊ တ-နံ့အူနံ့စစ်၊

အပြစ်၊ ကင်းသည်ဖြစ်၍၊မည်းချစ်လျှော်တော၊ ပျောက်ရှလေလည်း၊ တာတွေမသည်း၊ ဝမ်းမနည်းလွန်း၊ဤသို့ ထွန်းသည်၊ သက်နှင်းဟူလောက်၊ သစ်ခေါက်ကျေးဖူး၊ ဆဲ့နှစ်ဦးဖြင့်၊ ချီးကျူးဂုဏ်အင်၊ သိဒ္ဓိတင်လျက်၊[၁] ကြိုး တွင်တဲ့လွဲ၊သက်နှင်းဆွဲ၍၊ပုလဲပြည်တော်၊ သစ်ခွန်လျှော် ကို၊စိုက်ခေါ်သံခြည်း၊ရှင့်ခမည်းကား၊ ၊လက်တည်း ကိုင်မရဲသတည်း။

၇၅။ ဤသို့မြတ်ပုံ၊ ချီးမွမ်းတုံမှ၊ အမုံပွင့်ရွှေ၊ လိပ်သရွေနှင့်၊[၂] တူထွေလျှောလျှော၊ ရောင်ဘိတ်ကျော သည်၊ လျှော်ကြောသင်းပိုင်၊ တထည်ကိုင်၍၊ တူပြိုင် စဝန်း၊ ဝတ်တွေဆန်းလျက်၊ စိန်ပုန်းမောင်းဝါ၊သက်နှင်း လျာကို၊ ရှုသာတင့်တယ်၊ ပခုံးပယ်၍၊ ချိတ်တွယ်လွှမ်း ပြီး၊ ပွင့်ကြီးဧမြက်၊ ပုန်းညက်သဘွယ်၊ ပန်းပြောက် ခြယ်သို့၊ သပ္ပါယ်လှစွာ၊ ခြေသည်းမွှာတီ၊အရာမပျက်၊ သစ်နက်အရေ၊ဆောင်စနေကို၊ပြေပြေပြစ်ပြစ်၊ခေါက် စနစ်လျက်၊ တဘက်ပယ်တင်၊ ထားပြီးကျင်မှ၊ ပြုပြင် ဦးရစ်၊ ဆံကျစ်လည်းစွပ်၊ သျှောင်ကျင်တပ်၍၊တင့်အပ် ထိုဝယ်၊ ကိုင်ဘွယ်ဘွယ်ကို၊ ထမ်းလွယ်ယူပြီး၊ ရသေ့ ကြီးကား၊ ကိုယ်ထီးစံပ၊ သခ်မ်းလှမှ၊ ကြွလတ်ကျင် သော်၊မထင်အသစ်၊[၃] ဟောင်းစစ်အသရေ၊မြူတေပြည့်

(၁) ပ-ကောင်းချီးတင်လျက်၊
(၂) ပ,ဒု-လိပ်ဆရွေနှင့်၊
(၃) ပ,ဒု-မတင်အသစ်၊

ညို၊ ရှင်ဝါပိုလျက်၊ အနီဝတ်ခါ၊ သုမေဓာကား၊ ၊ သည့်ဝါရွှေးထက် ကဲသတည်း။[1]

၁၆။ ဘိသိက်မင်္ဂလာ၊ လူသောခါက၊ ဆိုရာမသီး၊ မြေကြီးစောင်းထောင်၊ ပွဲများဘောင်၌၊ ဆန်းအောင်ဆူလှယ်၊ အံ့ဘွယ်ဘွယ်တိ၊ဖြိုးခြယ် ရတနာ၊ဆင်သောခါထက်၊ ထူးအင်တက်၍၊ ထွက်လတ်တုံထွန်၊ ကျောင်းဗိမာန်၌၊ သဏ္ဍာန်တည်ကြည်၊ မဟာထေရ်သို့၊ အခြည်အဝါ၊ ရှုသာကြည်းကြည်း၊ သိပ်သည်းပြေပြစ်၊ရသေ့စစ်လျှင်၊ ကျစ်လျစ်တင့်တယ်၊ ရောင်ဆင်းရှယ်ဖြင့်၊[2] ခြောက်ဆယ်အလျား၊ စကြိုများ၌၊ စံသွားကြည့်မျှော်၊ အသွင်တော်ကို၊ ထိုရော်မစဲ၊ ရှုပြီးရဲမှ၊ ဝမ်းထဲမသို၊ အလိုကတိုင်း၊[3] ပန်းနှယ်လှိုင်း၍၊ ရှင်ကျိုင်းသူတော်၊ ရသေ့ကျော်ကား၊ အဟော်သုခ၊ ပီတိဝလျက်၊ တွင်းပပြည့်ဖွန်၊ဤသို့ပြန်သည်၊ ၊ရှင်ဟန်တင့်ဆဲဆဲသတည်း။[4]

၁၇။ တလုံရွှေးရွှေး၊အောင့်စေးဆိုထွေ၊မနေမသာ၊ ကြီစည်ကြာလည်း၊ ချခါတိုင်မှ၊ ဆုံးတိုင်ကျ၍၊ ရသည့်တောဝယ်၊ ငါ့ဆင်းရှယ်ဖြင့်၊ စံပယ်လှတင့်၊ ဤအကျင့်ကား၊ "မျက်ပွင့်ပန်းကုံး၊တောလုံးဝင်းဝင်း၊"[5] ဆိမိုးဆင်း

(၁) ဒု-ရောင်ဝါရွှေးထက်ကဲသတည်း။
(၂) ပ,ဒု-ဟောင်းဆင်းရှယ်ဖြင့်၊
(၃) ပ-အလိုအတိုင်း၊
(၄) ပ,ဒု-ရှင်မွန်တင့်ဆဲဆဲသတည်း။
(၅) ပ-မျက်ပွင့်ပတ်ကုံး၊ တောလုံးပွင့်လင်း၊

သို့၊ မှန်ကင်းတိုင်ချည်၊တံခွန်မည်သား၊ရှင်ရည်ရှင်ဝါး။ ဤဖြစ်လားကို၊ ဘုရားလူ့ဆွေ၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့်၊ အရိယာမည်သီး၊ လုံ့လကြီးတို့၊ ကောင်းချီးကော်ရော်၊ ပူဇော်သက္ကာ၊ ခံတန်စွာလျက်၊ ထောမနာပိုက်၊ တည်ပထိုက်၏၊ အမိုက်လည်းထူ၊ဂိဟိလူဒ္ဓ၊ပင့်ကူချည်မြွေး၊ မျောက်နှဲစေးနှင့်၊ သံခွေးခတ်တင်၊ ထိတ်ကျည်းရှင်သို့၊ လွတ်ချင်မအား၊ ငြိဘန်များသည်၊ ရွာသားမျိုးဆွေ၊ ချည်သောထွေလည်း၊ ပြေပြီယခု၊ ကြိုးဖုနှောင်ဖွဲ့၊ နင်းချိုးပဲ့၍၊ စွန့်ခဲ့အိမ်ရာ၊ တောထွက်လာမှ၊ ကိုယ်တခုဖြင့်၊ ကျွတ်ဆုပြည့်ဝ၊ ဤကိုဆသော်၊ ကာလမြင့်ထွေ၊ လှုပင်နေသည်၊ ၊လွန်လေအားတက်သရောတည်း။

၈၈။ ကမ္ဘာ့သနေ်၊ဆူဝေတီးပြုန်း၊ကြေပျက်သုန်းလည်း၊ မပုန်းမလျှို၊ ကိုယ်တို့ လက်နက်၊ ကျိုးဆက်ထောက်ကူ၊ဂုဏ်သိုလ်ပဟုသား၊အလှူရတနာ၊ သံသရာ၏၊ ရိက္ခာထုပ်ကြီး၊လွယ်၍ပြီးမှ၊ ခရီးလမ်းလွှဲ၊နိဗ္ဗာန်ကွဲကို၊ မလဲဝတ်စား၊ လှုပင်သွား၍၊[၁] မအားလေစွာ၊ရှင့်ရုပ်ဝါဖြင့်၊ သွားဌါလျောက်လျား၊ ငါ့မှုထားကား၊ ညာဖျားသွန်းသွန်း၊ ပွင့်ကြီးပန်းသို့၊ ရွှန်းရွှန်းဖူးပင်၊[၂] အညွန့်ရှင်၏၊ကျယ်တွင်မြတ်ဆု၊စီးပွါးမှုကို၊ ပြုအံ့ရှင်ရေး၊ မကုန်သေးခဲ့၊ သုံးလေးငါးခြောက်၊ မြောက်တုံရှစ်ခု၊[၃] ဖိုလ်

(၁) ဒု-လှုပင်သွား၍၊
(၂) ဒု-လန်းလန်းဖူးပင်၊
(၃) ဒု-မြှောက်တုံရှစ်ခု၊

မဂ်ဆုကို၊ လွယ်မှုသိုက်မှန်၊ ရပြီးတန်လျက်၊ မေ့ကျန်ရွယ်လူး၊ကြာလေဘူးသည်၊[၁] ၊ကျေးဇူးနှုမ်နှုမြောတည်း။

တာပသပဗ္ဗဇ္ဇခန်း ပိုဒ်ရေ-၁၃ ပြီး၏။

(၁၀) ရုက္ခမူလ ဥပဂမနခန်း

ပိုဒ်ရေ-၁၀

၈၉။ ဤသို့မှတ်ဒိုက်၊ဝမ်းအင်မြိုက်၍၊ တော၌မျက်ပွင့်၊ ပျော်သဖြင့်လျှင်၊ အကျင့်အလျောက်၊[၂] အန်အားမြောက်၍၊ မြကျောက်ဆောင်ပန်း၊ အင်းပျဉ်ဝန်းထက်၊ ခိုင်ကျန်းလည်းနေ၊ပုံသွန်းရွှေသို့၊ ကုဋေမကာ၊ ချမ်းရိပ်ဝလျက်၊ ထိုမှုပျော်ဘန်၊ နေ့ဘို့လွန်၍၊ ခါတန်နေငြိမ်း၊ ရှိမ်းတုံဆည်းဗျာ၊[၃] လဝါထင်ပေါ်၊သခ်မ်းတော်တွင်၊ မွေ့လျော်ကိုယ်ထိး၊ ကျိန်းတုံပြီးမှ၊ မိုးသောက်ထ၍၊ တွေးဆခင်းကျင်း၊ တောထွက်ခြင်းကို၊ စိုင်းပြင်းလေလေ၊ ဒိပ်နိုးပြေသော်၊ စိတ္တေကဂ္ဂတာ၊ သည်းပွတ်ချာက၊ကြည်စွာတောင်စ၊ သိဒ္ဓါမြသို့၊ တည်လှသောဆုံး၊ နှုလုံးစေ့ချဉ်း၊ ရုံးကျဉ်းအရေး၊ ကြံပြန်သေးသည်၊ ၊ နက်လေးကြောင်းခြာတတန်တည်း၊

၉၀။ အာဒိစ္စဝင်၊ မာရဂင်ဟု၊ အောင်မြင်မဂ်ဗိုလ်၊ ပွင့်သားကိုယ်ဖြင့်၊ အလိုပေါ်ထွန်း၊ မျက်တောင်ကျွန်း

---

(၁) ဒု-ကြားလေဘူးသည်၊
(၂) တ-အကျင့်လည်းလျောက်၊
(၃) ပ,ဒု-ရိမ်းတုံဆည်းဆာ၊

သို့၊[၁] တဘန်းဆံခြည်၊ နှင်းရည်မြူရှိ၊ ညစ်ကျိုမပြေး၊ သုဒ္ဓေါဒေသွားကား၊ အရေးထိုသို့၊ ကြောင်းခြာတို့ကို၊ မဆိုသရုပ်၊ ပါဠိကြွင်းမြှုပ်၍၊ အဋုပ်မပြ၊ ချဉ်းကာမျှဖြင့်၊ လုကသောခါ၊ သုမေဓါသည်၊ ဇာိမ်ပါဝတ်လဲ၊ စွန့်ပြီးရဲမှ၊ နှံ့ဘဲရည်ဖျန်း၊ လျှော်သက်နန်းကို၊ လန်းလန်း ဝတ်ဆင်၊ သင်္ကန်းတွင်လည်း၊ ချင်ချင်မွတ်မွတ်၊ နှုလုံးလွှတ်၍၊ နေမှတ်မရည်၊ သွားခဲ့သည်ကို၊ တိုင်တည်ရှင်ကျော်၊ တပည့်တော်အား၊ ဟောဖေါ်ကြားသည်၊ ၊တရား၍သို့ အမှန်တည်း။

အဋ္ဌဒေါသ သမာကိဏ္ဏံ၊
ပဇဟိ ပဏ္ဏသာလကံ၊
ဥပါဂမိံ ရုက္ခမူလံ၊
ဂုဏေ ဒသဟုပါဂတံ၊ ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ အဟံ-ငါသည်၊ အဋ္ဌဒေါသ သမာကိဏ္ဏံ-ဒဗ္ဗသမ္ဘာရ ပရိယေသန ကရဏ ဘာဝစသော ရှစ်ပါးသော အပြစ်တို့ဖြင့် ပြွမ်းသော၊ ပဏ္ဏသာလကံ-သစ်ရွက်မိုးသော စရပ်ကို၊ ပဇဟိံ-စွန့်ပြီ၊ ဒသဂုဏေဟိ-အပ္ပသမာရမ္ဘတာ စသော ဆယ်ပါးသော ကျေးဇူးတရားတို့နှင့်၊ ဥပါဂတံ-ပြည့်စုံသော၊ ရုက္ခမူလံ-သစ်ပင်ရင်းသို့၊ ဥပါဂမိံ-ကပ်ပြီ။

၉၁။ ကဋ္ဌမုခ၊ စသည်အချင်း၊ မြွေလေးစင်းနှင့်၊ နှန်းထွင်းတွေးခေါ်၊ ပမာလျှော်သား၊ သပေါ်မည်ဟုတ်၊

---

(၁) ပ,ဒု-မြက်တောင်ကျွန်းသို့၊

မဟာဘုတ်ကို၊ ဆိပ်နှုတ်ငွယ်ချွတ်၊ ကင်းရှိန်သတ်၍၊ ဒီ့ရဟာတ္တမဂ်၊ပညာစက်ဟု၊အနှုက်ဆေးကြီး၊ သွင်းပြီး သရော်၊နောက်နောင်သော်ကား၊မပွါးစေအပ်၊ ငါလျှင် ကြပ်၍၊ ပညပ်ပရမတ်၊ မန္တန်ရွတ်လျက်၊ မုခပါဌ်ခွန်း ခွန်း၊ အစုံမန်းမှု၊[၁] လန်းလန်းလှစင်၊ လွတ်မြောက်ရှင် သား၊ငါ့တွင်သက်နှံ၊အရဟံတိ၊သာမဂ္ဂိဉ္ဈ၊ အသိမတန်၊ ငါသာလွန်သည်၊လျှင်ထန်ပညာ၊ သာရိပုတြာ၊ ၊နာ တုံသိုက်သိုက်၊ဝမ်းထဲပိုက်လော့၊ သာမြိုက်ရကြောင်း၊ အညွှန့်ကောင်း၍၊[၂] နန်းလောင်းအောင်မြေ၊ အိမ်နိမ့်ခြေ နှင့်၊အနေမလွန်၊နှုန်းသင့်တန်သား၊ဗိမာန်သိမ်း၊ နိဗ္ဗာန် ငြိမ်း၌၊ ငြိမ်းချမ်းရှင့်ဘ၊ ကျိန်းပြီးမှလျှင်၊ တွေးဆအ သစ်၊အကြံဖြစ်၏၊ မချစ်ဥတ္တာ၊ ရသေ့လျှာဟု၊ အိမ်ရာ မထောင်၊မျိုးကုန်အောင်ဖြင့်၊ ချည်နှောင်မရှိ၊လူညစ်ကျို ကို၊ဗလိဗော၊ စိုးရိမ်ရလျက်၊ တလှည့်ငြိုငြောက်၊ လူနှံ့ ဖျောက်၍၊သစ်ခေါက်လည်းဝတ်၊ လဲချွတ်လူမွေး၊ လူ့ ညစ်ကြေးကို၊လျှော်ဆေးမှုထား၊လူ့ဝတ်စားလည်း၊ ၊ ငါ့အား ပယ်ရပြီးသတည်း။

၄၂။ တရားအညွှန့်၊ကြိုးသို့တွန့်၍၊ မပြန့်စသာ၊ လူ တို့ရွာတွင်၊ဃရာဝါသ၊အိမ်ကြောင့်ကြဖြင့်၊ခွသည့်နှုလုံး၊ လွန်ပြီးဆုံးမှ၊ အနန္တတိ၊ ရွှေငွေကျိကို၊ မသိတိုင်းရှဲ့၊ စွန့်ပစ်ခဲ့၍၊ မငဲ့မတွယ်၊ မြတ်ရာရွယ်သည်၊ တောဝယ်

(၁) ဒု-အံစိတ်မန်းမှု၊
(၂) ဒု-အညွှန့်အောင်း၍၊

ချမ်းမြွေ့၊ ငါရသေ့ကား၊ ရတော့သောင်းဖျင်း၊ အယွင်း
ယွင်းလျှင်၊ သေမင်းစစ်ချီ၊ နောက်ရမှီသား၊ လောကီ
စည်းစိမ်၊ တင်းမတိမ်ကို၊ အကြိမ်အဖန်၊ ငြီးစွာထွန်၍၊
နိဗ္ဗာန်မည်သည်၊ အောင်စည်ချမ်းသာ၊ ယူလေခါ၌၊
များစွာမခဲ၊ ရလွယ်မြဲဟု၊ အရဲတိုးတိုး၊ အားရှိကြိုး၍၊
တံစိုးကံကျေး၊ အမြိုက်ဆေးကို၊ ပေးပေးသမျှ၊ ပြတ်
သားလှလျက်၊ ဆယ်ဆဆင့်လောင်း၊ အနှစ်ကောင်း
လည်း၊ ၊စည်းပေါင်းလွယ်ရပြီးသတည်း။

၉၃။ အရည်ကင်၊ တောတွင်ကိန်းအောင်း၊ ကျေး
ဖူးပေါင်းကို၊ မချောင်းလေဝံ့၊ အခါငံ့လျက်၊ ခွါအံ့ရူး
စား၊ မတတ်အား၍၊ ရှည်လျားဘက်ထစ်၊ မနှစ်ကိုယ်
ကို၊ အလိုဖျင်းသောင်း၊ အကာပေါင်း၍၊ ကျင့်ကောင်း
မဆံ၊ လူလက်ပံတို့၊ အကြံယုတ်မာ၊ မိစ္ဆာလည်းမည်၊
အုံစည်မှက်ရဲ၊ ကိုက်ဆွပ်ခဲ၍၊ ကျည်နဲ့ကျည်နူ၊ ကြာ
သည့်တူလျှင်၊ [၁] တလူနေ့ရေ၊မလွန်စေဟု၊ တောခြေလုံး
ထိမ်၊ကိုယ်ကိုနှိမ်၍၊ဆိတ်ငြိမ်ရပေါ်၊ ကုတော်ဘယာ၊
ဘေးဘျမ်းစသည်၊ တဏှာမုဒိမ်း၊ ငါ့အားငြိမ်းလျှက်၊
ခပ်သိမ်းမြေတာ၊ ရပ်မျက်နှာလည်း၊ ၊ပိတ်ကာကွယ်
ရ ပြီးသတည်း။

၉၄ ။အနပေက္ခ၊ မာန်စောင်ချ၍၊ တောင့်တစုံ
မက်၊ မကွက်ခပ်သိမ်း၊ တောစိမ်းမြက်မည်း၊ တောင်
ပြင်ကြည်း၌၊ ဘော်နည်းနေလို၊ ငြိမ်းရာခိုလျက်၊ ထိုနှင့်

(၁) ပ,ဒု-ကျားသစ်တူလျှင်၊

မတန်၊ အမွှန်တောကျောင်း၊ သာရိပ်ကောင်းဖြင့်၊[၁] မထောင်းမိုးလေ၊ သစ်မ်းနေသော်၊ မချေစွာမြေ့၊တော ဝယ်မွေ့ပွသည်၊ ရသေ့တန်မွဲ၊ သာဘောင်ဖွဲ့ဟု၊ ကဲ့ရဲ့လည်းရ၊ ပျင်းပိုးထ၍၊ နေ့လရှည်ကာ၊ လုံ့လမှာလည်း၊ တခါညှဉ်းဆိုး၊ တခါကြိုးလျက်၊ ရှင်မျိုးတော်ကာ၊ ငုပ်ဆန်းသာလျှင်၊ ပြုပါကျိုးဆက်၊ ဂုဏ်မတက်ခဲ့၊ သည့်ထက်မကာ၊ နတ်နှင့်ဆလည်း၊ နိမ့်ကျမထင်၊ စည်းစိမ်အင်ဖြင့်၊ မငြင်မငြို၊ ငါ့အိမ်ကိုလျက်၊ မလိုနှောင့်နှေး၊ ခွါတုံသေးရှင့်၊ နှိုင်းသွေးထိုကို၊ သွင်းပြီးဆိုသော်၊ စလိုစလာ၊ သမ္ဘောဗျာ၊ ကပ်ကာမရ၊ တတာမွဲဘွယ်၊ ဤကျောင်းငယ်ကား၊   ၊တာတွယ်ငါ့အား များများမရှိအပ်သတည်း။

၈၅။ ထိုပြို့တခါ၊ဤကျောင်းသာကား၊ ရှာရှာမှိုးမှိုး၊ လုပ်ကြီးကြီမ၊ ကြောင့်ကြပန်းရှု၊ ကုန်အောင်မှုလျက်၊ ဆောက်ဦလုံးပေါင်း၊ ပြုရရှောင်းခဲ့၊ အဟောင်းရိပ္ပပ်၊ အမိုးယပ်နှင့်၊ ကြမ်းကွပ်သက်ငယ်၊ နှီးနွယ်ဆွေးရွေ့၊ ကျမ်းထွေ့မခိုင်၊ နံရံယိုင်လည်း၊ ညွှန်စိုင်မြေနီ၊ ထမ်းမိုးချီလျက်၊ တသီတခါ၊ ရုပါကုတ်သဲ၊ ဩဘ်လဲပင်ပန်း၊ ပြုရလွန်းခဲ့၊ လမ်းသန်းလမ်းကူး၊ သွားကြိုက်ဖူးသည်[၂]၊ ရပ်ကျူးမြေခြား၊ တိုင်းတပါးမှ၊ ကျောင်းအားသပ္ပါယ်၊ အရွယ်ဝါလွန်၊ သူတော်မွန်တို့၊ ရံဖန်ကြိုက်ပါ၊ ငါ့နေရာသို့၊ ရောက်လာသောအား၊ ညှာရများလည်း၊

---

(၁) ဒု-သာရိပ်အောင်းလျက်၊

(၂) တ-သွားကြိုက်ပူးသည်၊

တည်ကြားမရ၊ ထကြွပြန်ပြောင်း၊ လေပျံ့ရှောင်းခဲ့၊ ထိန်းကျောင်းကိုယ်ကို၊ ရိပ်ကောင်းခိုလည်း၊ ပျင်လိုပျင်းခန်း၊နေပျော်လွန်း၍၊ခါမှန်းမကြည့်၊မယှဉ့်ပူချမ်း၊ နွံကြမ်းထိထိ၊ မခံချိခဲ့၊ မသိမကြား၊ ကွယ်သကားဟု၊ တရားမရှု၊ ညစ်ညမ်းမှုကို၊ ပြုလေသော်လည်း၊ မပြေ၁ လူမိုလ်၊ သကြိုဟ်ကဲ့ရဲ၊ ဖုံးပိတ်ခဲ့၍၊ ရှက်မဲ့သောဟန်၊ ကျင့်လေတန်ခဲ့၊ ကျောင်းကန်သိုက်ဒွမ်း၊ ငါ့သိမ်းဟု၊ ချစ်လွမ်းရပ်ရာ၊ တပ်လွန်းစွာလည်း၊ ပြိတ္တာဖြစ်ဆေး၊ ဝန်ဖြင့်လေးခဲ့၊အရေးလုံးစုံ၊ရှုချေတုံလည်း၊တဲအုံလည်း ဆောက်၊နေလမြောက်သော်၊နှစ်ယောက်ဘော်ရှိ၊ဟူလေ လိခဲ့၊[၁]ထိုပြို့အပ၊သန်းဖြကြမ်းပိုး၊ကြွက်မျိုးပင့်ကူ၊တက်တူအိမ်ပြောင်၊ အထောင်အသောင်း၊ အပေါင်းပိုးမွှား၊ နေသူများခဲ့၊ ရှစ်ပါးအလှစ်၊ ဤသို့ဖြစ်သား၊ အပြစ်စုံ ပေါင်း၊ သခ်မ်းကျောင်းလည်း၊ ကျဉ်းမြောင်းအထူး၊ နေ့ရှည်ကျူးသော်၊ ၊ကျေးဇူးမစေ့စပ်သတည်း။

၉၄။ သခ်မ်းရိပ်ခို၊အပျင်းသို၍၊ ကိုယ်လိုစိုးစိုး၊ အပိုးမသေ၊ငြိမ်းကာနေလျက်၊ ကျင့်ထွေမသည်း၊ လုံ့လနည်းဖြင့်၊ သို့ချည်း နှင်နှင်၊ ချမ်းသာကျင်သော်၊ ရှင်၏ဖြင်လား၊ဤမူထားကား၊ယောက်ျားသူပြိန်း၊ ခပ်အောင်ချိန်းလျက်၊ ကလိန်းကလင်း၊ လှောင်ယင်းဖြင့်၊ မြစ်မင်းပင်လယ်၊ ကူးလိမ့်ရှယ်သို့၊ ထို့နှယ်လည်းကောင်း၊ လူက ချောင်းသား၊မြတ်ပေါင်းနက်နဲ၊ တရားခဲကို၊ လွဲလွဲ

(၁) ပ,ဒု-ဟူလေဘိခဲ့၊

ရ၄ါ၊ ခက်လေစွာခဲ့၊ ချမ်းသာကိုယ်တိ၊ နေမိတုံတုံ၊ အပုံ
သံဝေ၊ မရလေတည့်၊ ခြွေရွေစွန့်ပဲ၊ တောထဲဝင်လျှိုး၊
သည်းခံကျိုးဖြင့်၊ မညှိုးထက်မြက်၊ ဖွံ့ဖွံ့တက်၍၊ တော
ထွက်သောအား၊ စီးပွါးအညွန့်၊ သားသား ပြန့်လျက်၊
အခွန့်ရှည်လျား၊ တရားမြစ်ဖြာ၊ စည်သော်သာတည့်၊
တောမှာကိုလုံ၊ နေစောက်တုံအုံ၊ ကြာမုံသဘွယ်၊ နေ
ရောင်ကွယ်သို့၊ ကျောင်းငယ်မျှတည်း၊ မွဲမည်းအလား၊
ပြစ်ရှစ်ပါးဖြင့်၊ ငါ့အားတိမ်းစောင်း၊ မမှားကောင်းဟု၊
အကြောင်းရှာမှီး၊ ရသေ့ကြီးကား၊ ကြံသီးနက်နဲ၊ နှလုံး
ထဲ၌၊ ၊အမြဲကိုယ်ကိုကွပ်သတည်း။

၈၇။ ဤသို့ကြံပြီး၊ ရှင်ကြီးသူတော်၊ ရသေ့ကျော်
ကား၊ ထိုရော်သခ်မ်း၊ ကျောင်း၌စမ်းသော်၊ ပွမ်းသား
အပြစ်၊ ရှစ်ပါးဖြစ်၍၊ စွန့်ပစ်တောကျောင်း၊ ခွါခဲ့ရှောင်း
မှ၊ သူဟောင်းတကာ၊ အရိယာတို့၊ နေဌာထိုက်တန်၊
ကျေးဇူးမွန်ဖြင့်၊ နိဗ္ဗာန်ဝင်ဝ၊ မြို့က်ဒွါရ၏၊ လမ်းမရုတ်ဦး၊
လှေကားကူးကို၊ ပြူးပြူးရင်းထောင်၊ တက်ဆုံးအောင်၍၊
ဆောင်ပြောင်ချိုးနတ်၊ မြပြာသာဒ်လည်း၊ ယိုးချွတ်မတူ၊
မည်သူမပြု၊ လှူသာရကို၊ ကောင်းမှုတို့ဝေ၊ သုဓ္မရေ
မည်သီး၊ ဤမြေကြီးလျှင်၊ ရှာမှီးကိုယ်တန်၊ မလင့်ဟန်သို့၊
ဗိမာန်တဆူ၊ သစ်ပင်ဟူသား၊ နေပူမထား၊ တရားဗိမာန်၊[1]
အရိပ်မွန်သို့၊ ၊တတန်သွား ဆည်းကပ်သတည်း။[2]

(၁) ပ-တရားပိတန်၊
(၂) ဒု,တ-တဖန်သွားဆည်းကပ်သတည်း။

၉၇။ သူတော်တကာ၊အရိယာတို့၊ နေဌါသန့်ရှင်း၊ သစ်ပင်ရင်းကား၊ တစင်းနှီးနွယ်၊ ဝါးသက်ငယ်ဖြင့်၊ ချည်ဘွယ်နှောင်တည်း၊ပြုရနည်း၏၊ ကပ်ဆည်းသော ခါ၊သာလကာတည့်၊[1]ကောင်းရာနှစ်သက်၊ ရွေးရလျက် တည့်၊တံမြက်တလင်း၊မဉ္စါပျင်း၍၊"လှည်းခြင်းအမှု၊ပြု-မပြုလည်း၊"[2]မရှုမသာ၊ ရှိခဲ့စွာ၏၊ အခါမကြိုက်၊ ညဉ့်ဝိုက် သန်လွဲ၊သက်ကြီးတဲလည်း၊ မလွဲနေရာ၊ ကျောင်း ဝယ်ညှာသို့၊ရှင်ဝါစစ်ခြင်း၊တကြောင့်ကင်း၏၊တိလင်း ကျည်းကြီး၊ မဆီးဟည်းလည်း၊ ကွယ်ကာ နည်းဟု၊ သိမ်းဖြည်းရှုံ့ရှာ၊ မအပ်စွာသည်၊ ယုတ်မာညစ်ဆေး၊ ကျင့်ဘွယ်ဝေး၏၊ ချမ်းဗေပူလောင်၊ ပြင်တီးခေါင်နှင့်၊ ကျောင်းဆောင်ရိပ်ပဲ့၊ ဤနှစ်ကွဲ၌၊ အမြဲနေတမ်း၊ သူ့ ထက်စွမ်း၍၊ ငြိမ်းချမ်းပူပန်၊ သင့်ရုံတန်၏၊ အလွန်တင့် ကဲ၊ သန်မ်းတဲကို၊ သုံးစွဲသောလား၊ သိမ်းပကားခြင်း၊ နှောင်ရှက်ကင်း၏၊ ကျောင်းခင်းအုံစင်၊ ငါ့သစ်ပင်ဟု၊ ဖြိုနှင်သူ့အား၊ ရန်းတားတွယ်တာ၊ ငက်စွာမမူ၊ နှလုံးပြု ၏၊ နေတူဘောင်များ၊ ဒိဋ်အလားသို့၊ ပိုးပြွား မှုန်ဖျင်း၊ သုတ်သင်ခြင်းဖြင့်၊ ထဲတွင်းဝန်ပေါ်၊ တအောင်လဲလဲ၊ ချိလွဲပြောင်းပြန်၊ ယားထုတ်တန်သည်၊ ဝန်လည်းမရှိ၊ ထိုပြို့အပ၊သိကြားမ၍၊ရတုံဗိမာန်၊[3]မြစောင်မွန်လည်း၊ မလွန်စသာ၊ညှိုဝါရှိမ်းရှိမ်း၊ရောင်ဘိတ်စိမ်းလျက်၊ချမ်း

(၁) ပ,ဒု-သာရကာတည့်၊
(၂) ဒု-လှည်းခြင်းမပြု၊ သုတ်သင်မှုလည်း၊
(၃) ပ-ရတုံပိတန်၊

ငြိမ်းဖါးဖါး၊ ရိုးဖျားထိလု၊ သစ်ပင်နှင့်အောက်၊ နေရ မြောက်သော်၊ ပြိုင်ထောက်မရှိ၊ ဗိတိပြိုးပွမ်း၊ ဆိန္နယ် ရွှမ်း၍၊ ချမ်းဝမ်းရွှင်ပ၊¹ နှလုံးချလျက်၊ အားရနှစ်သက်၊ လွှန်စုံမက်၍၊ မြေထက်သစ်ပင်၊ မရှားဖြင်၍၊ ချင်ချင် မွတ်မွတ်၊ ခံနေသတ်လျက်၊ နေမွှတ်သိမ်းဆည်း၊ တပ် ပြေ့နည်း၏၊²ပေါင်းစည်းကြီးငယ်၊ကျေးဖူးနွယ်တည့်၊ တဆယ်ဂဏ်အင်၊ ဤသို့ထင်သည့်၊ သစ်ပင်လည်းဟူ၊ ရက္ခမူကို၊ ရှင်ပြုရသော့၊ နှလုံး မွေ့လျက်၊ ၊ချစ်ပြေ့ ညွှတ်တိမ်း မပ်သတည်း။

ရက္ခမူလ ဥပဂမနခန်း ပိုဒ်ရေ-၁၀ ပြီး၏။

(၁၁) ပဝတ္တဖလအာဒိယနခန်း

ပိုဒ်ရေ-၅

ဝပိတံ ရောပိတံ ခညံ၊
ပဖဟိ နိရဝသေသတော၊
အနေကဂုဏာသမ္ပန္နံ၊
ပဝတ္တဖလ မာဒိယိ ၊ ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ ဝပိတံ-မျိုးအပ် ထသော၊ရောပိတံ-စိုက်အပ်ထသော၊ ခညံခညနိဗ္ဗတ္တ ကံအာဟာရံ-စပါးမှ ဖြစ်သော အာဟာရကို၊ နိရဝ သေသတော- အကြွင်းမရှိသော အားဖြင့်၊ အဟံ- ငါ

(၁) ဒု,တ-ချစ်ဝမ်းရွှင်ပ၊
(၂) ဒု-တပ်ပြေ့နည်း၏၊

သည်၊ပဓါဟိ-ဖွန့်ပြီ၊အနေကဂုဏာသမ္ဘန္တ-များစွာသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော၊ပဝတ္တဖလံ-အလိုလိုသာ လျှင် ဖြစ်သော သစ်သီးကို၊အာဒိယိ-ယူပြီ။

၉၉။ ဗလဝါမုခ၊ပင်လယ်မသို့၊ကျယ်ဝဟာင်းလင်း၊ ယမမင်း၏၊ ခံတွင်းလဟာ၊ ဘော်သုံးရွာကို၊ မခွါနိုင် ပဲ၊ ရှောင်ရှားခဲ၍၊ အော်လဲကျများ၊ ငါ့ထံပါး၌၊ လျှိုး တွားပန်ထွာ၊ ဆည်းကပ်လှာမှ၊ လိမ္မာတတ်ချေ၊ ငါ သင်တွေ့ဖြင့်၊ အသေလည်းမှတ်၊ စည်းလဲတတ်လျက်၊ ကိုယ်လွတ်ရှင်းရှင်း၊ ပြည်မင်းခရီး၊ တွင်ကျုံပြီးသား၊ ဝါကြီးဝါငယ်၊ မျိုးလေးနွယ်တိ၊ ပွဲပြည့်ရှိလည်း၊မချို ပညာ၊ ပုဏ္ဏာနက်နဲ၊ ခဲသည့်အရေး၊ လက်ဝါးပေး သည်၊မရွေးသိမြော်၊တပည့်ကျော်၊ ၊သားတော်ရှင် ပြု၊ နှလုံးမူလော့၊ ဇမ္ဗူတတိုက်၊ ဤကျွန်း၌လျှင်၊ ကျော် လိုက်ဆူဝေ၊ ဖြူဟွာ့ဆွေဟု၊ သုံးတွေဗေဒင်၊ ကျယ် သိမြင်သား၊ စုံအင်ပညာ၊ သုမေဓကား၊ ဥစ္စာစည်း စိမ်၊ နန်းအိမ်စွန့်ပစ်၊ ကိုယ်ထိုး ဖြစ်လျက်၊ ကျောင်း သစ်ကုဋ္ဌ၊သိမ်းနေလည်း၊ မသေနှလုံး၊ သူပျက်ထုံး ဟု၊ ပိတ်ဖုံးရုံမိုး၊ လွန်လေနိုး၍၊ တူယိုးမဲ့ရှောင်း၊ သိ ကြားကျောင်းဝယ်၊ ကျိန်းအောင်းနှစ်မြိုက်၊မနေမိုက်ပဲ၊ တောထဲချောက်မြောင်၊ ပြင်တီးခေါင်၌၊စိမ်းရောင်ဖါး ဖါး၊ သစ်ပင်ပါးသို့၊ ဝမ်းအားဆွတ်ဆွတ်၊ ချင်လှမွတ် သျှက်၊ ၊ပြတ်ပြတ်နေရာခန့်သတည်း။

---

(၁) ပ,တ–လိမ္မာတတ်ခြေ၊

၁၀၀။ ရက္ခဆာယာ၊သစ်ရိပ်သာကို၊ နေရာခန့်ပြီး၊ ရသေ့ကြီးကား၊တောနီးရွာထံ၊အသက်နှံ့လျက်၊ ဆွမ်းခံကျင့်ဝတ်၊ပိဏ္ဍပါတ်ဖြင့်၊ နှူးညွတ်စွာလှ၊ လှူကုန်ကြ၍၊ ရလတ်သေသာခါ၊သာသည့်ရပ်ဝယ်၊သပ္ပါယ်စရုံ၊ရောင့်ရဲတုံမှ၊အကြံရ၏၊ဤမျှဝမ်းစာ၊ဆွမ်းနှူးကာလျှင်၊ ဘောင်ကွာလိုလွန့်၊ တောဝယ်ကွန့်လျက်၊ မပြန့်စီးပွါး၊ ခံကာစား၍၊ လူ့အားလည်းကောင်း၊ ပေါင်းပေါင်း ပျစ်ပျစ်၊ ခေါက်နှစ် တုံတုံ၊ တပြုံ ပြည်းပြည်း၊ အနှစ်နည်းသည်၊ အရည်းမည်မည်၊ မခေါ်တည့်နှင့်၊[၁] အရည်အသွား၊ များများမထူး၊ ကျေးဇူးမရှာ၊တကာဆွမ်းဟာစ်၊ ရှင်နှုယ်ဖြစ်လျက်၊ မည်းချစ်လျှော်ခေါက်၊ ဝတ်စောက်မြဲဆန်း၊ရဟန်းတောသူ၊ဖြစ်စိမ့်ဟူ၍၊ ရှင်ပြုတောတွင်၊ နေလတ်ကျင်သည်၊ မှန်စင်အရေး၊ မဟုတ်သေးခဲ့၊ တထွေးလုံးပေါင်း၊ ကြံတုံရှောင်းလည်း၊ဆွမ်းကောင်းစားစား၊လျှာကျိုးများ၍၊ ဝမ်းအားတန်ဆေး၊ ရွာဝေးမခွါ၊ နေမိရာကား၊ အစာဖြင့်အား၊ လားသည့်ငရဲ၊ ခံရမြဲလည်း၊ဖြင်ပြဲဆုန်းဆာ၊ဤသည်မျှဟာ၊မရတွက်ရေ၊ များလွန်းလေခဲ့၊ မြောက်မြေ ပိုင်ဆန်း၊[၂] လျှော်သက်နှင့်၊ ဆွမ်းပန်းမသည်း၊[၃] သို့သည်ချည်းသော်၊ မနည်းစီးပွါး၊ ရဘွယ်ရှားခဲ့၍၊ မှုထားထွေငေါ်၊ ငါမလျှော်ဟု၊

---

(၁) ဒု-မဟာထေရ်နှင့်၊

(၂) ဒု-မြောင်းမြေပုဒ်ဆန်း၊

(၃) ဒု-ဆွမ်းပန်းပစ္စည်း၊

ရှင်ကျော်မြတ်စွာ၊သုမေဓာကား၊ ဖွယ်ရာရှေး၍၊ ဤသို့ ဟူလျက်၊ ၊ဇေလျှုနှလုံးတွန့်သတည်း။

၁၀၁။ ဂေါစရဂံ၊ ရွာသက်နှံ့လျက်၊ ဆက်ဆံလူ နှင့်၊ ငါမသင့်ခဲ့၊ လေးမြင့်ခါလည်၊ မရှည်စေမူ၊ယာခုနေ့ က၊ နက်ဖြန်စ၍၊ မျှတရေစာ၊ မသောကာလျှင်၊ တောမှာ နေထိုင်၊ အမြဲကိုင်ပြီး၊ [၁]သင်းသီးလက်ပယ်၊ [၂]လူနှင့်ကွယ် သော်၊ အကယ်ငါ့အား၊ ကောင်းဩားယောင်ဟု၊ အ ခေါင်ကြံစည်၊ဤသို့ရည်လျက်၊ မလည်ရွာတွင်း၊ လှည့် ပတ်ခြင်းဖြင့်၊ သီတင်းကျင့်ထွေ၊ မရေမရာ၊ ကြာလေစ နိုး၊ သူမြတ်မျိုးကား၊ စိုက်ပျိုးနွားကျွဲ၊ ထွန်ယက်ကြဲ၍၊ ဆင်းရဲပန်းလျှ၊ လုပ်၍ရသည့်၊ ထိုမျှအိမ်ဌာ၊ လူ့အစာ၌၊ အာသာအလို၊ နည်းသားကိုယ်ဖြင့်၊ အတိုအရှည်၊ ခပ် သိမ်းသည်လျှင်၊ အိုးတည်မီးချက်၊ အစာကျက်ကို၊ ၊ သက်သက်ရှောင်ကြဉ်စွန့်သတည်း။

၁၀၂။ မယှဉ်ရွာလယ်၊ ဆွမ်းခံပယ်၍၊ နှိပ်နယ် ရမွက်၊ ငက်သည်သဘော၊ လောဘဇောကို၊ မပြော စေအောင်၊ အစာရှောင်လျက်၊ တောချောင်ထိုဝယ်၊ စားကောင်းဘွယ်သား၊လုံးငယ်လုံးကြီး၊ သစ်သီးဝလံ၊ နှံ့သည်အသက်၊ ကျေးဖူးချက်အား၊[၃] စုံမက်ရှုကြည့်၊ နှလုံးပြည့်၍၊ အမှည့်ညှာကြွေ၊ အထွေထွေကို၊ စားချေ

(၁) ဒု-အမြဲခိုင်ပြီး၊
(၂) ဒု-သစ်သီးလက်ဝယ်၊
(၃) တ-ကျေးဖူးခက်အား၊

မမြွေ၊ ရှာစလေ့လျှက်၊ တနေ့ဘွိုအား၊ တကြွမ်စား၍၊ သွားလျှင်ဆုံကြေ၊[1] မှတ်လေသမှု၊ ထောင်းထုမတတ်၊ ဖြောပြုတ်သတ်သား၊ ဟင်းဘတ်မီးချက်၊ တရွက်မကိုက်၊ အသီး၌လည်း၊ မီးမြိုက်ဖုတ်က၊ လျှာမျှမတို့၊ မပျို့မအန်၊အမွှန်လည်းမှတ်၊အစိမ်းဆွတ်လည်း၊မသတ်ရေလုံ၊ကောက်ကာငုံ၍၊ မစုံမမက်၊ အကျင့်ခက်ကို၊ သက်သက်စောင့်စည်း၊ အလိုနည်းသည်၊ အရည်းဗိလာ၊ သုမေဓာကား၊ အစာဝမ်းဝယ်၊ရောင့်ရဲလွယ်၍၊ ၊ စင်ကြယ်သက်မွေးသန့်သတည်း။

၁၀၃။ တဆဲ့နှစ်ပါး၊ တရားထိုမျှ၊ သင်္ဃာသဟာ၊ ရောင့်ရဲမှုဖြင့်၊ဆန်းပြုလွဲလက်၊ရမွက်ကုတ်လျှို၊[2] စိတ်ဝန်တိုဟု၊ ဗိတ်ယိုစီးတက်၊ ရေငန်စက်ကို၊[3] စစ်ပက်သွန်ပြီး၊ မြတ်ရာမှီးသည်၊ ဘုန်းကြီးမဟာ၊ သုမေဓာကား၊ မေတ္တာမည်သား၊ ချမ်းကြည်ရေဖြူး၊[4] ဗိတ်မြေနူးဝယ်၊[5] ကျေးဇူးဟူသည်၊ ပွင့်ဖြူနုံမြိုက်၊ ရလွယ်ကြိုက်လျှက်၊ အကိုက်စီဖြာ၊ ကုသိုလ်ညှာတိ၊ ရင့်မာနွယ်စီး၊ တောစင်ကြီး၌၊[6] အသီးမှည့်ပျော်၊ ဗျာန်ငါးဘော်ကို၊ လျှင်

---

(၁) ပ,တ-သွားလျှင်ဆုံကျေ၊
(၂) တ-ရမွက်ကုတ်သို၊
(၃) ဒု-ရေးငန်းစက်ကို၊
(၄) ပ,ဒု-ချမ်းကြည်သွန်ဖြူး၊
(၅) တ-စွတ်မြေနူးဝယ်၊
(၆) ဒု-တောင်စင်ကြီး၌၊

ငေါ်မနှေး၊ဆွတ်တံ့တွေးလျက်၊ ^(၁)^ ညွှန့်သေးရွက်ညောင်း၊ ဂုဏ်နှာ မောင်းအား၊ ၊ရှည်ကြောင်း ထိုရော် ဆန့်သတည်း။

ပဝတ္တဖလ အာဒိယနခန်း ပိုဒ်ရေ-၅ ပြီး၏။

(၁၂)အဘိညာဗလပါပုဏာနခန်း

ပိုဒ်ရေ-၈

တတ္ထပဓာနံ ပဒဟိံ၊
နိသဇ္ဇဋ္ဌာနစင်္ကမေ၊
အဇ္ဈတ္တရမှိ သတ္တာဟေ၊
အဘိညာဗလ ပါပုဏိံ၊ ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ တတ္ထ-ထိုဝမ္ဘိက တောင်ယံ၌၊ နိသဇ္ဇဋ္ဌာနစင်္ကမေ-ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း ဣရိယာပုထ်၌၊ ပဓာနံ-ကမ္မဋ္ဌာန်းနှင့်ယှဉ်သောလုံ့လကို၊ ပဒဟိံ-အားထုတ်ပြီ၊ အဇ္ဈတ္တရမှိ သတ္တာဟေ-သတ္တာဟာသ အဇ္ဈတ္တရမှိ - ခုနစ်ရက် အတွင်း၌၊အဘိညာဗလံ-အဘိညာဉ်တည်းဟူသောအားသို့၊ပါပုဏိံ-ရောက်ပြီ။

၁၀၄။ ပျင်းခြင်းကစ၊ ဝမ်းဝ ချောက် ချောက်၊ ခြောက်ပါးပေါက်၌၊ တောမျောက်တူလျော်၊ စိတ်လျှပ်ပေါ်လျှင်၊ ချန်ကျော်ဝင်ထွက်၊ အရေးဖျက်၍၊လိမ့်

(၁) ဒု-ဆွတ်အံ့တွေးလျက်၊

လက်မတည်၊[1] ထိုယင်းသည်အား၊ ကွယ်တားမသာ၊အ
ဖြာဖြာတည်း၊ ကိုယ်ချည်းမကုံ၊ ငါနှင့်ဆုံမှ၊ ပိတ်တုံ
ကျိတ်ကျိတ်၊ ဝိညာဉ်စိတ်ကို၊ တဆိတ်လိုလွန့်၊ မကွန့်
စေရ၊ တိုင်းတွဆည်နိုင်၊[2] စွဲချုပ်ကိုင်၍၊ကြံ့ခိုင်တမတ်၊
ကိုယ်ရှိန်သတ်ပြီး၊ နိဗ္ဗာန်နီးသည်၊ မည်သီးကျော်လစ်၊
တပည့်စစ်၊ ၊သားချစ်နားဝင်၊ စိပ်စိပ်တင်လော့၊ အ
ကြင်ရောခါ၊ သုမေဓာသည်၊ ဟောမာစလ၊ တောသို့
ကြွ၍၊ပဏ္ဏသာလာ၊ သခ်မ်းခွါလျက်၊ လူစာရှောင်ရှား၊
သစ်သီးစား၍၊ ဘဘွားရှင်ကျော်၊ ထိုသရော်လျှင်၊ ထို
ရပ်ခွင်၌၊[3] ပွင့်ကျင်ဘနန်း၊ စီးပွါးပန်းဟု၊ခိုင်ကျန်းနှလုံး၊
စိုက်စိုက်သုံး၍၊ ကျုံးကာရဘွယ်၊ ကျေးဇူးကြွယ်
ကို၊[4] ၊အကယ်ရေးရေးထင်သတည်း။

၁၀၅။ ပလိဗောဓ၊ကြောင့်ကြဆယ်ကြိမ်၊ ရှင်းရှင်း
ငြိမ်၍၊စိုးရိမ်တွန့်တို၊အင်မချိုတည့်၊ ထိုသို့တောမှာ၊ နေ
လေခါ၌၊တကာလည်းမည်၊ ပင်စည်စောင့်တတ်၊ ရက္ခ
နတ်တို့၊ ရှိညွတ်လှူကမ်း၊ သစ်သီးဆွမ်းကို၊ ဝတ်ထမ်း
အလား၊လေနတ်သားလျှင်၊ လှုပ်ရှားချွေချ၊ ပို့စောင်မ၍၊
မကြွအကြံ၊ တောထံနေပိုက်၊နှစ်ခြိုက်ခြိုက်လျှင်၊ နတ်
တိုက်ဘုံစင်၊[5] မြဲဥမင်သို့၊ကောင်းကင်ပိတ်ဆီး၊ သစ်ပင်

---

(၁) ဒု-လိန်လက်မတည်၊
(၂) တ-ထိုင်းတွဆည်နိုင်၊
(၃) တ-ထိုရပ်ခွင်မှ၊
(၄) ပ-ကျေးဇူးနွယ်ကို၊
(၅) တ-နတ်တိုက်အုံစင်၊

ကြီးအား၊ ကျောင်းမှတ် သားလျက်၊ စီးပွါး ကြီးပြင်း၊ ကျေးဖူးခင်းကို၊ဖြောင့်စင်းအာသာ၊ ရှင့်ဘငါကား၊ ၊ နေဌါကျွမ်းကျင်လျှင်သတည်း။

၁၀၆။ ရပ်ရာကျောင်းကန့်၊[၁] မပွန်လေပဲ၊ ရွာထဲဆွမ်းလည်၊မကြည်ညိုစွာ၊အရပ်မှာနှင့်၊ပေ တာလံကာ၊ သီတာစသား၊မရအကျွမ်း၊ မီးဝါဂွမ်းသို့၊ အသွမ်းတွေ ငေါ်စကားပေါ်ကို၊ပြောသော်လည်းကောင်း၊နေပေါင်း ဘော်မှီ၊ဒုသီစိတ်နောက်၊နှလုံးကောက်အား၊ယှဉ်မှား ချေမိ၊ထိုပြို့အပ၊မှုတရေစာ၊မပါအလို၊ ခါးချိုဆူးချဉ်၊ စပ်ဖန်ယှဉ်လျက်၊ ကြဉ်သော အလျောက်၊ မစောက် သာပဲ၊ ရှောင်မှုခဲသား၊ တကွဲယင်းသို့၊ ထိုဏ်မြို့တုံ၊ ကိုယ်ဘို့လျော်တူ၊ ပူချမ်းမူလည်း၊ တူသည့်အလိုက်၊ ရတုနှိုတွင်၊ မကြိုက်လေတော်၊ ထိုသော်တုံလျှင်၊ မစုံ လေးထွေ၊ ထိုင်နေညှောင်းညာ၊ ဆူရိယာမိုထ်၊ ကိုယ်နှိ ဆုန်းဆ၊ မမှုသောဟန်၊ လွန်ခဲ့သမှု၊ ခုနစ်ရလျှင်၊ ဤသို့ ထင်သည်၊ရှင်တို့ရှောင်ဘွယ်၊မသပ္ပါယ်လည်း၊ထိုဝယ် သောခါ၊သုမေဓာနှိ၊ စုံရာမဲ့လျှင်း၊အပြစ်ကင်းသည်၊ ၊ သန့်ရှင်းရိမြွေးစင်သတည်း။

၁၀၇။ အကြင်နည်းနာ၊ ဥပမာကား၊ ကြောက်ဝါ ကြောက်ရပ်၊ စီးနင်းချပ်လျက်၊ ကိုက်ဆုပ်သွေးသား၊ သတ်ညှစ်စားသည်၊ တောကျားသစ်ကြောင်၊ ထိုကုန်

(၁) ပ-ရပ်ရွာကျောင်းကန့်၊ဒု-ရပ်ရပ်ကျောင်းကန့်၊

အောင်ကား၊ ကွယ်ရှောင်မသာ၊ တလဟာဖြင့်၊ ပုန်း
ရာမရှိ၊ ကြည်းတိတိ၌၊ ကြွက်ရှိသားငါး၊ ရှာစားမရ၊
ညှိုးလျသောအား၊ တပါးယားလေ၊ ချုံစေးမြေ၌၊ ကုပ်
သေပုန်းလျှိုး၊ ချောင်းစခိုးမှ၊ ဟင်းမျိုးဆားမဲ့၊ ရလွယ်
မြဲသို့၊ လှိုးလွဲကြိုကာ၊ သုမေဓာလည်း၊ လူခါသရော်၊
နန်းဒိမ်တော်၌၊ မြတ်ဘော်ဝင်ဝင်၊ ကျင့်ခဲ့အင်လျက်၊
ပြုစင်ဆေးလို၊စောင့်စည်းငြို၍၊ ကုသိုလ်ရှစ်တန်၊ ပွင့်
ကြီးဈာန်မှ၊လေသွန်မဖြည်း၊ကျိုးဆက်နည်းဟု၊ ကိုယ်
ချည်းသင်းသီး၊ တောဝင်ပြီးသော်၊ မကြီးမငယ်၊ ပင်
အောက်ဝယ်၌၊အုံ့ဘွယ်မိုးမှ၊လဝန်းကျသို့၊ပုညမြူတော၊
ရစိမ့်နေသည်၊အသေချပ်လျှင်း၊ သစ်တောမင်းနှင့်၊ ၊
အောင်ချင်းတူကြကျင်သတည်း။

၁၀၈။ အကြင်သော့ခါ၊ လူတို့ရွာ၌၊ မိစ္ဆာဖြေ
ဖျဉ်း၊ပညာယှဉ်သား၊ ကောင်းယဉ်မဟာ၊ သူတော်စွာ
သည်၊ ထုပ်ဝါခြောက်ဆယ်၊ ဒိမ်သာ ကျယ်ထက်၊
ကြွယ်ကြွယ်ရှားရှား၊ မယားလင်တည်း၊ နှစ်ယောက်
ချည်းသာ၊ နေကျင်စွာလည်း၊ တထွာတတောင်၊ အ
ချောင်မကျယ်၊ တွင်းဝယ်လည်းအောင်း၊ အုပ်သည့်
ဆောင်းသို့၊ ကျဉ်းမြောင်းပိတ်ပင်၊ မအားထင်လျက်၊
ဗောင်းဖျင်ခပဲ၊ အပြုလဲ့၍၊ ရဲရဲဝင်းပြောင်၊ သင်္ကန်း
ရောင်နှင့်၊ အခေါင်လည်းရောက်၊ ရှင် ဖြစ်မြောက်မှ၊
လျှောက်လျှောက်သာသာ၊ ငြိမ်သက်ရာသည်၊ ခန်းဝါ
မကျယ်၊ထိုထိုဝယ်၌၊ ကိုယ်ငယ်ခံ့ရုံ၊ တိုက်သော်တုံ
လည်း၊ဗိုလ်ပုံပွဲခင်း၊ ကန္တားဖျင်းသို့၊ ရှင်းရှင်းလဟာ၊

ကျယ်နိုးစွာသည်၊ ဖြစ်ရာစမြဲ၊ သူ့ရမ်းပဲဖြင့်၊ တောထဲ အောင်းလှာ၊သုမေဓာလည်း၊အရာအဆ၊ ကြံတည်းတွ၍၊ ချစ်ထမပြေ၊ ရှင့်သရေဖြင့်၊ မြူတေ ရွှန်းရွှန်း၊ ပီတိလန်း လျှက်၊ ၊ပွင့်ဝန်းကြွာနှုယ်ရွှင်သတည်း။

၁၀၉။ ရတေ့သွေလှန်၊ နေ့နက်ဖြန်ဟု၊ ဧကန်မကျ၊ အနိစ္စအား၊ သိရခဲလှော်၊ လူ့သုံးဘော်ကား၊ တန်နော် မရှိ၊[1] ပြစ်မှားမိလျှက်၊ ဂတိမမြဲ၊ အာရုံလွဲ သော်၊ အံ့ဖွဲသ ရာ၊ လူချမ်းသာသည်၊ တောမှာလည်းရောက်၊ မကျင့် စောက်၍၊ မှောက်တုံကြမ္မာ၊ ဆုံပေလာရှင့်၊ မရောကျဉ်း မြောင်း၊လွှတ်ပေကောင်းဟု၊ဆုံတောင်းရှိုးရှား၊ ကြိုးတ ကြားလျှင်၊ ငါ့အားလွဲ၍၊ ငရဲသနင်း၊ ယမမင်းကျွန်၊ မဈောင်တန်ခဲ့၊ မပွန်ရှင်မှု၊[2] ပညာဆုကို၊ ရလုဆဲဆဲ၊ ဆင်းရဲအပုံ၊ ကျင့်ပေတုံ၏၊ သင့်ရုံသင့်ရာ၊ ဆင်ခြင် ပါဟု၊ ညှာတာကိုက်ခဲ၊ ငရဲတိရစ္ဆာန်၊ မဟူထွန်ခဲ့၊ မတန်မရော၊ ငရဲရွာသို့၊ လူအာဇာနည်၊ ယောကျ်ား သည်လျှင်၊ခြောက်ပြည်နတ်ရပ်၊မကပ်လေပါ၊ရောက် လှာတုံသီး၊လူဘုန်းကြီးဟု၊မီးကျီးမထိန်၊[3] အရှိန်လည်း သေ၊ ကြာဒိုင်ရေသို့၊ ငြိမ်းပေရှင့်အား၊ တိမှာငြားအံ့၊ အလားမြဲ၌၊ ကျင့်ကောင်းစွာဟု၊ အောက်မှာဖြစ်မြဲ၊ ဆင်းရဲအပြား၊ပါယ်လေးပါးလုံး၊ခံသောထုံးကို၊ ရုံးရုံး

(၁) ဒု-တန်းနော်မရှိ၊
(၂) ဒု-မမွန်ရှင်မှု၊
(၃) ပ,ဒု-မီးကီးမထိန်၊

စည်းစည်း၊ ဤသို့ချည်းလျှင်၊ ပည်းမျှသွေးဆောင်၊ ကြဲပြီး နှောင်မှု၊ အခေါင်ကြိုးပမ်း၊ ဆောက်တည်ထမ်းလျက်၊ ရမ်းရမ်းအားရ၊ ပူးစားလှသည်၊ ၊လုံ့လရှောင်တခင် သတည်း။

၁၁၀။ တဆန်းတဆန်း၊ လန့်ယယ်ထွန်း၍၊ ကြိုးလွန်း အပွါး၊ တင်ဘန်များသို့၊ ထွေပြားဝန်ရံ၊ ကိုယ်ကိုနှံ့လျက်၊ မိန့်သံစကား၊ ကြောင်းထောက်များဖြင့်၊ ရှောင်ရှားနှိမ့်ချ၊ တောဝယ်မှလျှင်၊ မုန်ကျပြေမိန်း၊ ဆင်နှယ် ထိန်း၍၊ လျှောင်းကျိန်းမျဉ်းခွေ့၊ စက်မမွေ့တည့်၊ မမွေ့မကျန်၊ လုံ့ လလွန်၍၊ ပေါမန်တောထဲ၊ တုံ့ပယ်ဝဲလျက်၊ သွားဆဲ စကြံ၊ မိန့်ပွက်အံ၍၊ သုံးယံပတ်ဝန်း၊ ကမ္ဘဋ္ဌာန်းကို၊ ဖြန်းဖြန်းနှတ်ဖျား၊ ရွရွထားပြီး၊ ရသေ့ကြီးကား၊ အတီး ရှေးဟောင်း၊ သူတော်ကောင်းတို့၊ မြတ်ပေါင်း အကြင်၊ ကျေးဇူး အင်ဖြင့်၊ ပြည်ထင်ချဉ်းကပ်၊ မြဟ္မာ့ရပ်အား၊ တိမ်းမပ်အကယ်၊ [၁]ရဘုန်းကြွယ်၏၊ ကြိုက်လွယ်ထိုရော်၊ ဂုဏ်ရှစ်ဘော်ကို၊ ၊ထင်ပေါ် ပြည့်စုံချင်သတည်း။

၁၁၁။ ဆိတ်ငြိမ်သာယာ၊ တောခန်းဝါဒ္ဓ၊ ငွေ့ရော သဲလူး၊ မြေသင်ဖြူးထက်၊ မပျက်ထက်ဝယ်၊ နေသပ္ပါယ် လျက်၊ မကွယ်တံလှပ်၊ တချပ်သစ်ရွက်၊ ခေါင်းထက် မကာ၊ ရှင်းရှင်းသာလျှင်၊ အခါရက်စေ့၊ ခုနစ်နေ့၌၊ တခွေ့ မလှမ်း၊ ငြိမ်းသည့်ဝမ်းဖြင့်၊ နူကြမ်းမရွေး၊ ချမ်းစေး ပူ ဆာ၊ ခံချိစွာ၍၊ မကြာကျင့်စောက်၊ ဤမျှလောက်လျှင်၊

(၁) ဒု-တိမ်းမပ်တောဝယ်၊

မကောက်ဝမ်းထဲ၊စိတ်ပုလဲဖြင့်၊ဆက်ကဲပျော်ရွှင်၊သန့်ရှင်း စင်၍၊ဓုတင်အမည်၊ဝတ်ဆောက်တည်လျက်၊မရှည်နေ့ ရက်၊ ကသိုဏ်းကွက်၌၊ သက်သက်ပညာ၊ ကြည်စွာ သောအား၊ဈာန်တရားဟု၊ငါးပါးဘိညာဉ်၊ တန်းခိုးယှဉ် သော်၊ ရှစ်စဉ်ကျော်မှတ်၊ သမာပတ်ကို၊ ဆွတ်ဆွတ် ပွင့်ဖူး၊ ပန်းနှယ်ရူး၍၊ ညွတ်နူးလျှင်မူ၊ နွေးကာယူသို့၊[၁] ရှင်ပြုရသော့၊ ပျော်ချမ်းမွေ့လျက်၊ ၊လွေ့လွေ့ရ ခံ မင်သတည်း။

အဘိညာဗလ ပါပုဏ္ဏနခန်း ပိုဒ်ရေ-၈ ပြီး၏။

(၁၃)ဒီပက်ရဇ္ဇုန္ဓုပ္ပါဒခန်း

ပိုဒ်ရေ-၇

ဝေံမေသိဒ္ဓိပတ္တသာ၊
ဝသိဘူတသ သာသနေ၊
ဒိပက်ရောနာမ ဇိနော၊
ဥပ္ပဇ္ဇိလောကနာယကော၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ သာသနေ-တာပ သပဗ္ဗဇ္ဇတည်းဟူသော ရသေ့တို့၏ သာသနာ၌၊ ပဗ္ဗဇိ တော-ရဟန်းပြုလျက်၊ သိဒ္ဓိပတ္တသ- အဘိညာဉ် ငါး ပါး၊ သမာပတ် ရှစ်ပါး ကျေးဇူး တရားတို့၏ အပြီးသို့ ရောက်သည်ဖြစ်၍၊ ဝသိဘူတသ-ဝသီဘော်ငါးပါး၌

---

(၁) ပ,တ-နွေးကာယူသည်၊

အဝါးဝစွာ လေ့လာထသော၊မေမမ-ငါ့အား၊ဇေဝံ-ဤဆို ခဲ့သော စကားအစဥ်ဖြင့် ဓမ္မိက တောင်ယံ၌ ဈာန် ချမ်းသာဖြင့် မွေ့လျော်၍နေစဉ်၊ လောကနာယကော- လူသုံးပါးတို့၏ ရှေ့ဆောင် လမ်းညွှန်ဖြစ်တော်မူသော၊ ဒိပက်ရောနာမ-ဒိပက်ရာ အမည်တော်ရှိသော၊ဖိနော- ငါးမာရ် အောင်မြင် ဘုရားရှင်သည်၊ လောကေ-သတ္တ လောက၌၊ဥပ္ပဇ္ဇိ-ထင်ရှားဖြစ်ပွင့်တော်မူ၏။

၁၁၂။ လောကုတ္တရာ၊ မဂ်ပညာဟု၊ "အမြွာချွန်း စား၊ သံဟက်မြားဖြင့်"၊[1] အဖျားမရုံး၊ထိကဆုံးသည်၊[2] နှလုံးတံသင်း၊ ငြောင့်ငါးစင်းကို၊ရှင်းရှင်းချိတ်ထုတ်၊ပယ် ထွင်နုတ်၍၊ တပြုတ်မခံ၊ ငါ့အထံ၌၊ လိမ်းကျံသုတ်သွေး၊ တရားဆေးဖြင့်၊ ငြောင့်ဘေးပျောက်ဟာန်၊ပဋ္ဌကျွန်တည့်၊ အမွန်စင်ကြယ်၊ရှင်များလယ်တွင်၊ မြင်ကျယ်သတိ၊ နား နာချိသည်၊သာရိပုတြာ၊ ရှင်မြတ်စွာ၊ ၊မဟာသာလ၊ ပြာဟ္မဏဟု၊ထိုမျှကြေညာ၊ ထင်ရှားစွာသည်၊သုမေဓာ ကျော်၊ ငါသူတော်ကား၊ ထိုရော်တောတွင်၊ နေကျိုး ထင်၍၊ စုံအင်ငါးပါး၊ ဈာန်၏အားဖြင့်၊ တရားကြေးမုံ၊ ချမ်းသာပုံကို၊ တလုံလဲလဲ၊ ရှုမရဲလျှင်၊ မစဲရှင့်ဘာ၊ သိပ် သိပ်ကျ၍၊ ၊ ရွှင်ပ ချမ်းမြေ့ ပျော်သတည်း။

၁၁၃။ မဟာဂုတ်တန်းခိုး၊ကျေးဇူးပြိုးသည်၊အကျိုး ဖလ၊ဝိသေသလျှင်၊ တကွယှဥ်သော်၊ ဘိညာဥ်တရား၊

---

(၁) ဒု-အမြွာချွန်ထား၊သံဟက်များဖြင့်၊
(၂) ဒု-ထိကာဆုံးသည်၊

အင်ငါးပါးဖြင့်၊ မိုးဖျားလည်းထွန်း၊ နေလဝန်းကို၊ ပွတ်တွန်းနားရဉ်၊ အင်းပျဉ်နေရာ၊ ခြေဆေးလျှာသို့၊ ပျူငှါတဝဲ၊ မခဲတတ်နိုင်၊ ပြိုးစိုးတိုင်၍၊ မပြိုင်ဆူလှာယ်၊ နောက်ဆွယ်မရှိ၊ ဝသိငါးပါး၊ စွမ်းအားလေ့လာ၊ သုမေဓာကား၊ ပြာဟ္မာတဆူ၊ ပညာထူဟု၊ လူကလည်းကျော်၊ ရှင်တုံသော်လည်း၊ ရှစ်ဘော်ဈာန်ချမ်း၊ ကျေးဇူးဂုမ်းကို၊ မသမ်းဟာယ်လောက်၊ ရလွယ်မြောက်၍၊ နှစ်ယောက်မရှိ၊ မိုးနှယ်ညိလျှက်၊ ပိသည်မိုးသို့၊ တန်းခိုးအရာ၊ ထန်ပြင်းစွာသား၊ ပညာလက်ငံ၊ ရသေ့ပျံဟု၊ ၊လူ့ထံ ထင်သိမြော်သတည်း။

၁၁၄။ ပြိုးစိုးတတ်ပွန်၊ ဈာန်သို့မှန်၍၊ ဈာန်၏ချမ်းသာ၊ လေ့လာစွာသား၊ ငါ့သာသနာ၊ ထိုရောခါ၌၊ ပညာတိုင်ဘူး၊ မိုးရှူးသမား၊ ဘုရားရှင့်တော်၊ သုံးဘော်သခင်၊ လူ့ရပ်တွင်၌၊ ဒိပက်ရာ၊ မည်တော် သာဖြင့်၊ အံ့အာဘနန်း၊ အကျွန်းကျွန်းလျှင်၊ ပတ်ဝန်း အောက်ထက်၊ ဘဝဂ်ထုတ်ချင်း၊ ညိုးလင်းရှိန်းဘွယ်၊[၁] ကျေးဇူး တွယ်ကား၊ ၊အကယ်ဖြစ်ငြားတော်သတည်း။

ဥပ္ပန္နေ့စ ဓာယန္တေ၊
ဇ္ဈာနေ့ ဓမ္မဒေသနေ၊
စတုရောနိမိတ္တေနာဒသသိ၊
ဈာနရတိသမပ္ပိတော ။

(၁) တ-ညီးလင်းတိမ်းဘွယ်၊

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ ဥပ္ပဇ္ဇန္တေစ- မယ်တော်ဝမ်းဝယ် ပဋိသန္ဓေနေသောအခါ၌ရင်း၊ ဇာယန္တေစ- မယ်တော် ဝမ်းမှ ဘွားသော အခါ ၌ ရင်း၊ ဗုဇ္ဈန္တေစ-သစ္စာ လေးပါးကို ထိုးထွင်း၍ သိ သဖြင့် ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ၌ရင်း၊ ဓမ္မဒေသနေစ- ဓမ္မစကြာတရားကို ဟောတော်မူသောအခါ ၌ရင်း၊ပဝတ္တာနိ-ဖြစ်ကုန်သော၊စတုရောနိမိတ္တေစတ္တာရိနိမိတ္တာနိ-လေးပါးသောနိမိတ်တို့ကို၊ အဟံ-ငါသည်၊ ဈာနရတိသမပ္ပိတော-ဈာန်တည်းဟူသော မွေ့လျော်ခြင်းဖြင့် မွေ့လျော် ဝင်စား နိုက် ဖြစ် သော ကြောင့်၊ နာဒ္ဒသိံ-မမြင်ရ လိုက်။

၁၁၅။ ပဋိသန္ဓိဒါ၊ပညာလေးပါး၊ ဆတ်မြန်မြားလျက်၊ ငါ့အား ထက်ကြပ်၊ မြဲသည်းကပ်သား၊ လေးထပ်မျိုးနွယ်၊သံဃာ့သယ်၌၊ မကျယ်နည်းမျှ၊ ရိပ်ခြည်ပြက၊ဆယ်ဆပေါင်ပေါင်၊ သိမြင်ဆောင်သည်၊ လက်စောင်ငါ့သား၊ထေရ်မြတ်ဖျား၊ ၊ဖြစ်လားကုန်အောင်၊ အကြောင်းဆောင်အံ့၊ ဘုန်းခေါင် ရှင်တော်၊ သုံးလူ့ဘော်သည်၊ထိုရော်အံ့အဲ၊ဖြစ်ဆဲဆဲ၌၊ ဖြည်းနွဲ့ ကြမ္မာ[၁]၊ ရှင့်ဘင်္ဂါကား၊ ကျန်ရာ သောအား၊ လွန်လေငြားသား၊ ဦးဖျားလက်မွန်၊မမြင်ဟန်ကို၊ တသွန်ဤတွင်၊ ရှင်နားတင်လော့၊ အကြင်ရောခါ၊ တုသိတာဟု၊ အာကာသဓာတ်၊ လေးထပ်နတ်တွင်၊ တမွတ်ဆောက်ဟန်၊ ဘုန်း

---

(၁) ပ,ဒု-ဖျည်းနွဲ့ ကြမ္မာ၊

ရှိန်လွှန်သား၊မြတ်မွန်ဒိပက်ရာ၊ ဘုရားလျှာသည်၊ ချမ်း
သာခံကြိုက်၊ပျော်စဉ်ဌလျှင်၊ သောင်းတိုက်စကြဝဠာ၊
ရပ်ခန်းဝါမှ၊ ဖြဲဟ္ဗာသိကြား၊ နတ်အပြားတို့၊ အများ
စည်းရုံး၊ ခြေစက်အုံး၍၊ အားလုံးအားထ၊ တောင်းပန်
ကြသော်၊နတ်မှရတော့၊မမေ့သတိ၊ စောကြဲရှိကား၊ အမိ
ဝမ်းထဲ၊ကိုယ်ဝန်စွဲ၍၊အံ့အဲသရော၊ထိုရောခါလည်း၊ မြတ်
စွာဘုရား၊ကိန်းသောအားဖြင့်၊လေးပါးစုဆောင်း၊လေး
ရပ်ပေါင်းလျက်၊ လေးသောင်းရှုရှု၊ စာတုမဟာရာဇ်၊
နတ်စစ်တလွှား၊မယ်တော်အားလျှင်၊ထံပါးမကွာ၊စောင့်
ရှောက်လှာသည်၊ ၊လူ့ရွှာသဘင် တပွဲတည်း။
၁၁၆။ သိန်းတန်အဘိုး၊ လဲပုဆိုးဖြင့်၊ ထုပ်မိုးသို
ထား၊ပတ္တမြားလျှင်၊ ဆွထွားရဲရဲ၊ မိုက်ရာထဲမှ၊ ရာလဲ
တောက်လျှံ၊ ယိုထွက်ပျံ့သို့၊ မဆံရိမြွေး၊ သနံ့စင်ဇ
လျက်၊မွေးတုံမယ်တော်၊ဘွားခါသော်လည်း၊သုံးဘော်
ရပ်သား၊ ခပ်သိမ်းအားကို၊ စီးပွါးလက်ဝေ၊ ခံစိမ့်ထွေ
ဖြင့်၊ကုဋေမြဲဟ္ဗာ၊ ချီထုပ်လှာသား၊သုဒ္ဓါဝါသ၊ နတ်ထို
မှုဏ်၊ ပွဲမအလယ်၊ အငယ်လက်ဦး၊ မိုးရှူးလွှန်ကြိုက်၊
ထိုခါဌလျှင်၊သောင်းတိုက်လောကဓာတ်၊ ထက်ဝန်းပတ်
လျက်၊ မလွတ်ဆယ်ရပ်၊ ကြည့်နှုံ့စပ်သော်၊ လနံ့ဖျပ်
ကြောက်တုန်၊ မာန်ဟုန်ချုပ်တည်း၊ ယမ်းပည်းရှိသေ၊
ပူဇော်စေမှ၊ ခြေခုနစ်ချီ၊ နင်းစဉ်စီလျက်၊ ဗိုဗို လာလာ၊
ကြီးရုပ်ဝါဖြင့်၊မျက်နှာမြစ်အောက်၊မြောက်သို့ကြွတမ်း၊
သွားမြဲလှမ်း၍၊ အားရမ်းစကား၊ မလောက်လားတည့်၊
သုံးပါးလူထွတ်၊ငါသာမြတ်ဟု၊ နူတ်လွှတ်ကြိမ်းပ၊ ဤပွဲ

မလည်း၊ ကြိုက်ရခဲလှော်၊ ထူးဆန်းကျော်၏၊ ၊ထို ရော်အံ့ဘွယ်သရဲတည်း။

၁၁၇။ အောင်မြိုက် ရောင်ချမ်း၊ လဝါ မွှမ်းသို့ [၁] အားရမ်းဝှဲချီး၊ထိုသို့ပြီးမှ၊ ကြီးထုံအရွယ်၊ ပွဲလယ်မင်း ဘောင်၊မှုနေသဆောင်၍၊ စက်ရောင်လှည့်ဝန်း၊ ဘုန်းမီး ထွန်းလျက်၊ကျွန်းဇမ္ဗူဒိပ်၊မဏ္ဍလိပ်၌၊ ဘိသိက်ပေးနိုင်၊ စည်ထီးပိုင်ဟု၊ မပြိုင်နှိမ့်ချ၊ ကိုယ်တိုင်ခ၍၊ အားရ နှစ် သက်၊ မင်းတို့ဆက်သော်၊ စက်ဘဝါးပြင်၊ ရှိပန်ဆင် လျက်၊ သဘင်ပွဲသီး၊ ခံမြောက်ပြီးမှ၊ သက်ကြီးသူနာ၊ ကြမ္မာကုန်လေ၊သူသေရဟန်း၊ရှင်ဟုထွန်းသား၊နတ်မှန်း နိမိတ်၊လေးပါးဟိတ်ကို၊ကြောက်ထိတ်လန့်ကြား၊ မြင် သောအားဖြင့်၊ပစ်သားစင်စစ်၊လူ့အဖြစ်ဟု၊အနှစ် ချမ်း သာ၊ စွန့်ခွါခဲ့ပြီး၊ ကျင့်ကြီး ဒုက္ကရစရိယာ၊ အစာရှောင် ထ၊ဆယ်လတွက်ကျုံး၊စောင့်စည်းသုံး၍၊ကျွန်းလုံး ကုန် အောင်၊ဥသျှောင်သဘွယ်၊ မြေချာလယ်၌၊ သွယ်သွယ် ရိပ်မြိုင်၊မဏ္ဍိုင်ထိမ်းမှတ်၊ညောင်ကြတ်ပင် အောက်၊နေ မြောက်သောခါ၊ပုဒ္ဓိအာဟု၊ သစ္စာတလျှဉ်၊ သဗ္ဗညာဉ် ကို၊ ပွင့်စဉ်တုံသော်၊ ထိုသရော်လည်း၊ သုံးဘော် လူ ပေါင်း၊မြင်ကုန်ရှောင်းသည်၊ ၊ပွဲကောင်း မ ဖြစ် ဘူး မြဲတည်း။

၁၁၈။ ထိုပြီတုံလျှင်၊ အကြင်သောခါ၊ ဗြဟ္မာ နတ်ကောင်း၊ ပန်ထွာတောင်းမှ၊ တသောင်းစကြဝဠာ၊

---

(၁) ဒု-လဝါဝွှမ်းသို့၊

ရပ်ရာထုတ်ချင်း၊ ကျော်တင်းဘဝဂ်၊ ဓမ္မစက်ဖြင့်၊ မိုးထက်မြေအောက်၊ ကြွားချောက်သည့်တိ၊ ဝိစိအဆုံး၊ ရပ်ပတ်ကုံး၍၊ လုံးလုံးစကား၊ တရားဟောထွေ၊ နာပစေလျက်၊ ကုဋေအရာ၊ ပြဟ္မာလူနတ်၊ အားလုံးချွတ်၍၊ အထွတ်စင်ကြယ်၊ နိဗ္ဗာန်ကယ်၏၊ ထိုဝယ်သဘင်၊ ပွဲတပြင်လည်း၊ ဒီပင်္ကရာ၊ မြတ်စွာအဖျား၊ စက်တရားကို၊ သူ့အားဟောရာ၊ သုဏာန္တာဟု၊ မည်သာဒုတ်ကျက်၊ ကျော်ဝှန်ထက်၏၊ အားတက်သရော၊ နှမြောစလောက်၊ လေးကြိမ်ခြောက်လျှင်၊ ကျွတ်ထောက်နှင်နှင်၊ ဤသို့စင်တည့်၊ လူတွင်အံ့အာ၊ပြာဋိဟာလေးထပ်၊ နိမိတ်ရပ်ကို၊ ကိုယ်ကြပ်ထင်ထင်၊ မြေပြင်လိုက်ပဲ၊ တောထဲအောင်းလွှန်၊ ကွယ်ရာကျန်လျက်၊ ဈာန်အရသာ၊ ရိပ်မြိုကာလျက်၊အရာမကြီး၊ ချမ်းသာခံ၍၊ဆိတ်ညံ့ကုပ်သော၊ ငါ့ချည်းနေသည့်၊ လူ့ဆွေမြတ်များ၊ထိုဘုရား၏၊ ၊ထင်ရှားဖြစ်စဉ်ဆဲဆဲတည်း။

ဒီပင်္ကရ ဗုဒ္ဓုပ္ပါဒခန်း ပိုဒ်ရေ-၇ ပြီး၏။

(၁၄) ပစ္စေက္ကဗုဒ္ဓဘဝနိမန္တနခန်း

ပိုဒ်ရေ-၆

ပစ္စေကဗုဒ္ဓသဝိသယော၊
နိမန္တေတွာ တထာဂတံ၊

(၁) ဒု-ကျော်ဝှန်းတက်သည့်၊
(၂) ဒု-ဆိတ်ညံ့ကုတ်သော၊

တဿ အာဂမနံ မင်္ဂ၊
သောခေတ္တံတုဋ္ဌမာနသာ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ ပစ္စန္တဒေသဝိသယေ-ရွာစွန်ပစ္စန္တဒေသဖြစ်သော ရမ္မဝတီပြည်အရပ်၌၊မနုဿာ-လူတို့သည်၊ တထာဂတံ-ဒိပင်္ကရာမြတ်စွာဘုရားကို၊နိမန္တေတွာ-ဆွမ်းဖိတ်၍၊ တဿ-ထိုဒိပင်္ကရာမြတ်စွာဘုရား၏၊ အာဂမနံ-ကြွလာလတ္တံ့ သော၊ မင်္ဂ-ခရီးကို၊ တုဋ္ဌမာနသာ-အလွန်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍၊ သောခေတ္တံ-သုတ်သင်ကုန်၏။

၁၁၉။ ရှစ်သောင့် လေးထောင်၊ ဆုံးတိုင်အောင်လျှင်၊နှက်ချောင်ငုပ်လေ၊လှိုင်းမရေ၌၊မြေထုတ်ချင်းလျှို၊တောင်မြင်းမိုရ်ဟု၊ ဗဟိုတည်ထွန်း၊ လေးကျွန်းဦးကိုင်၊နိမိတ်တိုင်သို့၊ ခိုင်တုံပညာ၊ထူထဲစွာ၍၊ လက်ျာတောင်စ၊ အရာရသည်၊ အဘလက်ရုံး၊ မြတ်ဆုံးရှင်ကျော်၊ ငါ့သားတော်၊ ၊ဖေါ်ပိမ့် အကြောင်း၊ နာတုံရှောင်းလော့၊ ချွတ်လောင်းအလှစ်၊ ဇာတိခေတ်၌၊ တစ်နှစ်လေးငါး၊ ရာထောင်အားဖြင့်၊ မိုင်းခြား ရည်ညွှန်း၊ မေတ္တာဖျန်း၍၊ ပွင့်လန်းကြာတူ၊ ခပ်သိမ်းလူကို၊ကြင်မှုဆွေစစ်၊ သနားချစ်လျက်၊လွန်ဖြစ်လူတွင်၊ ဤသို့ထင်သည်၊ ဒိပင်္ကရာ၊ သဗ္ဗာသိမြော်၊ ငါ့နောင်တော်ကို၊ ထိုရေ်စည်လှ၊ ပစ္စန္တဟု၊ ရမ္မဝတီ၊ကျော်ညီပြည်သူ၊ များစွာလူတို့၊ အလှူသဘင်၊ ပွဲကြီးပြင်လျက်၊ စီရင်ညီ

ညာ၊ ထိုအခါလျှင်၊ ၊သဒ္ဒါရွှေးရွှေး ဆွမ်းကျွေးပင့် ကုန်ကြသတည်း။

၁၂၀။ ဆွမ်းကျွေးနိမန်၊ ဖိတ်မှုဝန်ဖြင့်၊ တောင်း ပန်ထိုရော်၊ ပင့်ကြသော်တည့်၊ ကျောင်းတော်မှသည်၊ ပြည်၏အကြား၊ မြတ်ဘုရားလျှင်၊ ကြွငြားလေသော်၊ သွားတော်မူဘွယ်၊ မသပ္ပါယ်၍၊ ထိုဝယ်မလျော်၊ အ ပြစ်မြော်သား၊ "ထော်လော်စုန့်လုန့်၊ အုဋ္ဌမှုန့်ကျောက် ခဲ"၊ ဆူးငြောင့်လှဲလျက်၊ လက်ဝဲလက်ျာ၊ ခေါင်အား စွာလျက်၊ သွားသာစေအောင်၊ လမ်းအမြောင်ကို၊ တစောင်မကြွင်း၊ တူးရွင်းလက်ပက်၊ တူးဆွယက်၍၊ တံမြက်လှည်းခံ၊ အစုံကြိယာ၊ မကွာသီးသီး၊သင်းချပ် တီးသို့၊ ပန်းကြီးအားထုတ်၊ လူအစုတ်တို့၊ တအုတ်တ အာ၊ ညီညာစွာလျှင်၊ အရောချချ၊ တာပစ်ကြလျက်၊ ၊ ဝေဌကုန်အောင် လုပ်ဆောင်ချင့်ကုန်ကြသတည်း။

၁၂၁။ အခန်းအခန်း၊ တာပစ်ငန်းတိ၊ လုံးပန်းကြီး မှု၊ ထိုပြည်သူတို့၊ ဆုယူကောင်းကျင့်၊ လုပ်ဆောင်ချင့် ၍၊ ပြီးလင့်သရွေ့၊ ချောမွေ့စဉ်ဆက်၊ လှည်းတံမြက် ဖြင့်၊ ရေလက်ဖျန်းကြဲ၊ ဆွတ်ကုတ်သဲလျက်၊ သလဲဖြူ ချို၊ မြူမရှိတည့်၊ တိတိသုတ်သင်၊ ပြင်သည်မစဲ၊ တကွဲ မှုကုံ၊ ထိုမြို့တုံလည်း၊ ရွှေဘုံပြောင်ပြောင်၊ ကျောင်း တိုင်အောင်လျှင်၊ အမြောင်နှစ်ဘက်၊ မြို့မုတ်ထွက်မှ၊

---

(၁) ဒု-ထော်လော်စုန်လုန်၊အုတ်ပုန်ကျောက်ခဲ၊
(၂) ဒု-ပြီးသင့်သရွေ့၊

စေ့စေ့စ၍၊ နားဝလျှမ်းလျှမ်း၊ တင်းကျမ်း ပြည့်ဖြိုး၊ ကြာသွတ်အိုးနှင့်၊မညှိုးဖွံ့ပျို၊မိုခိုစလောက်၊ ဖူးညှောက် မျိုးများ၊ ငှက်ပျောသားလည်း၊ တံမြားအလိုက်၊ ရိပ် မြိုင်စိုက်လျက်၊ တိမ်တိုက်ထိလု၊ မှန်ကင်းဖုနှင့်၊ ရေး ထုထူးဆန်း၊ ပြောက်ပန်းခြူးပင်၊ တမ်းခွန်ရှင်တည့်၊ လေလျှင်သိမ်းထ၊လူဟန်ကသို့၊ "အလှခံတည်၊ စည်း တန်းချည်၍၊ ၊လျှားရှည်လွှင့်ကုန်ကြသတည်း။"[၁]

၁၂၂။ ဤသို့အခွံအာ၊ ခရီးသာကို၊ ညီညာစီရင်၊ တန်းဆာဆင်လျက်၊ မင်္ဂလာလည်းဆောင်၊ မြေခေါင် သမိုက်၊သာမြိုက်ပညပ်၊ထိုပြည်ရပ်၌၊ မဏ္ဍပ်သင်းသီး၊ ပိုင်းခြားဆီးသား၊ ပွဲကြီးခွင်ကျယ်၊ ကန္တားဝယ်လည်း၊ ဆိုဘွယ်မနိုင်၊ အဆိုင်ဆိုင်လျှင်၊ ဆောင်ပြိုင်ပြာသာဒ်၊ ဘုံထွတ်ဝင်းဝင်း၊ ပြည်လုံးလင်းမျှ၊[၂] အဆင်းခြောက် ထွေ၊ ညီရွှေမောင်းဝါ၊ ခြူးပန်းကြာနှင့်၊ သင္ကာပန်းနှစ်၊ ပုလဲစစ်တည့်၊ဖွဲ့ရစ်နှောင်ရှက်၊ကွက်ရွက်သား၊ ကွန် ရက်ရွှေခြည်၊ အမွှမ်းချည်လျက်၊[၃] ပတ်လည်ခြယ်ထိုး၊ ပြောက်မျိုးဆေးစွန်း၊ဝတ်ပန်းစလျှား၊ပန်းပွါးပန်းဆိုင်း၊ တိုင်တိုင်းဖွဲ့ဖွဲ့၊စေ့ငှဆွဲလျက်၊မရဲပျော်ရာ၊ ခြောက်ထပ် ရွာနှင့်၊ ၊ထိုခါနှိုင်းကြသင့်၏တည်း။

၁၂၃။ နှိုင်းသင့်ပမာ၊ခြောက်ထပ်ရွာသို့၊ ကျန်ရာမဲ့

(၁) ဒု-အလှတင့်တယ်၊ ထူးဆန်းကြယ်လျက်၊ ၊လျှားသွယ် လွှင့်ကုန်ကြသတည်း။
(၂) ပ-ပြည်လုံးချင်းမျှ၊
(၃) ပ, ဒု-ကွန်ရက်ရွှေချည်၊အမွှမ်းခြည်၍၊

အောင်၊ဆောင်တုံပျူ၊ဌါ၊ ထိုရောခါဌ်၊ ပွင့်ညှာဆံနွေး၊ လှိုင်ကြူလျှော်ကျက်၊မွှေးမွှေးကြိုင်ပျံ၊ ပန်းနံ့ထုံရည်၊ဖျော်၍ တည်သား၊ရေကြည်ပြည့်ဝ၊လံပါးစသည်၊ ထိုမျှခပင်း၊ အဆင်းနံ့သာ၊မြူတာအိုးပျစ်၊ညာသစ်ခရိုး၊ကြာသွတ်အိုး လည်း၊ဖြိုးဖြိုးထိုဝယ်၊ ပြည့်သောနှယ်သို့၊ ကြွယ်ကြွယ် ရှားရှား၊လေးပါးရပ်သူ၊သူတော်လူတို့၊ဆုယူတိုင်းသာ၊ တောင်းရာရာလျှင်၊နတ်ရွာနိဗ္ဗာန်၊ချမ်းသာမွန်ကို၊ ဇာကန် မချွတ်၊ပြည့်စိမ့်မှတ်ဟု၊ပြတ်ပြတ်သားသား၊ကြားသော အသွင်၊ မြပင်သိတွေ၊[1] ယူစလေလျက်၊ ပုံသေမဆွ၊ နိမိတ်ပြ၍၊ ၊အားရမြှောက်ချီးပင့်၏တည်း။

၁၂၄။ အထူးအထူး၊ ဖြူးရှူးသား၊ တိုင်ဖူးဆပ် သွား၊မုလေးပွါးနှင့်၊ငွါးငွါးစွင့်စွင့်၊နိမ့်မြင့်နိမ့်မြင့်၊ သွင့် သည်နှင်နှင်၊ တမ်းခွန်ရှင်လည်း၊ သို့စင်ဆန်းကဲ၊ လူခပဲ တို့၊အံ့ဩသရော၊ကုသိုလ်ရှာလျက်၊သဒ္ဒါကြည်ရွှင်၊ နတ် ကြောင်းထွင်သည့်၊မှန်စင်ရကား၊ ဤ၏အားဖြင့်၊သုံးပါး အမည်၊လူ့ပြည်နတ်ရွာ၊ ဗြဟ္မာကစ၊စည်းစိမ်မကို၊ ရ လိမ့်မခဲ၊လွှားလွှားကဲလျက်၊မစဲကြရှောင်း၊နောက်နောင် နှောင်းသော်၊လူကောင်းနတ်မှာ၊ စုန်ဆန်ကာဟု၊ အရော ခြားနား၊အထက်လားတိ၊လွှားလွှားဆုံးစွန်၊[2] လက်ယပ် ညွှန်သို့၊ ၊ဟန်ပန်ပြကုန်လင့်၏တည်း။

ပစ္စန္တဒေသာဘတ္တာနိမန္တနခန်း ပိုဒ်ရေ-၆ပြီး၏။

---

(၁) ပ–မြထင်သိတွေ၊
(၂) တ–လွှားပဆိုစွန်၊

(၁၅) သုမေဓတာပသအာကာသဂမနခန်း

ပိုဒ်ရေ-၄

အဟံ တေနသမယေန၊
နိက္ခမိတွာ သကာဿမာ၊
ဝုနွန္တော ဝါကစိရာနိ၊
ဂစ္ဆာမိ အမ္ဗရေတဒါ၊
ဝေဒဇာတံ ဇနံဒိသွာ၊
တုဋ္ဌဟဋ္ဌံ ပမောဒိတံ၊
ဩရောဟိတွာန ဂဂနာ၊
မနုဿေ ပုစ္ဆိ တာဝဒေ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ အဟံ-ငါသည်၊ တေနသမယေန-ထိုသို့ရှေ့ဝတ်ပြည်သူတို့လမ်းခရီးကို သုတ်သင်သောအခါ၌၊ ဝါကစိရာနိ-သျှော်တေသက်နိုး တို့ကို၊ ဝုနွန္တော-ခါတွက်လျက်၊ သကာဿမာ-မိမိနေ ရာဝဗ္ဗိကတောင်ယံကျောင်းသင်္ခမ်းမှ၊နိက္ခမိတွာ-ထွက် ခဲ့၍၊ အမ္ဗရေ-ကောင်းကင်၌၊ ဂစ္ဆာမိ-သွား၏၊ ၊ တဒါ-ထိုသို့ကောင်းကင်ဖြင့် သွားသောအခါ၌၊အဟံ- ငါသည်၊ ဝေဒဇာတံ-ဖြစ်သော နှစ်သက်သော စိတ် ရှိထသော၊ တုဋ္ဌဟဋ္ဌံ-အလွန်ရွှင်သောစိတ်ရှိထသော၊ ပမောဒိတံ-အလွန်ဝမ်းမြောက်သော စိတ် ရှိထသော၊ ဇနံ-လူများကို၊ ဒိသွာ-မြင်၍၊ ဂဂနာ-ကောင်းကင်မှ၊ ဩရောဟိတွာန-သက်၍၊ တာဝဒေ-ထို ခဏ၌လျှင်၊ မနုဿေ-လူတို့ကို၊ပုစ္ဆိ-မေး၏။

၁၂၅။ နှစ်သိန်း ငါးသောင်း၊နှစ်ထောင်ပေါင်းဖြင့်၊ လုံးလျောင်းကျည်ခိုင်၊ သရိုင်တည်ဟန်၊စည်သဏ္ဍာန် သို့၊ လေးတန်ရောင်ကိုယ်၊မြင်းမိုရ်ကျော်ခေါင်၊ တောင် ဖြင့်ကွယ်ဆီး၊ မုန်ညင်းသီးနှင့်၊ ဖွဲ့ချိုးပုံချ၊ ထိုထက်မှ လည်း၊မြင်ရခဲသည်၊နိဗ္ဗာန်ပြည်ကို၊ ထဲနှည်သိလှ၊ ၄ ကန်ကျလျက်၊သာရဒသီ၊ငါ့ဝယ်မှိသား၊ ဂန္ဓပညာ၊ သံဃာအစုတ်၊ဂုဏာဝုန်ဒွ၊အားထုတ်ကောင်းချီး၊ပေးစွာ ပြီးသည်၊သားကြီးမဟာ၊သာရိပုတြာ၊ ၊သဒ္ဒါရေးရှု၊ ထိုပြည်သူတို့၊ ဆုယူရည်ထင်၊ထိုသို့လျှင်တည့်၊ သုတ် သင်ချပ်ချပ်၊ခရီးရပ်နှင့်၊မထွာပ်လှူပွဲ၊ပြုဆဲဆဲဒွ၊တောထဲ ရပ်မှာ၊သုမေဓာဟု၊ငါတုံဘုရား၊ရှင့်ဘဘွားကား၊စုံပြား နက်စင်၊မိမိခွင်မှ၊“ရှင်၏ဝေလော့၊ ရသော့အလျောက်၊” သစ်ခေါက်ဝတ်လုံ၊ခါပြီးတုံလျက်၊ ကိုယ်ရုံလျှော်တေ၊ သက်နံးခြွေနှင့်၊မိုးခြေကောင်းကင်၊ပျံလေကျင်သည်၊ ၊ သန်လွင်ကိုယ်တလွှားလွှားတည်း။

၁၂၆။ ကိုယ်တလွှားလွှား၊တရေးစွမ်းအန်၊ဘိညာဉ် ဈာန်ဟု၊ လေးတန်ခြေရှိ၊ ဆူဠိဝိဓ၊ကြိုကပြီးမျိုး၊ ငါ့တန်း ခိုးဖြင့်၊ လက်မိုးခွေဆန့်၊ လိုလွှန့်ရုံးချုံး၊ ပမာထုံးသို့၊ နှလုံးအလျောက်၊မဘောက်မပြန်၊ရှင်မှုပွန်လျက်၊ပျံသန် ကျင်းကျင်း၊ တိမ်ညွှန့်နှင်းသား၊ တင့်ခြင်းထိုရော်၊ရသော့ ကျော်ကား၊ သူတော်ပီပီ၊ သစ်ခေါက်နီနှင့်၊ ဇော်ဂီ

(၁) ပ–ရှင်၏အလျောက်၊
(၂) ပ,ဒု–သန့်လွှင်ကိုယ်တလွှားလွှားတည်း။

သဖွယ်၊ ဂင်္ဂုန္ဒြန်ယ်သို့၊ ၊သပ္ပါယ် ထူးထူးခြားခြား
တည်း။

၁၂၇။ ထူးခြား တင့်တယ်၊ ကောင်းကင်လယ်၌၊
စမ္ပါယ်မြတ်နိုး၊ ဈာန်အကျိုးဖြင့်၊ တန်းခိုးတမည်၊ လက်
လည်စွာလှ၊ အဝါးဝသည်၊ ကိစ္စပြီးစီး၊ ရသေ့ကြီးကား၊
ခရီးလေယာဉ်၊ တိမ်နှင့်ယှဉ်လျက်၊ လာစဉ်သောကြိုက်၊
ထိုခါ၌လျှင်၊ နှစ်ခြိုက်အားရ၊ ကွန့်ကာခွဲချီး၊ ဝမ်းတီးလက်
စည်၊ ပွင့်ရပ်ရည်နှင့်၊ ဧမြည်မစဲ၊ သဲသဲအုတ်အုတ်၊
အားခွန်ထုတ်၍၊ နွှတ်မင်္ဂလာ၊ စကားသာတိ၊ အံ့အာ
ကြွေးကြော်၊လုပ်ကြံဆော်သည်၊သူတော်ပြည်သူ၊ ထိုမျှ
လူကို၊ ရှင်ပြုဝေးထွေ၊ မိုးကနေလျက်၊ ၊မြင်လေ
ထင်ထင်ရှားရှားတည်း။

၁၂၈။ အဆိုင်အဆိုင်၊ မရေနိုင်တည့်၊ သံပြိုင်ညို
ချောက်၊[1] လက်ချပ်ဖြောက်လျက်၊အန်ထောက်သီချင်း၊
ကောက်ကစင်းဖြင့်၊ သာညင်းမြည်ဧ၊ သံလေးချီကျူး၊
ကျေးဇူးတိမ်းမပ်၊ ကြောင်းကျိုးစပ်၍၊ ဆိုအပ်ရာရာ၊
ထောမနာကြ၊ ပဏာမဖြင့်၊ ဩဇချီလျက်၊ ချီမြက်
ကြောင်းကြောင်း၊ စံနည်းကောင်းတည့်၊နှစ်ထောင်းဝမ်း
မြူး၊[2] နွှတ်သံလျှူလျက်၊အုူအုူသဲသဲ၊ လူခပဲတို့၊ လုပ်ဆဲစဉ်
တွင်၊ ထိုကိုမြင်သော်၊ ကောင်းကင်မှာက၊ ရသေ့လှ
ကား၊ မထလေတိတ်၊ ဆိတ်သောအခါ၊ လက်ပံဝါသို့၊

(၁) ပ,ဒု-သံပြိုင်ညီချောက်၊
(၂) ပ,ဒု-နှစ်ထောင်းဝမ်းမြူး၊

အသာ အောက်မြေ၊ သက်၍ နေလျက်၊ ၊မေးထွေ
လျော့လျော့လျှားလျှားတည်း။[၁]

သုမေဓတာပသအာကာသဂမနခန်း
ပိုဒ်ရေ-၄ ပြီး၏။

(၁၆) မဂ္ဂသောခနပုစ္ဆာခန်း

ပိုဒ်ရေ-၅

တုဋ္ဌဟဋ္ဌော ပမောဒိတော၊
ဝေဒဇာတော မဟာဇနော၊
ကာသ သောဓယတိ မဂ္ဂံ၊
အဋ္ဌသံ ဝဋုမာယနံ၊ ။

မဟာဇနော-အိုလူများတို့၊ တုမှေ-သင်တို့သည်၊ တုဋ္ဌဟဋ္ဌော-အလွန်ရွှင်သော စိတ်ရှိသည်ဖြစ်၍၊ ပမောဒိတော- အလွန် ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍၊ ဝေဒဇာတော- ဖြစ်သော နှစ်သက်ခြင်း ရှိသည်ဖြစ်၍၊ ကာသ-အဘယ်သူ၏၊ အာဂမနံ- ကြွလေရာဖြစ်သော၊ အဋ္ဌသံ-အဋ္ဌသလည်း မည်သော၊ ဝဋုမံ-ဝဋုမလည်း မည်သော၊ အယနံ-အယနလည်း မည်သော၊ မဂ္ဂံ-ခရီးကို၊ သောဓယတိ-သုတ်သင်သနည်း၊ ဣတိ-ဤသို့၊ ပုစ္ဆိ-မေး၏။

---

(၁) ပ,ဒု-မေးထွေလျောလျောလျားလျားတည်း။

၁၂၉။ ကောင်းကျိုးသမ္ဘာ၊ သံသရာ၏၊ ရိက္ခာကံ ကျေး၊ ဆည်းပူးရေး၌၊ လေးလေးနက်နက်၊ သိပ်သိပ် ပက်လျှင်၊ ကြိုတက်ညွှတ်တိမ်း၊ သဒ္ဓါရှိမ်းသည်၊ ခပ်သိမ်း တလွှား၊ အိုလူများတို့၊ ပြတ်သားချက်ချက်၊ ကုသိုလ် စက်ဖြင့်၊ မက်မက်မောမော၊ သဘောသိကျုံ၊ စိုက်စိုက် ယုံလျက်၊ အုံအုံသဲသဲ၊ ဤရပ်ပွဲ၌၊ ဖြင်ပြဲပုံယင်၊ ရှောင်း တခင်တည့်၊ ရွှင်ရွှင်ပပ၊ ပေါင်းစည်းကြ၍၊ အားရဝမ်း သာ၊ လုံးပမ်းစွာသည့်၊ သင်တကာကား၊ ၊ညီညာ အခုတ်အခုတ် ကျက်ကျက်တည်း။

၁၃၀။ တခေါင်းတခေါင်း၊ ရပ်သားပေါင်း၍၊ အ လှောင်းအလှေ၊ အထွေထွေတည့်၊ တောခြေနှုံ့မှု၊ ဤ လမ်းမ၌၊ အားရနှစ်ခြိုက်၊ ယခုကြိုက်တွင်၊ တတိုက်ပြည် သူ၊ မိုးရွှတူလျှင်၊ ပီလုပီလက်၊ ရှိတိုင်းထွက်၍၊ ရွှက်ရွှက် ချိချိ၊ တသီတခါ၊ တောင်တာဝေဠ၊ ငန်းပြုကြလျက်၊ နှိမ့်ချပိတ်ဆို့၊ တူးဆွမ္မိသည်၊ သင်တို့ရွာသူ၊ ခပ်သိမ်း လူကား၊ ဆုယူဝမ်းမြောက်၊ သဒ္ဓါပေါက်လျက်၊ မလောက် ကြဘွယ်၊ လျှင်ချပ်သယ်သည်၊[၁] ၊ကြိုးငယ် ခြေခြေ လက်လက်တည်း။

၁၃၁။ ရိုင်းပင်းဘော်ရွှေ၊ အကုဋေတိ၊ "မိုလ်ခြေအ ရန့်၊ မြေမှန့်မြေစိုင်"၊[၂] မနိုင်မကန်၊ သယ်အားလွန်လျက်၊

---

(၁) ဒု-လျှင်ခပ်သွယ်သည့်၊
(၂) တ-မိုလ်ခြေအရုံ့၊ မြေမုံ့မြေစိုင်၊

ဗိတာန်အလား၊ "တမ်းခွန်လျှားလည်း၊ ရွက်ဖျားသွယ်သွယ်၊"[1] ခြူးမြိုးခြယ်၍၊ တင့်တယ်ရေးထု၊ အဗုမှိုင်၊[2] ကျူနွယ်ရုံမှူ၊ ထိုးအုံထိုးချက်၊ ရွှေအကွက်တည့်၊[3] လက်လက်ညီးညီး၊ တန်းဆောင်မီးသို့၊ ခရီးအတိုင်း၊ အကျိုင်းဖါးဖါး၊ စိမ်းထွားပင်ယှဉ်၊ ငှက်ပျောစဉ်လည်း၊ တောလျှဉ်သဖွယ်၊ ထူးဆန်းကြွယ်၏၊ ခြောက်ဆယ်ယူဇနာ၊ ရွှေမြေမှာ၌၊ မဟာသုဒဿန၊ နတ်လမ်းမနှင့်၊ တကြွချီငေါ်၊ နှိုင်းသင့်လျော်သည့်၊ ကြောင်းတော်တလင်း၊[4] ဤမြေခင်းလည်း၊ ။ဖန်ဆင်းသင်တို့ လက်ထက်တည်း။

၁၃၂။ လုယက်သယ်သယ်၊ မငဲ့ဘွယ်လျှင်၊ ငယ်ငယ်ကြီးကြီး၊ ဤခရီးကို၊ မပြီးအံ့သို့၊ ယခုမို့သည်၊ သင်တို့ရွာသား၊ ဤလူများကား၊ ရူးစားကြဟန်၊ အဆက်လွန်၏၊ ပြင်းထန်အားကြီး၊ ကိုယ်တိုင်ရိုးလျှက်၊[5] အကျိုးလိုချင်၊ ပန်းပင်မရှိ၊ ပိတိမက်မော၊ သဒ္ဒါဇောဖြင့်၊ ခြေဆောလက်လျှင်၊ ဤသို့လျှင်တည့်၊ သုတ်သင်လှုလှူ၊ ကောင်းအောင်ပြုသည်၊ ယခုခါသော်၊ ဘယ်သူတော်အား၊ ။ဘိတ်ခေါ်ကြွစိမ့်ရည်သနည်း။

၁၃၃။ အလွန်တရော၊ ဘယ်ဆရာ၌၊ အခါနိစ္စ၊ အာဝါသချက်၊ ဆုံးမခံခံ၊ သုံးပါးကံဖြင့်၊ နှံ့မိလှည့်ငြား၊ စီးပွါး

---

(၁) ဒု-တမ်ခွန်ဖျားလည်း၊ ရွက်လျှားသွယ်သွယ်၊
(၂) တ-အဖုမိုးပုံ၊
(၃) တ-ရွှေအရွက်တည့်၊
(၄) ဒု-ကျောင်းတော်တလင်း၊
(၅) ပ,ဒု-ကိုယ်တိုင်ရှိုး၍၊

အင်ပြိုက်၊ ကြိုက်ကြိုက်လည်လည်၊ အခြည်မြွတ်နိုး၊ တန်းခိုးအဟုန်၊ ဂုဏ်နှင့်မကွာ၊ သဒ္ဒါချက်ချက်၊ ကျေးဇူးနက်သည်၊ ထေက်တေ့၊ အဘယ်သူအား၊ မြွတ်မှုစစ်စစ်၊ ပုညခေတ်ဟု၊ နှစ်နှစ်လိုလို၊ အဘယ်သို့လျှင်၊ သင်တို့တကာ၊ တံထွာမြဲဆုံး၊ ရှေးကျင့်ထုံးဖြင့်၊ နှလုံးတချောင်း၊ ကြံမိရှောင်း၍၊ အပေါင်းများစွာ၊ ဤရပ်ရာ၌၊ ၊ဗိုလ်ပါသို့ စင်စည်သနည်း။

မင်္ဂလာသောဓနပုစ္ဆာခန်း ပိုဒ်ရေ-၅ ပြီး၏။

(၁၇) မင်္ဂလာသောဓနဗျာကရဏခန်း

ပိုဒ်ရေ-၄

တေမေပုဋ္ဌာ ဝိယာကံသု၊
ဗုဒ္ဓေါလောကေ အနုတ္တရော၊
ဒိပက်ရောနာမ ဇိနော၊
ဥပ္ပန္နော လောကနာယကော၊
တဿ သောဓယတိ မင်္ဂ၊
အဋ္ဌသံ ဝဋ္ဋမာယနံ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊မေမယာ-ငါသည်၊ ပုဋ္ဌော-မေးအပ်သော၊တေ-ထိုရမ္မဝတီပြည်သူတို့သည်၊ ဗောဓာပသ-အိုရှင်ရသေ့၊ အနုတ္တရော-တုဘက်မရှိထသော၊ ဇိနော-မာရ်ငါးပါးကို အောင်တော်မူတတ်ထသော၊ လောကနာယကော-သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်ထသော၊ ဒိပင်္ကရောနာမ-

ဒိပက်ရာအမည်ရှိသော၊ ဇုဒ္ဒေါ- မြတ်စွာဘုရားသည်၊ လောကေ- သတ္တလောက၌၊ ဥပ္ပတ္တိ- ဖြစ်တော်မူ၏၊ တဿ-ထိုဒိပက်ရာမြတ်စွာဘုရား၏၊ အာဂမနံ-ကြွလာတော်မူရာဖြစ်သော၊ အဠ္ဌသံ- အဠ္ဌသဟာဆိုအပ်သော၊ ဝဠ္ဍမံ-ဝဠ္ဍမလည်း မည်သော၊ အယနံ- အယနဟူ၍လည်း ခေါ်ဝေါ်အပ်သော၊ မဂ္ဂံ-ခရီးကို၊ သောဓယတိ- သုတ်သင်အပ်၏၊ ဇာတိ-ဤသို့၊ ဝိယာကံသု- ဖြေကြားကုန်၏။

၁၃၄။ သာရဂန္ဓိ၊ ဥဒမိသို့၊ ခန္တီမေတ္တာ၊ ကရုဏာနှင့်၊ ပညာမျက်စိ၊ စုံသောတိုလျှင်၊ ဒက္ခိဏောယျ၊ ရှင်ထိုမှုတို့၊ မကျန်ကတ်စုံ၊ ငါ့ထွေသံကို၊ နာခံသိလေ၊ မေးတိုင်းဖြေလျက်၊ သက်သေခံမြောက်၊ တိုင်ပင်လောက်၍၊ ငါ့အောက်လည်းဆုတ်၊ ထေရ်ကြီးဟုတ်သည်၊ မယုတ်ပညာ၊ သာရိပုတြာ၊ ၊သဒ္ဒါစင်းစင်း၊ ဆုတောင်းခြင်းဖြင့်၊ အရင်းသန်အောင်၊ နောက်နောင်ရိက္ခာ၊ ကိုယ်ဘို့ရှာသည်၊ များစွာပြည်သူ၊ ထိုမှုလူကား၊ သိမှုသိရာ၊ ငါ့ထံလာ၍၊ ငါလျှင်ဆွေးနွေး၊ ဤသို့မေးသော်၊ အရေးမကျန်၊ ကြားကုန်ထွန်၏၊ ဈာန်အဘိညာဉ်၊ တန်းခိုးယာဉ်ဖြင့်၊ စက်ပျဉ်ရထား၊ ယန္တရားသို့၊ သွားသွားသမျှ၊ ကောင်းကင်ဝဠ္ဍ၊ လမ်းမတွင်ဘွယ်၊ နှလုံးရွှယ်က၊ ရောက်လွယ်စမြဲ၊ ပျံမြူးလေ့လျက်၊[၁] ရသေ့တုန်းတုန်း၊ ဘုန်းနှင့်မကင်း၊ မြေမနင်းသည်၊ ရှင်ရင်းမြတ်စွာ၊ သုမေဓါ၊ ၊

(၁) တ-ပျံမှုလေ့လျက်၊

သုံးရွာရပ်သူ၊ နတ်နှင့်လူတွင်၊ နှစ်သူမပြောက်၊ နိုင်းဘက်ပျောက်သည်၊ အံ့လောက်ထွန်းပေါ်၊ သုံးလူ့ဘောင်ကား၊ ၊မည်တော်ဒိပက်ရာတည်း။

၁၃၅။ ဒိပက်ရာ၊ မည်တော်သာဖြင့်၊ ထင်စွာလူ့ပြည်၊ ချွတ်အံ့ရည်သား၊ ဤသည်မုနိန်၊ မာရဇိန်လျှင်၊ အောင်ချိန်မတ္တိုင်၊ ပင်ရိပ်ခိုင်လျက်၊ ဖျက်နိုင်မာရ်အား၊ ရှေးဘုရားတို့၊ အများညီညာ၊ သွားကုန်ရာသား၊ ဝိပဿနာ၊သုံးဖြာလမ်းကြီး၊ ခရီးထုတ်ချင်း၊ ကောက်ကစင်း၍၊ သိတင်းလေးဆူ၊ စင်ပြူထွားစွာ၊ ရတနာခဲ၊ သဲမွှေကြဲ၍၊ အမြဲစောင်မ၊ စရဏတရား၊ တံခါးခံတိုင်၊ ကြံ့ခိုင်ဆောက်ပြု၊လေးချဏ္ဍဒ္ဒိပါဒ်၊ နတ်ပဒေသာ၊အံ့အာရောက်တည်၊ လေးမည်ဖြဟ္မစိုရ်၊ ပြုညိုခပ်သိမ်း၊ ကြာတိရှိမ်းသား၊ ချမ်းငြိမ်းစွာဘိ၊ အိုင်ရေကျိုနှင့်၊ သတိပဋ္ဌာန်၊ လေးတန်သင်းသီး၊မုတ်ကြီးတံခါး၊ဗိုလ်ဝင်ထား၍၊ နတ်နားမဆံ့၊အံ့ကြွကြွေးကြော်၊ပေါ်ပေါ်ပေါ်သား၊ယသော်ကိတ္တိ၊ ဆောက်ဘိတမ်းခွန်၊ မိုးစွန်အဖျား၊ [1]ရှစ်ပါးသမာပတ်၊ လက်လွတ်ကာဆီး၊ မြို့ကြီးပြင်နား၊ ရင်ဟားကျုံးမြောင်း၊ဦးမထောင်းသား၊ [2]ရပ်ကောင်းခိုင်ကျည်၊ နိဗ္ဗာန်ပြည်၌၊ လေးမည်မဂ္ဂ၊ တံခါးမဖြင့်၊ ဝင်ရမြောက်ပြီး၊ မင်းထီးစကြာ၊ဇကရာသို့၊ ပညာစက္ကုရတ်၊ သုံးလူ့ထွတ်ကား၊ အရပာတ္တမိုလ်၊ နဂိုရ်ပြည်လယ်၊ပြာသာဒ်ကျယ်

---

(၁) တ–မိုးလွှန်အဖျား၊
(၂) ဒု–ဦးမတောင်းတည်၊

ထက်၊ စမွါယ်မဟာ၊ကရုဏာဟု၊ သမာပတ်မွန်၊ လေသွန်နန်းမ၊ ဖွင့်ပြီးမှတည့်၊ ဗုဒ္ဓစက္ခု၊ ဉာဏ်ယုကြည့်မြော်၊ မျက်စိတော်ဖြင့်၊ အရော်မတွေး၊ လူမိုလ်ဖွေးအား၊[၁] စီးပွါးဖန်ဆန်း၊ ရှုလျက်မှန်းသည်၊ ၊ပတ်ဝန်းစကြဝဠာတည်း။

၁၁၆။ ဇာတိလည်းမည်၊ဖန်များလည်၍၊ နေ့ရှည်ရက်ကျူး၊အမူးမပြေ၊မနေမနား၊ သွားရကာကာ၊ ကျိုးမဲ့စွာလျှင်၊ဇရာမရဏာ၊ သောကမကြွင်း၊ ပူအိုက်ပြင်းလျက်၊ ကြောက်ငြင်းထိတ်လန့်၊ ဝေးဝွန့်တောင်တာ၊ သံသရာဟု၊ ခန္ဓာငါးမည်၊ ခရီးသည်အား၊နေနားပန်းထောက်၊မှိုခိုလောက်အောင်၊အခေါင်ထွန်းစည်၊ လေးမည်သီတင်း၊အရင်းမြစ်ဖြာ၊ သမာဓိကွန်၊ မြောက်သန်ခိုင်ကျည်၊ ပင်စည်ခုခ၊ ဉာဏ်ဟုအခက်၊ ဖုန်တက်ငွါးငွါး၊ခြောက်ပါးဘိညာဉ်၊အစဉ်မပြတ်၊ပင်လုံးကျွတ်လျှင်၊ပွင့်တတ်နေ့ရေ၊[၂]ငါးထွေဝိမုတ္တိ၊သီးဘိမစဲ၊ ဆကဲမဟာ၊ကရုဏာဟု၊ ရိပ်သာငြိမ်းငြိမ်း၊ ညွတ်တိမ်းပြောထူ လူနတ်ဟူသား၊ဒုဒုသဲသဲ၊ နားဝဲကျဟုံ၊ ပိတုန်းအုံလျက်၊ ပြည့်စုံအင်္ဂါ၊ ချိုရာမထင်၊ ဤသို့လျှင်တည့်၊ ဒိပက်ရာ၊လူ့ရွာနှိုင်းရှား၊ ဘုရားဟူသည်၊မဥ္ဇူ ဤယင်း၊ သစ်ပင်မင်းလျှင်၊ရပ်ချင်းမတန်၊အမွန်ဤသည်၊ တို့ပြည်ရွာပါး၊ဦးစွန်းဖျားခွ၊ထွန်းပြောင်းရောက်လစ်၊ ယခုဖြစ်၍၊

---

(၁) ဒု-လူမိုလ်သေား၊
(၂) ပ-ပွင့်ဆတ်နေ့ရေ၊

အသစ်စက်စက်၊ ကျော်သံတက်သည်၊ ၊ အခုတ်ကျက် အဝှန်အဝှါတည်း။

၁၃၇။ ထိုသို့ဝှန်ဝှါ၊ ကျော်စော စွာလျက်၊ ဝိဇ္ဇာကန်းသူ၊ သုံးပါးလူကို၊ ဖွင့်မှုမျက်ဆန်၊ ခရီးညွှန်သည်၊ ဘဝန္တဂူ၊ သဗ္ဗညူကား၊ စတုသစ္စာ၊ သဒ္ဓမ္မဒါနှင့်၊ ဝေသာရဇ္ဇ၊ သတ္တဗောဇ္ဈင်၊ မဂ္ဂင်မကျန်၊ ခပ်သိမ်းဝန်တိ၊ ကောန်အနှစ်၊ စုံသည်ဖြစ်၍၊ အလှစ်ကြွားသိ၊ မိုးဖျားထိမျှ၊ ဉာတိပိသော၊ သွာကျွာတောက၊ စသည်ချီးယုန်၊ ကျေးဇူးဂုဏ်ဖြင့်၊ ကြေရန်ညာဆန်၊ ပြည်တိုင်းတွန်၍၊ နောက်ပြန်နောက်လည်[၁]၊ မည်သူသည်လျှင်၊ မကြည်မညို၊ အလိုမလိုက်၊ မပိုက်မယဉ်၊ ခိုင်မျဉ်မရှိ၊ ဒိဋ္ဌိမိစ္ဆာ၊ တဏှာအညစ်၊ ခွါကံမြစ်လျက်၊ ထစ်ထစ်ထွန်းထင်၊ နေလုလင်သို့၊ လူတွင်နှိုင်းကင်း၊ တရားမင်းအား၊ အများလုပ်ကျွေး၊ ဘဉ်းပေးစိမ့်သည်၊ ပြည်သို့နိမန်[၂]၊ တောင်းပန်သမှု၊ အခါလှ၍၊ ယခုလက်ငင်း၊ နံနက်ခင်းဝယ်၊ ပြီးလျှင်းစေအောင်၊ လုပ်ဆောင်ဝေဖန်၊ ကျွန်ုပ်ကျွန်တို့၊ မကျန် ကြိုးပမ်း၊ ဤယင်းလမ်း၌၊ မွမ်းမွမ်းကိုယ်စီ၊ ပေါင်းစည်းညီ၍၊ တူပြိုမဲ့နှိုင်း၊ ဂုဏ်များလှိုင်းကို၊ ၊ သည့်တိုင်းကြွစိမ့်သောဌါတည်း။

မဂ္ဂသောဓနဗျာကရဏာခန်းပိုဒ်ရေ-၄ ပြီး၏။

---

(၁) ပ,ဒု-နောက်ပြန်တောင်လည်၊
(၂) ပ,ဒု-ပြည်သူ့နိမန်၊

(၁၈) ကုသလမိဇ္ဇရောပနစိန္တာခန်း

ပိုဒ်ရေ—၁၆

ဗုဒ္ဓေါတိ မမ သုတွာန၊
ပီတိဥပ္ပဇ္ဇိ တာဝဒေ၊
ဗုဒ္ဓေါ ဗုဒ္ဓေါတိ ကထယန္တော၊
သောမနဿံ ပဝေဒယိံ၊ ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ ဗုဒ္ဓေါတိဝစနံ-ဘုရားဟူသောစကားသံကို၊ သုတွာန-ကြားရ၍၊ မမ-ငါ့အား၊တာဝဒေ-ထိုကြားသောခဏ၌လျှင်၊ ပီတိ-စိတ်၌နှစ်သက်ခြင်း ပီတိသည်၊ဥပ္ပဇ္ဇိ-ဖြစ်၏၊ဗုဒ္ဓေါဗုဒ္ဓေါတိ-ဘုရား ဘုရားဟူ၍၊ ကထယန္တော-အဘန်ဘန် နှုတ်ဖြင့်ပွက်ဆိုလျက်၊ သောမနဿံ-နှစ်လို့ ဝမ်း သာ သော စကားကို၊ ပဝေဒယိံ-ပြွက်ကြားချီးကျူးပြီ။

၁၃၈။ ကမ္ဘာအချင့်၊ တည်သဖြင့်လျှင်၊ ပွါးမြင့်လေလေ၊ သုန္ဒရေဟု၊ အတွေ့ထူထဲ၊ ချင့်မြကျိန်းဖြင့်၊ နှစ်သိန်း လေးသောင်း၊ အပေါင်းဖွဲ့ချီး၊ မြေကြီးအတု၊ သိမြင်ထူ၍၊ ဘူရိပညာ၊ အမည်ရလျက်၊ တည်ပစလောက်၊ လက်အောက်ငါ့ဝယ်၊ ပညာကျယ်သည်၊ တောင်ကယ်လက်ျာ၊ ညာကနေတန်၊ ငါ့သားမွန်၊ ၊ ပြန်ပိမ့်ကောင်းတော၊ မှတ်တုံလေလော့၊မေးပေသောခါ၊ ဆိုကုန်လှာသား၊တကာအများ၊ ထိုပြည်သား၏၊ ဘုရားဟူသည်၊ စကားရည်ကို၊ အခြည်ငါ့အား၊ ဖြုတ်ခြည်း

ကြားက၊ ဝမ်းပါးရှင်ပ၊[1] ဗိတိဝလျက်၊ ၊ချစ်ထလွန် စုံမက်ဖြိုတည်း။

၁၃၉။ ဒီပက်ရာ၊ မြတ်စွာအဖျား၊ ဘုရားရှင်စော၊ ပွင့်သည်ဩဟု၊ အဆောတလျင်၊ ဆိုချင်ရှေးရှေး၊ ငါ့ထံ ဝေး၍၊ မမေးကောင်းလျှင်း၊ ခံတွင်းအသောင်း၊ ကြားလတ် ရှောင်းသော်၊ နှစ်ထောင်း ကြည်စွာ၊ သုမေဓာကား၊ ပက်ပါဦးကြို၊ တောင်စခိုသည်၊ ချောင်းလျှို ဆည်ကန်၊ ရေပြည့်အန်သို့၊ ချစ်ဇွန်သည်းလှ၊[2] ကြောခြင်စသည်၊ ကြွကြွဖြိုးဖြိုး၊ နှလုံးနိုး၍၊ တန်းခိုးကြီးခေါင်၊ တောင်ထက် မကာ၊ သုံးလူ့ဘကို၊ နားဝစကား၊ ဖြစ်သံ ကြားက၊ ဘုရားဘုရား၊ လန့်တကြားလျှင်၊ ဆိုများတုံတုံ၊ ကိုယ် ပြည့်ရုံမျှ၊ မငုံလေစောက်၊ ဝမ်းမြောက်စွာလွန်း၊ အခွန်း ခွန်းလျှင်၊ ၊ဥဒါန်းနှုတ်မှပွက်ဖြိုတည်း။

၁၄၀။ ကျေးဇူးများကြွယ်၊[3] အမြိုက် ကယ်လျက်၊ လူဝယ်ဘုရား၊ ထွန်းလတ်ငြားဟု၊ မကြားစတောင်း၊ လူ အပေါင်းတို့၊ မညောင်းစေငေါ်၊ ဆိုလတ်သော်လျှင်၊ ထိုရော်အခါ၊ ရသေ့ငါကား၊ သဒ္ဓါလည်းပွါး၊ လွန်ပြတ် သားလျက်၊ ကြိမ်များဖန်ရာ၊ အခါခါတိ၊ ကျက်စွာကြည် လှ၊ ဆိဝယ်ကျသား၊ ဗိုင်းဆွရည်ယို၊ ရွှမ်းရွှမ်းစိုသို့၊ ပွက် ဆိုဖန်ဖန်၊ အသံဇွန်၍၊ အမွန်နှုတ်နား၊ ထိုစကားကြောင့်၊

---

(၁) တ-ဝမ်းပါးရှင့်ဘ၊
(၂) တ-ချစ်ဇွန်ဝမ်းက၊
(၃) တ-ကျေးဇူးများကျယ်၊

ရေသားခပင်း၊အသည်းချင်းမျှ၊ ၊ချစ်တွင်းထဲချောင်နက်၏တည်း။

တဿ ဌတွာဝ စိန္တေသိ၊
တုဋ္ဌော သံဝိဂ္ဂမာနသော၊
ဣဓ မိဇာနိ ရောပိဿံ၊
ခဏောဝေ မာဉပစ္စဂါ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ အဟံ-ငါသည်၊ တဿ-ထိုဘုရား ဟူသော အသံကို ကြားရာ အရပ်၌၊ ဌတွာဝ-ရပ်၍သာလျှင်၊တုဋ္ဌော-နှစ်သက်ခြင်း ရှိသည်ဖြစ်၍၊သံဝိဂ္ဂမာနသော-ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍၊ စိန္တေသိ-ကြံပြီ၊ အဟံ-ငါသည်၊ ဣဓ-ဤဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌၊ မိဇာနိ-ကုသိုလ်ကောင်းမှု တည်းဟူသော မျိုးစေ့တို့ကို၊ ရောပိဿံ-စိုက်ပျိုးအံ့၊ ခဏော-ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗုဒ္ဓုပ္ပါဒခဏကို၊ မာဉပစ္စဂါ မာအတိက္ကမိ-မလွန်စေလင့်၊ဣတိ-ဤသို့၊ စိန္တေသိ-ကြံပြီ။

၁၄၁။ လေးတွေပင်လယ်၊ မြစ်သဘွယ်သို့၊ နက်ကျယ်ချောမော၊ငါလျှင်ဟောသား၊ သဘောလေးဆ၊ ဂမ္ဘီရကို၊မကျချိုနေ၊ ငါ့ဝယ်ဖြေမှ၊ စေ့ရေဆန်းထုတ်၊ မြန်သားနှုတ်ဖြင့်၊မယုတ်မကျန်၊သိမှုပွန်၍၊ ဇကန်စွဲသုံး၊ ထုံးဖြစ်အောင်သာ၊ ဆိုတွင်းနာလျက်၊ ပညာအရောင်၊ သံဃာ့ဘောင်၌၊ လက်စောင်ကြိုးကြား၊ မေးထောက်

ထားသည်၊ငါ့သားရှင်မွန်၊ဂုဏာဝန်၊ ၊မကျန်နည်းသီး၊[၁]
နာခံမှီးလော့၊ရင်တီးလက်သပ်၊လန့်တဖျပ်လျှင်၊သံကျပ်
တဆို၊[၂]သက်လုံမိုလျက်၊ကြည်ညှိုပြင်းစွာ၊[၃]စေတနာဖြင့်၊
ထိုခါတန့်တီး၊ရပ်တုံပြီးသော်၊ ဘုန်းကြီးရှင့်ဘ၊ ရသော့
လှကား၊ နှိုင်းဆအားသံ၊ ဤသို့ကြံ၏၊ အကမ္ဘာဘာ၊
သချာသချေ၊ကုဋေဆုံးပိုင်း၊ အတိုင်းမသိ၊ စမရှိသည်၊
ဓာတိဘဝါ၊ သံသရာဋ္ဌ၊ ခန္ဓာလည်းမည်၊ ဤကိုယ်
သည်လျှင်၊မည်မည်ရွှားရွှား၊ အလားမမြဲ၊ မလွဲမချွတ်၊
ဖြစ်လှည့်တတ်လျက်၊ သူမြတ်အထံ၊ တမ်းမခံတည့်၊
သေပျံပျက်စီး၊ဦးလေးပြီးမျှ၊ မြေကြီးအားသာ၊ စီးပွါး
ရှာသည်၊ ၊မြင့်ကြာယခေါင်ထက်တိုက်တည်း။

၁၄၂။ ထက်တိုက် ယခေါင်၊ ရှေးအယောင်သို့၊
နောက်နောင်သော်လည်း၊ ဤတူနည်းလျှင်၊ အချည်း
လွန်လေ၊ရှင်သေမျောပါး၊အဖြစ်များဝယ်၊ဘုရားလူတွင်၊
ပွင့်ငြားကျင်လည်း၊အကြင်သောခါ၊ ငရဲရွာဋ္ဌ၊ ပူဆာ
ချည်းချည်း၊[၄] မီးကြည်းအလျှံ၊[၅]ဟာစ်ကြွေးသံနှင့်၊ မခံ
ချိအောင်၊အနှောင်ငါးပါး၊ဝပ်လျှားပက်လက်၊ ထိုးနှက်
ကာလိ၊ ဆင်းရဲတိလျှင်၊ မျက်စိတမှိတ်၊ ဆံဆယ်စိတ်မျှ၊
မရသက်လုံ၊ ခံကြိုက်ဆုံအံ့၊ ထိုတုံသောခါ၊ သူငါ

(၁) ဒု-မကျန်ဝှဲချီး၊
(၂) ပ,ဒု-သံကြပ်တဆို၊
(၃) ပ,ဒု-ကြည်ညှိုမြတ်စွာ၊
(၄) ပ-ပူဆာချီးချီး၊ ဒု-ပူဆာငြီးငြီး၊
(၅) ပ,ဒု-မီးကျိုးအလျှံ၊

ချင်းသင်၊ မြတ်ချစ်ရှင်အား၊ ကိုယ်ထင်ပက်ပါ၊ တွေ့ရစာကား၊ ၊ဝေးစွာမထိုက်မလိုက်တည်း။

၁၄၃။ ထိုမှတပါး၊ ရင်တွားငုံ့တုံ၊ မှောက်ခုံလည်းသွား၊ ခွါဖျားတုံးမျှ၊ ပခုံးကျောက်ဆစ်၊ ကွာလစ်အရေ၊[1] နေ့တိုင်းစေလျက်၊ တပေလျှဉ်းလျှဉ်း၊ အညှဉ်းအဆဲ၊ ရိပ်မဲကြောက်မိန့်၊[2] ဦးသိန့်တကြွား၊ လန့်ကြားလျက်ပင်၊ အသက်ရှင်၍ပုတ်နှင်နေ့ရေ၊[3] အသေသုံးဆောင်၊ပြုလျှင်းအောင်လည်း၊ ငတောင် ငရေ၊ တောင်းပန်တွေဖြင့်၊ ပလေလက်ချား၊ မတတ်အားသည်၊ ကျွံနွားမကျန်၊ တိရစ္ဆာန်မျိုး၊ အဟိတ်ဆိုးတွင်၊ "အကြင် သောခါ၊ ကြမ္မာဖို့ဆုံ၊ ဖြစ်ချေတုံအံ့"၊[4] လူ့ဘုံရှင်တော်၊ ထင်ရှားသော်လည်း၊မြတ်ဘော်ဝင်ဆေး၊ပြုဘွယ်ရေးကား၊ ၊ဝေး၏သို့စဉ် အခိုက်တည်း။

၁၄၄။ အထူးအထူး၊ အံ့မူးရုပ်ပြင်၊ အသွင်ဗိုက်သိုက်၊[5] မိုးမြိုက်လောင်ဖုတ်၊ထန်းပင်ငုတ်သို့၊ရုပ်ပြုတ်ကိုယ်ရေ၊မွေမွေ ကျဉ်းမြောင်း၊နူတ်လည်ချောင်းကား၊ အပ်ကြောင်းမျှသာ၊ရှိခြင်းရာဖြင့်၊[6] ဝမ်းမှာအားသစ်၊ သူယုတ်ညစ်လည်း၊ အပြစ်တချို၊ ထို၏မြို့တုံ၊ အုံ့အုံ့လိုက်

(၁) ပ,ဒု-ကွာချစ်အရေ၊
(၂) ဒု-ရိုးမဲကျောက်မိန့်၊
(၃) ပ,ဒု-သို့စဉ်နေ့ရေ၊
(၄) ပ,တ-အကြင်ဘို့ဆုံ၊ ကြိုက်ချေတုံအံ့၊
(၅) ဒု-အသွင်ပိုက်သိုက်၊
(၆) ပ,တ-တောင်ခြင်းရာဖြင့်၊

ပြေး၊သူ့ညစ်ကြေးနှင့်၊ တံထွေးညှိငှောက်၊ချွဲခန်းပေါက်မျှ၊ စားသောက်ရကြိုက်၊ အမြိုက်နှင်းနိုး၊ ဘုတ်ပြိတ်မျိုးက၊ စသည်များဖြင့်၊ပြိတ္တာခွင်၌၊ အကြွင်ရောခါ၊ကြမ္ဘာလည်းနှိပ်၊ မွတ်သိပ် ရှားဆောင့်၊ တဖျင်နှောင့်လျှင်၊ သိပ်တောင့် သိပ်တာ၊[1] ယုတ်မာကျဉ်းမြောင်း၊ ဖြစ်ချေရှောင်းအံ့၊အသောင်းများစွာ၊ထိုအခါ၌၊လူ့ရွာရှင်တော်၊ ပွင့်ငြားသော်လည်း၊မြတ်စော်မနံ၊ကုသိုလ်ကံဖြင့်၊ မခံဝေးစွာ၊အကျွတ်မှာကား၊ ၊မရောသက်ဆုံး ထက်တိုက်တည်း။

၁၄၅။ ကမ္ဘာအပေါင်း၊ ရှစ်သောင်း လေးထောင်၊ အခေါင်ရှည်လွှန်၊ ကာလဝန်ဖြင့်၊ နိဗ္ဗာန်တဆူ၊ ဟူချင်ဘွယ်တိ၊[2] ထိုသို့ရှိလျက်၊မိမိကြမ္ဘာ၊ ကုန်လတ်ခါသော်၊ ပမာမည်သည်၊ကြိုးရှည်လံစား၊ မြင်းကျွဲနွားသို့၊ တပါးမရောက်၊မိုးအောက်လူမှာ၊ ဤရပ်ရာသို့၊ ကျလှာတပုံ၊ ဖြစ်လတ်တုံသည်၊[3] လေးဘုံဖြဟ္မာ၊ ရုပ်မဲ့ရွာနှင့်၊ မဟာကပ္ပ၊ ငါးရာမျှလောက်၊ အစောက်ရှည်တတ်၊ သညသတ်ဟု၊ရုပ်ခတ်စံတည်၊သက်မဲ့ပြည်ကား၊ မည်သည်ပမာ၊ နှိုင်းရာ မဲ့ရှောင်း၊ ထူးဆန်း ကောင်းလည်း၊ အကြောင်း ချိုတဲ့၊ ရုပ်မဲ့သက်မဲ့၊ ဖြစ်ခဲ့ရကား၊ ဘုရားရှင်တော်၊ချွတ်ခဲလှော်၏၊ထိုရော်အလား၊ ရပ်နှစ်ပါး၌၊ ရှည်လျားသဖြင့်၊ ကြိုက်သင့်စဉ်တွင်၊ အကြွင်သောခါ၊

---

(၁) ဒု-ပြိတ်တောင့်ပြိတ်တာ၊

(၂) ပ-ဟူချင်ဘွယ်လိ၊

(၃) တ-ဖြစ်တတ်တုံသည်၊

ဖြစ်လေပါအံ့၊ လူ့ရွာဘုရား၊ ကြိုက်လတ်ငြားမှု၊ ၊တို့ အားမှန်းမသိလိုက်တည်း။

၁၄၆။ ပစ္စန္တရစ်၊ အရပ်ပစ်၌၊ ဇနပုဒ်ဖြင့်၊ မိုက်မိုက်မဲမဲ၊ ပြည်မပွဲနှင့်၊ ဝဲမကျူးလျှင်း၊ တောတွင်းဗိုဗို၊ ဒုဿီလတလှစ်၊ ရှင်ချစ်မြတ်စော၊ ဟောသည်နှုတ်လွှတ်၊ မုခပါဠ်မှ၊ လက်လွှတ်တဝေ၊ ဘုတ်တဖွေ့သို့၊ နေ့ရေမခြား၊ ပါဏာတိပါတ်၊ မိတတ်သရွေ့၊ မတွေ့အံ့သည်၊ တမည်သာမြို့၊ ထိုသို့ဤသို့၊ ဘွဲ့ဘို့မပြတ်၊ သတ်ခတ်ညှစ်ရေး၊ အရိုးသွေးမှု၊ သက်မွေးယုတ်မာ၊ မိစ္ဆာဇီဝ၊ ငယ်ကထက်တိုက်၊ အမှိုက်မြက်စား၊[1] နွားတရထည်၊ တောင်သူ့ပြည်တွင်း၊ အကြင်ရောခါ၊ ဖြစ်ချေပါအံ့၊ သစ္စာပွင့်ငြား၊ ရှင်စောများတို့၊ တရားပါဠိ၊ ဆိမ်းညှို့လျက်၊ မဖျို့မတိုက်၊ ပြည်ကြီး၌လျှင်၊ အမြိုက်နိဗ္ဗာန်၊ ထိုခါညွှန်မှု၊ ရပ်စွန်ပြည်နား၊ တောတွင်းသားမှာ၊ ၊မပွားကုသိုလ် စရိုက်တည်း။

၁၄၇။ ဥပမိဖြင့်၊ မရှိချိုတဲ့၊ ရုပ်ဝါမဲ့တည့်၊ တမဲ့ ကိုယ်ပြောင်၊ ငေါင်းအယောင်လျှင်၊ လင်တောင်လင် ကန့်၊[2] ခြေဆွံ့နှံ့လက်ခိုင်၊ မြင်းကျိုးယိုင်သို့၊ နေထိုင်သွား လာ၊ မအားချည့်နည့်၊ ကြည့်လည်းမမြော်၊ ခေါ်လည်း မသိ၊ မရှိနှုလုံး၊ သစ်တုံးတဆူ၊ လူရုပ်မပီ၊ မညီအင်္ဂါ၊ ဝမ်းတွင်းပါဖြင့်၊ ပညာဖုန်ဖုန်၊ အတလုန်လျှင်၊ တုန်

---

(၁) ဒု-အမိုက်မြက်စား၊

(၂) ဒု-လင်းတောင်လင်းကန့်၊

တုန်ချက်ချက်၊ မငက်စကား၊ တတ်အားခလို၊ နှင်သည့်ကိုယ်ဟု၊ တခိုနေ့ရေ၊ ငြိလျက်နေသည်၊ အသေထက်တိုက်၊ ပစ်သား၌ဝယ်၊ အကယ်ကယ်လျှင်၊ အကြင်သရေ၌၊ ဖြစ်ချေသော်လည်း၊ သုံးဘော်သနင်း၊ တရားမင်းအား၊ ပွင့်စည်ပြောမှု၊ ရှုံးပါးခဲ့တုံ၊ အင်မစုံသော်၊ မကုံနိုင်စွာ၊ ဖူးရစာမျှ၊ ၊ကျန်ရာထိုရော် အကြိုက်တည်း။

၁၄၈။ တက္ကဒွန်းကြီး၊ အချည်းနှီးလျှင်၊ မတီးမရာ၊ မိန္တာဒိဋ္ဌိ၊ ယူမှားမိ၍၊ မငြိမစွန်း၊ ရုန်းရုန်းမွန်းလျက်၊ အမှန်းမထင်၊ နရက်ခွင်၌၊ အကြင်မျှလောက်၊ ယူမပျောက်အံ့၊[၁] တဘောက်ပတ်ပတ်၊ သံသာဝဋ်မှ၊ မကျွတ်သစ်ဝတ်၊ ခလုတ်တံသင်း၊ တံစုန်းဆင်းသို့၊ ပေါ်ခြင်းမဖြစ်၊ အမှုညစ်ဖြင့်၊ နှစ်ဆစ်လူမှာ၊ မပြုလှာတည့်၊ ကမ္ဘာကြေညက်၊ လောင်သုန်းပျက်လည်း၊ အသက်မပြတ်၊[၂] လောကခေါတ်များ၊ တပါးကျန်ရာ၊ ခံရကာလျှင်၊ မကျွာဆင်းရဲ၊ အိုးထဲဖက်ထစ်၊ ဥချိုးဖြစ်သည်၊ လူပစ်မျိုးတွင်၊[၃] အဝင်လည်းမှား၊ ကြိုက်လေပြောမှု၊ ဘုရားအပေါင်း၊ အသောင်းလူ့ရွာ၊ ပွင့်ကုန်စွာလည်း၊ ကျောက်ဖျာရေထဲ၊ ပေါ်ခဲ သည့်နှယ်၊ ဖူးရဘွယ်ရေး၊ ၊ဝေး၍ထိုခါငယ်၌တည်း။

---

(၁) ပ,ဒု-ရုပ်မပျောက်အံ့၊
(၂) ဒု-အဆက်မပြတ်၊
(၃) ပ,ဒု-အပြစ်လူတွင်၊

၁၄၉။ ဘုရားဟူသား၊ မပူနေရောင်၊ ခါတိုင်းရှောင်၍၊ ရိုက်မှောင်ချည်းသာ၊ လူ့ဘို့ရွာတွင်၊ တကျော့ မြူခဲ၊ ဆီးနှင်းဖွဲ့တိ၊ မစဲထက်ကြပ်၊ စွတ်ဖပ်ဖပ်သျှင်၊ ပြူလှပ်စင်ငေါ်၊ လွှန်ခက်ဟှော်လျက်၊ အမြော်နည်းစွာ၊ ပညာမကြည်၊ သန်လည်မျက်ဆန်၊ နိဗ္ဗာန်မဂ်မိုလ်၊ ရောင်ကိုယ်မဝင်း၊ အလင်းမရှိ၊ မှောင်တိလည်းမြွေး၊ ညစ်ကြေးအထည်း၊ ရိရိသည်းလျက်၊ တည်းတည်းတောသား၊ သူရိုင်းလားသို့၊ ရှည်လျှားကုဋ္ဌေ၊ သင်္ချေကမ္ဘာ၊ သုန်းသောခါလည်း၊ မိစ္ဆာနှောင့်ရှက်၊ သန်ခေါင်နက်သား၊ ညဥ္စထက်လည်းကဲ၊[၁] လူခပဲတို့၊ တွေ့ခဲစွာလှ၊ သုံးလူ့ဘဟု၊ သြဇာတမည်၊ ကြွားအံ့သည့်မှူ၊ အခြည်မထင်၊ မှောင်တင်တင်ဖြင့်၊ ချစ်ရှင်တို့အား၊ ဖူးသည်ထားဘိ၊ ၊နှားမှူ လေမသိမ်းထိုက်တည်း။

၁၅၀။ ဤသို့သင်းသီး၊အရှုံးကြီးလျှင်၊ပွင့်နီးသစ္စာ၊ ဘာဝနာ၏၊ အရာမဟုတ်၊တာဆုတ်ဝေးလံ၊ ကြံသော်ခဲယဉ်း၊ မချဉ်းမစေ့၊ မေ့မေ့ကျန်ကျန်၊ လွှန်လှည့်ကာကာ၊အခါရှည်လျှား၊ ဘုရားကိုယ်ပူး၊[၂] မဖူးပါအပ်၊ ဤရှစ်ရပ်၌၊ အလပ်လူပစ်၊ မဖြစ်လေကျင့်၊ အခန့်သင့်သော်၊ ပွင့်သည်အကြိုက်၊ ဖူးရထိုက်၍၊ တိုက်ရိုက်ကိုယ်ထင်၊ ဤဖြစ်တွင်၌၊ချစ်ရှင်ဘုရား၊ မြတ်စောဖျား

(၁) ပ,ဒု-ညဥ္စလျက်မကဲ

(၂) တ-ဘုရားကိုမှူး၊

ကို၊ ငါ့အားတူတည်၊[1] တွေ့အံ့သည်ကား၊ ၊အကြည်
ယခု ဆိုက်ဆိုက်တည်း။

၁၅၁။ သိမြင်ကောင်းကျိုး၊ လူပြိန်းမျိုးထက်၊တန်း
ခိုးနှုံဘော်၊ အမြော်လည်းမှန်၊ ဂုဏ်ဖြင့်လွန်၍၊ ဈာန်
အဘိညာဉ်၊ ယှဉ်သောစဉ်၌၊ "အလိုက်သင့်ပါ၊"[2]
ကြိုက်စွာဘိမော၊ သဒ္ဒါပြောလျက်၊ ရှင်စောနှင့်ငါ၊
၏အခါကား၊ ပမာနှိုင်းနှုန်း၊ စိုက်ခါတုန်းဝယ်၊ ရွှာ
ဆုန်းတန်နိုး၊[3] ပျိုးနှင့်မိုးသို့၊ ဘုန်းမျိုးစေ့ဖြန့်၊ အခန့်
သင့်လှ၊ လိုတတလျှင်၊ ယခုထင်၏၊ လျှင်လျှင်နိဗ္ဗာန်၊
မလွန်သောကြား၊ ကျိုးများပေးမြွေ၊ ချမ်းသာစေ့ကို၊
ကြွေ့ကြွေ့အားရ၊ ၏ဝယ်ချအံ့၊ မဆွမလစ်၊ ဖြစ်အံ့သံ
သာ၊[4] နောက်နှောင်ခါတွင်၊ ခန္ဓာနှောင်းကျန်၊ စုန်ဆန်
၏ကိုယ်၊ ရှည်လေလိုလည်း၊ ကုသိုလ်ထုပ်ကြီး၊ နံ့
တောင်းနှိုးဖြင့်၊ ပွါးစီးသင့်နိုင်း၊တံကဲခိုင်းက၊ ရွယ်တိုင်း
ကျလျက်၊ ခမှနောက်မှို၊ လှမ်းကာမိစိမ့်၊ လောကီ
လောကုတ်၊ ချမ်းသာစုတ်အား၊ ၊မယုတ်တဝမ်းတ
သိုက်တည်း။

၁၅၂။ ပမာနှိုင်းချ၊ နှုန်းနှုန်းဆအံ့၊ ဘူမနက်သန်၊
မြေကြန်သိပြီး၊လုပ်ပွန်းတီးသည်၊ အသီးစားနေ့၊[5]စိုက်မိ

---

(၁) ဒု-ငါ့အားထူးတည်၊
(၂) ပ,တ-မပါ။
(၃) ဒု-ရွှာဆုန်းတန်းနိုး၊
(၄) ပ,တ-ဖြစ်တံ့သံသာ၊
(၅) ဒု-အသီးစားလေ့၊

ရွှေလျှင်၊တစေ့အထွက်၊ တပင်နက်ကို၊ ပုတ်ကက်သရိုင်၊ ထည့်မနိုင်မျှ၊လိုတိုင်းရသို့၊ကြွားကလူတွင်၊ ယုတ်မြတ်အင်ကို၊နားတင်သိကျို၊[၁] ငါလျှင်တုံလည်း၊ငုံ့စုံပစ်မိ၊[၂] အန်သိအလား၊ ရှည်လျားကမ္ဘာ၊ သံသရာတွင်၊ အကြင်မျှလောက်၊မပျောက်ခန္ဓာ၊ရင်းချာသန်သန်၊ နိဗ္ဗာန်မြေခိုင်၊မတိုင်သရွေ့၊ဘုန်းမျိုးစေ့ကို၊ လွေ့လွေ့ များများ၊စိုက်ပြုပ်ထားလျက်၊ဘုရားသခင်၊ ဤချစ်ရှင်ဝယ်၊ ခုခါရွယ်၍၊ လိုမယ် လိုတောင်း၊ စုံစေကောင်း၏၊[၃] မိုးနှောင်းသံထင်၊ဤတွင်မေ့ကျန်၊သည်မှလွန်သော်၊မထွန်မြေအား၊ကြဲချေမှားသို့၊မပွါးနောက်ရှန်း၊ ကာလသုန်းဝယ်၊ရွှေဘုန်းဘုရား၊ကြိုးကြွားပွင့်ခဲ၊မကြိုက်ဖဲမူ၊ တကဲတကဲ၊အမြဲမဟုတ်၊နှောင်းနှောင်းယုတ်၍၊ နောက်ဆုတ်မျိုးနည်း၊အရှည်ဆည်းသော်၊ ၊အချည်းမရှိစေထိုက်တည်း။

၁၅၃။ ဤသို့ကြိုစည်၊မှိုးလည်ရေးခြား၊အပြားပြားဖြင့်၊ဝန်းလျားတုံပြီး၊ ရသေ့ကြီးကား၊ ခရီးပြုပြင်၊ လူတို့တွင်၍၊ဖေါ်ဝင်ရိုင်းပင်း၊အဖျင်းဖျင်းလျှင်၊[၄] လုပ်ခြင်း နှိုးနှော၊အရောရောသော်၊ စိတ်ဖောပြတ်ပြတ်၊ မကြည်ညွတ်တည့်၊ ချောခတ်အရော၊ ဝတ်မိုင်ကာသို့၊ ဖြစ်ရာ

---

(၁) တ-နားဝင်သိကြို၊
(၂) ပ-ငုံစုံပြစ်မိ၊
(၃) ပ,ဒု-စုံစေ့ကောင်း၏၊
(၄) ဒု-အဖြင်းဖြင်းလျှင်၊

ဘိနိုး၊ကိုယ်တိုင်ရိုးလျက်၊ ကျိုးကျိုးကျည်ကျည်၊ ပြုအံ့ ရည်၍၊ ၊တတည်လုပ်ချေတောင်းပါလေတည်း။
ကုသလဗီဇရောပနစိန္တာခန်း
ပိုဒ်ရေ-၁၆ ပြီး၏။

(၁၉) ဩကာသယာစနခန်း
ပိုဒ်ရေ-၂

ယဒိ ဗုဒ္ဓဿ သောဧထ၊
ဇကောကာသံ ဒဒါထမေ၊
အဟံပိ သောဧယိဿာမိ၊
အဋ္ဌသံ ဝဠုမြာယနံ၊ ။

ဘောဝန္တောမနုဿာ-အိုလူများတို့၊ တုမှေ-သင်တို့သည်၊ ဗုဒ္ဓဿ-ဒိပင်္ကရာမြတ်စွာဘုရား၏၊ အာဂမနံ-ကြွလာတော်မူရာဖြစ်သော၊အဋ္ဌသံ-အဋ္ဌသဟု ဆိုအပ်သော၊ ဝဠုမြံ-ဝဠုမြလည်းမည်သော၊ အယနံ-အယန လည်း ခေါ်ဝေါ်အပ်သော၊ မဂ္ဂံ-ခရီးကို၊ ယဒိသော ဧထ-အကယ်၍ သုတ်သင်ကုန်သည်ဖြစ်အံ့၊ ဇဝံ-ဤသို့ ဒိပင်္ကရာဘုရားရှင်ကြွလာတော်မူရာ ခရီးကို သုတ်သင် ကုန်သည်ရှိသော်၊ မေ-ငါ့အား၊ ဇကောကာသံ-တခု သောတာ၀န်းအရပ်အတွဲ့ကို၊ဒဒါထ-ပေးပါကုန်လော့၊ အဟံပိ-ငါသည်လည်း၊သောဧယိဿာမိ-သုတ်သင်ပါ အံ့၊ဣတိ-ဤသို့၊ ဩကာသံ- တာဝန်းအ တွဲ့ကို၊ ယာစိ- တောင်းလေ၏။

၁၅၄။ ကမ္ဘာကြေညက်၊အဆက်ဆက်လျှင်၊ ခေါ်

သက် ခေါ်သိ၊ခေါ်ဘိဏီက၊ စသည်များစွာ၊ မဟာ က ထာန်၊ သနေ့်ျလွှန်၍၊ ကိုင်ကန်ရေတွက်၊ ဂဏန်းချက် လည်း၊[1] စက်သံသရာ၊အစစွာဟု၊သိဌာခဲအင်၊ ထိုမျှတွင် ၌၊ထင်ထင်ဤဝယ်၊တွေ့သည့်နှယ်သို့၊ဘုန်းကြွယ် တိုက် တိုက်၊ မကြိုက်စတောင်း၊ ယခုနှောင်းမှ၊ အသောင်း ကျေးဇူး၊ ဘုရားဖူးသည်၊ယှဉ်ပူးမြတ်ဘော်၊ဒိုသူတော် တို့၊ ၊ကောင်ရောင်ရှိညွှတ်၊အသက်ပြတ်မျှ၊“ဆွတ်ဆွတ် ဝမ်းပြု၊ ကြည်မှုကြည်ရာ၊”[2] သဒ္ဒါချက်ချက်၊ ကုသိုလ် စက်တိ၊ ထက်သည်စင်စင်၊ သိဒ္ဓိတင်လျက်၊ဒိပက်ရာ၊ မြတ်စွာရှင်စော၊ ပွင့်သည်ဩဟု၊ ပေါပေါထင်ဟုန်၊ ကျေးဇူးဂုဏ်ကို၊ ပတုန်ပလဲ့၊ အကြွင်းမဲ့လျှင်၊လေးတွဲ့ အညီ၊ကျောက်ဖျာချီသို့၊ စိစိလျှဉ်လျှဉ်၊ ယခုစဉ်၌၊ မေ့ ယှဉ်မကျန်၊ သင်တို့ပြန်သည်၊ ၊ယုံတန် ခပ်သိမ်း အ ချင်းတည်း။

၁၅၅။ ယုံတန်အချင်း၊သတင်းနှုတ်ရည်၊ ပြန်လတ် သည်နှင့်၊အခြည်သင့်လှ၊[3] ဤလမ်းမကို၊ မဆွရှေးများ၊ ဘုရားလက်ဦး၊ဖူးသည်ပိပိ၊ အညီကြိုးပမ်း၊ အားလုံးမွမ်း မျှ၊ ငမ်းငမ်းသယ်ချင်၊ လုပ်သည်မြင်သော်၊ သင်းဝင် အတူ၊[4] ဝမ်းမြှုပ်ပါလျှင်း၊[5] ငါတပင်းတုံ၊ဤယင်းသင်တို့၊

(၁) ဒု-ဂဏန်းဆက်လည်း၊
(၂) ပ,ဒု-ဆွတ်ဆွတ်ဝမ်းမြူး၊ကြည်မှုးကြည်ရာ၊
(၃) ဒု-အံ့ခြည်သင့်လှ၊
(၄) ပ,ဒု-သင်းဝင်အထူး၊
(၅) ပ,ဒု-ဝမ်းမြူးပါလျှင်း၊

လုပ်၏သို့ကို၊နှစ်လိုဖွယ်ပြေး၊ပြုချင်သေး၏၊ ဆွမ်းကျွေးနိမန်၊တောင်းပန်သောအား၊ မြတ်ဘုရားကို၊ သွားစိမ့်ရည်ရည်၊သုတ်သင်သည့်တည့်၊တူတည်ရှေးရှု၊ ကယ်မှန်မူကား၊ အလှူငါ့အား၊ တဘို့ထားလော့၊ ပေးငြားပါသော်၊အဖော်ငါလျှင်၊သင်တို့ခွင်၌၊ဝင်၍လည်းကောင်း၊ ပြုပါရှောင်းအံ့၊ ၊နှစ်ထောင်းရိုင်းရိုင်းပင်းပင်းတည်း။

ဩကာသယာစနခန်း ပိုဒ်ရေ-၂ ပြီး၏။

(၂၀) သုမေဓတာပသမဂ္ဂသောဓနခန်း

ပိုဒ်ရေ-၄

အနံသုတေမမောကာသံ၊
သောဓေတုံ အဥ္စသံတဒါ၊
ဗုဒ္ဓေါဗုဒ္ဓေါတိ စိန္တေန္တော၊
မဂ္ဂံသောဓေမဟံတဒါ၊ ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ တဒါ-ထိုသို့ ခွင့်တောင်းသောအခါ၌၊တေ-ထိုရမ္မဝတီပြည်သူတို့သည်၊ အဥ္စသံ-ခရီးကို၊ သောဓေတုံ-သုတ်သင် စိမ့်သော၄ါ၊ မမ-ငါ့အား၊ ဩကာသံ-တခုသော တာဝန်း အရပ်အဘို့ကို၊ ·အနံသု-ပေးကုန်ပြီ၊ တဒါ-ထိုသို့ ပေးသောအခါ၌၊အဟံ-ငါသည်၊ ဗုဒ္ဓေါဗုဒ္ဓေါတိ-ဘုရား ဘုရားဟူ၍၊စိန္တေန္တော-ကြံလျက်၊ မဂ္ဂံ-ခရီးကို၊ သောဓေမိ-သုတ်သင်၏။

---

(၁) ဒု-ထူးတည်ရှေ့ရှု၊

၁၅၆။ ပဋိသန္ဓိဒါ၊ မဂ်ပညာဖြင့်၊[1] သစ္စာအနက်၊ ဆဲ့ခြောက်ချက်ကို၊ လက်ထက်ဥသျှစ်၊ ဆုပ်ပစ်ရှိရှား၊[2] ရွှေဝယ်ထားသို့၊ တတ်အားသဘော၊ ငါ့သားစောတို့၊ နစ်နေတိုင်တိုင်၊ သိမြင်နိုင်လည်း၊ ဆွယ်ပြိုင်နှစ်ယောက်၊ မခြောက်လျှင်းပဲ၊ ငါသာကဲသည်၊ နက်နဲပညာ၊ သာရိပုတြာ၊ ၊တောင်တာဝေဌ၊ လမ်းမသုတ်သင်၊ ဖို့စဉ်တွင်နွှ၊ လုပ်ချင်ဖြိုးဖြိုး၊ နှလုံးနိုး၍၊ လူမျိုးလက်ဝေ၊[3] ခံပေသဖြင့်၊ ခွင့်မှုပါကြောင်း၊ ဤသို့တောင်းသော်၊ သူကောင်းသူနှုပ်၊ မြေလုပ်မဟူ၊ မင်းလျှင်မှုလည်း၊ ကိုယ်လူကိုယ်ထ၊ သယ်ကြအပြား၊ သူတော်များကား၊ ငါ့အားတောင်တာ၊ ပေးကုန်ပါသည်၊ ၊မသာ ရေရေညွန်ညွန်တည်း။

၁၅၇။ အခေါင်တန်းခိုး၊ ဖန်ဆင်းမျိုးနွှ၊ ဒိုးသို့လည်းမွှေ့၊ တတ်အားလေ့သည်၊ ရသေ့မြတ်စွာ၊ သုမေဓာကား၊ ထောင်ရာအများ၊ ကိုယ်ကိုပွါး၍၊ ဘုန်းအားရှေးရှေး၊ လက်မနှေးလျှင်၊ အရေးထင်ပြ့၊ ပြီးလွှယ်ခဲ့သော်၊ ချွဲပြန်မတတ်၊ ဖြစ်တို့တတ်၏၊ ခဲမြတ်ရာရာ၊ လုပ်စေပါဟု၊ တောင်တာ ရူကြည့်၊ နတ်နူတ် ထည့်သို့၊ အပြည့်ရေလောင်၊ နက်ချောင်တံစီး၊ မသာကြီးနွှ၊ ခြားဆီးပါကြ၊ အရာကျသည်၊[4] လမ်းမထိုယင်း၊ ငါ့တာခင်းကား၊ စင်း

---

(၁) တ-စက်ပညာဖြင့်၊
(၂) တ-ဆုပ်ပစ်ရှစ်ရှား၊
(၃) ဒု-လူမျိုးသက်ဝေ၊
(၄) ဒု-အရာချသော်၊

စင်းမကြည်၊ လူမည်မည့်သော်၊ တောင်လည်အကြံ၊ အရွံ့ပါပါ၊လက်နှင်စွာဟု၊[၁] ၊ပြုဌါမဝံ့ပေတန်တည်း။[၂]

၁၅၀။ အလွန်တင့်ကဲ၊ အခဲအခဲ၊ စွန့်စားရဲလျက်၊ နက်နဲရာရာ၊ သဒ္ဒါဇာပြေး၊ကြံခြင်းလေးမှ၊ (ကျိုးပေး "လတ်သော်၊ အလျော်"[၃] လည်းကောင်း၊)အလောင်းအကဲ၊ ရမြဲကောန်၊မှန်တုံရကား၊သုံးပါးချမ်းသာ ရွေးချယ်ရာ၌၊ လိမ္မာယုတ်မြတ်၊ "သိတင်းဝတ်ကို"၊[၄] သိတတ်ကိုယ်ရည်၊ငါတုံသည်လည်း၊မို့ဆည်မြေတာ၊လုပ်တွင်းနာက၊ ချမ်းသာအစေ့၊ လိုရုံတွေ့အံ့၊ ရသေ့နောင်ရှင်၊ဤသည်တွင်ဟု၊ ဘောင်ဘင်တံစိုး၊[၅] ထိုခရိုးကို၊ ဘုန်းကြီးရှင့်ဘ၊ အဘို့ဌသော်၊ အားရစွာဆုံး၊ ခိုင်ကျည် သုံးသည်၊ ၊နှလုံးတောင်ကြီးသဏ္ဍာန်တည်း။

၁၅၉။ လူနတ်အပေါင်း၊ ဆုတောင်းအားသွန်၊ စုံမက်တန်သည်၊ နိဗ္ဗာန်ထက်တိုက်၊ ချမ်းသာမြိုက်ကား၊ ခါးပိုက်ဥစ္စာ၊ ထုပ်သည်ဌါမျှ၊ ကြာစနိုးရှောင်း၊ ရလွယ်ကောင်းလျက်၊ အကြောင်းသာတည်း၊ခက်စွာသည်း၍၊ ရင်းနည်းသဒ္ဒါ၊[၆] တောင်းကာမပြည့်၊ ဖြစ်တုံ၏ရှင့်၊ လည်ရှည့်တိုင်အောင်၊ တံစိုးဘောင်လည်း၊ရှောင်ဘွယ်

(၁) ဒု-လက်နှင့်စွာဟု၊
(၂) ပ,ဒု-ပြုဌါမဝံ့ပေတန်တည်း။
(၃) ပ,ဒု-မပါ။
(၄) ပ,တ-မပါ။
(၅) ပ,ဒု-ပေါင်းပင်တံစိုး၊
(၆) ဒု-အားနည်းသဒ္ဒါ၊

မရှိ၊ညီအောင်ညှိအံ့၊ တရိဘဝါ၊ဘောဲသုံးရွာဒွ၊ချမ်းသာ သုံးသီး၊[၁] နောက်ကိုမှီးသော်၊ ခရီးတကွေး၊ ငါ့ဘို့ပေး သည့်၊ လုပ်ရေးဆောင်ငန်း၊ ဤတာခန်းကား၊ ကောင်း ကန်းမဟုတ်၊ ယုတ်တုံသေးရှင့်၊ ပြီးရေးအာဘ၊ ကြိုး ကောင်းစွဟု၊ချီကြွမြောက်စား၊ရသေ့များကား၊ဘုရား ဘုရား၊ ပွက်စကားဖြင့်၊ ကိုယ်အားနှိုးဆော်၊ ပင်ပန်း မျော်လျှက်၊ထိုရော်မြေမိုး၊ သယ်ချိပိုးသည်၊ ၊လုပ်ရိုး တအားတအန်တည်း။

သုမေဓတာပသမဂ္ဂသောဓနခန်း
ပိုဒ်ရေ-၄ ပြီး၏။

(၂၁) ဒီပင်္ကရဗုဒ္ဓပိဏ္ဍာစာရပဋိပဏ္ဍနခန်း

ပိုဒ်ရေ-၇

အနိဋ္ဌိတေ မမောကာသေ၊
ဒီပင်္ကရောမဟာမုနိ၊
စတူဟိ သတသဟဿေဟိ၊
ဆဠဘိညေဟိ တာဒိဟိ၊
ခီဏာသဝေဟိ ဝိမလေဟိ၊
ပဋိပဇ္ဇိ အဉ္ဇသံ ဇိနော၊ ။

ပစ္စုဂ္ဂမနာ ဝတ္တန္တိ၊
ဝဇ္ဇန္တိ ဘေရိယော ဗဟူ၊

---

(၁) ပ,ဒု-ချမ်းသာသုံးဆီး၊

အာသဝေါဒိတာ နရမရူ၊
သာရကာရံ ပဝတ္တယုံ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ မမ-ငါ၏၊ သြကာသေ-တာငန်းအခွင့်သည်၊ အနိဋ္ဌိတေ-မှိ၍မပြီး မီလျှင်၊ ဆဋ္ဌဘိညေဟိ- ခြောက်ပါးသော အဘိညာဉ်နှင့် ပြည့်စုံကုန်ထသော၊ တာဒိဟိ-သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံကုန်ထသော၊ ဝိမလေဟိ- ကိလေသာတည်း ဟူသော မြူအညစ်အကြေးကင်းကုန်ပြီး ထသော၊ စတုဟိ သတသဟဿေဟိ-လေးသိန်း အတိုင်းအရှည် ရှိကုန်သော၊ ခီဏာသဝေဟိ-ရဟန္တာတို့နှင့်၊ သဒ္ဓိံ-တကွ၊ ဇိနော-မာရ်ငါးပါးကို အောင်မြင်တော် မူပြီးထသော၊ ဒီပင်္ကရော-ဒီပင်္ကရာအမည်တော်ရှိသော၊ မဟာမုနိ-မြတ်စွာဘုရားသည်၊ အဥ္စသံ-ခရီးကို၊ ပဋိပဇ္ဇိ-ကြွတော်မူလာ၏။ ။နရမရူ-နတ်လူတို့သည်၊ ဒီပင်္ကရဿဇိနော- ဒီပင်္ကရာ မြတ်စွာဘုရားအား၊ ပစ္စုဂ္ဂမနာ-ခရီးဦးကြိုဆိုကုန်၍၊ ဝတ္တန္တိ-ဖူးရှုလည်ကုန်၏၊ ဗဟူ-များစွာကုန်သော နတ်လူတို့သည်၊ဘေရိယော-ငါးပါးအပြားရှိသော စည်မျိုး တို့ကို၊ ဝဇ္ဇန္တိ-တီးမှုတ်ကုန်၏၊ နရမရူ-လူနတ်တို့သည်၊ အာသဝေါဒိတာ-အလွန် ဝမ်းမြောက်ကုန်သည် ဖြစ်၍၊ သာရကာရံ-ကောင်းချီးကို၊ ပဝတ္တယုံ-ဖြစ်စေကုန်ပြီ။

၁၆၀။ သတ္တနိကာယ်၊ လူ့ရပ်ဝယ်၌၊ ရွေးချယ်အလွတ်၊ ပညာထွတ်ဟု၊ မှတ်ပြီးသသူ၊ ထိုမျှလူနှင့်၊ နှစ်ဆူ

ပြိုင်တွေး၊ရည်တူသွေးလည်း၊အလေးနိမ့်ကျ၊ဆဲ့ခြောက်ဆထက်၊ လက်ရတိုးလွန်၊ သူမတန်တည့်၊ အမွန်သိမြင်၊ ငါ့ဝယ်သင်၍၊ဝမ်းတွင်သိုထား၊ပညာများသည်၊တရားစိုးမှူး၊ ငါ့သားဦး၊ ၊ကျေးဇူးမွေလျော်၊ သာဓုဘော်ဖြင့်၊ ရှင်ကျော်အရဟံ၊ နားပါးခံလေ့၊ နင်းကျုံတံစီး၊ ခရီးကို၊ မပြီးပါခင်၊ မှိုစဉ်တွင်၌၊ ဒိပက်ရာ၊ မြတ်စွာရှင်တော်၊ သုံးလူ့ဘော်ကား၊ထိုရော်အခါ၊မဟာသုဒဿန၊ ကျောင်းတော်မှလျှင်၊ ကာလတန်ပြီး၊ ထိုခရီးသို့၊ ၊ ဘုန်းကြီးကြွတော် မူလတ်တည်း။

၁၆၁။ တန်းခိုးဘုန်းယာဉ်၊ ဘိညာဉ်ခြောက်ချက်၊ စုံလျက်ပက်လျှင်၊ငြိမ်သက်စိမ့်ခြေ၊[၁] ဇာနေ့ြဖြင့်၊ ပြစ်ပြေချုပ်တည်း၊ ရေတင်လှည်းသို့၊ ကြည်းကြည်းသွင်ပြင်၊ စင်သားအညွန့်၊သားသားပြန့်လျက်၊ရွှေသန့်သင်းချော၊ ကျောရရောလျှင်၊ ရှင်စောအထံ၊ မွမ်းမွမ်း ရံလျက်၊ ပည်းခံသက်သက်၊ ရမ္မက်မြူကြေး၊ မွဲမမွေးတည့်၊ ည်သွေးမင်းစံ၊ ရွှေနှုယ်ခံ၍၊ ဝတ်ဆံဖါးဖါး၊ ကြာသို့ သွားသား၊လျှပါးကိုယ်ရည်၊ အမည်မည်ဖြင့်၊ရှေတည်နှိုင်းချက်၊ ဧတဒဂ်ဟု၊ သံမြက်ဖွဲ့ချီး၊ တင်ကုန်ပြီးသား၊ ထေရ်ကြီးအတိ၊ သဗ္ဗူရှိ၌၊ ဧဟိဘိက္ခုူး၊ ကျွတ်ကုန်နှုးလျက်၊ကျေးဇူးနှံ့သာ၊ မေတ္တာချိုးလိမ်း[၂] မြတ်စောထိန်းသည်၊ လေးသိန်း မျှလောက်၊ ခြောက်တုံ သံဃာ၊

---

(၁) ဒု-ငြိမ်သက်စိမ့်ချေ၊
(၂) ဒု,တ-မေတ္တာချိုးလိန်း၊

ရဟန္တာလည်း၊ နောက်ပါမကြွင်း၊ မိုးလမင်းနှင့်၊ ၊ ထိန်လင်းကြယ်သို့ပြုလတ်တည်း။

၁၆၂။ အစင်းအစင်း၊ ဆည်းစျာခင်း၌၊ ဖျားရင်း တိုင်အောင်၊ထိန်ထိန်လောင်သား၊ တန်းဆောင်စတော၊ မိုးနောက်နေမျှ၊အတွေအတွေ၊ တပည့်ရွှေနှင့်၊ ခြောက် ထွေရောင်ပုံ၊ အစုံအစုံ၊ သက်တင်ခြုံသို့၊ ရွှေပုံပုထိုး၊ နှင်းပန်း နိုးလျှက်၊ မိုးမိုး မောက်မောက်၊ တမ်ခွန် ဆောက်သို့၊ ထွန်းတောက်ထို၌၊ စောရောင်မြိုက်အား၊ ကျိုက်ကျိုက် နန့်နန့်၊ ဆီးတန့် ဦးကြို၊ ခရီးဆိုလျှက်၊ ထိတ်ပြိုမွေမှုန်၊ကိုင်းကျွန်းတုန်မျှ၊ လေဟုန်ခတ်နှောက်၊ ပင်လယ် ချောက်သို့၊ လက်မြှောက် ဒုံ မင်း၊ သံလွင် ချင်းနှင့်၊ခွက်ခွင်းနင်းနောင်း၊စည်မောင်းငါးချ၊ခရုတံမိုး၊ ဆော်နိုးအညီ၊သံပဟိကျောကျော၊ ကောင်းချီးငြာ၍၊ဖျားစွာ ထိုရေဉ်၊ လူနတ်ဘော်လည်း၊ ၊ပူဇော်ကျိုက်ကျိုက် ဆူလတ်တည်း။

ဒေဝါမနုဿေပသဿန္တိ၊
မနုဿာ ပိစ ဒေဝတာ၊
ဉဘောပိ တေ ပဥ္စလိကာ၊
အနုယန္တိ တထာဂတံ၊ ။
ဒေဝါဒိဗ္ဗေဟိ တူရိယေဟိ၊
မနုဿာ မာနုသကေဟိစ၊
ဉဘောပိ တေ ဝဇ္ဇယန္တာ၊
အနုယန္တိ တထာဂတံ။

(၁) တ-တမွတ်ဆောက်သို့၊

ဒေဝါ-နတ်တို့သည်၊ မနုဿေ-လူတို့ကို၊ ပဿန္တိ-မြင်ကုန်၏၊ မနုဿာပိစ-လူတို့သည်လည်း၊ ဒေဝတာ-နတ်တို့ကို၊ ပဿန္တိ-မြင်ကုန်၏၊ တေဥဘောပိ-ထိုနတ်လူနှစ်ပါးစုံတို့သည်လည်း၊ ပဉ္စလိကာ-လက်အုပ်ချီမိုး ရှိခိုးခြင်းကိုပြုကုန်လျက်၊ တထာဂတံ-ဒိပင်္ကရာ မြတ်စွာဘုရားသို့၊ အနုယန္တိ-နောင်တော်စဉ်ဆိုက် လိုက်ကုန်၏၊ ၊ဒေဝါ- နတ်တို့သည်၊ ဒိဗ္ဗေဟိ- နတ်၌ ဖြစ်ကုန်သော၊ တူရိယေဟိ-တူရိယာ တို့ဖြင့်၊ ဝဇ္ဇယန္တာ -တီးမှုတ် ကုန်လျက်၊ မနုဿာစ - လူတို့သည်လည်း၊ မာနုသကေဟိ- လူ၌ ဖြစ်ကုန်သော၊ တူရိယေဟိ-တူရိယာ တို့ဖြင့်၊ ဝဇ္ဇယန္တာ-တီးမှုတ် ကုန်လျက်၊ တေဥဘောပိ - ထိုလူနတ် နှစ်ပါးစုံတို့ သည်လည်း၊ တထာဂတံ-ဒိပင်္ကရာ မြတ်စွာဘုရားသို့၊ အနုယန္တိ-နောက်တော် စဉ်ဆိုက် လိုက်ကုန်၏။

၁၆၃။ ဆဲ့နှစ်ယူဇနာ၊ ဗြဟ္မာနတ်ရှင်၊ မြင်တိုင်းပင်ဖြင့်၊ တဒင်္ဂခြင်း၊ မြေဝယ်နင်းသို့၊ ကြိုးမင်းလှခေါင်၊ မျှော်လောက် အောင်လျှင်၊ အတောင်ရှစ်ဆယ်၊ ရူပကာယဖြင့်၊ "သွယ်သွယ်မတ်မတ်၊ မညွတ်မယိုင်"၊[1] ရွှေပွတ်တိုင်လည်း၊ ပြိုင်သော်မတန်၊ ဆယ်နိုင်း လွန်သည်၊ နိဗ္ဗာန်ဌဝေ၊ စောမြူတေလျှင်၊ တက်နေ ရောင်ကျင်း၊ နံနက်ခင်းဝယ်၊ လင်းလင်းပြောင်ပြောင်၊ ခြောက်ပါးရောင်တိ၊ ကြည်းတောင်အသွံ့၊ ဗိတ်ဗိတ်နှံ့မျှ၊ ဖွံ့ဖွံ့ပျိုပျို၊ ရွှေဗိုအညောက်၊ ရွှေတောင်ပေါက်သို့၊ ရွှေပြောက်

---

(၁) ပ-သွယ်သွယ်မယိုင်၊

ဆန်းကြယ်၊ရွှေကျောင်းလယ်မှ၊စမ္ပာယ်ဧရာ၊ထွက်လပြူက၊မည်သူမလွတ်၊ပျပ်ပျပ်ညွတ်၍၊လူနတ်ကိုယ်ထင်၊သဘင်အစုံ၊ပြုကြတုံလျက်၊ပင်ချုံလန်းလန်း၊ နဖူးစွန်း၌၊ ရှိပန်းဖူးညောက်၊ လက်မုံပေါက်သည်၊ ၊ပွဲမှောက်ကြာသို့ပြုလတ်တည်း။

၁၆၄။ အလုံးစုံလျှင်၊ထက်ဝန်းကျင်မှ၊ကောင်းကင်မြေနေ၊နှစ်တွေလူဗိုလ်၊ဥဒါပဟိုကား၊ရောင်ကိုယ်ဖြူးဖြူး၊ထန်းလူးအသွင်၊ရွှေပင်အကျိုင်း၊ သက်တင်ကိုင်းလည်း၊ နှိုင်းခိုင်း စရာ၊ ပမာ မလောက်၊ လမ်းတလျှောက်၌၊ ရောက်လှာလွတ်လွတ်၊ မှန်ကင်းထွတ်သို့၊ လူနတ်မျက်မျော်၊ သုံးလူ့ဘော်လျှင်၊ ခြေတော်ဆန့်လျှင်း၊မြေဝယ်နင်းက၊ အခန်းအင်းနွေလ၊ နှစ်ဦးစ၌၊ ထဲမကာလိုင်၊ မိုးသစ်အိုင်သို့၊အပြိုင်အပြိုင်၊အဆိုင်ဆိုင်တိ၊တိုင်တိုင်ဖွံ့တင်း၊ မြေမိုးချင်းမျှ၊ မှုတ်ခြင်းတီးမြည်၊ အမည်မည်လျှင်၊ သံကျည်ကျစ်ကျစ်၊ မျက်ပွင့်ဖြစ်သား၊[၁] တစ်တစ်ပီလှ၊[၂] ပဥ္စင်္ဂဖြင့်၊ မိုးမှတပဲ၊[၃]တတည်ပွဲနှင့်၊နှစ်ကွဲရပ်သူ၊ နှစ်ဆူပြိုင်ပြိုင်၊ ကမ္ဘူးသီ၍၊ ကိုယ်စိ နောက်က၊ လိုက်ကုန်ကြလျက်၊ ၊ရွှင်ပနွတ်သံလျှူလတ်တည်း။

ဒိဗ္ဗံ မန္ဒာဝရံ ပုပ္ဖံ၊
ပဒုမံ ပါရိဆတ္တကံ၊

(၁) ပ,ဒု-မျက်ပွင့်သစ်သို့၊
(၂) ပ-ထစ်ထစ်ပီလှ၊
(၃) ပ-မိုးမှတကွဲ၊

ဗိသောဗိသံဩြကိရန္တိ၊
အာကာသေနဂတာမရူ၊ ။

ဗိဗ္ဗံ စန္ဒန ရတ္တဉ္စ၊
ဝရဂန္ဓဉ္စကေဝလံ၊
ဗိသောဗိသံ ဩြကိရန္တိ၊
အာကာသေနဂတာမရူ၊ ။

စမ္ပကံ သဠလံ နီပံ၊
နာဂပုန္နာဂ ကေတကံ၊
ဗိသောဗိသံ ဥက္ခိပန္တိ၊
ဘူမိတလ ဂတာနရာ။

အာကာသေန- ကောင်းကင်ဖြင့်၊ ဂတာ- သွားကုန်သော၊မရူ-နတ်တို့သည်၊ဒိဗ္ဗံ-နတ်၌ဖြစ်သော၊ မန္ဒာဝရံ ပုပ္ဖံ-ထင်ရှားပန်းကိုရင်း၊ပဒုမံ-ပဒုမာ ကြာပန်း ကိုရင်း၊ ပါရိဆတ္တကံ-ပင်လယ်ကသစ်ပန်းကိုရင်း၊ဗိသောဗိသံ- ထက်ဝန်းကျင် ထိုထိုအရပ်မျက်နှာမှ၊ ဩြကိရန္တိ-ကြဲ ဖြန့်ကုန်၏၊ ၊အာကာသေန-ကောင်းကင်ဖြင့်၊ဂတာ- သွား ကုန်သော၊မရူ-နတ်တို့သည်၊ဒိဗ္ဗံ-နတ်၌ဖြစ်သော၊ စန္ဒနရတ္တဉ္စ-စန္ဒကူးမှန့်ကိုရင်း၊ကေဝလံ-အလုံးစုံသော၊ ဝရဂန္ဓဉ္စ-မြတ်သောနံ့သာကိုရင်း၊ ဗိသောဗိသံ-ထက် ဝန်းကျင် ထိုထိုအရပ်မျက်နှာမှ၊ဩြကိရန္တိ-ကြဲဖြန့်ကုန် ၏၊ ၊ဘူမိတလဂတာ - မြေအပြင်၌ သွားကုန်သော၊ နရာ-လူတို့သည်၊ စမ္ပကံ- စကားပန်းကိုရင်း၊ သဠလံ- ထင်းရူးပန်းကိုရင်း၊ နီပံ-ထိန်ပွင့်ကိုရင်း၊ ဝါ၊ နိမ္ဗံ-တမာ

ပွင့်ကိုင်း၊နာဂပုန္နာဂကေတကာံ-ကံ့ကော်ပွင့်ပုန်းညက်ပွင့်ဆပ်သွားပွင့်ကိုင်း၊ ဒိသောဒိသံ - ထက်ဝန်းကျင်ထိုထိုအရပ်မျက်နှာမှ၊ ဥက္ကိပန္တိ-ကြဲဖြောက်ကုန်၏။

၁၆၅။ အရှေ့တောင်မြတ်၊ ယုဂန် ထွတ်မှ၊ လတ်လတ်အသစ်၊[1] ထွက်လစ်ပေလှာ၊[2] အစစ္စာန္ဒ၊ကမ္ဘာဦးသူ၊ ခပ်သိမ်း လူအား၊ ဆုယူတောင့်တ၊ ကြံတိုင်း ရသည်၊ တောက်ပ ဝင်းဝင်း၊ နေဝန်းဆင်းသို့၊ ရံတွင်းရတ်ပါး၊ ကျောင်းတံခါးမှ၊လူများမျက်စိ၊သိရိဘုန်းလှိုင်း၊ စောကြံသိုင်းလျှင်၊ လမ်းတိုင်းခြေတော်၊ ဆန့်လတ်သော်တည့်၊ ကြည့်မျှော်စလွန်၊ မျက်စိကြွန်မှု၊ မိမာန်သူများ၊ခြောက်ပြည်သားလည်း၊တတ်အားသောတိုင်း၊ အဆိုင်းအကုံး၊ ကြက်ရုံးချရား၊ထင်ရှားကြံစာ၊ မာလာကျိုကျု၊ ကက္ကုရှုနှင့်၊ ကက္ကုကြမျဉ်း၊ ရွှေပျဉ်း ကတိုး၊ ကြာမျိုးငါးပါး၊ အပြားအထွေ၊ နတ်ရပ်မြေ၌၊ ပဒေသာဝယ်၊ ပင်လယ်ကာသစ်၊ ပန်းမျိုးစစ်တိ၊ ကြဲပင်ပုဇော်၊ လှူလတ်သော်လျှင်၊ ထိုရေဘ်မိုးပြင်၊ ပန်းတိဖြင်၍၊ ၊ဝန်းကျင်လှိုင်ဇကြုလတ်တည်း။

၁၆၆။ အကုံးအကုံး၊ခရီးဖုံးမှု၊လှည်းကျုံးကောင်းအောင်၊လမ်းအမြောင်၌၊ ပန်းတောင်ပန်းထိုး၊ မိုးရရိုးသား၊ ပန်းပြီးတမ်းခွန်၊ ပန်းဗိတာန်တိ၊ အမွန်အကျော်၊ ဆံနွှေးဖေါ်လျက်၊[3] ကံ့ကော်စကား၊ ချရားစလပ်၊ ထွား

(၁) တ-မပါ၊

(၂) ဒု-ထွန်းလစ်ပေလှာ၊

(၃) ပ,ဒု-ဆံမွှေးပေါ်သား၊

လှပ်ပွင့်ဖူး၊ ဆိတ်ဖလူးနှင့်၊ ထင်းရှူးဆင်းဝယ်၊ စမွှာယ် မုလေး၊ ကြူဇလှိုင်ပျံ့၊ ငရုံ့ပတူ၊ မအူရင်ခတ်၊ ဖက် ဆွတ်သရဘီ၊ ကတ္တရီနှင့်၊ မဲဇလီမြလွှ၊ အသောကတို့၊ လယ်စခေါင်ရန်း၊ပွင့်ဝန်းမြစ်ကိုင်း၊ဒဝယ်မှိုင်းတိ၊ ပန်း တိုင်း ခတ္တာ၊ ကြောင်လျှာ ပိတောက်၊ ကြက်မောက် ကြက်တက်၊ ပုန်းညက်ကွမ်းလင်၊ သင်းဝင် သင်းခွေ၊ ပြည်ပန်း ရွှေနှင့်၊ မိုးစွေပန်းမြိုက်၊ တောပိုက်မကြွင်း၊ တဆင်းယင်းမာ၊မဟာလေကား၊ဆပ်သွားဖူးငုံ၊ ပန်းအ ပုံဖြင့်၊အုံ့အုံ့သဲသဲ၊ပူဇော်ကြဲ၍၊မရဲပဥ္စမ္ဗီ၊ညီမျှညွတ်ကျိုး၊ ရှိခိုးအင်ဖြိုက်၊ နောက်တော်လိုက်လျက်၊ မြေ့ဦးထား၊ လူတလွှားလည်း၊ ၊ထင်ရှားကျွတ်ဆုယူလတ်တည်း။

ဒီပင်္ကရဗုဒ္ဓပိဏ္ဍပါတစာရပဋိပဇ္ဇနခန်း ပိုဒ်ရေ-၇ ပြီး၏။

(၂၂) ကလလနိပဇ္ဇအဓိကာရခန်း

ပိုဒ်ရေ-၇

ကေသေ မုဉ္စိတွာဟံတတ္ထ၊
ဝါကစီရဉ္စ စမ္မကံ၊
ကလလေ ပတ္ထရိတွာန၊
အဝကုဇ္ဇော နိပဇ္ဇဟံ၊ ။

အက္ကမိတွာန မံ ဗုဒ္ဓေါ၊
သဟ သိဿေဟိ ဂစ္ဆတု၊

(၁) ပ,တ-မပါ။

မာနံ ကလလေအက္ကမိ၊
ဟိတာယ မေ ဘဝိဿတိ။

သာရိပုတ္တ-ချစ်သားသာရိပုတြာ၊ အဟံ-ငါသည်၊ သိဿေဟိ- လေးသိန်းသော တပည့် ရဟန္တာတို့နှင့်၊ သဟ-တကွ၊ဗုဒ္ဓေါ-ဒိပင်္ကရာမြတ်စွာ ဘုရားသည်၊ မံ-ငါ့ကို၊ အက္ကမိတွာန-နင်း၍၊ ဂစ္ဆတု-ကြွတော်မူစေသတည်း။ နံ-ထိုတပည့် ရဟန္တာ လေးသိန်းနှင့် တကွသောမြတ်စွာဘုရားကို၊ ကလလေ-ညွန်ပျောင်း၌၊ မာ အက္ကမိ-မနင်းစေသတည်း။ ဧဝံ-ဤသို့ငါ့ကိုယ်ကိုနင်း၍ကြွတော်မူခြင်းသည်၊မေ-ငါ့အား၊ ဟိတာယ-အကျိုးစီးပွါးအလို့ငှာ၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ ။ဣတိမနသိကတွာ-ဤသို့နှလုံးပြု၍၊ ကေသေ-ဆံကျစ်တို့ကို၊ မုဉ္စိတွာ-ဖြေ၍၊ ဝါကစီရဉ္စ-လျှော်တေသက်နန်းကိုရင်း၊ စမ္မကဉ္စ-သားရေအခင်းကိုရင်း၊ ကလလေ-ညွန်ပျောင်း၌၊ ပတ္ထရိတွာန -ဖြန့်ခင်း၍၊ တတ္ထ- ထိုအခင်း၌၊ အဝကုဇ္ဇော-မှောက်ခုံ၊အဟံ-ငါသည်၊နိပဇ္ဇိ-အိပ်၏။

၁၆၇။ သမုဒ္ဒါ၊ရတနာလှိုင်း၊ ရေရှိတိုင်းကို၊ ဖြတ်ပိုင်းများလျား၊[၁] သမန်းဖျားဖြင့်၊ တစ်များတုံတုံ၊[၂] ကုန်အောင်စုံ၌၊ ကိန်းပုံဆောင်သွေး၊ အလျှော်တွေး၍၊ အပြေးအသွား၊စောကြောပြောသော်၊တတ်အားနိုင်ဘွယ်၊ ထိမ္မာကျယ်လည်း၊ငါဝယ်ထံရင်း၊ကိုယ်လုံးနှင်းလျက်၊

---

(၁) ပ,တ-မြက်ပိုင်းများလျား၊
(၂) ပ,ဒု-ထစ်များတုံတုံ၊

စိုင်းပြင်းလာမှ၊ ခုံနေကျသည်၊ ဇဝနပညာ၊ သာရိ ပုတြာ၊ နာတုံပြတ်ပြတ်၊ ဝမ်းထဲမှတ်လော့၊ ကြီးမြတ် တန်ခိုး၊ လူနတ်မျိုးတို့၊ ကွယ်ကိုးမှီရာ၊ ချွတ်မှုတာသည်၊ သစ္စာပွင့်လင်း၊ တရားမင်းလျှင်၊ ထွန်းဝင်းရောင်ခြည်၊ ညီးညီးလည်မျှ၊ [1]နှစ်ပြည်ရပ်သူ၊ နတ်နှင့်လူတို့၊ ပြောထူ နှစ်ကွဲ၊ သဘင်ပွဲ၌၊ ဖြင်ပြဲခြံရံ၊ အရဟံချည်း၊ ထေရ်ပျံ နှင်နှင်၊ လေးသိန်းရှင်နှင့်၊ ထိုတွင်ကြွတော်၊ မှုလတ်သော် တည့်၊ ရှင်ကျော်ကြီးနက်၊ တန်ခိုးတက်ကား၊ တသက်ဖို့ ဝယ်၊ အံ့ဘွယ်သရဲ၊ ဆန်းကဲဂြားတော်၊[2] သုံးလူ့ ဘော် ကို၊ မမြော်ဘူးဘူး၊ မြင်ပါဦး၌၊ ယူးယူးခြေလက်၊ ချွတ် လျက်ပက်လျှင်၊ ချိုရွက်မြေခဲ၊ မမြဲကိုင်လေ့၊ စောဘုန်း ဟော့ကို၊ ရသေ့ရှင့်ဘမြော်လတ်တည်း။

၁၆၈။ အရပ်အရင်၊ ပြည့်နှံ့စပ်မျှ၊ မလပ်မြေပြင်၊ ကောင်းကင်ရှိတိုင်း၊ စောကြီးသိုင်းကား၊ ခြောက်လှိုင်း ရောင်ခြည်၊ လွှတ်လတ်သည်နှင့်၊ နတ်ပြည်ခြောက်တန်၊ ဗိမာန်ရပ်သား၊ လူတလွှားလည်း၊ တတ်အား သော လျောက်၊ ချီးမြှောက်သမှု၊ သာဓုခေါ်သံ၊ မည့ံမစဲ၊ ပစ် ကြဲနတ်မှာ၊ တုသိတာက၊ ကျလှာပန်းမျိုး၊ အထုံရိုးနှင့်၊ "အခိုးလည်းသွင်း၊ မဝင်းနေလ၊ ပုရောင်ပျ၍"၊[3]ထိုမျှအ ရာ၊ နောက်တော်ပါသည်၊ သံဃာရဟန်း၊ သက်နှန်းအရိပ်၊

(၁) တ-သိသိလည်မျှ၊
(၂) ပ,ဒ-ဆန်ကဲညာတော်၊
(၃) ဒ-အခိုးလသွင်၊ မဝင်နေလ၊ ပုရောင်ပြ၍၊

ချိပ်ချိပ်မောင်းခွေး၊[1] သက်တင်ရေးသို့၊ လျှပ်ပြေးလက်လက်၊[2] အောက်ထက်လူများ၊ သွားလာဗိုလ်ခြေ၊[3] ကိုယ်ဟန်လေဖြင့်၊ ခြွေရွေခြောက်ထပ်၊[4] ယပ်နှင့်ယပ်သို့၊ အခရပ်မျက်နှာ၊ ရှစ်ဒိသာလုံး၊ မိုးပတ်ကုံးလျှင်၊ ဆံထုံးဥဿျောင်၊ မျက်စဉ်းတောင်မှ၊ ခြည်ရောင်ကျသို့၊ လမ်းမပွဲမှောက်၊ ဤမှုလောက်၌၊ မောက်မောက်သွယ်သွယ်၊ စောဘုန်းကြွယ်ကို၊ ထိုဝယ်ရှုမိ၊ မြင်သည့်ရှိသော်၊ ပီတိဖရဏာ၊ ပြောလွန်စွာ၍၊ နေဆာလကင်၊ ဘယောင်းစင်သို့၊ ၊ဘခင်ကိုယ်လုံးပျော်လတ်တည်း။

၁၆၉။ ရှင်တော်တို့အား၊ ကြိုက်လတ်ငြားသော်၊ ငါးပါးဘိညာဉ်၊ ဈာန်ယာဉ်စံမွေ့၊ ရသေ့တို့တုံ၊ မကြည်ယုံပဲ၊ တစုံတရာ၊ ပြီးဆန်းပါလျက်၊[5] ရှိရှာငြူရူ၊[6] အင်တုလက်ခတ်၊ ဈာန်လက်လွတ်၍၊ တောင်ကျွတ်အားကုန်၊ ငှက်ဂဠုန်သို့၊ ပျံဟုန်လစ်၊[7] သူရမ်းပဲ့နှင့်၊ လွဲကမ်းမတူ၊[8] ငါတမူကား၊ စင်ပြုဝမ်းမြောက်၊ သဒ္ဒါပေါက်လျက်၊ ဆဲ့ခြောက်သနှို၊ ကမ္ဘာကြွေ၍၊ လွန်လေတုံရှောင်း၊

---

(၁) တ–ချိပ်ချိပ်မောင်းတွေး၊
(၂) ပ,ဒု–သက်တင်မှေးသို့၊ လျှံပြေးလက်လက်၊
(၃) တ–သွားတုံဗိုလ်ခြေ၊
(၄) တ–ချွေချွေခြောက်တပ်၊
(၅) ပ,ဒု–ပြီးကောင်းပါလျက်၊
(၆) ပ,ဒု–ရှိရာငြူရူ၊
(၇) ပ,ဒု–ပျံဟုန်မစဲ၊
(၈) ပ,ဒု–ကွဲလွဲမတူ၊

ငါးသိန်းပေါင်းနှင့်၊တသောင်းအခေါင်၊ နှစ်ထောင်မကာ၊ ပြဟ္မဒေဝ၊ ဘုရားစသည်၊ မဆွရှေးဖျား၊ မြတ်စောများဝယ်၊အဝါးလည်းဝ၊ကျွမ်းမိလှ၍၊လမ်းမထုတ်ချောက်၊ မောက်မောက်ဖြိုးဖြိုး၊ ပုထိုးအာရုံ၊ ရွှေပုံမတန်၊ ဆယ်နိုင်းလွန်သား၊ နိဗ္ဗာန်အသည်၊ ကူးတို့တည်လျှင်၊[1] အကြည်ထိုတွင်၊ ရောက်သည့်မြင်သော်၊ ချစ်ရှင်အထံ၊ သေတမ်းခံလျှက်၊ ရည်းငံမငြိုု၊စွန့်စားလို၍၊ ၊ကိုယ်ကိုငါနှိုးဆော်လတ်တည်း။

၁၇၀။ အခေါင်ကြွယ်ဖြိုး၊ ပုဏ္ဏားမျိုးတွင်၊တန်းခိုးလက်ငံ၊ ချမ်းသာခံလျှက်၊တရံဘို့မှ၊ တာဝေဝဋ်၍၊ချီကြွမြေစိုင်၊ မနိုင်မထက်၊ မရွက်ဘူးစွာ၊ သည်တွင်သာ၍၊ ပညာရှေးရှေး၊ တချက်တွေးဖြင့်၊ ဇောပြေးနှလုံး၊သယ်ရွက်ကျုံးရှင့်၊ နှောင်းဆုံးနှောင်းစင်၊[2] ဖြစ်ခဲ့ကျင်၍၊သင်းဝင်ဗိဗိ၊ မပြီးမိခဲ့၊[3] ခံသိလျှင်မှု၊ လုံ့လပြုလျှက်၊ ယခုအယှဉ်၊[4] သဗ္ဗညာဉ်လျှင်၊ သွားစဉ်အခါ၊ ပြီးသော်သာတည့်၊ မြတ်စွာဘုရား၊ကြွပါငြားမှ၊အကျိုးရအံ့၊ နောက်ကျသစ်သီး၊အနှောင်းကြီးလျှင်၊ ချန်ထိုး၍သို့၊[5] ငါ့ဘို့မကုံ၊ကျန်ခဲ့တုံ၏၊[6] အင်စုံကိုယ်ရည်၊ အာဇာနည်ဟု၊၍

---

(၁) ပ,ဒု-စောဘုန်းစည်လျှင်၊
(၂) တ-နှောင်းဆုံးနှောင်းထင်၊
(၃) တ-မပြီးမိခင်၊
(၄) ပ,ဒု-ယခုအရှဉ်၊
(၅) ပ,ဒု-ချန်နှိုး၍သို့၊
(၆) ပ,ဒု-ကြွခဲ့တုံ၏၊

သည်ချစ်ရှင်၊ကျော်ဟိုးထင်သည်၊[1] ညွန့်တွင်ခပ်ရှောင်း၊ မနှင်းကောင်းခဲ့၊ ထောင့်စောင်းလက်နား၊ ဤမှယား၍၊ တပါးခရီး၊ သွားရောသီးလည်း၊ အကြီးမငယ်၊[2] ကျေး ဇူးကြွယ်သည်၊ ၊လွှဲဖယ် မရှောင်လေအပ်တည်း။

၁၇၁။ ကျေးဇူးများဖြင်၊ ခပ်သိမ်းအင်ဖြင့်၊မထင် ညှိုတဲ့၊ ပြိုင်ဘက်မဲ့တည့်၊ နှိုင်းရှဲ့မရ၊ အလှစမ္ပါယ်၊ အံ့ဘွယ်ဘွယ်တိ၊ သုံးဆယ့်နှစ်ပါး၊ ထူးဆန်းပြားသည်၊ လူများခမည်း၊ ဤရှင်နည်းကို၊[3] လက်တည်းကိုယ်ပူး၊ သို့စင်ဖူးလျက်၊အမူးမကွာ၊[4] လူသော်သာတည့်၊[5] ပညာ မျက်ဆန်၊ ကြည့်မမှန်၍၊ ကြောင်းဝန်မစုံ၊[6] ကြိလေတုံ အံ့၊ ကြည်ယုံကောင်းကျိုး၊ ကုသိုလ်မျိုးကို၊ စိုက်ပျိုးစ ဟာန်၊ စေ့တွင်ပွန်၍၊ မကျန်သိမှု၊ ငါစင်သူသည်၊ မှိုယု ခရီး၊ ပြီးလုနီးလျက်၊ ဘုန်းကြီးမဟိန်း၊[7] ရှင်လေးသိန်း နှင့်၊ စိန်းလိန်းတင်လင်၊ မျက်မြင်တစ်တစ်၊[8] ရှင်တော် စစ်သည်၊မနှစ်မရှား၊[9] ညွှန့်တွင်သွားဟု၊ အားပါးမနှာ၊

---

(၁) တ-ကျော်တိုင်းထင်သည်၊
(၂) ဒု-မကြီးမငယ်၊
(၃) ဒု-ချစ်ရှင်နည်းကို၊
(၄) ပ,ဒု-အမူးမကွာ၊
(၅) ဒု-လူဘော်သာတည်း၊
(၆) ပ,ဒု-ကြောင်းဝှန်မစုံ၊
(၇) ဒု-ဘုန်ကြီးမရှိန်း၊
(၈) တ-မျက်မြင်ထစ်ထစ်၊
(၉) တ-မနှစ်မရှား၊

ရှုဆိတ်စွာလျက်၊[၁] လွယ်ကာအလျင်၊ မှုခံမင်၍၊[၂]အရှင်မခန့်၊ ကိုယ်စွန့်အပြီး၊ မလုပ်သီးပဲ၊ ချန်ထီးမာန်မှ၊အားကိုချ၍၊ လက်စတင်းလင်း၊ လုပ်ခင်းမပြည့်၊ တာမရှည့်လျက်၊ ၊ကြည့်၍မနေပေအပ်တည်း။

၁၇၂။ အသီးအသီး၊လုပ်ပြီးထိုမြို့၊လူများတို့လည်း၊ သူ့ဘို့ကိုကား၊ ဟူသောလားလျှင်၊ မာန်သို့ဝင်လျက်၊ မမြင်မျက်စိ၊ နေဘိသဖြင့်၊ မကူပင့်လည်း၊ လိုနှင့်မနား၊ ငါတို့များ၏၊ ငါ့အားဤတွင်၊ရဲတမ်းဝင်လျက်၊ အရှင်အသေ၊ မရေမတွက်၊ ကိုယ်အသက်ကို၊ ရက်ရက်မတာ၊ စွန့်ကောင်းစွာဟု၊အရာအဆာ၊ဤသို့စသည်၊ လွတ်ရမွဲအောင်၊ ကြံပြီးနောင်မှ၊ များစွ မပန်း၊[၃] ညွှန်တာခန်း၌၊ ဦးစွန်းဆံစည်း၊ သစ်မည်းအရေ၊ လဲချွတ်ဖြေ၍၊ လျှော်တေ မကြွင်း၊ အနှီးခင်းလျက်၊ ခြေနင်း တံတား၊ ကူးလှေကားသို့၊ ၊အလျား ငါကားဝပ်သတည်း။

၁၇၃။ အလျားမှောက်ခံ၊ ဝပ်ပြီးတုံမှ၊ လက်မုံဦးများ၊ကြာသို့ထားလျက်၊[၄] တံတားကျောက်ဆစ်၊ ဖြစ်ရသောကျိုး၊စီးပွါးမျိုးကို၊ မြိုးစိမ့်သရော်၊ငါ့ကို မျှော်၍၊ ခြေတော်မြေနှံ၊ မထိပဲလျှင်၊ သုံးကွဲရပ်သူ၊ မှန်နှယ်ကူသည်၊ နတ်လူတို့အား၊ မြင်းသမားသို့၊ ရထားအထိန်း၊ စောကျော်ရှိန်းကား၊ လေးသိန်း သံဃာ၊ ရဟန္တာနှင့်၊

(၁) ပ,ဒု-ရှုစိတ်စွာလျက်၊
(၂) ပ,ဒု-မှုခံမင်၍၊
(၃) ဒု-မြားမြောင်မပန်း၊
(၄) ဒု-ကြာသို့လွှားလျက်၊

ညွှန်မှာမချင်း၊ ငါ့ထက်နင်းလျက်၊ သန့်ရှင်း စက်ရွှေ၊ ကြွစေသတည်း၊တံစီးမည်း၌၊[၁] ခြေချည်းကြွ၍၊ မလျှော်စွာဟု၊သံဃာအကွ၊ သုံးလူ့ဘအား၊ စွန့်စားဆောက်တည်၊ဤသို့ရည်လျက်၊ ဆံခြည် ဆယ်စိတ်၊ ထိုးထိတ် မရွံ့၊ရသေ့ပုံကား၊ ၊သက်နှံ့ကိုယ်လုံးအပ်သတည်း။

ကာလလနိပဇ္ဇအဓိကာရခန်း ပိုဒ်ရေ-၇ ပြီး၏။

(၂၃) ဗုဒ္ဓဘာဝတ္ထဆန္ဒတာခန်း

ပိုဒ်ရေ-၇

ပထဝိယံ နိပန္နဿ၊
ဧဝံ မေ အာသိ စေတသော၊
ဣစ္ဆမာနော အဟံ အဇ္ဇ၊
ကိလေသေ ဈာပယေ မမ၊ ။

ကိံ မေ အညာတဝေသေန၊
ဓမ္မံ သတ္ထုကတေနိဓ၊
သဗ္ဗညုတံ ပါပုဏိတွာ၊
ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။

သာရိပုတ္တ-ချစ်သား သာရိပုတြာ၊ ပထဝိယံ- ညွှန်ပျောင်းမြေအပြင်၌၊နိပန္နဿ-အလျားမှောက်ခုံဝပ်စဉ်၊ မေ-ငါ့အား၊စေတသော-စိတ်၏၊ဧဝံ-ဤသို့သော အကြံသည်၊အာသိ-ဖြစ်ပြီ၊ကိံ အာသိ-အဘယ်သို့ဖြစ်သနည်း

(၁) ပ,ဒု-တံစီးနည်း၌၊

ဟူမှုကား၊ဣစ္ဆမာနော-အလိုရှိမှုကား၊ အဟံ-ငါသည်၊ အဇ္ဇ-ယနေ့၊မမ-ငါ၏၊ ကိလေသေ- ကိလေသာတို့ကို၊ အရဟတ္တ မဂ္ဂဉာဏဂ္ဂိနာ - အရဟတ္တမဂ်ဉာဏ်တည်း ဟူသောမီးဖြင့်၊ ဈာပယေ-အကြွင်းမဲ့ဖျက်ဆီး ဘုတ်မြိုက် ရှို့တိုက်လောင်ကျွမ်းစေနိုင်ရာ၏၊ ၊ဣမ-ဤ သုမေဓာအဖြစ်ယခု ဘဝ၌၊ အညာတဝေသေန-မထင်မရှားသောသာဝကအသွင်ဖြင့်၊ဓမ္မံ-မဂ်ဖိုလ်နိဗ္ဗာန်တရားကို၊သစ္ဆိကတေန-မျက်မှောက်ပြုသဖြင့်၊ မေ-ငါ့အား၊ ကိံ-အဘယ်မှုအံ့နည်း၊ အဟံ-ငါသည်၊ သဗ္ဗညုတံ-သဗ္ဗညုအဖြစ်သို့၊ပါပုဏိတွာ-ရောက်၍၊သဒေဝကေ-နတ်နှင့်တကွသော၊လောကေ-လောက၌၊ဗုဒ္ဓေါ-ဘုရားသည်၊ ဟေဿံ-ဖြစ်လေအံ့၊ ဣတိဇ္ဈဝံ-သည်၊ အာသိ-ဖြစ်ပြီ။

၁၇၄။ အဇ္ဇဒ္ဓါလုံး၊ မိုးအဆုံး၌၊ ပတ်ကုံးချင့်တွက်၊ ဘဝဂ်အလွန်၊ အကျန်ဤမျှ[၁] လွတ်ရမဲ့အောင်၊ ထွာတောင်လက်သစ်၊စစ်သော်နှိုက်နှဲ့၊မခဲအံ့သို့၊မချိုပညာ၊ သိတွင်းနာလည်း၊ အခြာ ချုပ်ချုပ်၊ သရုပ်လေးထပ်၊ ပညပ်နှင့်သော်၊ ငါးပါး ကျော်သား၊ ခဲလှော်နက်စံ၊ ငါ့ထွေသံကို၊မ ရွံ့အရိုး၊ငါ့ကိုကိုးမှ၊ သိကျိုးနားလည်၊ မြင်ထောက်ရှည်သည်၊ ခံဘည်ထိုက်စွာ၊ သာရိပုတြာ၊ ၊ မဟာ သူမြတ်၊ အားလုံးမှတ်လော့၊ လျောက်ပတ်သိပ်သည်း၊ ကိုယ်ချည်းကျင့်စောက်၊ ဘုန်းအား မြောက်သည်၊ပွင့်ညွှာက်သစ္စာ၊ထိုရှေ့ငါကား၊မြတ်ရာ မြတ်

(၁) ပ,ဒု-မကျန်ဤမျှ၊

ရာ၊ ကြီတွင်းနာက၊ ချမ်းသာဘုန်းစေ့၊ လွေ့လွေ့ရမြဲ၊ တမ်းကို စွဲ၍၊ ဆကဲစစ်စီး၊ ရည်ဘိပြီးသော်၊[၁] စွန့်ကြိုး ငါးဆူ၊ အလှူတို့တွင်၊ ပေးခဲအင်သည်၊ သက်ရှင် ကိုယ်လုံး၊ ဆောက်နှင်းဆုံးမှ၊ သစ်တုံးပညပ်၊ ဝပ်စဉ်မြဲဦ၊ ထို အကြိုက်တွင်၊ နှစ်မြိုက်ဆွတ်ဆွတ်၊ မနေခါတ်ဖြင့်၊ ပြတ်ပြတ်ကြောင်းခြာ၊ လေးဖင့်ရာကို၊ ဓာနာကိုယ်ဘို့၊ ကြီနှစ်လိုသည်၊ ၊ဤသို့စိစိ လျဉ်လျဉ်တည်း။

၁၇၅။ ခပ်သိမ်းအများ၊မှတ်သားလောက်အောင်၊ ပွဲကြီးဘောင်ဝယ်၊ရေလောင်းလှူကြီး၊ဤခရီး၌၊ခြေနှီးတဆူ၊ တုံးခင်းမှုလျက်၊ အလှူကုသိုလ်၊ တောက်တပိုတွင်၊ ကိုယ်နှင့်အသက်၊ အစုံဘက်ကို၊ ရက်ရက်မတာ၊ စွန့်သည့်ငါကား၊ပမာနည်းခင်း၊ ထန်းညှောက်ရင်းကို၊ ရှိန်ပြင်းကျသန်၊ လောင်မီးမှန်သို့၊မကျန်ထိုထို၊ အကုသိုလ်ဟု၊ကိုယ်အန္တရာယ်၊ တန်ရှယ်ရိပစ်၊အထဲဖြစ်သည်၊ အညစ်ဥသိုံ၊အလုံးစုံအား၊ တရားလေးသီး၊ မဂ်ရှိန်မီးဖြင့်၊ အပြီးဖုတ်မြှိုက်၊လောင်တိုက် ရှင်းရှင်း၊ လက်ငင်းလျှင်လျှား၊ကျွတ်လိုငြားသော်၊ ဖြူထွားစင်အံ့၊ ၊သည့်တွင် ယခုစဉ်စဉ်တည်း။

၁၇၆။ လွှယ်လင့်တကူ၊ ကျွတ်ဆုယူ၍၊ အလှူပေးကမ်း၊ဝတ်စားလျှမ်းလျက်၊ဆွမ်းသပိတ်တည်း၊အရင်းနည်းဖြင့်၊ ကိုယ်ချည်းတယောက်၊ ကူးလေ မြောက်သော်၊မစောက်မခက်၊ နက်ရာမမြော်၊ ကရော်ကမည်၊

---

(၁) ဒု-ရှာတုံပြီးသော်၊

တေည်ငဝေ၊အညာတရ၊မည်ကာမျှလျှင်၊များစွမထင်၊သူ့အသွင်သို့၊ကျွတ်ချင်မရှူး၊ မထူးမခြား၊ ငါ၏အားကား၊ ဘုရားရှင်ချစ်၊ ရှင်တော်စစ်ဝယ်၊ ခုခါရွယ်၍၊ စင်လွယ်အပြူ၊ ပွင့်ဆုယူသည်၊ ဘယ်မူစံ့နည်း၊ တဖြည်းဖြည်းလျှင်၊သိမ်းဆည်းဤမှ၊မျိုးတည်စ၍၊ချက်ကျပြီးဆု၊သဗ္ဗညုသို့၊ရောက်မူပွင့်လင်း၊တရားမင်းဟု၊ကျော်ထင်း လူနတ်၊အမှတ်ဟည်တည်၊ဖြစ်အောင်ရည်အံ့၊ ၊ဤသည်ကောင်းမှု ယှဉ်ယှဉ်တည်း။

ကိံမေ ဇကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာ၊
သန္တာရေဿံ သဒေဝကံ၊ ။

ထာမဒဿိနာ-မိမိ၏ အားအစွမ်းကိုမြင်သော၊ ပုရိသေန-ယောကျ်ားတယောက်ဖြစ်ပါလျက်၊ မေမယာ-ငါကဲ့သို့သော သူသည်၊ ဇကေန-တယောက် အထီးတည်း၊ တိဏ္ဏေန-ဝဋ်ဆင်းရဲတည်းဟူသော သံသရာရေအယဉ်မှ ကူးမြောက်သဖြင့်၊ ကိံ-အဘယ်မူစအံ့နည်း၊သဗ္ဗညုတံ-ဘုရားအဖြစ်သို့၊ ပါပုဏိတွာ-ရောက်၍၊ သဒေဝကံ-နတ်နှင့်တကွသော လူအပေါင်းကို၊ သံသာရ သောတတော - သံသရာတည်း ဟူသော ရေအယဉ်မှ၊ သန္တာရေဿံ-ကူးမြောက်ကယ်တင်ပေအံ့။

---

(၁) ပ,ဒု-ဘယ်သူအံ့နည်း၊

၁၇၇။ ပန်နက်ဆုကြိုး၊ ငါ့အသီးဖြင့်၊ အပြီးရှေတည်၊ နောက်လည်မတွေး၊ "တရေးတကို၊ တဆိုတခွင့်၊"[၁] အကြိုက်သင့်သော်၊ ကိုယ်ဖြင့်ရင်းချာ၊ သူ့ချမ်းသာကို၊ "ပြုဌါတတ်ကို ပြီးကောင်းတုံလျက်၊"[၂] ကိုယ်လုံဆန်းသာ၊ ကျွတ်လှည့်ပါသော်၊ များစွာငါ့အား၊ စွမ်းပကားသည်၊ ၊ယောကျ်ားမဟုတ်၏သို့တည်း။

၁၇၈။ အမြိုက်ဝှန်းပျို၊[၃] ပြည်နဂိုရ်သို့၊ မအိုမသေ၊ ပူလေမသိမ်း၊[၄] မဗိန်းနာရှိန်၊ ဇိဝိတိန်လည်း၊ ညှိုးပိန်မကြုံ၊ လူသုံးစုံကို၊ များပုံစုဆောင်း၊ ကယ်နိုင်ကောင်းလျက်၊ ဆုတောင်းပစ္စည်း၊ အလိုနည်းဖြင့်၊ ကျော့ကျည်းရှေးဦး၊ ကိုယ်ချည်းကူးသော်၊ အထူးတိုင်တိုင်၊ ကျေးဇူးစိုင်အား၊[၅] မနိုင်စသာ၊ ပျင်းစွာလက်ချ၊ လို့လကြိုးစား၊ မဖြည့်ငြားၡ်၊[၆] ၊ခွန်အားမထုတ်၏သို့တည်း။

၁၇၉။ ရွက်စိမ်းညွှန့်လန်း၊ ရေသဖန်း၌၊ လိုပန်းကြီးစွာ၊ အပွင့်ရှာလည်း၊ ရဌါခဲ၏၊ တောင်လှဲ့မရော၊ မည်းနက်ကျောသည်၊ သဘောတရိုး၊ ကျိုးအမျိုးတွင်၊ ငြားနိုးတသု၊ တောင်ပြုရကြို၊[၇] ရှာလှည့်တုံလည်း၊ လူ့

---

(၁) ဒု-တရေးတကုံး၊ တဆုံးတခွင့်၊
(၂) ဒု-ပြုဌါတတ်ကုံ၊ ပြီးအောင်တုံလျက်၊
(၃) ပ,ဒု-အမြိုက်ဝှန်းဖြို၊
(၄) ပ,ဒု-ပူလေမသိန်း၊
(၅) ပ,ဒု-ကျေးဇူးဆိုင်သား၊
(၆) ဒု-မပြည့်ငြား၍၊
(၇) ပ,တ-တောင်ဖြူရကျုံ၊

ဘုံမပြော်၊ မြင်ခဲလှော်၏၊ နှစ်ဘော်ထို့ထက်၊ ဆယ်ဆတက်လျှင်၊ ခက်၏ရမှု၊ ဘုရားဆုဟု၊ ပြုသည့်ပမာ၊ လူ့တံထွာကို၊ ကြိကာလအုံ့၊ မတိုးဝံ့၍၊ ၊ငံ့တံ့နောက်ဆုတ်၏သို့တည်း။

၁၈၀။ ထိုကြောင့်ရကား၊ ယောက်ျားဟုတ်ဟုတ်၊ အရကုတ်လျက်၊ အားထုတ်ခွန်ရဲ၊ ဧကန်စွဲသော်၊ ဖြင်ပြနှံ့စပ်၊ အရပ်အပေါင်း၊ တသောင်းစကြဝဠာ၊ အရာပတ်ကုံး၊ အဆုံးထက်တိုက်၊ ဆူရိုက်ပုံပြီး၊[1] မီးကျိုးထိပ်ဖျား၊[2] ခြေချည်သွား၍၊ လက်နှား ထုတ်ချောက်၊ တိုင်လေမြောက်သော်၊ ရောက်ခက်နိုင်ကျိုး၊[3] မစိုးချမ်းသာ၊ ထိုဘက်မှာလျှင်၊ သမ္ဗာသမ္ဗုဒ္ဓ၊ အဟုတ်စေ့စုံ၊ ပညာပုံဟု၊ ရကျုံ့ထွေငေါ၊[4] ညွှန်ကြားသော်လည်း၊ တွေးခေါ်ရှောင်လွှဲ၊ မဖဲစသာ၊ သွားကာသမြို့၊ မတွန့်တို့တည့်၊ ငါသို့သူသည်၊ လူအရည်လျက်၊ အရှည်ပွါးစီး၊ ကြိကြီးမဇောင်း၊ ကုံအောင်လူ့အား၊ သနားမဲ့မှု၊ ယခုကိုယ်လွတ်၊ သုံးပါးဝဋ်မှ၊ ထွက်ခတ်လွန်ကျူး၊ ငါ့ချည်းကူးသော်၊ ကျေးဇူးနက်နိုး၊ အကျိုးအဘယ်၊ များကျယ်အုံ့နည်း၊ ငါ့ချည်းကိုယ်စွမ်း၊ ကြောင်းလမ်းဖိုင်ဖိုင်၊ ထွင်ပြီးနိုင်မှ၊ တိုင်တိုင်ဘုံယဉ်၊[5] သဗ္ဗညာဉ်သို့ ၊ရောက်ယှဉ်တကွ၊ ထိုမှဆွစုံ၊

---

(၁) တ-စရိုက်ပုံပြီး၊
(၂) ပ,ဒ-မြေကြီးထိပ်ဖျား၊
(၃) ဒ-ရောက်စက်နိုင်ကျိုး၊တ-စောက်ခက်နိုင်ကျိုး၊
(၄) ဒ-ရကြုံထွေငေါ၊
(၅) တ-တိုင်တိုင်ဘုန်းယဉ်၊

လျှသုံးဘုံကို၊ချမ်းလုံစေ၍၊ကယ်ပေးပါ၍၊ ၊ပြည်သာ
တိုင်ပစေအံ့တည်း။

ဗုဒ္ဓဘာဝတ္တဆန္ဒတာခန်းပိုဒ်ရေ-၇ ပြီး၏။

(၂၄) အဘိနီဟာရခန်း

ပိုဒ်ရေ-၅

ဏ္ဍမိနာမေ အဓိကာရေန၊
ကတေန ပုရိသုတ္တမေ၊
သဗ္ဗညုတံ ပါပုဏိတွာ၊
တာရေမိ ဇနတံ ဗဟုံ၊ ။
သံသာရသောတံ ဆိန္ဒိတွာ၊
ဝိဒ္ဓံသေတွာ တယောဘဝေ၊
ဓမ္မနာဝံ သမာရုယှ၊
သန္တာရေဿံ သဒေဝကံ။

ပုရိသုတ္တမေ-ယောကျ်ားတကာတို့ထက်မြတ်သော
မြတ်စွာဘုရား၊ မေမယာ-အကျွန်ုပ်သည်၊ ကတေန-
ပြုအပ်သော၊ဏ္ဍမိနာအဓိကာရေန-ဤသို့ကိုယ်နှင့်အသက်
ကိုစွန့်၍ ညွှန်ပျောင်းဗွစင်းလင်း ကိုယ်ကိုတံတားခင်း
လှူရခြင်း ဟူသော ကောင်းမှုကြောင့်၊ သဗ္ဗညုတံ-
သဗ္ဗညုဘုရားအဖြစ်သို့၊ ပါပုဏိတွာ-ရောက်၍၊ ဗဟုံ-

(၁) ပ,ဒု-ပြည်သာရောက်ကြောင်း၊ငါကယ်ကောင်း၏၊အပေါင်း
များစွာ၊ သတ္တဝါကို၊ ၊မှန်စွာကယ်ပေလတ္တံ့နည်း။

များစွာသော၊ ဇနတံ-လူအပေါင်းကို၊ တာရေမိ-နိဗ္ဗာန်ကျွန်းသို့ ကူးသန်းပို့မြောက်နိုင်ရပါလို၏။ ။သံသာရသောတံ-သံသရာတည်းဟူသော ရေအယဉ်ကို၊ ဆိန္ဒိတွာ-ဖြတ်၍၊ တယောဘဝေ-ဘဝသုံးပါးတို့ကို၊ ဝိဒ္ဓံသေတွာ- ဖျက်ဆီး၍၊ ဓမ္မနာဝံ-တရားတည်းဟူသော လှေသင်္ဘောထက်သို့၊ သမာရုယှ-ကောင်းစွာတက်စီး၍၊ သဒေဝကံ-နတ်နှင့် တကွသော၊ လောကံ-လူကို၊ သံသာရသောတတော- သံသရာတည်းဟူသော ပင်လယ်ရေအယဉ်မှ၊ သန္တာရေသံ-နိဗ္ဗာန်ကမ်းသို့ ကူးသန်းပို့မြောက်နိုင်ရပါလို၏။ဣတိ-ဤသို့၊အဘိနီဟာရံ-ဘုရားဖြစ်မှုဆုတောင်းခြင်းကို၊အကာသိ-ပြုတော်မူ၏။

၁၈၁။ နှင်းရှားအုံ့လောက်၊ စေရောင် တောက်ကား၊ မခေါက်မရက်၊မြေတွင်လျက်တည့်၊ရွှေစက်ခြေမြိုက်၊ မချထိုက်ရှင့်၊ ညွှန်၌သော်ကား၊ မြတ်စေဖျားနှင့်၊ မရှားမရော၊ ဝေးလံစွာဟု၊ ဓာနာမြဲမြံ၊ သေတမ်းခံ၍၊ ထုံးစံဖြစ်လောက်၊ပွဲကြီးမှောက်တွင်၊ ချောက်စိမ့်သရော်၊ ညွှန်ပေါ်အလျား၊ သစ်ပျဉ်ပြားသို့၊ တံတားကျောက်ဆစ်၊ ပစ်သည့်အမူ၊ငါ့အလှူနှယ်၊ဤပွဲလယ်၌၊ ကြီးငယ်ဗိုလ်လူ၊ ပြိုင်ဆွယ်မူသော်၊ ။တူမှုခဲ့အင်ပြီ၏တည်း။(၁)

၁၈၂။ ယောက်ျားဖြစ်ရွေ့၊ ကျေးဖူးလွေ့သား၊ ရသေ့အသွင်၊ ဈာန်နှင့်ပင်လျက်၊ချိတ်ငင်မဲ့ပဲ၊ရှင်တော်

(၁) ပ,ဒု-တူမှုခဲ့ခက်၊ ညွှန်စီးထက်၌၊ ငါ့အင်္ဂါယ်သူ၊ နှလုံးဖြူ၍၊ ။အင်တူသွေးပါလတ္တံ့နည်း။

ပွဲဝယ်၊ ဝံ့ရဲစွန့်ရက်၊ စိတ်ထက်ထက်လျှင်၊ အသက်မချစ်၊ မြေတွင်နစ်၍၊ ကျောက်ဆစ်စင်းစင်း၊ တံတားခင်းသည်၊ ကုန်ရင်းအနည်း၊ ဤမျှတည်းလည်း၊ အချည်းမမဲ့၊ သုံးဆောင်ပြဲ့၏၊ နိုင်းရှဲ့ ဟန်ပန်၊ ပမာထွန်သော်၊ ရောင်းဝန်ဘဏ္ဍိ၊[1] နှစ်ပါးလိ၍၊ မမိကမ်းနူ၊ ကိုယ်တခုမျှနစ်လှုဆောဆော၊ လှေပိန်းကောနှင့်၊ သဘော်သခင်၊ ကုန်များရှင်ကို၊ ငါ့တွင်ဥစ္စာ၊ ပြည့်တန်ပါ၏၊ ဆိုက်လှာငါသို့၊ သဘော်တို့ဟု၊ တက်ဆို့လုံးစုံ၊ ဝယ်ရကြုံသည်၊ လူ့ဘုံမယွင်း၊ ဤနည်းခင်းသို့၊ နင်းအံ့လုလု၊ သဗ္ဗညုလည်း၊ ဘိက္ခုသံဃာ၊ ရဟန္တာနှင့်၊ ရောက်လှာတိုက်တိုက်၊ ငါသို့ဆိုက်က၊ အမြိုက်ပိုင်သ၊ ကျေးဇူးမကို၊ အရယံ့မိ၊ မြူတေကိမျှ၊ ပီတိဖရဏာ၊ ငါ့သဒ္ဓါနှင့်၊ မြတ်ရာရမ်းရမ်း၊ ဆုကြီးလှမ်းသည်၊ ၊ချစ်ဝမ်းဖြောင့်ကြည်ညို၏တည်း။

၁၀၃။ ပင်ပျိုမြင့်ရှည်၊ မြေဒွတည်က၊ ပင်စည်အများ၊ နှစ်လွှန်ပွါးသို့၊ တရားစင်ပြူ၊ ငါ့အလှူလျှင်၊[2] မယူမိစဉ်၊ တဖန်ဖျဉ်၍၊ ပညာဉ်ရှေးရှေး၊ တတွေးတွေးသော်၊ ဗိုလ်လှေးတို့အား၊ သနားလှမိ၊ အကြံရှိ၍၊ နောက်ပြို့သောခါ၊ ကယ်ပိမ့်ဌာဟု၊ တွယ်တာတကြိမ်၊ ညွန်ဒ္ဓစိမ်လျက်၊ ကျွတ်ချိန်တတန်၊ ခုဘို့လွှန်၍၊[3] နှောင်းကျန်

---

(၁) တ-ရောင်ဝှန်ဖန်တီ၊
(၂) တ-အလှူလှူလျှင်၊
(၃) ပ,ဒု-ငါ့ဘို့လွှန်လျက်၊

တွေးခေါ်၊ မြတ်ရာမြော်၍၊ ထိုရောင်ငါ့အား၊ ဤဘုရားတွင်၊ စီးပွါးရှယ်ရှယ်၊ ကိုယ်ကုန်သွယ်လျက်၊ လုဝယ်မည်သူ၊ မမှုဘူးမြဲ၊ စွန့်ရက်ခဲ၍၊ ရင်းကဲပြိုးပြိုး၊ ပွါးထမ်းပိုးဖြင့်၊ ရိုးရိုးယုံလှ၊ သက်စွန့်ရသည်၊ ဤမျှကြည်ညို၊ ငါ့ကုသိုလ်ကြောင့်၊ မဂ်ဖိုလ်နိဗ္ဗာန်၊ စိုးပြီးထွန်မှ၊ မကျန်ပြောထူ၊ ဘော်သုံးလူကို၊ ၊ဆယ်ယူကယ်ရ လို၍တည်း။

၁၀၄။ ကမ္ဘာသင်္ချေ၊ ဆက်လွန်ရလည်း၊ မကျေဂဏာန်း၊ မွေမှန်းမထင်၊ စမမြင်သည်၊ များဖြင်ရှေးခါ၊ သံသရာက၊ ယခေါင်မျှလည်း၊ မရငြိမ်သက်၊ မိုက်ရမွက်တိ၊ သို့ပက်ဆန်မှုန်၊ ကြမ္မာဟုန်ဖြင့်၊ ဖါးချန်ဖါးဆင်း၊ တဖျင်ယွင်းလျှင်၊ ထုတ်ချင်းဘဝဂ်၊ အောက်နရကဲဟု၊ နှစ်ဘက်လက်နား၊ ပိုင်းခြားတသွယ်၊ ဘုံသုံးဆယ်၌၊ ကြီးငယ်မည်ပြား၊ အလားလားလျှင်၊ မှန်မွားအသစ်၊ ပေါ်လစ်တုံတုံ၊ ဖြစ်ကြိုက်ဆုံက၊ တပုံခံရ၊ အိုခြင်းစသား၊ ဒုက္ခအပေါင်း၊ အသည်းထောင်းမျှ၊ ကျဉ်းမြောင်းဦးလေး၊ ချုံသို့မွေးသည်၊ ၊မိုလ်လွှေးဥဒါဟို၍တည်း။

၁၀၅။ ထိုသို့မိုလ်လွှေး၊ အောင့်စေးလျက်ပင်၊ အသက်ရှင်၍၊ မြင်သားဆင်းရဲ၊ ယဉ်မစဲတည့်၊[၁] ကြလှဲ့ပြုန်းထိုး၊ ရေတံပိုးသို့၊ နာမျိုးမွေနှောက်၊ အပေါက်ပေါက်လျှင်၊ ထိုးဖောက်အကြား၊ ရေကျုံစား၍၊ ငပ်ငါးစပ်အင်း၊ ပျဉ်းကင်းမထူ၊ သဘော်ဘဟူသား၊ မိုလ်လုသတ္တဝါ၊ ကိုယ်ခန္ဓာလည်း၊ ဗလဝါမရှိ၊ ယဉ်တုတ်စီး

(၁) ပ,ဒု-ရေယဉ်ဝဲသို့၊

မှုန်၊ ရေအဟုန်ဖြင့်၊ ပျက်ကုန်သည်ချည်း၊ အပည်းပည်းတိ၊ ရွှေတည်းနောက်တွ၊ ဆယ်ကြွမမှု၊ မည်သူမျက်စိ၊ မမြင်မိတည့်၊ အချိဝဋ္ဋ်၊ ငါသာခံလျက်၊ မကြိတောင်းအောင်၊ ကြိကြိုးထောင်၍၊ နောက်နောင်သောခါ၊ ထိုရောင်ငါတုံ၊ လိုရာလည်းရောက်၊ ပြီးစီးမြောက်သော်၊ မျက်မှောက်ချမ်းသာ၊ စံခါမနေ၊ တရားလေ့ဖြင့်၊ ရှာဖွေပတ်ညက်၊ မိုက်ရမွက်ဟု၊ လွှဲခက်ရေယဉ်၊ သံယောဇဉ်ကို၊ တလျှဉ့်ထွက်ခတ်၊ ကြောလယ်ဖြတ်၍၊ မတ်မတ်ရည်ကူး၊ ဘော်သုံးဦး၌၊ အမှူးသုံးဆူ၊ ကြမ္မာဟူသား၊ ပြောထူတံခုံး၊ ကျွန်းထင်းတုံးကို၊ အလုံးပုတ်ချိုး၊ လှော်ဟုန်ထိုးလျက်၊ လူမျိုးပုံယင်၊ လှေပြည့်တင်၍၊ သသ်ရာကျယ်၊ မြစ်ပင်လယ်မှ၊ ဆယ်ကယ်အားသွန်၊ ပြည်နိဗ္ဗာန်သို့၊ ၊ မကျန်ပို့ရလို၏တည်း။

အဘိနိဟာရခန်း ပိုဒ်ရေ-၅ ပြီး၏။

သုမေဓာကထာ ဆုတောင်းခန်းပြီး၏။

(၂၅) နိဂုံး

ပိုဒ်ရေ-၅

၁၈၆။ မြတ်စွာဘုရား၊ မိန့်ခဲ့ကြားသား၊ ငါးပါးမျှ
လောက်၊ ကျွတ်ချိန်ထောက်၍၊ နှစ်ယောက် ရိုက်ရာ၊
ရဟန္တာခေတ်၊ လွန်သည်ဖြစ်လည်း၊ ကြွင်းလစ် နောက်
နောင်၊ နှစ်သုံးထောင်တွင်၊ စေ့အောင်ဝေဘန်၊ သုံးကြိမ်
ချန်လျက်၊ နိဗ္ဗာန်အဘိတ်၊ [1]မဆိတ်မညံ၊ နာဂံတခါ၊ သက
ဒါနှင့်၊ သောတာပန္န၊ အကျွတ်ရ၍၊ များစွ ရှေးဖျား၊ မလွန်
စားတည့်၊ ဘုရားကိုယ်ထင်၊ မမြင်ရသည်၊ တမည်
သာမြို့၊ အင်မချိုသည်၊ ၊ဤသို့သာသနာတော်တည်း။

၁၈၇။ သာသနာတော်၊ ကြိုက်ခဲလှော်၍၊ မြတ်ပေါ်
ဝင်ဝင်၊ ဖြစ်စေချင်၍၊ လေးအင်ရာသီ၊ သင်္ဂဏိကာ၊ ဝိဘင်း
စသား၊ ကျမ်းမခုနှစ်ထပ်၊ နို့ဘိုးဆပ်နှင့်၊ မအပ်မရော၊
ဆုံးမစာလည်း၊ ပါရာဇိကကဏ်၊ သီလက္ခန်က၊ သုတ္တန်
ကျမ်းပေါင်း၊ ဆယ်ကြိမ်လောင်း၍၊ ရှစ်သောင်း လေး
ထောင်၊ စေ့အောင်ဝေဘန်၊ ဓမ္မခန်ကို၊ နှောင်းကျန်
လူများ၊ ငါလွန်ငြားသော်၊ ဘတ်ကြားပေက၊ ငါဆုံးမသို့၊
နာကြကုန်ရစ်၊ စင်စင်စစ်ဟု၊ ရှင်ချစ်ဘုရား၊ စောင့်ကြပ်
ထားသည်၊ ၊ကိုယ်စားအနှိုးအဆော်တည်း။

၁၈၈။ ကိုယ်စား နှိုးဆော်၊ ဤသို့ ကျော်သား၊
ကြိုက်တော်ခဲစွာ၊ သာသနာတွင်၊ သူငါတို့၊ ဖြစ်ရဘို့

---

(၁) ဒု-နိဗ္ဗာန်အတိတ်၊

ဖြင့်၊မချိုအင်္ဂါ၊လူဖြစ်လှာသည်၊ခန္ဓာကောင်းပင်၊သည်
တွင်တဖန်၊ဤသန္တာန်ကား၊[1] ရုန်ဆန်ဘဝ၊မဆွ ရှေးဦး၊
ဆုတောင်းဘူးသား၊ ကျေးဇူးသုံးပုံ၊[2] တချက်ကုံလျက်၊
ကြိုက်တုံ လှာထွန်း၊ ဆယ်ဆပွန်၏၊ ၊နှောင်းကျန် တို့
ဘုန်းသင့်ကျော်တည်း။

၁၈၉။ ဘုန်းသင့် အကျော်၊ သူတော်တို့အား၊ ဤ
တရားကို၊စီးပွါးရှေးရှေး၊ သာရပေးလျက်၊[3] တောဝေး
ရပ်မှာ၊[4] ကျောင်းသာဖန်ဆန်း၊ ရဟန်းဆောက်ဦ၊ ပေး
လှူသို့ထား၊သိမ်းပကားသည်၊ သိကြားဆရာ၊ သုမေဓာ
ကို၊ပမာစိုးစဉ်း၊နှုန်းထွင်းလျှဉ်း၍၊ စိတ်ယဉ်းတွေးခေါ်၊[5]
ကြံစိမ့်သော်လျှင်၊ မိန့်တော်လကာ၊ ကျမ်းများမှာနှင့်၊
ညီစွာ နိဒါန်း၊အသစ်ထွန်းသည်၊ ကျမ်းဆန်း စာစောင်၊
အမြိုက်ဆောင်ကား၊[6] ဆုံးအောင် သာသနာ၊လူတို့ရွာ၌၊
ပညာရှိများ၊စဉ်တလျှားတည့်၊ မှတ်သားကြလျက်၊ အခ
ဆက်ဆက်လျှင်၊ ၊မပျက်သုံးစွဲတည်စေသော်။

၁၉၀။ အောင်မြိုက်မှန်ကူ၊ သုံးရပ်လူတွင်၊မည်သူ
ဆွယ်ပြိုင်၊စောဘုန်းခိုင်၏၊ ချက်တိုင်သံတော်၊ ဂါထာ
ကျော်ကို၊ ဖွေဘော်နက်စံ၊ မကြံချေပဲ၊ နားဝင်ခဲဟု၊

---

(၁) ပ-ခန္ဓာဝန်ကား၊ ဒု-ဤသဏ္ဍာန်ကား၊
(၂) ပ,ဒု-ကျေးဇူးများပုံ၊
(၃) ပ,တ-သရဘေးလျက်၊
(၄) ဒု-တောင်ဝေးရပ်မှာ၊
(၅) ပ,ဒု-စိတ်မျဉ်းဖွေးခေါ်၊
(၆) ဒု-မြိုက်လက်ဆောင်ကား၊

စိတ်ရဲသဒ္ဓါ၊ ပညာမလင်း၊ လူပြိန်းဖျင်းအား၊ ဖြောင့်စင်း လွယ်ကူ၊ မှတ်စိမ့်ဟူ၍၊ တံချူလည်းကောင်း၊ ရှေးစာ ဟောင်းကို၊ နောက်နှောင်းလူများ၊ ပညာပါးတို့၊ နား မနားသီး၊ ဆေးနှယ်ငြိုး၍၊ ဝဲချိုးအမြိုက်၊ နှုတ်လျှယ် တိုက် သည်၊ "အထိုက်ပူဌေး ဆင်းရဲဘေးကို၊ ၊ငြိမ်းဆေး ဤစာ မည်စေသော်။"[၁]

နိဂုံး ပိုဒ်ရေ-၅ ပြီး၏။

ဆုတောင်းခန်းပျို့ ဤတွင်ရွေပြီး၏။

---

(၁) ပ,ဒု-အမိုက်စုဝေး၊ဆင်းရဲဘေးကို၊ ၊ငြိမ်းဆေး ဤဇာပယ် စေသော်။